www.burmeseclassic.com

၁၉၈၉ ခုနှစ် အမျိုးသားစာပေဆုရစာအုပ်

# လယ်တွင်းသား စောချစ်

# ပန်းလိုချင်အပင်ကိုပျိုးတတ်မှ



www.burmeseclassic.com

www.burmeseclassic.com

လောကနတ်၏စည်းခတ်သံစာပေ
မှ
ထုတ်ဝေ၍
ဂူကျော်ထူးစာပေ
အမှတ် ၂၀၉၊ ၃၃ လမ်း၊ ရန်ကုန်မြို့
ဖုံး– ၇၄၅၁၀
မှ
ပြည်လုံးကျွတ်ဖြန့်ချိသည်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




**ထုတ်ဝေမှုမှတ်တမ်း**

| | |
|---|---|
| စာမူခွင့်ပြုချက် | (၂၃၀/၉၂) (၇) |
| မျက်နှာဖုံးခွင့်ပြုချက် | (၂၁၄/၉၂) (၇) |
| | ၁၉၉၂ ခု၊ နိုဝင်ဘာလ |
| | စတုတ္ထအကြိမ် |
| | အုပ်ရေ (၁၀၀၀) |
| ထုတ်ဝေသူ | ဒေါ်ခင်စန်းလှိုင် |
| | (၀၃၃၆၇) |
| | လောကနတ်၏စည်းခတ်သံစာပေ |
| | ၁၀၇၊ ဗဟိုသုခအတွင်းလမ်း |
| | ၂/က ရပ်ကွက်၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | မစ္စတာမူ(လ်)ရာ(ဂျ်)ဆေး(ဂျ်)(ပါးလ်) |
| | (၀၁၈၂၈) |
| | တောက်တောက်ဝင်းအော့ဖ်စက် |
| | အမှတ် ၁၆၉၊ ၃၃ လမ်း၊ ရန်ကုန်မြို့ |
| အဖုံးရိုက် | ဦးမြသိန်း |
| | (၀၁၄၂၇) |
| | သိန်းမြင့်ဝင်းအော့ဖ်စက် |
| | အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့ |
| မျက်နှာဖုံးဒီဇိုင်း | ရွှေစိုးဟန် |
| ကွန်ပျူတာစာစီ | GEOCOMP MYANMAR |
| | GEOCOMP MYANMAR FONT ဖြင့် ရိုက်နှိပ်သည် |
| | အမှတ် ၃၆၀၊ ပြည်လမ်း၊ ရန်ကုန်မြို့ |
| | ဖုန်း – ၃၀၁၉၅ |


BURMESE CLASSIC .com

၁၉၈၉–ခုနှစ် အမျိုးသားစာပေဆုရ စာအုပ်

## လယ်တွင်းသားစောချစ်

# ပန်းလိုချင် အပင်ကို ပျိုးတတ်မှ

www.burmeseclassic.com

www.burmeseclassic.com

**အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ၏**
**အစီရင်ခံစာမှ**
**စာပဒေသာဆု အဖွဲ့ဝင်၏မှတ်ချက်**

လယ်တွင်းသားစောချစ်၏ ပန်းလိုချင်အပင်ကို မျိုးတတ်မှ စာအုပ်တွင် နုနုနယ်နယ် ရင်သွေးငယ် ကလေးများကို ကျန်းမာပျော်ရွှင်စွာ သားကောင်း ရတနာ၊ သမီးကောင်း ရတနာ ကလေးများ ဖြစ်အောင် ပြုစုပျိုးထောင်ရေးနှင့် ပတ်သက်၍ သားသမီးရှင် မိဘများ၊ ဆရာ ဆရာမများအဖို့ သိမှတ်ဖွယ်စာရေးသူ၏ အတွေ့အကြုံ၊ အတွေးအခေါ်နှင့် သဘောထားများကို စိတ်ဝင်စားဖွယ် စုံစုံလင်လင် တင်ပြထားသည်ကို တွေ့ရသည်။

ရင်သွေးငယ်များ ပြုစုပျိုးထောင်ရေးကို မိဘတိုင်း ဆောင်ရွက်နေကြသည် မှန်သော်လည်း ဆန္ဒစောမှု၊ လျစ်လျူရှုမှု၊ မသိနားမလည်မှုတို့ကြောင့် အခက်အခဲများနှင့် ရင်ဆိုင်နေကြရသော မိဘများလည်း များစွာ ရှိလေသည်။ ထို့ကြောင့် ရင်သွေးငယ်များကို နည်းလမ်းတကျ ပြုစုပျိုးထောင်ရေးမှာ သိမ်မွေ့နက်နဲသော ကိစ္စဖြစ်ပေသည်။ ထိုသို့ သိမ်မွေ့သည့် သဘောများကို ပင် စာရေးသူက ကျွမ်းကျင် ပိုင်နိုင်စွာ အသေးစိတ် ရေးသား တင်ပြထားသည်။ အကြောင်းအရာအားဖြင့် သိမ်မွေ့ လေးနက်သော်လည်း အရေးအသားၡ ကျမ်းမလေးစေဘဲ လူတိုင်း ပေါ့ပေါ့ပါးပါး ဖတ်ရှုနိုင်အောင် ရှင်းလင်း ပြေပြစ်သော စကားပြေဖြင့် ဆွဲဆောင်ရေးဖွဲ့ထားသည်မှာလည်း နှစ်လိုဖွယ်တစ်ရပ် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ဆန္ဒမွန် | ၁ |
| ၂ | ပန်းလိုချင်အပင်ကို ပျိုးတတ်မှ | ၅ |
| ၃ | ပန်းလိုနုနယ် ကလေးငယ် | ၁၃ |
| ၄ | ကလေးနှင့်ပတ်ဝန်းကျင် | ၂၁ |
| ၅ | ကလေးကို ရိုက်သင့်မရိုက်သင့် | ၃၀ |
| ၆ | အလိုလိုက် အမိုက်စော်ကား | ၄၀ |
| ၇ | ပုံပြင်ထဲမှာ အလိမ္မာ | ၄၈ |
| ၈ | ကလေးနှင့်ကျောင်းထားချိန် | ၅၈ |
| ၉ | ကလေးနှင့်ပညာရေး | ၆၆ |
| ၁၀ | ကျောင်းနေပျော်၍ စာတော်ပါစေ | ၇၅ |
| ၁၁ | မြို့ပတ်ရထားပေါ်မှ ဆရာမ | ၈၅ |
| ၁၂ | ကလေးဖတ်ရာ ကလေးစာ | ၉၅ |
| ၁၃ | ကလေးဖတ်စရာ စာရွေးပါ | ၁၀၆ |
| ၁၄ | မိဘဆရာပူးပေါင်း ကလေးပညာကောင်း | ၁၁၂ |
| ၁၅ | ကလေးစာပေ တင့်ပါစေ | ၁၂၀ |
| ၁၆ | သုတစာပေ ဖတ်ပါစေ | ၁၂၈ |
| ၁၇ | ကိုယ်ကျင့်ကောင်း၍ စိတ်ကောင်းရှိပါစေ | ၁၃၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈ | အနစ်နာခံ၍ ကူညီတတ်ပါစေ | ၁၄၇ |
| ၁၉ | မိဘ ဆရာ ရှိသေပါ | ၁၅၅ |
| ၂၀ | နှုတ်ကြမ်း လက်ကြမ်း လူသရမ်း | ၁၆၃ |
| ၂၁ | မြေဇာပင်ကလေးများ | ၁၇၃ |
| ၂၂ | ကလေးနှင့် ဆော့ကစားခြင်း | ၁၈၂ |
| ၂၃ | ကလေးနှင့် အနုပညာကို ခံစားခြင်း | ၁၉၁ |
| ၂၄ | ကလေးနှင့် ငွေ | ၂၀၀ |
| ၂၅ | ကလေးနှင့်ဆေးလိပ် | ၂၀၇ |
| ၂၆ | သမီးမိန်းမ မွေးပြန်ရ | ၂၁၃ |
| ၂၇ | ကျိုးအတောင်ပေါက်စသဖွယ် မြီးကောင်ပေါက်မအရွယ် | ၂၂၂ |
| ၂၈ | အရမ်းပြင်လျှင် အယဉ်ပျက်သည် | ၂၃၁ |
| ၂၉ | ကောင်းဆိုးနှစ်ဖြာ လူကညာ | ၂၄၀ |
| ၃၀ | ဆင်းစီး မြင်းရံ | ၂၄၈ |
| ၃၁ | မြီးကောင်ပေါက်အရွယ် ယောကျ်ားလေး | ၂၅၆ |
| ၃၂ | အထိန်းမတတ် ဓိန်းဇတ်ဇတ် | ၂၆၇ |
| ၃၃ | အချိန်မီချုပ် အစုတ်သက်သာ | ၂၇၃ |
| ၃၄ | ပေးဝေနီးရင်း | ၂၈၃ |
| ၃၅ | သမီးမိန်းကလေးနှင့်အိမ်ထောင်ထိန်းသိမ်းရေး | ၂၉၁ |
| ၃၆ | သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့် | ၃၀၀ |
| ၃၇ | ဆုမြတ်မွန် | ၃၁၁ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဆန္ဒမွန်

မိဘတိုင်း ရင်သွေးရင်နှစ်သားသမီးကို ချစ်ကြသည်။ သားသမီးကို ကောင်းစေချင် တော်စေချင်ကြသည်။ သားကောင်းသမီးကောင်းကို ရချင်ကြသည်။ သို့သော် "ပန်းလိုချင် အပင်ကို ပျိုးတတ်မှ" ဟူသော ဆိုရိုးစကားရှိသည်။

ဥယျာဉ်မှူးသည် ပန်းကိုရချင်သည့်အတွက်ပန်းပင်ကိုပြုစုပျိုးထောင်ရသည်။ မြေဆီမြေကောင်းကျွေးရသည်။ ရေ၊ လေ၊နေရောင်ပေးရသည်။ အညွန့်တလူလူ အဖူးတစို့စို့ အချိန်အထိ သတိထား၍ စောင့်ရှောက်ရသည်။ သို့မှသာ ပန်းပွင့်လှလှ ရသည်။ ဥယျာဉ်မှူးကောင်းမှ ပန်းကောင်းပွင့်သည်။ ထိုနည်းတူစွာပင် သားကောင်းသမီးကောင်း ရလိုသူတို့သည် ရှေးဦးစွာ ကိုယ်က မိဘကောင်း ဖြစ်ရန်လိုသည်။

မိဘကောင်းဖြစ်လိုသူသည် သားသမီး မရခင်ကတည်းက သားကောင်း သမီးကောင်းရလိုစိတ်ဖြင့် ရှောင်ရန် ဆောင်ရန်တို့ကို သတိထားရသည်။ ကိုယ်ဝန်ဆောင်ဘဝရှင် မမြင်ရသေးသော ရင်သွေးအတွက် မေတ္တာထား၍ စောင့်ရှောက်

www.burmeseclassic.com

www.burmeseclassic.com



ကြရသည်။ မွေးဖွားပြီးသည့်နောက်တွင်လည်း လူမမယ်အရွယ်မှ စ၍ ရုပ်ပိုင်းဆိုင်ရာ ပြုစုပျိုးထောင်မှု၊ စိတ်ပိုင်းဆိုင်ရာ ပြုစုပျိုးထောင်မှုတို့ကို လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးကြရသည်။

လောကနီတိဆရာက "သားကို ငယ်က မဆုံးမလျှင် မိဘတလည်း ရန်သူမည်၏"ဟုဆို၏။ မှန်သည်။ "မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်" မှာ မိခင်ဖခင်တို့၏ တာဝန်ဖြစ် သည်။

မကောင်းမြစ်ရတာ ဆိုသည့်အတိုင်း မကောင်းသည်တို့ကို တားမြစ်ပိတ်ပင်၍ ဆုံးမသွန်သင်ရန် ဖြစ်သည်။ ဆုံးမရာတွင်လည်း ဆုံးမပုံ ဆုံးမနည်းစနစ် ကျရန်လိုသည်။ စေတနာပင် ကောင်းသော်လည်း၊ စေတနာနှင့် မှားလျှင် ဝေဒနာဖြစ်ရသည်။ ဆုံးမရာတွင် လျှော့လွန်းလျှင် ပတ်သည်။ တင်းလွန်းလျှင် ပြတ်သည်။ ဝန်နှင့်အား မြားနှင့်လေး ဆိုသကဲ့သို့ အသက်အရွယ်အလိုက် ကိုက်ညီအောင် သတိထားပြီး ဆုံးမရသည်။

စာရေးသူသည်ကိုယ်တိုင်လည်း သားကောင်းသမီးကောင်းရချင်သည်။ မိဘချင်း ကိုယ်ချင်းစာ၍ မိဘတိုင်းလည်း သားကောင်း သမီးကောင်း ရစေချင်သည်။ ထို့ကြောင့် နီတိကျမ်းများ၊ ဆုံးမစာများ၊ ဇာတ်နိပါတ်များ၊ စိတ်ပညာစာအုပ်များ၊ ဝတ္ထုတို၊ ဝတ္ထုရှည်များမှ သင်ခန်းစာ ထုတ်ယူပြီး သားသမီးကို ပြုစုပျိုးထောင်နိုင်ဖို့ ကြိုးစားသည်။ မိမိကိုယ်တွေ့ ဖြစ်ရပ်များ၊ ပတ်ဝန်း



ကျင် အတွေ့အကြုံများကိုလည်း သတိထား၍ နည်းယူသည်။ သက်ကြီးစကား သက်ငယ်ကြားဆိုသကဲ့သို့ ဆရာသမား လူကြီးမိဘများ၏ ဆုံးမသွန်သင်မှုများကိုလည်း အတုယူသည်။ ကိုယ်တိုင်လည်းဖြစ်ရပ်အလိုက် ဆင်ခြင်တွေးဆသည်။ ထိုအချက်များကို အခြေပြု၍ သုတစွယ်စုံ မဂ္ဂဇင်းတွင် "ပန်းလိုချင် အပင်ကို ပျိုးတတ်မှ" ကဏ္ဍတစ်ခုဖွင့်၍ သားသမီးတို့ လိမ်မာယဉ်ကျေးပြီး သားကောင်း သမီးကောင်း ဖြစ်စေရေးကို ဆောင်းပါးများ ရေးသားခဲ့ပါ၏။ ရေးသားရာတွင်လည်း သင်ခန်းစာ ရနိုင်စေရန် တကယ့်ဖြစ်ရပ်များနှင့် ထင်ဟပ်၍ တင်ပြပါသည်။

ဤဆောင်းပါးများကို ရေးရာ၌ သိ၍တတ်၍ ဆရာတစ်ဆူဟု မိမိကိုယ်ကို ယူဆ၍ မဟုတ်ပါ၊ ကိုယ်နည်းယူသည်တို့ကိုတစ်ဆင့်ပြန် လည်၍ စေတနာဖြင့် လေးစားစွာ ရေးသားတင်ပြခြင်းသာ ဖြစ်ပါသည်။

ဤစာအုပ်တွင် လိုအပ်ချက်များ အစွန်းမလွတ်သည်များကို နားလည်သိမြင်သူတို့ တွေ့ရှိပါက ထောက်ပြဝေဖန် အကြံပြုကြပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။ နောက်တစ်ကြိမ်ပြန်ထုတ်သည့်အခါတွင် ထိုအကြံပြုချက်များကို ဖော်ပြ၍ ပိုပြည့်စုံပြီး ပိုကောင်းအောင် ဖြည့်ဆည်းပေးပါမည်။

ဤစာအုပ်ဖြစ်ပေါ်လာရသည်မှာ သုတစွယ်စုံစာဖတ်ပရိသတ် မိဘများက သုတစွယ်စုံမဂ္ဂဇင်းတွင်ပါသော "ပန်းလိုချင် အပင်ကို ပျိုးတတ်မှ" လူငယ်ကဏ္ဍ ဆောင်းပါးများကို သီးသန့်

www.burmeseclassic.com

www.burmeseclassic.com



တွဲချုပ်၍စာအုပ်လုပ်ပြီး သိမ်းဆည်းဖတ်မှတ်နေပါသည်။ ဖြစ်နိုင်လျှင် ထိုဆောင်းပါးများကို တစ်ပေါင်းတစ်စုတည်းပြု၍ စာအုပ်ထုတ်ပါရန်အကြံပြုတိုက်တွန်းကြပါသည်။ ထို့ကြောင့်ဤစာအုပ်ကို ထုတ်ဝေခြင်း ဖြစ်ပါသည်။

မိဘတိုင်း သားကောင်းသမီးကောင်းကို ရရှိခြင်းဖြင့် နှလုံး၊ စိတ်ဝမ်း အေးချမ်းကြပါစေ၊ ကိုယ်တိုင်လည်း မိဘကောင်းဖြစ်အောင် ကြိုးပမ်းခြင်းဖြင့် ပျော်ရွှင်ကြည်နူးစရာကောင်းသော မိသားစုဘဝကို တည်ဆောက်နိုင်ကြပါစေ။

**ဆန္ဒမွန်ဖြင့်**

**လယ်တွင်းသားစောချစ်**

## — ပန်းလိုချင် အပင်ကို ပျိုးတတ်မှ —

ပန်းလှလှကို ရလိုလျှင် ဥယျာဉ်မှူးကောင်း ဖြစ်ရန်လို၏။ ထိုနည်းတူပင် သားကောင်း သမီးကောင်း ရလိုလျှင် ကိုယ်တိုင် မိဘကောင်း ဖြစ်ရန်လိုသည်။

### မိဘနှင့်ဥယျာဉ်မှူး

ပန်းပင်ပန်းပွင့်ကို ပြုစုပျိုးထောင်ရာတွင် ဥယျာဉ်မှူးသည် မိမိစိတ်တိုင်းကျ လုပ်ဆောင်၍ရ၏။ သို့သော် သက်ရှိ ဖြစ်သော သားငယ်သမီးငယ်တို့ကို ပြုစုပျိုးထောင်ရသည်မှာ ပို၍ နူးညံ့သည်။ သိမ်မွေ့သည်။ နေရာတိုင်းမှာ ကိုယ့်စိတ်တိုင်းကျ လုပ်ဆောင်၍ ရသည်မဟုတ်၊ သူ့ဆန္ဒ သူ့သဘောထားနှင့် သူ၏ ပကတိအခြေအနေကိုလည်း မှန်ကန်စွာ နားလည်ရန် လိုသည်။

ကလေးကိုပြုစုပျိုးထောင်ရာတွင်ရုပ်ပိုင်း၊စိတ်ပိုင်းဟူ၍ နှစ်မျိုးနှစ်စားရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



## မိဘလောင်းတို့ ရှောင်ကြဉ်ရန်

ရုပ်ပိုင်းနှင့်ပတ်သက်၍ ကျန်းမာသန့်ရှင်း ရောဂါကင်းရန် လိုသည်။ ခေတ်မီတိုးတက်သော အသိအမြင်ရှိသည့် မိဘလောင်းများသည် လက်မထပ်မီကပင် အမျိုးသားနှင့် အမျိုးသမီး၏ ကျန်းမာရေးကို ဆရာဝန်နှင့်စနစ်တကျစစ်ဆေးကြသည်။ အထူးသဖြင့် မိဘတစ်ဦးဦးတွင် ကာလသားရောဂါရှိနေခြင်း သွေးသားမသန့်စင်ခြင်းသည် သန္ဓေသားအတွက် ဆိုးကျိုးများစွာ ဖြစ်စေနိုင်၏။ ထို့ကြောင့် အမျှော်အမြင်ရှိသူတို့သည် ထိုကဲ့သို့သော မလိုလားဖွယ်တို့ ဖြစ်ပေါ်မလာစေရန် တဒင်္ဂသာယာမှုအတွက် စိတ်အလိုမလိုက်မိအောင် သတိထားကြသည်။ မကောင်းသော အမျိုးသမီးများနှင့် ဆက်ဆံခြင်းကို ရှောင်ကြဉ်ကြသည်။

နောင်တွင် မိဘဖြစ်မှ မကျန်းမာသော သားသမီး၊ ကိုယ်အင်္ဂါချွတ်ယွင်းနေသော သားသမီး၊ ဉာဏ်ရည် မပြည့်သော သားသမီးကိုရလျှင် တစ်သက်လုံး ယူကျုံးမရဖြစ်ရသည်။ နောင်မှ နောင်တ တစ်ဖန် ပူပန်ဆင်းရဲရသည်။

## မိဘလောင်းတို့ ဆောင်ရန်

ကျန်းမာသန့်ရှင်း ရောဂါကင်းသော မိဘနှစ်ဦး ပေါင်းသင်းရာမှ ရရှိသော သန္ဓေသားကိုလည်း အမိဝမ်းတွင်းမှာ ကတည်းကပင် စနစ်တကျ ပြုစုစောင့်ရှောက်ရန် လိုသည်။ ကြီးထွားတိုးတက်နိုင်းမှန်ကန်ကောင်းမွန်စေရန် မိခင်လောင်းသည် လိုအပ်သော



အစာအာဟာရတို့ကို မှီဝဲစားသုံးရန် လို၏။ မိခင်လောင်း၏စိတ်ချမ်းသာမှု၊ သင့်တင့်အောင် အနားယူမှု။ အိပ်စက်မှု၊ ထိုက်သင့်သော ကိုယ်လက်လှုပ်ရှားမှုတို့ဖြင့် ပြည့်စုံရန်လို၏။ သန္ဓေရှိသည့်အချိန်မှ မွေးဖွားသည့်အချိန် အထိတတ်ကျွမ်း နားလည်သော ဆရာ၊ ဆရာမတို့ဖြင့် ပြသ၍ မှန်မှန်အစစ်အဆေးခံရန် လို၏။

ပြည့်စုံညီညွတ်သည့် သန္ဓေသား အဖြစ်သို့ ရောက်ပြီး၍ မွေးဖွားသောအခါတွင်လည်း တတ်ကျွမ်း နားလည်သည့် ကျန်းမာရေး ဆိုင်ရာ ဆရာ၊ ဆရာမများ၏ ကူညီစောင့်ရှောက်မှုဖြင့် မွေးဖွားရန် လိုသည်။

## ကလေးနှင့် အာဟာရ

မွေးဖွားပြီးစ ကလေးငယ်အတွက် အကောင်းဆုံးသော အာဟာရမှာ မိခင်၏နို့ပင် ဖြစ်၏။ အကြောင်းကြောင်းတို့ကြောင့် မိခင်၏နို့မတိုက်နိုင်၍နို့မှုန့်ဘူး တိုက်ရလျှင်လည်း သန့်ရှင်းမှုရှိစေရန် အရေးကြီးသည်။ မသန့်ရှင်း၍ ကလေးဝမ်းပျက်လျှင် အားအင်ဆုတ်ယုတ် တတ်သည်။ အခြားရောဂါများ ဝင်ရောက်တတ်သည်။ ထိုအခါ ကြီးထွားမှု နောက်ကျသွားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ကလေးနှင့်ဉာဏ်ရည်

ကျန်းမာသန်စွမ်းသော ကလေးသည် လအလိုက် နှစ်အလိုက် အသက်အရွယ်အလိုက် ကြီးထွားမှုနှုန်း ပိုမို တိုးတက်ကောင်းမွန်၏။ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုး၍ကျန်းမာသန်စွမ်းမှုကောင်းမွန်သော ကလေးသည်ပညာသင်ကြားရာတွင်ဉာဏ်ရည်လည်းကောင်းမွန်၏။ သို့မှသာလျှင် မိဘတို့ဆန္ဒရှိသည့်အတိုင်း ထူးချွန်သော သားကောင်း သမီးကောင်း ဖြစ်လာအောင် ပြုစုပျိုး ထောင်၍ ရနိုင်မည်။

ကြီးထွားမှုနောက်ကျ၍ မကျန်းမမာ ရောဂါသည် ဖြစ်နေသော ကလေးမျိုးကိုရလျှင် မိဘများ လွန်စွာ စိတ်ဆင်းရဲရသည်။ ဆေးဖိုးဝါးခငွေ အကုန်အကျများ၍ မိသားစု စီးပွားရေး ထိခိုက်သည်။ အိမ်၏ သာယာပျော်ရွှင်မှုကိုလည်း လျော့ပါးစေသည်။ ပညာသင်သော အခါမှာလည်း ဉာဏ်ရည်မပြည့်ဝ၍ စိတ်သွားတိုင်း ကိုယ်မပါနိုင် ဖြစ်ရသည်။

ထို့ကြောင့် အစကောင်းမှ အနှောင်းသေချာ ဆိုသည့်အတုင်း သားသမီးကောင်းကို ရလိုလျှင် အစကောင်းရန် လိုသည်။ မိဘလောင်းတို့ကျန်းမာသန့်ရှင်းရောဂါကင်းရန် လိုသည်။ သန္ဓေသားကတည်းက စနစ်တကျ စောင့်ရှောက်ရန် လိုသည်။ ရုပ်ပိုင်း ကျန်းမာ သန်စွမ်းသော ကလေးဖြစ်ရန် လိုသည်။



## မိဘ၏ဆန္ဒနှင့် ကလေး၏သဘာဝ

ကလေးကို ပြုစုပျိုးထောင်ရာ၌ ကလေးတို့၏ သဘာဝကိုလည်း အမှန်အတိုင်း သိမြင်လက်ခံရန်လိုသည်။ ကလေး၏ ပုံမှန် သဘာဝသည် ကစားမက်သည်။ အစားမက်သည်။ ဆော့မည်။ ကစားမည်။ စားမည်။ ထိုကလေးမျိုးသည် ကလေးပီသ၍ ကျန်းမာသည်။ ကြီးထွားသည်။ စိတ်နေပုံ မှန်သည်။

မိဘတိုင်းသည် ကိုယ့်သားသမီးကို လိမ္မာစေချင်ကြ၏။ ပညာ ထူးချွန်စေချင်ကြ၏။ ဤသည်မှာလည်း ကလေး၏ နောင်ရေး ကောင်းစေရန် စေတနာ ဖြစ်ပါသည်။ ကလေး၏ သဘာဝ၊ ကလေး၏ဆန္ဒနှင့် မိဘ၏ဆန္ဒ မိဘ၏ဖြစ်စေချင်သည် တို့ကို မျှတအောင် ဆက်စပ်ပေးရန် လိုပါသည်။

ကလေးကို ကျောင်းသွားချိန်သွား၊ ကစားချိန် ကစား၊ စားချိန်စား၊ စာကြည့်ချိန်ကြည့်၊ စနစ်ကျအောင် သတ်မှတ်ပေးရန် လို၏။ အချို့သော မိဘများ မိမိတို့ဖြစ်စေချင်သည်ကိုသာ ရှေ့တန်းတင်၍ကလေး၏ဆန္ဒကို လျစ်လျူပြုကြသည်။ ကလေး၏ သဘာဝဖြစ်သော အစားမက်ခြင်းကို မငြူစူတတ်ကြသော်လည်း ကစားမက်ခြင်းကို ငြူစူတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## အပြိုင်အဆိုင် အနိုင်အရှုံး

ယခုအခါ၌ ပညာရေးတွင် အပြိုင်အဆိုင်များလွန်းသည်။ လူကြီးများ၏ လောဘသည် ကလေးများထံသို့ ကူးရောက် ရိုက်ခတ်လာ၏။ ဝါသနာပါသည် မပါသည်ထား၍ ခေတ်ကာလ အလိုက် လူကြိုက်များသော အသက်မွေးဝမ်းကျောင်းတက္ကသိုလ်သို့ ဝင်ခွင့်ရရေးအတွက် သူ့ထက်ငါ သာအောင်အစွမ်းကုန် ကြိုးစားကြရသည်။

ကျောင်းဆိုလျှင်လည်း အကောင်းဆုံးကျောင်း၊ ကျူရှင်ဆိုလျှင် အကောင်းဆုံး ကျူရှင်၊ ဟိုဆရာ ဒီဆရာဆိုလျှင်လည်း အကောင်းဆုံး ဆရာမှ၊ ကလေးတို့သည် တစ်နေ့တစ်နေ့တွင် တစ်ကျောင်းမှတစ်ကျောင်း၊ တစ်နေရာမှ တစ်နေရာ ပြေးရလွှားရနှင့် နားရသည်မရှိ၊ အိပ်ချိန်ကလေးမှ အနိုင်နိုင်၊ စားချိန်ဟူ၍ သတ်သတ်မှတ်မှတ်မရှိ။ တစ်နေရာမှ တစ်နေရာသို့ အပြောင်းအပြေးတွင် ကားပေါ်မှာ စားရသည်။ ဆရာမလာခင် အလျင်အမြန် စားရသည်။

ကျောင်းပိတ်ရက် ဟူ၍လည်း အနားမရ၊ အချိန်တိုင်း အမောတကော လိုက်နေကြရ၍ကလေး၏ဘဝ၊ လူငယ်၏ဘဝကလေးများ မလှမပဖြင့် ကုန်ဆုံးကြရသည်။ ဤကလေးတို့၏ စိတ်နေစိတ်ထားသည် ပုံမှန်မှ ရှိပါမည်လားဟု စိုးရိမ်စရာပင်ဖြစ်၏။



မိဘတို့သည် သတိထားဖို့ကောင်း၏။ မိမိတို့၏ လောဘကြောင့် ကလေးအရွယ် လူငယ်တို့ကို လိုအပ်သည်ထက် ပိုမို မပင်ပန်းစေသင့်ပေ။

လောကတွင် ဆရာဝန် ဖြစ်မှ၊ အင်ဂျင်နီယာ ဖြစ်မှသာ လူရာဝင်သည်မဟုတ်၊ လူဖြစ်ရကျိုးနပ်သည်မဟုတ်၊ ဆရာဝန်၊ အင်ဂျင်နီယာဖြစ်လျက် ချမ်းသာပျော်ရွှင်မှု မရသူတို့လည်း များစွာရှိ၏။

## အသက်မွေးမှုတစ်ခုပညာ

အသက်မွေးမှုတစ်ခုပညာကိုယ်စီရှာကြရာ၌ ဝါသနာနှင့် ကိုက်ညီရန် လိုသည်။ ဝါသနာပါသော အလုပ်ကို လုပ်မှ ပျော်ရွှင်သည်၊ ထူးချွန်သည်၊ သက်ဆိုင်ရာ နယ်ပယ်တွင် တံခွန်ထူနိုင်သည့် အာဂလူဖြစ်နိုင်၏။ ဝါသနာမပါသောအလုပ်ကို ပေါ်ပင်လိုက်၍ လုပ်ရလျှင် ကြိုးစားမှုကြောင့် အများနည်းတူဖြစ်နိုင်သော်လည်း အာဂလူအဖြစ် တံခွန်ထူနိုင်သော အဆင့် သို့ ရောက်မည် မဟုတ်ပေ။

လုပ်ငန်းနယ်ပယ်တိုင်းတွင် ထူးချွန်နိုင်ခွင့် အောင်မြင်နိုင်ခွင့် ထင်ပေါ်ကျော်ကြားနိုင်ခွင့် ချမ်းသာပျော်ရွှင်နိုင်ခွင့်များ ရှိပေသည်။ ရိုးသားမှု ကြိုးစားမှုများဖြင့် လူတော်လူကောင်းကို နေရာတိုင်းမှာ အလိုရှိသည်။ လူတိုင်းက လေးစားသည့် ထိုလူ၏ဘဝသည် ပျော်ရွှင်ချမ်းမြေ့၍ ဂုဏ်ယူဖွယ်ရာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာမှာ နေနေ ဘာအလုပ်ကို လုပ်လုပ် လူဖြစ်ရကျိုးနပ်သည်။

## ပန်းလိုနုနယ် ကလေးငယ်

### ရုပ်ရောစိတ်ပါ နုနယ်သည်

ကလေးငယ်တို့သည် ပန်းနှယ်နုနယ်၏။ ရုပ်ခန္ဓာနုသလို စိတ်ဓာတ်လည်း နုသည်၊ ရုပ်နုနုကလေးကို ထိခိုက်စရာများသလို စိတ်နုနုကလေးကိုလည်း ထိပါးစရာများလှ၏။ ရုပ်ထိခိုက်သည်မှာ မြင်သာသည်။ ကုသ၍ လွယ်ကူသည်။ စိတ်ထိခိုက်သည်မှာ မမြင်သာ မသိသာ၊ ထို့ကြောင့် အမှတ်တမဲ့ မကုစားမိတတ်ကြ။ ထိုအခါ စိတ်ဒဏ်ရာ စိတ်အနာသည် တစ်သက်လုံးပါသွားတတ်၏။

မိဘများသည်ကလေး၏ရုပ်ခန္ဓာကြီးထွားအောင် အစာ ကျွေးကြသည်။ ကာကွယ်စောင့်ရှောက် ပေးကြသည်။ ထိုနည်းတူပင် ကလေး၏စိတ်ဓါတ်ကိုလည်း ကြီးထွားအောင် ကောင်းမွန်မှန်ကန်အောင် ပြုပေးသင့်သည်။ မကောင်းသော ဒဏ်ရာမရအောင် အကာအကွယ်ပေးသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



## စိတ်ပိုင်းဒဏ်ရာ ကာကွယ်ပါ

အချို့ လူကြီးမိဘများသည် ကလေး၏ စိတ်ခံစားချက်ကို ပေါ့ပေါ့ဆဆ သဘောထားတတ်သည်။ ကလေးကိုကလေးသာ ဖြစ်သည်ဟု အရေးမစိုက် ပြုမူပြောဆိုတတ်သည်။ ကြီးမားသောအမှားကို ကျူးလွန်ခြင်း ဖြစ်၏။

သားသမီး တစ်ယောက်ထက်ပို လျှင် သားကို ပိုချစ်သည်။ သမီးကို ပိုချစ်သည်ဟူ၍ ခွဲခွဲခြားခြား ပြောဆိုခြင်း၊ ဆက်ဆံခြင်း၊ အခွင့်အရေးပေးခြင်းတို့ကို မပြုသင့်ပေ၊ အတူတူပင် ချစ်ခင်ကြောင်း၊ ကြင်နာကြောင်းကို ပြသသင့်သည်။

တစ်ဦးတည်းရှိစဉ်က ချစ်ခင်မှု၊ ကြင်နာမှု၊ ယုယမှု အပြည့်ပေးခဲ့ရာမှ နောက်အငယ်ရှိလာသောအခါ အငယ်ကိုသာ ဦးစားပေးလွန်း၍ အကြီးဖြစ်သူကို လျစ်လျူရှုထားခဲ့မိသော် ကလေးအကြီး၏ စိတ်ထဲမှာ သိမ်ငယ်သွားတတ်သည်။ အငယ်ကြောင့် သူ့ကို အချစ်ပေါ့သည်။ အပြောခံရသည်။ အရိုက်ခံရသည်ဟု အငယ်ဖြစ်သူအပေါ်တွင် မနာလိုစိတ် မကျေနပ်စိတ်ကြီးထွားလာတတ်သည်။ အချို့ဆိုလျှင် ဆိုးဆိုးရွားရွားပင် အငယ်ဖြစ်သူအပေါ်မှာ ရန်ငြိုးထားသည့်အထိ ဖြစ်သွားတတ်သည်။



## မျက်နှာငယ်သောကလေး

များသောအားဖြင့် ဖြစ်လေ့ရှိသည်မှာ ကလေး သုံးယောက်၊ လေးယောက်ရှိလျှင် အလတ်ကလေးမှာ မိဘ၏ မေတ္တာလျော့ပါးသလို ခံစားရတတ်သည်။ ကျွန်ုပ်သိကျွမ်းသော အိမ်ထောင်တစ်ခုတွင် ကလေးလေးယောက်ရှိသည်။

ပထမကလေးမှာ သားကြီးဖြစ်၍ အရေးပေးခံရသည်။ ဒုတိယမှာ သမီးဖြစ်၍အရေးပေးခံရသည်။ တတိယမှာ သားဖြစ်သည်။ စတုတ္ထမှာ သားဖြစ်သည်။ စတုတ္ထသားမှာလည်း အငယ်ဆုံးဖြစ်၍ အချစ် အကြင်နာပိုကြသည်။ တတိယကလေးမှာ မိဘများစိတ်ဝင်စားခြင်း မခံရသူဖြစ်သည်။ သူ့မှာအပြစ်ရှိလျှင် ပို၍ အရိုက်အနှက်ခံရသည်။

နောက်တော့ ထိုကလေးသည် အိမ်ထဲမှာ အဆိုးဆုံးကလေး ဖြစ်လာသည်။ ထိုအခါ မိဘများက သူ့ကို ပို၍ ဖိနှိပ်ကြပြန်သည်။ လူဆိုး ဘာမှအသုံးမကျတဲ့ အကောင်ဟု နေ့စဉ်လိုပင် ဆူပူကြိမ်းမောင်းခြင်း ခံရသည်။ ကြာသောအခါတွင် ထို တတိယကလေးမှာ ညီအကို မောင်နှမချင်း အပေါ်မှာလည်း မကျေနပ်၊ မိဘကိုလည်း မကျေနပ်ဖြစ်လာသည်။ သူ့ကိုသူလည်း မိဘများ မကြာခဏ ပြောဆိုနေကြသလို "လူဆိုး အလကားကောင်"ဟု မှတ်ယူလာသည်။ တကယ်ပင် ဆိုးသောပေသော လူကလေးတစ်ယောက် ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



## ချီးမွမ်းပါ

ချီးမွမ်းသည်ကို ကြီးငယ်မဟူ လူတိုင်း သဘောကျသည်။ ကလေးက ပို၍ ကြိုက်နှစ်သက်သည်။ အထူးသဖြင့် သူချစ်ခင် လေးစားသော မိဘဆရာသမားတို့၏ ချီးမွမ်းမှုကို ပို၍ ရချင်သည်။ သိပ်လိမ္မာတာပဲ "သိပ်တော်တာပဲ" "သိပ်သိတတ် တာပဲ" ဟု မကြာခဏ ချီးမွမ်းခံရသော ကလေးသည် ထိုချီးမွမ်းခံ ရမှုကို ထိန်းသိမ်းထားနိုင်ရန် အပြစ်ရှိမည့်ကိစ္စများကို သတိထား၍ ရှောင်ရှားလာသည်။ ဆက်၍ ချီးမွမ်းခံရစေရန် ကြိုးစားလာသည်။ ဤနည်းအားဖြင့် ကောင်းသည်ထက် ပိုကောင်း၊ တော်သည်ထက် ပိုတော်လာတတ်သည်။

"လူဆိုး၊ လူမိုက် အလကားကောင်" ဟု အပြောခံရပါများလျှင်လည်း အမှန်ပင်ဆိုးမိုက်သွားတတ်သည်။ ရှုတ်ချခြင်း၊ အပြစ်ပေးခြင်း၊ ရိုက်နှက်ဆုံးမခြင်းထက် ချီးကျူးခြင်း၊ ကောင်းသည့်အချက် တော်သည့်အချက်များကို အသိအမှတ်ပြုခြင်း၊ အားပေးအားမြှောက်ပြုခြင်းတို့က ကလေးကို ပို၍တိုးတက် ကောင်းမွန်စေနိုင်ပေသည်။

## ချီးမွမ်းခံရ၍လိမ္မာသွားသောကလေး

ကျွန်တော် ကျောင်းဆရာအဖြစ် ကျောင်းတစ်ကျောင်းကို ရောက်ရှိသွားစဉ်က အလွန်ဆိုးသောကလေးတစ်ယောက်နှင့် ကြုံဖူးသည်။ ထိုကလေးသည် စာကိုစိတ်ဝင်စားခြင်း၊ ကြိုးစားခြင်း မရှိ၊ သူ့ထက်ငယ်သူများကိုအနိုင်ကျင့်သည်။ ရန်ဖြစ်သည်။ ဆရာ၊ ဆရာမများကို ကလေးမခန့် လုပ်သည်။



နေ့စဉ် အတိုင်အတောခံရ၍ ရုံးခန်းသို့ရောက်ရသည်။ နေ့စဉ်အရိုက်ခံနေရသည်။ ဆရာ၊ဆရာမများကလည်း ထိုကလေးကို မုန်းကြသည်။ ကျွန်တော်ကျောင်းသို့ ရောက်သည့်နေ့မှာပင် ထိုကလေး၏ ဆိုးသတင်းမျိုးစုံကို ကြားသိရသည်။ ကျွန်တော်ထိုကလေးနှင့်ရင်းနှီးခင်မင်အောင်ကြိုးစားသည်။ ချစ်ခင်ကြင်နာစွာဆက်ဆံသည်။ ကလေးသည်ဆရာတစ်ယောက်၏ ချစ်ခင်ကြင်နာမှုကို မရစဖူးရ၍ဝမ်းသာနေသည်။ တမနက်တွင် ကျွန်တော်က သူ့ကို ရုံးခန်းထဲမှာ အမှုက်လှည်းခိုင်းသည်။ သူက အမှိုက်လှည်းရုံသာမက စားပွဲများကိုပါ ဖုန်သုတ်သွားသည်။

ကျွန်တော်က သူလှည်းကျင်းရှင်းပေးသွားသည်မှာ သိပ်ကောင်းကြောင်း၊ ကျေးဇူးတင်ကြောင်း ဝမ်းသာအားရချီးကျူးပါသည်။ နောက်နေ့တွင် သူသည်ကျွန်တော်ကျောင်းလာသောအခါ ကျောင်းဝင်ပေါက်မှ စောင့်၍ကျွန်တော့်စာအုပ်များကို ဆီးကြိုယူသည်။ ရုံးခန်းကိုလည်း လှည်းကျင်းရှင်းပေးသည်။ ကျွန်တော် ချီးကျူးပြီး ကျေးဇူးတင်ကြောင်း ပြောပါသည်။ ကျွန်တော်၏ ချစ်ခင်ချီးကျူးမှုကို သူသဘောကျနေပါသည်။

တစ်နေ့တွင် နေ့လယ်ခေတ္တကျောင်းဆင်းချိန်၌ ကျောင်းထဲတွင် ထိုကလေး အမှိုက်လှည်းနေသည်ကို တွေ့ရှိရသည်။ ကျွန်တော်အနားသို့သွားကြည့်ပြီး ဝမ်းသာအားရ ချီးကျူး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်။ ချီးကျူးခံရဖို့မျှားသောအခါ ဆက်လက်၍ ချီးကျူးခံချင်လာသည်။ သူချစ်ခင်သော ဆရာကမကောင်းမြင်မှာ အပြစ်တင်မှာကိုကြောက်လာသည်။ထို့ကြောင့် ရန်ဖြစ်ခြင်း၊ အနိုင်ကျင့်ခြင်းစသည်တို့ကိုမပြုတော့ပါ။ ရုံးခန်းသို့လည်း ရောက်မလာတော့ပါ။

သူ၏ပြောင်းလဲမှုကို ဆရာဆရာမျှားတအံ့တသြ ဖြစ်ကြသည်။ဝိုင်းဝန်းချီးကျူးကြသည်။ထိုကလေးမှာ ယခင်က တစ်ခါမျှ မခံစားရဘူးသောကြည်နူးမှုများကိုခံစားနေရ၍၊ချီးကျူးခံရအောင်ဆိုပြီးကြိုးစားလာသည်။ ထို့ကြောင့် လိမ္မာသော လူ့ကောင်းကလေးဖြစ်လာသည်။ သို့သော်စာမတော်သေးပါ။

ထို့ကြောင့် ကျွန်တော်ကသူ့ကိုလိမ္မာသောလူကလေးဖြစ်လာပြီဖြစ်ကြောင်း၊စာကိုလည်းတော်အောင်ကြိုးစားဖို့အကြောင်း၊ အတန်းထဲမှာ ဆရာသင်သည်ကို ဂရုစိုက်နားထောင်ပြီးနေ့စဉ်ပေးလိုက်သောစာများကိုရအောင်ကျက်ဖို့အကြောင်းအားပေးပြောဆိုသည်။ ထိုကလေးသည်ပြောသည့်အတိုင်းကြိုးစားလာ၍စာပါတော်လာသည်။ ဆရာ၊ဆရာမများအားလုံးက သူ့ကိုတအံ့တသြချီးကျူးကြပြန်သည်။ဤနည်းအားဖြင့်ဆရာ၊ဆရာမများက ချီးကျူးလေ သူကပိုကြိုးစားလေဖြင့် ချစ်ခင်စရာကောင်းသောတပည့်လိမ္မာလူကောင်းကလေးဖြစ်သွားပါသည်။



မိဘဆရာတို့၏ချစ်ခင်ကြင်နာခြင်း၊ အားပေးအားမြှောက်ပြုခြင်းသည် ကလေး၏စိတ်ဓာတ်တိုးတက်ကောင်းမွန်မှုအတွက် အကောင်းဆုံးအားဆေးဖြစ်ပေသည်။

## မရွတ်ချပါနှင့်

ကလေးတစ်ယောက်ကို မိုက်သည်၊ ဆိုးသည်၊ ဖျင်းသည်၊ ရှော်သည်၊ အသည်၊ ထုံသည်၊ နသည်၊ ဉာဏ်ထိုင်းသည်၊ ဘာမှအသုံးမကျဘူး၊ အလကားကောင်၊ စည်းကမ်းမရှိဘူး၊ မသိတတ်ဘူး၊ထွန်းပေါက်မှာ မဟုတ်ဘူး၊ အကျင့်မကောင်းဘူး၊စသည်နှင့်ရင့်သီးရွတ်ချသောစကားများကိုဖြစ်စေ၊ ထိုအထဲမှစကားတစ်မျိုးမျိုးကိုဖြစ်စေ၊ထပ်ခါတလဲလဲမပြောဆိုသင့်ပါ။ အထူးသဖြင့်သူအထင်ကြီးလေးစားသူများကမပြောဆိုသင့်ပါ။ ကြိမ်ဖန်များစွာကြားရလျှင် ကလေးသည်သူ့ကိုယ်သူပြောသည့်အတိုင်းယုံကြည်သွားပြီးတကယ်ပင်မိုက်သူ၊ဆိုးသူ၊ဖျင်းသူ၊ရှော်သူ၊အသူဖြစ်သွားသည်။

လူကြီးမိဘတို့သည်ကရုဏာဒေါသောဖြင့်အမှတ်တမဲ့ပြောဆိုမိတတ်ကြ၏။ စေတနာဖြင့်ပြောသည်ပင်ဖြစ်သော်လည်းကလေးအတွက်နစ်နာလှသည်။ထိုလွဲမှားစွာယုံကြည်သွားစေသည့်အချက်ကို ပြန်ပြင်ရန်ခက်ခဲတတ်ပါသည်။

ကလေးငယ်တို့၏ နုသောဖြူသောစိတ်ဓာတ်ကိုညစ်နွမ်းအောင် အဆိပ်သင့်အောင်မပြုမိဖို့ လူကြီးမိဘတို့သတိ

www.burmeseclassic.com

www.burmeseclassic.com



ထားသင့်ပါသည်။ ကလေးများကိုရက်စက်စွာပြုမူခြင်း၊ အနိုင်အထက်အပြုမူခြင်း နှိပ်စက်ညှင်းပန်းခြင်းတို့သည်ကလေးငယ်တို့၏နူးသောနှလုံးသားလေးကို ခက်ထန်မာကြောစေတတ်သည်။ လွန်စွာထိတ်လန့်အောင်ခြောက်လှန့်ခြင်း၊ ရိုက်နှိပ်ခြင်း၊ အပြစ်ပေးခြင်းတို့သည်လည်း ကလေး၏နူးသောနှလုံးသားလေးမှာပြင်းထန်စွာဒဏ်ရာရစေသည်၊ အရှက်တကွဲဖြစ်အောင် အပြစ်ပေးခြင်း၊ ပြုမူခြင်းတို့သည်လည်းကလေး၏စိတ်ဓာတ်ကိုတစ်သက်ပန်လုံးနာလန်မထူနိုင်သည်အထိ ဆိုးကျိုးဖြစ်စေတတ်ပေသည်။

ပန်းလိုနုနယ်သော ကလေးငယ်၏ ဖြူသော၊ နူးသော နှလုံးသားလေးကိုမိမိကြောင့်မထိခိုက်မိအောင်လူကြီးမိဘတို့သတိထားသင့်ကြပါသည်။ သူတစ်ပါးကြောင့် မထိခိုက်အောင်လည်းကာကွယ်စောင့်ရှောက်သင့်ကြပါသည်။

## ကလေးနှင့်ပတ်ဝန်းကျင်

လူငယ်တစ်ယောက်၏ဘဝအကောင်းအဆိုး၊ အကျိုးအပြစ်သည်သူ၏ဗီဇနှင့်ဆိုင်သလိုသူနှင့်ထိတွေ့ဆက်စပ်နေသောပတ်ဝန်းကျင်နှင့်လည်းသက်ဆိုင်နေသည်။

'ရွှေပင်နားရွှေကျေး၊ ငွေပင်နားငွေကျေး' ဆိုသကဲ့သို့ ပတ်ဝန်းကျင်ကောင်းလျှင်ကလေးများအတွက် တိုးတက်ကောင်းမွန်တတ်သကဲ့သို့ ပတ်ဝန်းကျင်ဆိုးလျှင်လည်း ကလေးအတွက် ဆိုးကျိုးဖြစ်တတ်သည်။

### အနီးဆုံးပတ်ဝန်းကျင်

ကလေးနှင့်ပထမဆုံးထိတွေ့ဆက်ဆံရသည့်ပတ်ဝန်းကျင်၊ကလေးနှင့် အများဆုံးဆက်ဆံရသည့် ပတ်ဝန်းကျင်သည် အဖေနှင့်အမေဖြစ်၏။ကလေးသည်အဖေနှင့်အမေကိုချစ်သည်။အားကိုးသည်။ အထင်ကြီးသည်။ မိဘတို့၏အနေ အထိုင်အပြောအဆိုမှစ၍ အမူအကျင့်များကို ကလေးသည် အတုယူတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'လူလိမ္မာသား–ယဉ်ပါး၊ လူမိုက်သား–ရမ်းကား' ဟူ၍ ဆိုရိုးစကားရှိ၏ ။ လိမ္မာယဉ်ကျေးသော မိဘ၏သားသမီးသည်လိမ္မာယဉ်ကျေးသောမိဘ၏အမူအကျင့်ကို အတုယူ၍ လိမ္မာယဉ်ကျေးတတ်၏ ။ မိုက်ရိုင်းသော မိဘ၏သားသမီးသည်လည်းမိဘထံမှအတုမြင်အတတ်သင်ပြီးမိုက်ရိုင်းတတ်၏ ။ ထို့ကြောင့်သားသမီးကောင်းဖြစ်ရေးသည်မိဘကောင်းမကောင်းအပေါ်တွင်များစွာတည်နေ၏ ။

## စံနမူနာကောင်းပြပါ

သားကောင်းသမီးကောင်းကို ရလိုလျှင် မိဘတို့သည် သားသမီးများ၏ ရှေ့၌ စံနမူနာကောင်းပြသင့်၏ ။ 'ငါပြော သလိုလုပ်– ငါလုပ်သလိုမလုပ်နဲ့ ' ဟူသောဆုံးမနည်းမျိုးဖြင့် သားသမီးကောင်းကိုမရနိုင်ပါ ။ လွတ်လပ်သော အပျိုလူပျိုဘဝက မိမိဘာသာမည်ကဲ့သို့ပင် နေခဲ့သည်ဖြစ်စေ၊ အိမ်ထောင်သည်ဘဝ၊ မိဘဖြစ်လာသော ဘဝတွင်ပြောဆိုပုံ၊ နေထိုင်ပုံ၊ ဆက်ဆံပုံ၊ လုပ်ကိုင်ဆောင်ရွက်ပုံ နည်းစနစ်ကျအောင်ပြုပြင်သင့်သည် ။

မိဘစည်းကမ်းရှိမှသားသမီးစည်းကမ်းရှိသည် ။မိဘယဉ်ကျေးသိမ်မွေ့မှသားသမီးယဉ်ကျေးသိမ်မွေ့သည် ။ မိဘစည်းကမ်းမရှိလျှင်သားသမီးလည်းစည်းကမ်းမရှိ ။ မိဘနှုတ်ကြမ်းလျှာကြမ်းဆဲရေးတိုင်းထွာတတ်လျှင်သားသမီးလည်းနှုတ်ကြမ်းလျှာကြမ်းဖြစ်တတ်သည် ။



## ကံကောင်းသောကလေး

အိမ်ထောင်မိသားစုတစ်စုအတွင်းမှာ မေတ္တာ အကြင်နာစေတနာတို့သည်လည်း အရေးကြီးသော လိုအပ်ချက်ဖြစ်၏ ။ မိဘဖြစ်သော အဖေနှင့်အမေသည် တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်ခြင်း၊ ကြင်နာခြင်း၊ စေတနာထားခြင်းသည် အိမ်ထောင်တစ်ခုအတွက် အလှအပနှင့်ကျက်သရေဖြစ်၏ ။ ထိုကဲ့သို့သော မိဘများသည် မိမိတို့၏ရင်သွေးဖြစ်သော သားသမီးများကိုလည်း ချစ်ခင်ကြင်နာတတ်ကြသည် ။ ထိုအိမ်မျိုးမှာ သားသမီးဖြစ်ရသော ကလေးများသည် အလွန်ကံကောင်းကြ၏ ။

မိဘနှစ်ဦး၏အပြန်အလှန်ချစ်ခင်ကြင်နာကြသည်ကိုမြင်ရသည်မှာကလေးတို့၏ရင်တွင်ကြည်နူးသည် ။ အေးမြချမ်းမြေ့သည် ။ ထိုမိဘများကမိမိတို့အပေါ်တွင် ချစ်ခင်ကြင်နာပြန်သောအခါ မေတ္တာဖြင့်ထုံမွှမ်းသောဘဝ၊ စိတ်ပိုင်းဆိုင်ရာပြည့်ဝသောဘဝကိုရရှိသည် ။ ထိုကလေးများသည်တစ်ဖန်ပြန်၍ ချစ်ခင်တတ်သည် ။ ကြင်နာတတ်သည် ။ နူးညံ့သိမ်မွေ့သူများဖြစ်တတ်သည် ။ ထို့ကြောင့် ဆုံးမပြုပြင်၍လွယ်ကူသည် ။ လောကအလယ်မှ ပေါင်းသင်းဆက်ဆံရေးနယ်ပယ်တွင် အဆင်ပြေသောကလေးများဖြစ်တတ်သည် ။

www.burmeseclassic.com

www.burmeseclassic.com



## ကံဆိုးသောကလေး

မိဘချင်း မချစ်ခင်မကြင်နာနှင့် အဆင်မပြေလျှင် သားသမီးများ အနေခက်သည်။ တစ်ယောက်နှင့်တစ်ယောက် အပြစ်မြင်ကြ၊ အပြစ်တင်ကြ၊ မကျေမနပ်ပြောဆိုကြ၊ ခိုက်ရန် ဒေါသဖြစ်ကြလျှင် ကလေးများ လွန်စွာ စိတ်ဆင်းရဲကြရသည်။ ထိုမိဘများသည်ကလေးများအပေါ်တွင်အချစ်အကြင်နာနည်းတတ်သည်။ လင်မယားချင်းဖြစ်သည့်ဒေါသမှတစ်ဆင့်ကလေးများသို့ ကူးပြောင်း၍ဆူပူကြိမ်းမောင်းခြင်း၊ ရိုက်နှက်ခြင်း၊ ရက်စက်ခြင်းများပြုတတ်သည်။ ထိုအခါ ကလေးများကလည်းမိဘများကို မကျေမနပ်ဖြစ်၍ချစ်ခင်မှုလေးစားရိုသေမှုပျက်တတ်သည်။ ထိုအိမ်ထောင်မိသားစုမျိုးသည် မေတ္တာအကြင်နာခေါင်းပါးနေတတ်၏။ ထိုမိသားစုမျိုးတွင်ကလေးဖြစ်ရသည်မှာ ကံဆိုးလှပေသည်။

## မြေစာပင်လေးများ

ပို၍ဆိုးသည်မှာ မိဘနှစ်ပါးသည် ကိုယ့်ဘက်သူ့ဘက်မာနတံခွန်ထူ၍မကျေနပ်မှုများကြီးထွားပေါက်ကွဲပြီး အိမ်ထောင်ရေးလမ်းခွဲကြလျှင် မြေစာပင်ဖြစ်သောကလေးများ ဒုက္ခကြီးစွာရောက်ရတော့သည်။ အဖေတစ်ကွဲ၊ အမေတစ်ကွဲ၊ မောင်နှမတစ်ကွဲဖြစ်ကြရပြီ။ မလိုအပ်ပါဘဲ မိထွေးပထွေးနှင့် နေကြရပြီ။ ထိုကလေးများတွင် အချို့သည်စိတ်အားသိမ်ငယ်တတ်လွန်းသူများဖြစ်သွားကြသည်။ အချို့သည် တစ်လောကလုံးကို မကျေမနပ်



နှင့်ထင်ရာစိုင်းသူများ ဖြစ်သွားကြသည်။ ယေဘုယျအားဖြင့် မေတ္တာ၊ စေတနာ၊ အကြင်နာပိုင်းတွင် ပုံမှန် အနေအထားမှ ပျက်ယွင်း သွားတတ်ကြသည်။ ငယ်ရွယ်နုနယ်သူများဖြစ်သောကြောင့် မိမိကိုယ်ကို မှန်ကန်စွာ ထိန်းကျောင်း၍ဘဝလမ်းကြောင်းကို တည့်မတ်စွာ လျှောက်လှမ်းနိုင်ရန် ခက်ခဲတတ်ပေသည်။

## မာနတံခွန်မထူသင့်ပါ

မိဘတို့ သတိထားသင့်သည်။ လင့်ဘက်ကဖြစ်စေ၊ မယားဘက်ကဖြစ်စေ ငါတကောကော၍မာနတံခွန်မထူသင့်ပါ။ နှစ်ယောက်ပေါင်းမှတစ်ဘဝဖြစ်လာသည့်အကြင်လင်မယားတို့သည် အပြန်အလှန်ညှိနှိုင်း၍ အလိုက်အလျော ရှိသင့်ကြသည်။ ဘဝလမ်းကြောင်းကို နှစ်ယောက်ပေါင်း၍လျှောက်ရမည့်သူများ ဖြစ်သောကြောင့် တစ်ယောက်အပေါ်တစ်ယောက်ချစ်ခင် မေတ္တာထားရန်လိုသည်။ မေတ္တာကြီးမားလျှင် စေတနာကောင်းရှိသည်။ အနစ်နာခံနိုင်သည်။ ခွင့်လွှတ်နိုင်သည်။ ညှိနှိုင်း၍ လွယ်ကူသည်။

## မေတ္တာ၊ စေတနာ၊ အကြင်နာနှင့်သာယာသောအိမ်

ဖခင်မိခင်ဘဝသို့ ရောက်လျှင် တစ်ကိုယ်ကောင်းဆန်ချင်၍မရ။ မိမိ၏ စိတ်ချမ်းသာပျော်ရွှင်မှုသည် အိမ်ထောင်မိသားစု

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာပျော်ရွှင်မှုအပေါ်တွင် တည်နေသည်။ ထို့ကြောင့် မေတ္တာ၊ စေတနာ၊ အကြင်နာတို့ဖြင့် သာယာသော အိမ်ထောင်ကိုဖန်တီးရမည်။ စည်းကမ်းရှိခြင်း၊သန့်ရှင်းသပ်ရပ်စွာ နေထိုင်ခြင်း၊ မေတ္တာ၊ အကြင်နာစေတနာတို့ဖြင့် အနစ်နာခံတတ်ခြင်းစသည်တို့ကို သားသမီးများအတွက်စံနမူနာကောင်းပြရမည်။ မိမိကဲ့သို့လိုက်နာကျင့်ကြံစေရန်လည်းသားသမီးများကိုဆုံးမသွန်သင်ရမည်။ ရှေ့ဆောင်ရှေ့သွားဖြေင့်မှ နောက်လိုက်သားသမီးဖြောင့်မည်။

## ပြင်ပပတ်ဝန်းကျင်

ကလေးတို့သည် မိဘမိသားစုပြီးလျှင် မိမိနေထိုင် ရာနေရာ၏ အနီးဝန်းကျင်နှင့်လည်း ဆက်ဆံနေရသည်။ ထို့ကြောင့် အနီးပတ်ဝန်းကျင်သည်လည်းကလေးငယ်တို့အပေါ်မှာ ကောင်းကျိုး ဆိုးကျိုးကို ဖန်တီးပေးနိုင်သည်။

တရုတ်တွေးခေါ်ရှင်ကြီးမင်စီးယပ် (ဘီစီ-၃၇၂-၂၈၉)သည်ငယ်စဉ်ကပင်ဖခင်သေဆုံးသွားသည်။ မင်စီးယပ်၏မိခင်သည် သားဖြစ်သူကို မျှော်လင့်ချက်ကြီးစွာ ထားခဲ့သည်။ သို့ရာတွင်သူတို့နေထိုင်သောအိမ်ကလေးမှာ သချိုင်းတစ်ခုအနီးမှာ ဖြစ်သည်။ ထို့ကြောင့်မင်စီးယပ်ကလေးသည်မသာချသည်ကိုမြင်တွေ့ရသည်။အတုမြင်အတတ်သင်၍ကစားသည်ပင်လျှင် မသာချခြင်း၊ ငိုကြွေးခြင်းစသည်ဖြင့်ကစားသည်။ ထို့ကြောင့်



ဤနေရာတွင်နေလျှင် သားကလေးကြီးပွားတိုးတက်မည်မဟုတ်ဟုမင်စီးယပ်၏မိခင်ကယူဆသည်။

မင်စီးယပ်၏မိခင်သည်နေအိမ်ကိုပြောင်းရွှေ့လိုက်သည်။ ဒုတိယနေသောအိမ်မှာဈေးနားတွင်ဖြစ်သည်။ဤနေရာတွင်လည်း မင်စီးယပ်ကလေးသည်ဈေးရောင်းဈေးဝယ်ကိုကြည့်၍ အတုမြင်အတတ်သင်ပြီးဈေးရောင်းတမ်းကစားသည်။ ဈေးသည်တို့၏စရိုက်များကို အတုယူပြန်သည်။

မင်းစီးယပ်၏မိခင်သည်သားအတွက်ပတ်ဝန်းကျင်ကောင်းဖြစ်မည့်နေရာကိုရွေး၍ပြောင်းပြန်သည်။ တတိယအိမ်သည်စာသင်ကျောင်းတစ်ခု၏အနားမှာဖြစ်သည့်။ မင်စီယပ်ကလေးသည်နေ့စဉ်စာသင်သံ၊စာအံသံများကိုကြားနေရသည်။

အတုမြင်အတတ်သင်၍စာအံသည်။ ပညာသင်ချင်စိတ်ဖြစ်လာပြီး ကျောင်းနေသည်။ ထိုမှအဆင့်ဆင့်တိုးတက်ပြီးမင်စီးယပ်ဟူသော ပညာရှင်ကြီးဖြစ်လာခဲ့သည်။

ကျွန်တော်၏သူငယ်ချင်းတစ်ယောက်မှာလည်း သူ၏အိမ်နားမှ စိုက်ပျိုးရေးအရာရှိကြီးတစ်ဦးကို သဘောကျအားကျရာမှ ယခုအခါတွင် စိုက်ပျိုးရေးအရာရှိကြီး တစ်ဦးအဖြစ်သို့ ရောက်ရှိနေလေပြီ၊ သူငယ်ချင်းတစ်ယောက်မှာကာ ပင်ကိုယ်အားဖြင့်အေးဆေးသူဖြစ်ပါလျက် သူကျောင်းနေစဉ်ကနေထိုင်သောဦးလေး၏အိမ်သည်ဖဲဝိုင်းဒိုင်ခံသောအိမ် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်တွင်နေ့စဉ်ဖဲဝိုင်းနှစ်ဝိုင်းသုံးဝိုင်းရှိသည်။ ကျွန်တော်၏ သူငယ်ချင်းဖြစ်သူကလေးငယ်ကိုဖဲနိုင်သူများက အရက်အဝယ်ခိုင်းပြီး မုန့်ဖိုးပေးသည်။ နောက်တော့ကျွန်တော့်သူငယ်ချင်းသည် ဖဲကိုကျွမ်းကျင်စွာကစားတတ်သူဖြစ်လာသည်။နောင်ကြီးပြင်းလာသောအခါ ဖဲသမား၊ အရက်သမားဖြစ်သွားသည်။

ဂေါက်ကွင်းနားတွင်နေထိုင်ခြင်း၊ ဂေါက်သီးအိတ်ထမ်းခြင်းဖြင့် ဂေါက်သီးကစားခြင်းအတွေ့အမြင်များရာမှအဆင့်ဆင့်တိုးတက်၍ဂေါက်သီးရိုက်ချန်ပီယံဖြစ်သွားသူတို့နိုင်ငံတကာမှာ များစွာရှိပေသည်။

## ဗီဇနှင့်ပတ်ဝန်းကျင်

ငယ်ရွယ်သူတို့သည် အတွေ့အမြင်များသည်ကို အတုယူတတ်သည်။ ထိုဆက်စပ်နေသော ပတ်ဝန်းကျင်တွင် စိတ်ဝင်စားသွားတတ်သည်။ဤသို့ဆိုသောကြောင့် လူငယ်တစ်ယောက်၏ ဘဝအကောင်းအဆိုးသည် ပတ်ဝန်းကျင်အပေါ်တွင်သာ လုံးဝတည်မှီနေသည်ဟုဆိုလိုခြင်းမဟုတ်ပါ။လူတစ်ယောက်မှာ သူ၏ ဗီဇလည်းရှိသေးသည်။ ဗီဇညံ့လျှင် ပတ်ဝန်းကျင်ကောင်းမှာကြီးလင့်ကစား မထွန်းကားသည်များရှိပါ၏။ ဗီဇကောင်းသူအချို့သည် ပတ်ဝန်းကျင် မကောင်းသော်လည်း မိမိကိုယ်ကိုကောင်းအောင်ထိန်းကျောင်းသွားသူများလည်းရှိပါ၏။

အဘက်ဘက်မှအပြန်အလှန်စဉ်းစားကြည့်လျှင်



ဗီဇကောင်းပြီးပတ်ဝန်းကျင်မကောင်း၍ပျက်သွားရသူများလည်းရှိသည်။ ဗီဇသိပ်မကောင်းသော်လည်းပတ်ဝန်းကျင်ကြောင့်ကောင်းသွားရသူများလည်းရှိသည်။

ဗီဇအဆိုးနှင့်ပတ်ဝန်းကျင်အဆိုးပေါင်းမိလျှင်ကားအဆိုးမှတ်တိုင်စိုက်တော့သည်။ ဗီဇကောင်းနှင့်ပတ်ဝန်းကျင်ကောင်းပေါင်းမိလျှင် အကောင်းတံခွန်ထူတော့သည်။

ဗီဇဆိုသည်မှာမွေးရာပါဖြစ်သည်။ ပတ်ဝန်းကျင်ဆိုသည်မှာပြုပြင်ပြောင်းလဲ၍ရသည်။ ထို့ကြောင့်သားကောင်းသမီးကောင်းရလိုသောမိဘတိုင်းသည် သားသမီးတို့ကို ပတ်ဝန်းကျင်ကောင်းနှင့်ဆက်စပ်မိစေရန်သတိထားပြီးစီမံဆောင်ရွက်သင့်သည်။ ပန်းအပူးလေးကို ပိုးမွှားအန္တရာယ်မှ ကာကွယ်သကဲ့သို့ သားသမီးတို့ကို မကောင်းသော ပတ်ဝန်းကျင်မကောင်းသောအပေါင်းအသင်းတို့ အန္တရာယ်မှ လွတ်ကင်းအောင် ကာကွယ်ရမည်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ကလေးကို ရိုက်သင့်မရိုက်သင့်

မိခင်တိုင်းသည် လိမ္မာသောသားသမီးကိုလိုချင်ကြ၏ ။ လိမ္မာအောင်လည်းနည်းအမျိုးမျိုးဖြင့်ပုံသွင်းကြ ။ ဆုံးမပြုပြင်ကြ၏ ။ သို့ရာတွင် ထိုသို့ပြုမူရာ၌ အမှန်အမှားသတိပြုစရာများလှစွာ၏ ။ လှစေလိုလို့ သွားချောင်တိုက်ရေစီးကမ်းပြိုလိုက်ဆိုသကဲ့သို့ ကောင်းစေချင်သောစေတနာဖြင့်ဆုံးမကာမှ ဆုံးမပုံစနစ်မကျ၍ ပိုဆိုးသွားရသည်များရှိ၏ ။

### မှားယွင်းသောအယူအဆ

အချို့သော မိဘများသည် သားသမီးကိုချစ်လျှင် မညှာနိုင်၊ နာနာရိုက်ရမည် ။ အရိုးကွဲအောင်ရိုက်မှ အသည်းစွဲအောင် မှတ်သည်ဟု လွဲမှားစွာ ခံယူထားကြ၏ ။ အချို့ဆိုလျှင် သားသမီးက ကိုယ့်ကို ကြောက်နေစေချင်သည် ။ ငယ်ငယ်ကတည်းက မလှန်ရဲအောင်ဖိနှိပ် ထားရမည်ဟု ခံယူကြသည် ။ ထို့ကြောင့် ချစ်ကြောင်းမပြဘဲ သားသမီးကို ချစ်လျှင် နိုးနေစဉ်မနမ်းနှင့်၊ အိပ်ပျော်နေမှ နမ်းပါဟု ဆိုကြ၏ ။



အချို့က ပို၍ဆိုး၏ ။ နိုးနေစဉ်လည်းမနမ်းနှင့်၊ အိပ်နေစဉ်လည်းမနမ်းနှင့်၊ ချစ်ကြောင်းကိုဘယ်တော့မှမပြနှင့်၊ ပြလျှင်ကမ်းတက်တတ်သည်ဟုဆို၏ ။

### ဦးကြီး၏ဆုံးမနည်း

ကျွန်တော့်ဦးကြီးတစ်ယောက်က ' ဟေ့ မင်းကလေးတွေ လိမ္မာစေချင်ရင် တစ်ယောက်စီအတွက် ကြိမ်တစ်ချောင်းစီဝယ်ထားကွ၊ ငယ်ငယ်မှာ ကြိမ်ချောင်းကို အဖျားကဖြတ်ပြီး ကြိမ်လုံးသေးသေးနဲ့ရိုက်၊ ကြီးကြီးလာတာနဲ့ ကြိမ်အရင်းဘက်ရောက်ပြီး တုတ်လာလိမ့်မယ် ။ တစ်ယောက်ကို ကြိမ်တစ်ချောင်းကုန်ရင် လိမ္မာရောပေါ့ကွာ ' ဟု အကြံပြု၏ ။

ဦးကြီးကတော့ သူ့သားသမီးတွေကိုထိုသို့ပြု၏ ။ ဦးကြီး၏ကလေးများသည် ဦးကြီးကိုအလွန်ကြောက်ကြသည် ။ ကြောက်ရလွန်းအားကြီး၍ အဖေကိုချစ်ခင်ခြင်း၊ ရင်းနှီးခြင်းပင် မရှိကြတော့သလောက်ဖြစ်သည် ။ ဦးကြီးအိမ်မှာရှိနေလျှင်ဦးကြီး၏သားသမီးများအနေကြုံ့နေကြသည် ။ စကားပင်ကျယ်ကျယ်မပြောဝံ့ကြပါ ။ ထို့ကြောင့်သူတို့စိတ်ညစ်သည် ။ ဦးကြီးအိမ်မှာမရှိလျှင်ဝမ်းသာပျော်ရွှင်ကြသည် ။ ခရီးဝေးသွားလျှင်သဘောကျသည် ။ အကြာကြီးပြန်မလာလျှင်ပို၍သဘောကျသည် ။ မိဘနှင့်သားသမီးမှာ ထိုသို့ဖြစ်နေသင့်သည်မဟုတ်ပါ ။

www.burmeseclassic.com

www.burmeseclassic.com



## မိဘနှင့်သားသမီး

မိဘနှင့်သားသမီးသည် အပြန်အလှန်ချစ်ခင်နေရမည်။ ရင်းနှီးနေရမည်။ နားလည်မှုရှိရမည်။ လေးစားရှိသေမှုလည်း ရှိသင့်သည်။ သို့သော် ကြောက်လန့်မနေသင့်ပါ။

သားသမီးတို့ အတွက်မိဘသည်မဟာပထဝီမြေထုကဲ့သို့ အားထားမှီခိုရာဖြစ်၏။ လူမမယ်ကလေးငယ်တစ်ယောက်သည်သဘာဝအားဖြင့် မိမိကိုယ်ကို ယုံကြည်စိတ်ချနိုင်သည့် အခြေအနေမရှိပါ။ သို့သော် မိဘအားကိုးအားထားပြု၍ မိမိကိုယ်ကိုယုံကြည်စိတ်ချမှုဖြစ်၏။ မိဘရှိလျှင် နေရဲထိုင်ရဲသည်။ ပြောရဲဆိုရဲ၊ လုပ်ရဲကိုင်ရဲသည်။ လူစည်ကားသော ပွဲခင်းထဲတွင် မိဘနှင့်ကွဲသွားသောကလေးသည်မှီခိုအားထားစရာမဟာပထဝီမြေကြီးပျောက်ကွယ်သွားသကဲ့သို့ ဆောက်တည်မရ ငိုကြွေးတတ်သည်။ မိဘပျောက်ကွယ်သွားခြင်းသည်ကလေးငယ်အတွက် အကြီးမားဆုံးသော ကြောက်စရာဖြစ်၏။

ထိုသို့ သားသမီးလူမမယ်တို့အားကိုး အမှီပြုနေရသော မိဘကတင်းမာစွာဆက်ဆံခြင်း၊ ပြင်းထန်စွာရိုက်နှက်ခြင်း ရက်စက်စွာပြုမူခြင်းကိုခံရရှာလျှင် ထိုကလေးငယ်သည် သနားစရာကဲဆိုးရှာသူဖြစ်၏။



## အကျည်းတန်သောမြင်ကွင်း

ရပ်ကွက်တစ်ခုတွင် အိမ်ငှားနေခဲ့စဉ်က တစ်အိမ်ကျော်မှ အိမ်ရှင်မတစ်ဦးသည် သူ၏လေးနှစ်သားအရွယ် သမီးငယ်ကို ရက်ရက်စက်စက်ရိုက်နေသည်ကိုကြုံဖူး၏။ ကလေးငယ်က 'ကြောက်ပါပြီမေမေရဲ့ 'ဟုကြောက်လန့်တကြား အော်ဟစ်ငိုကြွေးရှာသည်။ ခြေသလုံးရိုက်၍ ခြေထောက်ကလေးများ၊ ဆွေ့ဆွေ့ခုန်နေသည်။ လက်နှင့်ကာတော့ လက်ကိုရိုက်သည်။ ရက်စက်သောမြင်ကွင်းဖြစ်၏။ ထိုမိန်းမမှာ နှုတ်ကြမ်းလျှာကြမ်း ဖြစ်၍ အိမ်နီးချင်းများလည်းမည်သူမျှ ဝင်မပြောချင်ကြ၊ ကလေးမှာနာလှပြီ။

အပြစ်ကကြီးကြီးမားမားမဟုတ်။ ကလေးကိုဆန်အရွေးခိုင်းရာမှ ကလေးဆန်ရွေးပြီး ဆန်ဗန်းကိုမနိုင်မနင်းယူလာစဉ်ခလုတ်တိုက်လဲ၍ဆန်ဗန်းမှောက်သွားသောကြောင့်ဖြစ်သည်။ ဤမျှငယ်သောကလေးကိုခိုင်းလျှင် ဤကဲ့သို့ဖြစ်နိုင်သည်ကို မိခင်သည်မဆင်ခြင်ဘဲ ကလေးကိုသာမဲ၍ရိုက်နေ၏။

ကလေးသည်နာကျင်လွန်းလှပြီဖြစ်၍ လှေကားတစ် ထစ်သာရှိသောအိမ်ကလေးပေါ်သို့ ပြေးတက်၏။ အိမ်ပေါက်ဝတွင်ဖခင်ရပ်နေသည်။ ဖခင်ကိုအားကိုးလိုဟန်တူ၏။ သို့သော်ဖခင်ကမကူညီဘဲရိုက်နေသောမိခင်ထံသို့တွန်း၍လွှတ်၏။ မိခင်ကဆက်ရိုက်သည်။ ရက်စက်လွန်းလှသောမြင်ကွင်းဖြစ်၍ အိမ်နီးချင်းအားလုံးမနေနိုင်တော့ဘဲ ဝိုင်းဝန်းဆူပူကြိမ်း

www.burmeseclassic.com

www.burmeseclassic.com



မောင်းကြရ၏ ။

## ဆူးတောင်ပေါက်တတ်သည်

ထိုကလေးမျိုးသည် လောကအလယ်တွင်အများနှင့် ဆက်ဆံရာ၌ ကြောက်ရွံ့၍ စိတ်အားသိမ်ငယ်နေရှာတော့မည်။ မိမိကိုယ်ကို ယုံကြည်စိတ်ချမှု လျော့ပါး၍ ထူးချွန်ထက်မြက်မှုမရှိ ဖြစ်တတ်သည် ။ အကယ်၍ထိုသို့မဟုတ်လျှင်လည်း ဆရာကြီး ရွှေဥဒေါင်း၏တစ်သက်တာမှတ်တမ်းတွင် ဖော်ပြထားသကဲ့သို့ ဆူးတောင်ကြီးကြီးပေါက်လျှင် ဆက်ဆံရေးအဆင်မပြေသူ ဖြစ်သွားနိုင်ပေသည် ။

## ဒီကြိမ်လုံးနဲ့ရိုက်

ကြိမ်လုံးကလေးများကို အရွယ်တော်ဖြတ်၍ ကလေးရိုက်တုတ်အဖြစ်တစ်ချောင်းတစ်မတ်နှင့်ဈေးထဲတွင် လှည့်လည် ရောင်းချနေသူ တစ်ဦးကိုတွေ့ဖူး၏ ။

ကျောင်းမသွားချင်လို့ငိုသလား... ဒီကြိမ်လုံးနဲ့ရိုက် ။
မုန့်စားချင်လို့ငိုသလား... ဒီကြိမ်လုံးနဲ့ရိုက် ။

ဆေးမသောက်ချင်လို့ ငိုသလား... ဒီကြိမ်လုံးနဲ့ရိုက်ဟု အော်ဟစ်ပြောဆိုရောင်းချနေပါသည် ။



အချို့သော ဥာဏ်ပညာနည်းသူမိဘများက ဟုတ်တယ်၊ ကောင်းတယ်၊ ဒါမှအပြောရသက်သာတယ်ဟု ဆို၍ တစ်မတ်ပေးပြီး ဝယ်ယူကြသည်။ ထိုကြိမ်တုတ်၏ အဖျားတွင် ကွင်းကလေးလုပ်ထား၏ ။ ကလေးမြင်နိုင်အောင် သံချိတ်တွင် ချိတ်ဆွဲထားကြသည် ။ ထိုအိမ်မျိုးတွင် ကလေးဖြစ်ရသည်မှာ မည်မျှစိတ်ဆင်းရဲစရာကောင်းမည်နည်း ။

ကျောင်းမသွားချင်၍ငိုသည်မှာကြိမ်နှင့်ရိုက်ရမည့် အပြစ်မဟုတ်ပါ ။ ကလေးကိုအစကတည်းကပညာသင်ကြားမှုတွင်စိတ်ပါဝင်စားအောင်ရှင်းလင်းပြေပြသင့်သည် ။ ကျောင်းသွား ချင်အောင်အားပေးအားမြှောက်ပြုရမည် ။ ကျောင်းနေချင်အောင်၊ပညာသင်ချင်အောင်စိတ်ဓာတ်ကိုပြုစုပျိုးထောင်ပေးသင့်သည် ။ မက်လုံးပေးသင့်ကပေးရမည် ။

မုန့်စားချင်၍ ငိုသည်မှာလည်းရိုက်ရမည့်အပြစ်မဟုတ်ပါ ။ မုန့်ကျွေးသင့်သောအချိန်အခါဖြစ်လျှင် မုန့်ကျွေးရမည် ။ကျွေးသင့်သောအခါမဟုတ်လျှင်နားလည်အောင်ပြောပြသင့်သည် ။ ထိုနည်းတူစွာပင် ဆေးမသောက်ချင်၍ ငိုသည်ကိုလည်း ရိုက်ရမည်မဟုတ်ပါ ။ သောက်ချင်အောင်ရှင်းပြရမည် ။ ချော့မော့ရမည် ။ သူနှစ်သက်ရာမက်လုံးပေး၍တိုက်သင့်ကတိုက်ရမည် ။ ရိုက်တိုင်းကောင်းသည်မဟုတ် ။ ကြာတော့တုတ်ယဉ်လာမည် ။

www.burmeseclassic.com

www.burmeseclassic.com



## မှားယွင်းသောအပြုအမူ

အကြောက်နှင့်ထိန်းချုပ်ခြင်းသည် အသိမှန်ကန်အောင်ပြုလုပ်နိုင်ခြင်းမဟုတ်သောကြောင့် အစဉ်သဖြင့် ကြောက်အောင်ဆက်လုပ်နေရမည်။ ကြာလျှင်မကြောက်တော့ပါ။ ထိုအခါ ရိုက်ချက်တိုးလာလိမ့်မည်။ ရိုက်တုတ်ကြီးလာရမည်။ ကလေးလည်း ပိုဆိုးလာလိမ့်မည်။

ထိုအခါမိဘများသည်ကလေးကိုကိုယ်တုံးလုံးချွတ်၍ ရိုက်ခြင်း၊ ကြိုးတုတ်၍ရိုက်ခြင်းစသည်တို့ကို လက်မရွံ့အာဏာသားကဲ့သို့ရက်ရက်စက်စက်ပြုကြ၏။ လွန်စွာမှားယွင်းသောအပြုအမူဖြစ်၏။ ထိုကဲ့သို့ အသိဉာဏ်နည်းပါးခြင်း၊ ဆင်ခြင်တုံတရားကင်းမဲ့ခြင်းတို့သည် ယဉ်ကျေးသောတိုးတက်သောလူ့အဖွဲ့အစည်း၌ မရှိသင့်တော့ပါ။

ကလေးများ၏ အချို့သော အပြစ်ကျူးလွန်ခြင်းများသည် လူကြီးအတွက်စိတ်ဆိုးစရာ၊ ဒေါသထွက်စရာဖြစ်သော်လည်း ကလေးကအမှန်ပင်မသိ၍ ပြုလုပ်မိခြင်းဖြစ်၏။ ကလေးသည်လူကြီးကဲ့သို့ အတွေ့အကြုံမများသေးပါ။ လူကြီးသိသလောက်မသိပါ။ မသိ၍ပြုမိသောအပြစ်အတွက်မရိုက်သင့်ပါ။ သိအောင်ရှင်းလင်းပြောပြရန်လူကြီးမှာတာဝန်ရှိသည်။



## လက်လွတ်စပယ်မရိုက်သင့်

ထစ်ကနဲရှိတိုင်း ဒေါသထွက်၍ကိုယ်ကမိဘပဲ၊ ကိုယ့်မွေးထားတဲ့သားသမီး ကိုယ်ရိုက်ခွင့်ရှိတာပဲဟု လက်လွတ်စပယ် ရိုက်သင့်သည်မဟုတ်ပါ။ ရိုက်ရမည်မဟုတ်ပါ။ မှန်ကန်၍ ကောင်းသောနည်းမှာ ကလေးကို ကျူးလွန်သောပြစ်မှုအလျောက် အမှားအမှန်ကို သဘောပေါက်အောင် ရှင်းသင့်သည်။ အချို့ကိစ္စများသည် ဖြစ်ပေါ်သောအကြောင်းကိုလိုက်၍ ရှင်းပြရသကဲ့သို့ အချို့ကိစ္စများသည်ကား မဖြစ်ခင်က ကြိုတင်၍ ရှင်းလင်း၊ ပြောကြားထားရသည်များရှိ၏။ ထို့ကြောင့် မိဘနှင့်သားသမီးရင်းနှီးရန်လိုသည်။ နားလည်ရန်လိုသည်။ အလျဉ်းသင့်တိုင်း အကောင်းအဆိုး၊ အမှားအမှန်ကိုသားသမီးတို့အား မိဘက ပညာပေး ရသည်။ ကောင်းသောအချက်အလက်များကို တွေ့တိုင်း ချီးကျူးပေးသင့်သည်။

ကလေးတို့သည်ချီးမွမ်းခံရခြင်းကို သဘောကျ၏။ ချီးမွမ်းခြင်းသည် ရိုက်နှက်အပြစ်ပေးခြင်းထက် ကလေးကိုပို၍လိမ္မာစေ၏။ မိဘ၏ချစ်ခင်ခြင်း၊ ချီးမွမ်းခြင်းကိုမကြာခဏရရှိသောကလေးသည် ထိုသို့ချီးမွမ်းခံရအောင်ပို၍ကြိုးစားသောကြောင့်ပို၍ လိမ္မာလာ၏။

www.burmeseclassic.com

www.burmeseclassic.com



## နေရာတိုင်းမှာလည်းအလိုလိုက်ရန်မဟုတ်

ဤသို့ဆိုသောကြောင့်ကလေးကို နေရာတကာမှာ အလိုလိုက်နေရမည်ဟုဆိုလိုခြင်းမဟုတ်ပါ။ အလိုလိုက်လွန်းသောကလေးမှာလည်း ပျက်တတ်၏။ အချို့မိဘများသည် ကလေးကို နားလည်အောင်ရှင်းမပြ၊ အပြစ်ကျူးလွန်လျှင်လည်း ချစ်သည့်စိတ်ဖြင့်ခွင့်လွှတ်၏။ ကလေးတောင်းဆိုသမျှကိုလည်း ချစ်သည့်စိတ်ကြောင့်မငြင်းရက်၊ သင့်သည်ကို လိုက်လျောသလို၊ မသင့်သည်ကိုလည်း လိုက်လျော၏။ ထိုကလေးမျိုးသည် တစ်စထက်တစ်စကမ်းတက်လာတတ်သည်။ အခွင့်ထူးရမှန်းသိ၍ ပို၍ရအောင်လုပ်ရင်း အခွင့်ထူးခံဖြစ်လာသည်။ နောက်ဆုံးတွင် ဆိုဆုံးမမှုမခံတတ်သောကလေးဆိုးလေးဖြစ်လာတတ်၏။

## အပြစ်နှင့်တန်ရုံဆုံးမပါ

အပြစ်မှန်းမသိ၍ ကျူးလွန်သည်ကို ခွင့်လွှတ်သင့်သော်လည်း ထိုသို့ပြုမူခြင်းသည် အပြစ်ဖြစ်ကြောင်း၊ နောင်တွင် ထိုသို့မပြုသင့်ကြောင်း ရှင်းပြရမည်။ ဆက်၍ပြုလျှင် သိလျက် နှင့်ကျူးလွန်သောကြောင့် အပြစ်ရှိ၏။ အပြစ်ရှိလျှင် အပြစ် အလျောက် ဆိုဆုံးမရမည်။ နောက်ထပ်မကျူးလွန်အောင် သတိပေးမည်။ ဤအထဲမှ ထပ်၍ကျူးလွန်လာလျှင် ထိုက်သင့်သော အပြစ်ဒဏ်ကိုပေးသင့်သည်။ ဤကဲ့သို့ ပြုမူခြင်းကို လက်မခံကြောင်းထင်ရှားစွာပြရမည်။



## ဒေါသဖြင့်မရိုက်သင့်

ယေဘုယျအားဖြင့် ရိုက်သည်မှာကြိုက်နှစ်သက်စရာ မဟုတ်သော်လည်းအကြိမ်ကြိမ်ကျူးလွန်ပါက အရိုက်ခံရမည်ကို သတိပေးသင့်၏။ သတိပေးလျက် ကျူးလွန်လာပါက အပြစ်နှင့်ထိုက်သလောက်သာရိုက်သင့်သည်။ သို့သော်အရိုက် မလွယ်သင့်ပါ။ ဆုံးမခြင်း၊ သတိပေးခြင်း၊ အခြားနည်း အပြစ်ဒဏ်ပေးခြင်းတို့ဖြင့် မရမှသာ ရိုက်သင့်၏။ ရိုက်ရာတွင်လည်း ကလေးကျူးလွန်သောအပြစ်ထက် မိဘ၏ဒေါသကြောင့် ပိုသွားခြင်း၊ လွန်သွားခြင်း မဖြစ်သင့်ပါ။ ရက်စက်စွာနှိပ်စက်ခြင်း သဘောမျိုးလုံးဝမဖြစ်သင့်ပါ။

အမှန်စင်စစ်အားဖြင့်မူ မိဘ၏ရှင်းလင်းပြောကြားခြင်း၊ ပညာပေးခြင်း၊ ဆိုဆုံးမခြင်း၊ သတိပေးခြင်း၊ အကောင်းဘက်သို့ရောက်အောင်ချီးကျူးပေးခြင်းစသည်တို့ကို မှန်ကန်စွာနှင့် ပြည့်စုံစွာပြုမူမှုစနစ်ကျပါလျှင်ကလေးအများစုမှာ ရိုက်နှက်ဆုံးမရန်မလိုအပ်ဘဲ လိမ္မာတတ်ကြသည်သာများ၏။

'ကလေးကိုချစ်လျှင်မညှာနှင့်နာနာရိုက်'' အရိုးကွဲအောင်ရိုက်မှအသည်းစွဲအောင်မှတ်သည်' ဆိုသောအယူအဆများမှာကလေးအတွက်ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ပို၍ဖြစ်နိုင်၏။ ကျူးလွန်သောအပြစ်ကို ရှင်းမပြဘဲ ရိုက်ခြင်း၊ သတိမပေးဘဲရိုက်ခြင်း၊ ရက်စက်စွာရိုက်ခြင်းစသည်တို့မှာ မှားယွင်း၍ သားကောင်းသမီးကောင်းကို ရချင်သောမိဘကောင်းတိုင်း သတိထားပြီးရှောင်ရှားသင့်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## အလိုလိုက်အမိုက်စော်ကား

သားသမီးကို လွန်စွာကြောက်နေအောင် ရိုက်နှက်ခြင်း၊တင်းကြပ်လွန်းစွာ ချုပ်ချယ်ခြင်းတို့သည် မှားယွင်းပါသည်။ ထို့အတူပင် နေရာတကာမှာအလိုလိုက်သင့်သည်ထက် ပိုမိုအလိုလိုက်လျှင်လည်းပျက်စီးတတ်သည်။

နောက်ဆုံးတွင် ' အလိုလိုက် အမိုက်စော်ကား ' ဆိုသကဲ့သို့ မိဘကိုပင်ဒုက္ခပေးသည့်သားဆိုးသမီးဆိုးဖြစ်သွားတတ်၏။

### ချစ်လျှင် အပြစ်မမြင်

မိဘတိုင်းသည် သားသမီးကို ချစ်ကြသည်မှာ ဓမ္မတာဖြစ်၏။ ထိုသို့ ချစ်၍ သားသမီးတွင် အပြစ်ရှိလျှင်လည်း အပြစ်ကိုမမြင်၊ မြင်ပြန်လျှင်လည်း ပေါ့ပေါ့သာ တွေး၍ ခွင့်လွှတ်ချင်ကြ၏။ ခွင့်လွှတ်သင့်သည်ထင်၍ ခွင့်လွှတ်သည့်တိုင်အောင် မှားလျှင်မှားသည့်အကြောင်း သဘောပေါက်အောင်တော့ ပြောဖို့ကောင်းသည်။ မပြောလျှင် အမှားကိုဆက်၍ကျူးလွန်တတ်၏။



ပို၍ကြီးသောအပြစ်များကိုပင် တစ်ဆင့်ထက်တစ်ဆင့်တက်၍ ကျူးလွန်လာတတ်၏။ အပ်ဖြင့်ထွင်းရမည်ကို အပ်ဖြင့်မထွင်းခဲ့လျှင် ပုဆိန်ဖြင့်ပေါက်ရမည့်အခြေအနေဆိုးသို့ တိုးတက်ရောက်ရှိလာတတ်၏။

### အလိုလိုက်လွန်းခြင်း

အချို့သော မိဘများမှာ အလိုမလိုက်သင့်သည်တို့ကိုပင်အလိုလိုက်သည်များရှိကြ၏။ မိတ်ဆွေတစ်ယောက်၏ အိမ်တွင်အလိုလိုက်ထားသောကလေးကြောင့်ဧည့်သည်လာတိုင်းဒုက္ခဖြစ်ရ၏။

' ဟင်အင်း၊ ဒီလူကြီးမလာရဘူး၊ အိမ်ထဲမဝင်နဲ့ '

' အား ဒီမိန်းမကြီး အဲဒီခုံမှာ မထိုင်ရဘူး '

' ကော်ဖီမသောက်ရဘူး၊ ကော်ဖီခွက်ကိုမကိုင်နဲ့ '

ဧည့်သည်လာတိုင်း တစ်မျိုးမဟုတ်တစ်မျိုး ကန့်ကွက်သည်။ မရလျှင်ပစ်လဲ၍ အော်ငိုတတ်သည်။

ဧည့်သည်မှာကလေး၏မိဘကိုသာအားကိုးတကြီးလှမ်းကြည့်ရသည်။

' သားက အလိုလိုက်ထားလို့ သိပ်ဆိုးတာပဲဗျာ၊ တောင်းပန်ပါတယ် ' ဟု ဖခင်ကဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ကလေးကိုတော့ဟန့်တားခြင်းမရှိ။ဧည့်သည်များမှာကသိကအောက်နှင့်ခပ်မြန်မြန်ပြန်ပြေးကြရသည်။

လွန်စွာအရုပ်ဆိုးသော်ကိစ္စဖြစ်၏။ ကလေးကို ဤမျှအထိအလိုမလိုက်သင့်ပါ။ ဟန့်တားသင့်သည်။ ဆိုဆုံးမသင့်သည်။ ကလေးလည်း ကလေးအလျောက် သိပါသည်။ နားလည်ပါသည်။ လူကြီးက လက်ခံခွင့်ပြုထား၍သာ လုပ်နေခြင်းဖြစ်သည်။ လူကြီးကမလုပ်သင့်၍ မလိုက်လျောလျှင် ဆက်ပြီး လုပ်ဝံ့မည်မဟုတ်ပါ။

## လုပ်ချင်တာမှန်သမျှ လုပ်ပါစေ

ကျွန်တော်၏မိတ်ဆွေ အရာရှိတစ်ယောက်မှာ သမီးလေး တစ်ယောက်သာရှိ၍ သိပ်ပြီးအလိုလိုက်ထားသည်။ ထို အရာရှိ၏ မော်တော်ကားမောင်းသူမှာ ကလေး၏ဆိုးမျိုးအဖုံဖုံကို ခံသည်။ ထိုကားမောင်းသူ၏ ခြေသလုံးမွေးများမှာသန်မာများပြားသည်။ အရာရှိ၏သမီးငယ်သည် ထိုခြေသလုံးမွေးများကို အလွန်နုတ်ချင်သည်။ အခွင့်သာတိုင်းဆွဲနုတ်သည်။ ကားမောင်းသူမှာ နာလွန်း၍ အနုတ်မခံလျှင် ကလေးကသူ့အဖေကြားအောင် အော်ငိုသည်။

ထိုအခါ အဖေဖြစ်သူက သူ့သမီးဘာကြောင့်ငိုရသည်ကိုဒေသတကြီးအော်ဟစ်မေးတတ်သည်။ကားမောင်းသူက ခြေသလုံးမွေးကို မနုတ်ရ၍ ငိုကြောင်းပြန်ပြောရာ



'အိုကွာ မင်းကလဲ ကလေးက ဒီလောက်ငိုနေတာ နုတ်စမ်းပါစေ' ဟုဆိုသည်။

'သိပ်နာတယ်ဆရာရဲ့' ဟုပြန်ပြောရာ 'ဒီလောက်နာတာနဲ့ သေမသွားပါဘူးကွာ၊ သမီးမငိုနဲ့ နုတ်နုတ်' ဟုဆိုသည်။

မော်တော်ကားမောင်းသူမှာ ဆရာကိုကြောက်၍ အလိုလေးအံမယ်လေးအော်ပြီးခြေသလုံးမွေး အနုတ်ခံရသည်။

## ချစ်ရာမရောက် နှစ်ရာရောက်

မည်သို့ပင် ချစ်ချစ် ဤမျှအထိ အလိုမလိုက်သင့်ပါ။ ကလေးကို အဆိုးကျင့်ပေးသည်နှင့် တူသည်။ ထို ကလေးမျိုးများမှာ မိဘ၏ချစ်ခင်အလိုလိုက်ခြင်းကိုခံရသော်လည်း ပတ်ဝန်းကျင်၏ စိတ်ပျက်မှုကိုခံရတတ်သည်။ ပတ်ဝန်းကျင်နှင့် အဆင်မပြေဖြစ်တတ်သည်။ အချစ်မတတ်လျှင် ချစ်ရာမရောက်ဘဲ နှစ်ရာရောက်သည်။

အချို့ခေတ်ပညာတတ်မိဘများမှာ ကလေးကို မကြောက်တတ်စေရဘူး။ မလန့်တတ်စေရဘူး၊ ငယ်ငယ်ကတည်းက ဘာမဆို ပြောရဲဆိုရဲ သတ္တိရှိရမည်ဟူသော ရည်ရွယ်ချက်ဖြင့်ကလေးကိုပြုစုပျိုးထောင်ပေးကြသည်။မှန်ပါသည်။ကောင်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်ကို ကြောင်ဖားကြီးမြီးတဲ့တို့နှင့် ခြောက်ခြင်း၊ တစ္ဆေကြီး၊ သရဲကြီးနှင့်ခြောက်ခြင်း၊ အရူးကြီးနှင့် ခြောက်ခြင်း စသည်တို့မှာ မကောင်းပါ။ ကလေးလွဲမှားစွာ ယုံကြည်၍ သတ္တိနည်းအောင်မပြုလုပ်သင့်ပါ။ သို့သော် မကြောက်တတ်အောင်ပြုစုပျိုးထောင်ရင်းနှင့်ဘာကိုမှ ဘယ်သူ့ကိုမှ မကြောက်တတ်သည်အထိ ဆိုလျှင်လည်းတစ်ဖက်စွန်းသို့ ရောက်သွားတတ်သည်။

## အရဲလွန်လျှင် ရိုင်းတတ်သည်

သတ္တိရှိသည်မှာကောင်းသော်လည်း ရဲလွန်းလျှင် ရိုင်းတတ်သည်။ ရိုင်းလျှင်အရှိအသေတန်သည်။ ထောင့်မကျိုးဘဲဖြစ်တတ်သည်။ ဆရာသမားလူကြီးသူမတို့ကိုပင် မလေးမခန့် ပြုတတ်သည်။ ရွယ်တူအပေါင်းအသင်းအချင်းချင်းဆိုလျှင်လည်း ကိုယ်ကသာ အသိအတတ်ကိုယ်ပြောတာသာအမှန်၊ အရာရာမှာ ကိုယ်သာ အတော်ဆုံးဟု အထင်ရောက်၍ နေတတ်သည်။

မိမိကိုယ်ကိုယုံကြည်စိတ်ချမှုရှိသည်မှာကောင်းပါ၏။ သို့သော် မိမိကိုယ်ကို သိပ်အထင်ရောက်လွန်းလျှင် သူတစ်ဖက်သားကို အထင်သေး၍ ပြက်ရယ်ပြုမိတတ်သည်။ နှိမ့်မိတတ်သည်။ နှိမ့်ချသောအမြင်ဖြင့် သရော်မော်ကား စော်ကားပြုမိတတ်သည်။ ထိုကလေးမျိုးသည် လူချစ်လူခင်နည်း ၍ လူမုန်းများတတ်၏။



## ရဲရင့်ခြင်းနှင့်ယဉ်ကျေးခြင်း

ရဲရင့်အောင်၊ သတ္တိရှိအောင် ပြုစုပျိုးထောင်ပေးသည့် နည်းတူ လိမ္မာယဉ်ကျေးအောင်လည်း သွန်သင်ဆုံးမသင့်သည်။ မိမိကိုယ်ကို ယုံကြည်စိတ်ချမှုရှိအောင် အားပေးသင့်သလို သူတစ်ဖက်သားကိုလည်း လေးစားတတ်အောင် စာနာတတ်အောင် ဆုံးမ ပြုပြင်ပေးသင့်သည်။

ဆရာ၊ ဆရာမကို ရိုသေလေးစားတတ်ခြင်း၊ အသက်ကြီးသူများကို ရိုသေလေးစားတတ်ခြင်းသည် ယဉ်ကျေးသိမ်မွေ့မှုဖြစ်၏။ ငယ်သူများကိုသနားညှာတာတတ်ခြင်း၊ ကူညီစောင့်ရှောက်တတ်ခြင်းသည် မြင့်မြတ်သောစိတ်ထားဖြစ်၏။ ရွယ်တူချင်းစာနာတတ်ခြင်း၊ သည်းခံတတ်ခြင်း၊ ကူညီတတ်ခြင်းသည်လည်းစိတ်ကောင်းရှိခြင်း ဖြစ်၏။ စိတ်ကောင်းရှိမှ လူချစ်လူခင်များသည်။ ဘဝတွင် နေ၍ထိုင်၍ အဆင်ပြေသည်။ စိတ်ကောင်းမရှိလျှင် မည်မျှပင် တော်စေကာမူ ပြည့်စုံသော လူတစ်ယောက်မဖြစ်နိုင်။ ဘဝတွင်အဆင်မပြေမှုများစွာကိုကြုံတွေ့ရတတ်သည်။

## အလိမ္မာနည်းပါးလာခြင်း

ယခုအခါတွင် မိဘများစွာသည် ကိုယ့်သားသမီးကို သတ္တိရှိရေး၊ ပညာထူးချွန်ရေးကိုသာ အလေးပေးလွန်းနေကြသည်။ စိတ်ရင်း ကောင်းရှိရန် လိမ္မာသော၊ ယဉ်ကျေးသိမ်မွေ့သော လူကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးဖြစ်ရန် ဆုံးမသွန်သင်နိုင်မှု အားနည်းလာကြသည်။ အထူးသဖြင့် မြို့ကြီးပြကြီးများတွင် ပြောဆို၍ မကောင်း သော လူငယ်တွေ ပိုများလာသည်။

ဆရာကိုလည်း ဆရာမမှတ်၊ မရှိမသေ ဆက်ဆံကြသည်။ လူကြီးကိုလည်း လူကြီးမှန်းမသိဖြစ်လာကြသည်။ တစ်ဖက်မှ အထောက်အပံ့ကောင်းဖြစ်သည့် ဘာသာရေးအဆုံးအမများကို သင်ကြားခြင်း၊ လေ့ကျင့်လိုက်နာစေခြင်း နည်းပါးလာသည်။ စာပေရုပ်ရှင်တို့တွင်လည်း အထိုးအခုတ်၊ အသတ်အပုတ်များကို တွေ့မြင်အားကျနေကြသည်။ ထို့ကြောင့် အချင်းချင်း ဆက်ဆံရာတွင် သည်းခံစိတ်နည်း၍ ရန်လိုမှုများလာကြသည်။ မတော်တဆကြည့်မိလျှင် 'ဘာကြည့်တာလဲ၊ ချချင်လို့လား' ဆိုသော မေးခွန်းမျိုးဖြင့် ရန်လုပ်တတ်ကြသည်။ ထို့ကြောင့် လူငယ်ချင်းခိုက်ရန်ဖြစ်ပွားမှုများလာသည်။ အားနွဲ့သူ မိန်းကလေးများကိုလည်း နမချင်းစာနာမှုနည်းပါး၍ ရှေ့မှာပင် မျက်နှာပြောင်တိုက်ပြီးနောက်ပြောင်စော်ကားရဲလာကြသည်။ ယဉ်ကျေးမှုပျက်ပြီး ရိုင်းစိုင်းလာခြင်းဖြစ်၏။

## ကိုယ့်အတတ်နှင့်ကိုယ်စူး နှုတ်လို့ရနိုင်ဘူး

အချို့ငွေကြေးတတ်နိုင်သူတို့မှာ သရုပ်ပျက်ရိုင်းစိုင်းခြင်းကိုပင် အဟုတ်ကြီးထင်၍ မိမိတို့၏ ကိုယ်ပိုင် မော်တော်ကားဘေးတွင် ကလေး သေးပန်းနေသည့်ပုံကို အမြတ်တနိုး ကပ်ထားခြင်း၊



ကား၏နောက်မှန်တွင် ခြေဖဝါး နှစ်ဖက်ကို တပ်ဆင်ထားခြင်း ပြုကြသည်။ ကြည့်မြင်သူ မှန်သမျှကို ကြားငယ်မဟူ စော်ကားနေခြင်းဖြစ်သည်။ အချို့ လူငယ်များသည် ရင်ဘတ်မှာ ကျောမှာ ခြေဖဝါးရာကြီး များပါသော အင်္ကျီ များကိုပင် ဝတ်ဆင်ကြသည်။ မိဘတိုင်းသည် မိမိတို့၏ သားသမီးများကို လိမ္မာယဉ်ကျေးအောင် ဆုံးမသွန်သင်ပေးသင့်သည်။ ရိုင်းစိုင်းအောင် ဆိုးအောင် အားပေး အားမြှောက် သဘော သက်ရောက်သည်တို့ကို ခွင့်မပြုသင့်ပါ။ အားမပေး သင့်ပါ။ နောင်အခါမှာ 'ကိုယ့်အတတ်နှင့်ကိုယ်စူးနှုတ်လို့မရဘူး' ဆိုသကဲ့သို့ ကိုယ်တိုင်ပင်လျှင် စိတ်ဆင်းရဲခြင်းများနှင့် ကြုံတွေ့ရမည်ကို သတိမူသင့်သည်။

သားသမီးကို ချစ်သော်လည်း အလွန်အမင်းအလိုမလိုက်သင့်ပါ။ ပြောသင့်သည်ကိုပြောဆိုရမည်။ တင်းတင်းမာမာ ဟန့်တားသင့်သည်ကိုတင်းတင်းမာမာဟန့်တားရမည်။ သတ္တိရှိအောင် ရဲရင့်အောင် ပြုစုမျိုးထောင်ပေးသည့်နည်းတူ လိမ္မာယဉ်ကျေးအောင်လည်း သွန်သင်ပေးသင့်သည်။ စိတ်ကောင်းရှိမှ လူကောင်းဖြစ်နိုင်သည်။ မကောင်းလျှင် မည်မျှပင်တော်တော် မပြည့်စုံပါ။ ထို့ကြောင့်တော်ရေးကို တွန်းအားပေးနေကြသလို ကောင်းရေးကိုလည်း အလေးအနက်ထား၍ ဆုံးမသွန်သင်သင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ပုံပြင်ထဲမှာ အလိမ္မာ

### ကလေးနှင့်ပုံပြင်

ကလေးနှင့်ပုံပြင်၊ ပုံပြင်နှင့်ကလေးသည် မိတ်ဖက်ဖြစ်၏။ လူမျိုးမရွေး ဘာသာမရွေး ကလေးတိုင်းပုံနားထောင်ရန် နှစ်သက်မက်မောကြသည်။ 'ဟိုး ရှေးရှေးတုန်းက' ဟူသော အစချီသံမှာ ကလေးတိုင်း၏နားမှာ သာယာချိုမြိန်လှသည်။ ဤအခွင့်ထူးကို ကလေးတို့တမ်းတကြသည်။ ထို့ကြောင့် စိတ်ရှည်လက်ရှည်နှင့် ပုံပြောတတ်သော အဘိုး၊ အဘွား လူကြီး မိဘများကို ကလေးတို့ သဘောကျသည်။ ချစ်ခင်ကြသည်။ အိပ်ရာထဲတွင် လဲလျောင်းရင်းပုံပြောသူကို ငေးမော၍ မျက်လုံး ကလေးမှေးစင်းပြီး ပုံပြင်နားထောင်ရသည်မှာ ကလေးဘဝ၏ အကောင်းဆုံးစည်းစိမ်တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ကလေးအရွယ်ငယ်စဉ်မှာ ပုံနားထောင် ခွင့်မရသော ကလေးများ ခမျာ ကံမကောင်းကြရှာ၊ ပုံနားထောင် ခွင့်ရခဲ့သော ကလေးများမှာ ကံကောင်းကြသည်။



### ပုံပြောပါ

အဘိုးအဘွားတိုင်း အမိအဖတိုင်း မြေးများ၊ သား သမီးများကို ပုံပြောရန် တာဝန်ရှိပါသည်။ စိတ်မရှည်၍ ဝါသနာမပါ၍၊ မအားမလပ်၍၊ ပုံပြင်မသိ၍ စသည်ဖြင့် အကြောင်းအမျိုးမျိုးပြပြီး တာဝန်မပျက်သင့်ပါ။ မိမိငယ်စဉ်က တမ်းတခဲ့သော ဆန္ဒလေးကို စာနာစိတ်ဖြင့်ဖြည့်ဆည်း ပေးသင့်သည်။ နေ့စဉ်မပြောနိုင်သည့်တိုင် တစ်ပတ်တစ်ခါ ဖြစ်စေ၊ အလှူဦးသင့်သည့်အခါတိုင်းမှာဖြစ်စေ၊ ပြောသင့်သည်။ ပုံပြောရန်အကောင်းဆုံးအချိန်မှာ အိပ်ရာဝင်ချိန်ဖြစ်သည်။ ပုံပြောရန် အကောင်းဆုံးနေရာမှာ အိပ်ရာထဲတွင်သာဖြစ်သည်။

ပုံပြောရာတွင်လည်းတာဝန်ကျေပြီးစလွယ်မပြောသင့်။ ဓာတ်လမ်း သိရုံပြောခြင်းမျိုးကို ကလေးတို့မကြိုက်။ ပြောသူကိုယ်တိုင်က စိတ်ပါလက်ပါခံစားချက်နှင့်ပြော သင့်သည်။ထိုအခါပြောရင်းမှာပင် ကိုယ်လည်းပျော်ရွှင်၍ စိတ်မျိုကိုယ်နုလာသည်။ အမူအရာတွေပါလာသည်။ လေသံအနိမ့်အမြင့်အတိုးအကျယ်အဆွဲအငင်လေးများ အလိုလိုအံဝင်ခွင်ကျဖြစ်လာသည်။ နားထောင်သောကလေးတို့ပုံပြင်ထဲမှာ မျောပါသွားကြပြီး အံ့ဩစရာရှိလျှင်မျက်လုံးကလေးများ ဝိုင်းသွားသည်။ သနားစရာရှိလျှင် မျက်တောင်ကလေးများပုတ်ခတ်ပုတ်ခတ်ဖြစ်လာကြသည်။ ကြောက်စရာရှိလျှင် ပုံပြောသူအနား ကပ်လာကြပြီ။ မတရားမှုများနှင့်မကျေနပ်စရာများပါလာလျှင် အသံကလေး

www.burmeseclassic.com

www.burmeseclassic.com



များပင်ထွက်လာတတ်ကြသည်။ ထိုအခါ မိသားစုပုံပြောဝိုင်းလေး အထွတ်အထိပ်သို့ရောက်နေလေပြီ။

ပြောသူရော နားထောင်သူပါ အားလုံး ကိုယ်တိုင်ကိုယ်ကျတက်ကြွစွာ ပါဝင်နေကြရ၍ တီဗွီကြည့်ရသည်ထက်၊ ဗွီဒီယိုကြည့်ရသည်ထက် ပိုပြီးကြည်နူးစရာကောင်းပါသည်။ ပျော်စရာကောင်းပါသည်။ ဤမျှလှပသော ချစ်စရာအစဉ်အလာကောင်းလေးတစ်ခုကို သိပ္ပံပညာ၏ အထောက်အကူပစ္စည်းများတိုးတက်လာသည့်အတွက် ပျက်ယွင်းမသွားစေသင့်ပါ။ ကလေးတို့ကို ပုံပြင်ကလေးများပြောဖြစ်အောင်ပြောသင့်ကြသည်။

## ပုံပြင်ဖြင့်ပညာပေးဆုံးမပါ

ပုံပြောခြင်းသည် မိသားစုပျော်စရာ၊ ကြည်နူးစရာ ကောင်းရုံသာမက ကလေးတို့ကို လိမ္မာယဉ်ကျေးအောင် ဆုံးမနိုင်သည့် အခွင့်အလမ်းကောင်းတစ်ခုလည်းဖြစ်သည်။ ပညာပေးနိုင်သည့် နည်းလမ်းကောင်းတစ်ခုလည်းဖြစ်သည်။

ပုံပြောရာမှာပင် နေ့ရက်အချိန်အခါဖြစ်ရပ်ခြင်းရာကို လိုက်၍ ပုံပြင်ရွေးချယ်နိုင်သည်။ နေ့ခင်းက သားငယ်၏ စည်းကမ်းမဲ့မှုတစ်ခုကို အကြောင်းပြု၍ စည်းကမ်းရှိစေသော ရည်ရွယ်ချက်ပါသည့် ပုံပြင်ကို ပြောနိုင်သည်။ သမီးဖြစ်သူ၏ မာန်မာနထောင်လွှားမှုကို အကြောင်းပြု၍ မာန်မာနကြီး၍ ဒုက္ခရောက်ကြောင်း၊ လိမ္မာယဉ်ကျေး၍ ကောင်းကျိုးဖြစ်ကြောင်း



သင်ခန်းစာပေးသည့်ပုံပြင်ကို ရွေးချယ်နိုင်သည်။ မိဘဖြစ်သူက ကိုယ့်သားသမီးအားဖြစ်စေချင်သည်တို့ကို ပုံပြင်အမျိုးမျိုးဖြင့် ပြုပြင်နိုင်သည်။ ပုံပြင်ဖြင့်ပညာပေးခြင်းသည် လွန်စွာထိရောက်သည်။

ကလေးဆိုသည်မှာ ပြေးလွှားခုန်ပေါက်ဆော့ကစား၍ မကြာခဏထိမိခိုက်မိရှိတတ်သည်။ ထိုသို့ ခိုက်မိတိုင်း ငိုလျှင် အိမ်ပွနဆာဖြစ်သည်။ ထို့ကြောင့် ကျွန်တော်က သားနှင့်သမီးငယ်စဉ်က ဂရိကျွန်းမှ စပါတန်လူမျိုးများအကြောင်း ပုံပြင်လေးတစ်ပုဒ်ကို ပြောပြသည်။

စပါတန်တို့သည် တိုက်ရေးခိုက်ရေး၊ စစ်ရေးစစ်ရာကို အဓိကထားသော လူမျိုးများဖြစ်သည်။ လူ့အဖွဲ့အစည်းကိုပင် စစ်တပ်အသွင်ဖြင့် ဖွဲ့စည်းထားသည်။ ကလေးများကိုလည်း ငယ်စဉ်ကတည်းကပင် ကျောင်းများသို့ပို့၍ စစ်သွေးစစ်စိတ်ရှိအောင် ပြုစုပျိုးထောင်ပေးသည်။ စိတ်ဓာတ်ကြံ့ခိုင်အောင်သတ္တိရှိအောင်၊ ခံနိုင်ရည်ရှိအောင် လေ့ကျင့်ပေးသည်။ လူငယ်များနပန်းသတ်ရသည်။ ပွန်းပဲ့ပေါက်ပြဲသွား၍ ငိုသည်ဆိုတာမရှိရ၊ ငိုလျှင် သူရဲဘောကြောင်သူ၊ သတ္တိမရှိသူ အဖြစ် ရှုတ်ချသည်။

တစ်နေ့တွင် စပါတန်ကလေးငယ်တစ်ယောက်သည် ကျောင်းဝင်းအနီးလာရောက်ပေါက်ဖွားနေသော ဝံပုလွေကလေးများကိုတွေ့သည်။ လှ၍ ချစ်စရာကောင်းသောကြောင့် ဝံပုလွေလေးတစ်ကောင်ကို ဖမ်းယူဆော့ကစားနေစဉ် သူ၏

www.burmeseclassic.com

www.burmeseclassic.com



နည်းပြဆရာလာသည်ကိုတွေ့၍ ဆရာမမြင်အောင် ဝံပုလွေကို သားမွေးအင်္ကျီ အတွင်းမှာ ထည့်ထားပြီး အင်္ကျီကြယ်သီးများကို တပ်လိုက်သည်။ ဆရာရောက်လာသောအခါ ဆရာ့ရှေ့မှာ မတ်မတ်ရပ်၍ လက်ကို ရှေ့မှာပိုက်ထားသည်။

ထိုအချိန်တွင်အတွင်းထဲမှဝံပုလွေသည် ထွက်ပေါက်ကိုတိုးဝှေ့ရှာဖွေသည်။ မတွေ့သည့်အခါ သူ၏ထက်မြက်သောသွားကလေးများဖြင့် ဗိုက်သားကို ကိုက်သည်။

ဆရာက မေးမြန်းနေသည်ကိုစပါတန်ကလေးငယ်သည် ဣန္ဒြေမပျက်ဖြေ၍ နေသည်။ ဝံပုလွေငယ်က ပေါက်သွားသောဗိုက်အတွင်းမှ ကလီစာများကို စ၍ ကိုက်နေပြီ၊ ဆရာက မေးမြန်းနေဆဲ ဖြစ်၏။ စပါတန်လူငယ်က မျက်နှာတစ်ချက် မပျက်ဘဲ ဆက်၍ဖြေနေသည်။

ထိုအချိန်အတွင်း လူငယ်၏ သားမွေးအင်္ကျီ အောက်မှ သွေးများစီးဆင်းကျလာသည်။ ဆရာကမြင်၍ မင်း ဘာဖြစ်သလဲဟု မေးနေစဉ်မှာ စပါတန်လူငယ်သည် လဲကျ သေဆုံးသွားသည်။

နည်းပြဆရာက လူငယ်၏ အင်္ကျီကြယ်သီးများကို ဖြုတ်ကြည့်သောအခါ ဗိုက်ပေါက်နေ၍ ဝံပုလွေကလေးသည် အထဲမှ ကလီစာများကို ကိုက်စားနေလေပြီ။ ခံနိုင်ရည်ရှိအောင် သတ္တိကောင်းအောင်လေ့ကျင့်ထားသော စပါတန်လူငယ်သည်



ပြင်းထန်သောနာကျင်မှုဝေဒနာကို သေသည်အထိ မျက်နှာ တစ်ချက်မပျက်စေဘဲ ကြံ့ကြံ့ခံသွားခဲ့သည်။

ထိုပုံပြင်ကိုပြောပြပြီးသည့်အချိန်မှစ၍ကျွန်တော်၏ သားနှင့်သမီးသည် တိုက်မိ၊ ခိုက်မိ၊ ပေါက်ပြဲနာကျင်ရုံမျှနှင့် မငိုတော့ပါ။ ငိုမည်ပြုလျှင် စပါတန်လေကွာ၊ စပါတန်ဟု ပြောလိုက်လျှင် ချက်ချင်းပြုံး၍ပြသည်။ နေမကောင်း၍ဆေးထိုးရမည် ဆိုလျှင်လည်း အခြားကလေးများဆေးထိုးအပ်ကိုကြောက်၍ငိုကြသည်။ ဆေးထိုးရာတွင် နာ၍ငိုကြသည်။ ကျွန်တော့်ကလေးများကတော့ ‘ စပါတန်လေကွာ ’ ဟု ပြောလိုက်ရုံမျှနှင့် ထိုအချိန်မှာ ပြုံး၍ပင်ပြကြသည်။

ထိုနည်းတူပင် အခြားဖြစ်စေချင်သည်တို့ကိုလည်း ပုံပြင်လေးများဖြင့် ပညာပေးစည်းရုံးယူရသည်။

အားကြီးသူက အားငယ်သူကိုညှာတာရန်၊ ငယ်သူက ကြီးသူကို ရိုသေလေးစားတတ်ရန်၊ ဒုက္ခဖြစ်သူကို ကူညီတတ်ရန်၊ ကျေးဇူးတရားကို နားလည်ရန်၊ မဟုတ်မခံ မှန်သောသတ္တိရှိစေရန်၊ စည်းကမ်းရှိစေရန်၊ မတရားမှုကို စက်ဆုပ်ရွံမုန်းတတ်စေရန်၊ တရားမျှတမှုကို မြတ်နိုးတတ်စေရန်၊ လောဘမကြီးရန်၊ သည်းခံမှုရှိစေရန်၊ မလိမ်မညာရိုးဖြောင့်မှန်ကန်ရန်၊ လုံ့လဝီရိယ ရှိစေရန် စသည်ဖြစ်စေချင်သော ရည်ရွယ်ချက်များကို ပုံပြင်ကလေးများဖြင့် ပြုစုပျိုးထောင်ပေးနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



## မပြောသင့်သောပုံပြင်များ

မိဘကသားသမီးကို ပုံပြောရာ၌ ရည်ရွယ်ချက်ကောင်း စေတနာကောင်းဖြင့် ကောင်းသောပုံပြင်များကို ပြောမှကောင်းကျိုးရသည်။ သို့သော် အချို့သောအပျော်အပြက် ရည်ရွယ်ချက်ညံ့သည့် ပုံပြင်များမှာကား ကလေးတို့၏စိတ်ဓာတ်ကို ပျက်ပြားစေသည်။ စုန်းတစ္ဆေ၊ ကဝေ၊ မင်စာ သရဲ၊ ကြပ်စသည်မဟုတ်မမှန်လုပ်ကြံသောပုံပြင်များကိုမပြောသင့်ပါ။ ကလေးတို့အားလွဲမှားသော ယုံကြည်မှုကိုဖြစ်စေသည်။ သတ္တိနည်း၍ သူရဲဘောကြောင်စေတတ်သည်။

ထိုနည်းတူပင် ထိုးခုတ်သတ်ပုတ်ရက်စက်ကြမ်းကြုတ်ခြင်း၊ ရန်လိုခြင်း၊ အနိုင်ကျင့်ခြင်းကို အသားပေးအမွှမ်းတင်သည့်ပုံပြင်များ၊ လူလိမ်လူညာတို့က အသာရ၍ဟန်ကျသွားသောပုံပြင်များကိုလည်းမပြောသင့်ပါ။ ထိုပုံပြင်များကို အားကျလျှင် ကလေးတို့အား ရက်စက်ခြင်း၊ ရန်လိုခြင်း၊ ကြီးနိုင်ငယ်ညှဉ်းပြုတတ်ခြင်း လိမ်ညာမှုကို အကောင်းထင်ခြင်းစသည်ဆိုးကျိုးများကို ဖြစ်စေတတ်သည်။

ပျင်းရိခြင်း၊ ဝီရိယနည်းခြင်းဖြင့် ဟန်ကျသွားသောပျင်းပုံပြင်များမှာလည်းကလေးတို့ကို အပျင်းအားပေးဖြစ်၍ မပြောသင့်ပါ။ ရယ်စရာ စိတ်ဝင်စားစရာပင်ဖြစ်သော်လည်း စိတ်ဓာတ်ပျက်ပြားစေပါ၏။



အဆိုးဆုံးမှာ တိုင်းရင်းသားအချင်းချင်းစိတ်ဝမ်းကွဲစေသည့်ပုံပြင်များနှင့်ကိုယ့်လူမျိုးကိုယ်အထင်သေးစရာဖြစ်အောင် နှိမ်ချပြက်ရယ်ပြုသည့်ပုံပြင်များဖြစ်သည်။ ထိုပုံပြင်များမှာ လူတစ်မျိုးလုံးအတွက်ပါအကျိုးယုတ်၍ပုံပြင်စာရင်းမှပင် ပျောက်ကွယ်သွားသင့်ကြပေပြီ။

## ပြောသင့်သောပုံပြင်များ

ကိုယ်ကျင့်တရား ကောင်းမွန်ခြင်း၊ သတ္တိရှိစေခြင်း၊ ဇွဲလုံ့လဝီရိယရှိစေခြင်း၊ ကိုယ်ချင်းစာနာတတ်ခြင်း၊ ဗဟုသုတ တိုးပွားစေခြင်း၊ အသိအမြင် မှန်ကန်စေခြင်းတို့ကို ပေးနိုင်သည့် ပုံပြင်များကို ကလေးတို့အား ပြောသင့်သည်။ ထိုကဲ့သို့ ကောင်းကျိုးကို ရရှိစေမည့် ကိုယ့်လူမျိုးအလိုက် ရိုးရာပုံပြင်များကို ပြောသကဲ့သို့ ပြည်ပပုံပြင်များကိုလည်းပြောသင့်သည်။ မိမိတို့ကိုယ်တိုင်ပုံပြင်အသစ်ကလေးများကိုလည်း တီထွင်၍ပြောသင့်သည်။

## ပုံပြင်အမျိုးအစားတွင်ပါဝင်သည်များ

ပုံပြင်ဆိုရာတွင် 'ဟိုးရှေးရှေးတုန်းက' ဟု အစချီသည့် ရှေးစကားများပါဝင်သကဲ့သို့ ဘုရားဟောငါးရာငါးဆယ် နိပါတ်တော်များလည်းပါဝင်သည်။ ရာဇဝင်များ သမိုင်းဖြစ်ရပ် များလည်းပါဝင်သည်။ စစ်သူကြီးများ၊ ပညာရှိအမတ်များ၊ သူရဲကောင်းများ၏ အတ္ထုပ္ပတ္တိများလည်းပါဝင်သည်။ ဝတ္ထုများလည်း ပါဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပုံပြောလိုသူပုံပြောကောင်းဖြစ်လိုသူသည် ငါးရာ့ငါးဆယ်နိပါတ်တော်များ၊ သမိုင်းဖြစ်ရပ်များ၊ ပြည်တွင်းပြည်ပ စာပေဗဟုသုတများ၊ အထ္ထုပ္ပတ္တိများစသည်တို့ကို များများရှာဖွေ၍ ဖတ်မှတ်သင့်သည်။ ထိုသို့များများဖတ်၍ များများပြောရာ ကျင့်သားရလာလျှင် လှပသည့်ပုံပြင်ကလေးများကိုလည်း ကိုယ်တိုင်တီထွင်နိုင်စွမ်းဖြစ်လာတတ်ပါသည်။

## ပုံပြင်နှင့်ဉပဒေသ

ပုံပြင်တစ်ခုကိုပြောရာ၌စွဲမြဲစွာမှတ်သားမိစေချင်သည့်ဉပဒေသများ ပါသင့်သည်။ အချို့ကပုံပြင်၏အဆုံးတွင် ထို ဉပဒေသကိုတိတိကျကျထောက်ပြ၍မှတ်သားစေတတ်သည်။ အချို့ကတော့ ဉပဒေသကို ပုံပြင်အပြီးမှာထုတ်မပြတော့ဘဲ ပုံပြင်၏အတွင်းမှာပင် နားထောင်သော ကလေးကိုယ်တိုင် နားလည်သဘောပေါက်ပြီး စွဲမြဲစွာခံယူသွားတတ်စေရန် ပြောခြင်းမျိုးလည်းရှိသည်။

ဉပဒေသကိုထုတ်ပြသည်ဖြစ်စေ၊ မထုတ်ပြသည်ဖြစ်စေ၊ စပြောစဉ်ကတည်းက ရည်ရွယ်ချက်ကောင်းစေတနာကောင်းဖြင့်စွဲမြဲစွာနားလည်ခံယူသွားစေချင်သည့်ဦးတည်ချက်ထားသင့်ပါသည်။ သို့မှသာလျှင် ပြည့်စုံသည့်ပုံပြင်ကောင်းပုံပြောကောင်းဖြစ်နိုင်သည်။ ထိုပုံပြင်မျိုးကိုနားထောင်ရသောကလေးများအတွက်အပျင်းပြေ၍ပညာဗဟုသုတအသိအလိမ္မာလည်းရသည်။



လူကြီးမိဘတိုင်းသားငယ်သမီးငယ်တို့အားပုံပြင်လေးများဖြင့်အသိအလိမ္မာရအောင်ပြုစုပျိုးထောင်နိုင်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com

## ကလေးနှင့်ကျောင်းထားချိန်

မိဘတိုင်းလိုပင်မိမိတို့၏ရင်နှစ်သည်းချာသားသမီးရတနာတို့ကိုပညာရေးအတွက်စိတ်အားထက်သန်ကြသည်။ ကျောင်းစတင်ထားရန်စိတ်ဆန္ဒစောတတ်ကြသည်။ သို့သော်စိတ်ဆန္ဒစောလွန်းလျှင်စေတနာကြောင့်ဝေဒနာဖြစ်တတ်သည်ကိုသတိထားသင့်သည်။

### စတင်ကျောင်းထားရမည့်အသက်

ကလေး၏ကိုယ်ကာယပိုင်းနှင့်ဉာဏပိုင်းတို့အသင့်အတင့်ဖွံ့ဖြိုးသော အခြေခံများနှင့်ပြည့်စုံသည့်အရွယ်သို့ ရောက်မှသာစတင်၍ ပညာသင်ကြားရန် သင့်တော်သည်။ ယေဘုယျအားဖြင့်ဆိုလျှင်(၅)နှစ်အရွယ်ရှိမှသာ ပညာသင်ကြားရန် သင့်တော်သောအခြေအနေရှိကြသည်။ ထို့ကြောင့် ပညာရေးဌာနက ကလေးများကို(၅)နှစ်ပြည့်မှသာ ကျောင်းဝင်ခွင့် စတင်လက်ခံရန်သတ်မှတ်ထားသည်။ ကျောင်းဖွင့်ချိန်တွင်(၅)နှစ်ပြည့်ရန်တစ်လခန့်လိုနေလျှင်ဆရာကြီးနှင့်ပြောပြအပ်နှံပြီး(၅)နှစ်ပြည့်မှစာရင်းသွင်းရသည်။နှစ်လခန့်လိုနေလျှင်ဆရာကြီးမှတစ်ဆင့်



မြို့နယ်ပညာရေးမှူးသို့တင်ပြရသည်။ သုံးလလိုလျှင်တိုင်းပညာရေးမှူးအထိတင်ပြရသည်။ ထိုထက်နောက်ကျလျှင်(၄)နှစ်သာသာမျှသာဖြစ်၍ ပညာစတင်သင်ကြားရန်မသင့်တော်သေးပါ။ ခြွင်းချက်အားဖြင့် ထူးခြားသောကလေးများရှိနိုင်သော်လည်းယေဘုယျအားဖြင့်မူကားပညာရေးဌာနမှ သတ်မှတ်ထားသော(၅)နှစ်အရွယ်သည် ပညာစတင်သင်ကြားရန်အသင့်တော်ဆုံးဖြစ်ပေသည်။

### ပညာသင်ချိန်စောလွန်းခြင်း

အချို့သောမိဘများသည် ဆန္ဒစောတတ်ကြသည်။ သားသမီးကိုသုံးနှစ်အရွယ်မျှနှင့်ပင်စတင်စာသင်ပေးချင်ကြသည်။ ကျောင်းမှလက်မခံသေးမီတွင် အိမ်မှာပင်မိဘဖြစ်သူက သင်ပေးသည်။ အစ်ကိုအစ်မတို့အားသင်ပေးစေသည်။ ကဗျာလေးများသင်ပေးလျှင်ရသည်။ ရွတ်၍ဆို၍ကောင်းသောကြောင့်ကလေးစိတ်ဝင်စားသည်။ ကကြီး၊ ခကွေး၊ အေ၊ ဘီ၊ စီ၊ ဒီသင်ပေးလျှင်ကလေး၏ဉာဏ်ကလေးနှင့်အများကြီးမှတ်ရသည်မှာ ပင်ပန်းသည်။ သို့သော်နှုတ်တိုက်ချပေးလျှင် ဆိုဖန်များတော့ရသည်။ အဆိုခိုင်းကြသည်။ ဧည့်သည်လာလျှင်ကလေးကိုပွဲထုတ်၍စာဆိုခိုင်းခြင်းဖြင့်ဧည့်ခံတတ်ကြသည်။ ထိုအထိလည်းမဆိုးသေးပါ။ သို့သော်သုံးနှစ်အရွယ်ကလေးငယ်ကို ကျောက်တံ၊ ခဲတံ၊ အကိုင်ခိုင်း၍အရေးလေ့ကျင့်စေခြင်းသည် ရက်စက်ရာ ရောက်သည်၊ ကလေး၏လက်ကလေးမှာဖွံ့ဖြိုးကြီးထွားမှုနည်းသေးသည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကျောက်တံ၊ ခဲတံ၊ မြဲမြဲအောင်ဆုပ်ကိုင်ရသည်မှာ အခက်အခဲရှိသည်။ မကြာခဏ လက်မှလွတ်ကျ သည်။ ပေါက်လျှင်မာန်လျှင်ကလေးခမျာ မြဲမြဲအောင်ကြိုးစား၍ နေသော လက်ကလေး သိမ်ပြီးနာကျင်တတ်သည်။ စာရေးရန် ဖွံ့ဖြိုးမှု အခြေခံမရှိသေးဘဲ အတင်းအဓမ္မစာရေးခိုင်းသောကြောင့် စာတစ်လုံးဖြစ်ရန် ကလေးမှာ ဒုက္ခကြီးစွာဖြစ်ရသည်။ အချို့ အရေးအဆွဲခက်သော အက္ခရာများကို ရေးရသောအခါတွင် သင်ပေးသော် လူကြီးရော၊ ကလေးပါပင်ပန်းဆင်းရဲရပြီ။ ထိုအခါ လူကြီးကစိတ်မရှည်၍ မာန်ပေါက်လေကလေးမှာ ဒုက္ခရောက်လေ ဖြစ်ရတော့သည်။ ထိုသို့ ပင်ပန်းဆင်းရဲစွာ ကြိုတင်သင်ကြား လေ့ကျင့်ထား၍ ကကြီး၊ ခကွေးဗျည်းအားလုံးကို ကျောင်းမနေခင် ရေးတတ်ထားသည်တိုင် ကျောင်းစနေချိန်တွင် အခြားကလေးများထက်ထူး၍ တော်ခြင်း၊ ရှေ့ရောက်ခြင်းမဖြစ်ပါ။ အသက်ပြည့်မှကျောင်းနေစာစသင်သောကလေးနှင့်ကြိုသင်ထားသော ကလေးတို့သည် မကြာမီမှာပင်အတူတူဖြစ် သွားပါသည်။

## ဆန္ဒစောခြင်း၏အပြစ်

အချိန်မတိုင်ခင် မိဘ၊ အစ်ကို၊ အစ်မများကစော သင်ထားသော ကလေးများသည်မနိုင်ဝန်ကိုထမ်းခဲ့ရ၍ပညာသင်ကြားရသည်ကို ကြောက်သွားနိုင်သည်။ ခက်ခဲစွာသင်ရသော အခါသင်ပေးသော မိဘ၊အစ်ကို၊အစ်မစိတ်မရှည်ဖြစ်၍ 'ခဲတံကိုမြဲအောင်ကိုင်လေ' 'ခဲတံလွတ်ကျပြန်ပြီ' ' ဖျင်းလိုက်တာကွာ ' စသည်ဖြင့်



ငြူစူပြောဆိုမိလျှင် ကလေးအတွက် ပို၍ဆိုးသည်။ သူ့ကိုယ်သူညံ့သည်၊ဖျင်းသည်ဟုပင်စိတ်အားငယ်သွားတတ်သည်။ ရှင်းပြသည်တို့ကိုနားလည်နိုင်သည့်အသိကြွယ်မှုလည်းမရှိသေးပေ။ သင်ရပြောရသူအတွက်လည်းခက်ခဲလှပေသည်။ ထိုသို့ခက်ခဲစွာသင်ပြီး၊ ကောင်းကျိုးအထူးမရဘဲ ပညာသင်ကြားခြင်းအပေါ် ကလေးစိတ်ပျက်သွားလျှင် အကျိုးယုတ်နိုင်သည်ကို သတိထားသင့်သည်။

## ကျောင်းထားချိန်စောလိုခြင်း

အချို့မိဘများသည် မိမိတို့ သားသမီးကို အသက် မပြည့်သေးဘဲ လှူက်ကျောင်းစောစော ထားချင်ကြသည်။ ကျောင်းအပ်ချိန်တွင် ကလေးက(၄)နှစ်ခွဲသာ ရှိသေး၍ အသက်ပြည့်ရန်အခြောက်လလိုနေသည်။ ထိုခြောက်လကိုအသက်လိမ်ညာ၍လည်းကောင်း၊ ဆရာဆရာမများကို နည်းအမျိုးမျိုး ချဉ်းကပ်၍လည်းကောင်း ရရှိအောင် ကြိုးစားတတ်ကြသည်။ နောက်တစ်နှစ်မှထားလျှင် ခြောက်လ နောက်ကျသွားမည်ကို ကြီးမားစွာစိုးရိမ်နေတတ်ကြသည်။ ခြောက်လခန့်စောထားသည် ထက်ခြောက်လခန့် နောက်ကျထားသည်က များစွာပိုကောင်းပေသည်။ ကလေးကိုယ်ကာယကြီးထွားမှုဉာဏ်ရည်ဖွံ့ဖြိုးမှုပို၍ပြည့်စုံလာသောကြောင့် သင်ကြားရသည်မှာ ပို၍လွယ်ကူအဆင်ပြေသည်။ ကလေးအတွက်လည်း သူငယ်တန်းမှစ၍အတန်းတိုင်းမှာပင် လွယ်လွယ်ကူကူနှင့် နိုင်နိုင်နင်းနင်း ဖြစ်သွားနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကလေးချင်းဆက်ဆံရေးအဆင်ပြေမှု

ကလေးသည် ကျောင်းစနေပြီဆိုသည်နှင့် အတန်းထဲတွင် ရွယ်တူကလေးအဖော်များနှင့် ပေါင်းသင်း ဆက်ဆံရတော့သည်။ အိမ်တွင် မိဘရင်ခွင်မှာနေရသည်နှင့် မတူသောပတ်ဝန်းကျင် အခြေအနေသစ်၊ ဆက်ဆံရေးသစ်များနှင့် စတင်ရင်ဆိုင်ရခြင်းဖြစ်သည်။ ကလေးက လေးနှစ်ခွဲသာရှိသေးလျှင် ၅ နှစ်အရွယ် ၅နှစ်ခွဲအရွယ်ကလေးများအကြားမှာ ငယ်လွန်းနေနိုင်သည်။ အခြားကလေးများ၏ ကိုယ်ကာယဖွံ့ဖြိုးမှုကို မမီနိုင်သေးပေ။ ထို့ကြောင့် ဆရာဆရာမများမည်မျှပင် ထိန်းသိမ်းစောင့်ရှောက်စေကာမူ ကျောင်းသားများ၏ အနိုင်ကျင့်ခြင်း၊ ညစ်ခြင်းကို ခံရနိုင်သည်။ ကလေးစိတ်အားသိမ်ငယ်သွားနိုင်သည်။ ပညာသင်ကြားရာတွင်လည်း ငယ်လွန်းလျှင်ဉာဏ်ရည်မဖွံ့ဖြိုးသေးသောကြောင့် အခြားဉာဏ်ရည်ဖွံ့ဖြိုးသူများကိုလိုက်မှီရန်အခက်အခဲကြုံရသည်။ သူတစ်ပါး၏ အထင်သေးခြင်းကိုခံရ၍ ကလေးကိုယ်တိုင်လည်း မိမိကိုယ်ကို အထင်သေးပြီးစိတ်အားငယ်သွားနိုင်ပါသည်။ အစကောင်းမှ အနှောင်းသေချာဆိုသော စကားရှိပါသည်။ သူငယ်တန်းကတည်းကစတင်ပြီးပညာရေးကို အပေါ်စီးရမှ အတန်းတိုင်းတွင် ထူးချွန်သွားနိုင်ပါသည်။ သူငယ်တန်းကတည်းက လိမ် ပိန်အောင်ပြီးအတန်းတက်ခဲ့လျှင် အတန်းတိုင်းမှာပင် မနိုင်မနင်း နှင့်ခပ်ညံ့ညံ့ဖြစ်သွားနိုင်ပါသည်။ နောက်မှတော်ဖို့ ထူးချွန်လာဖို့ ဆိုသည်မှာပြောင်းလဲရန် ခက်ခဲပါသည်။ ကျောင်းထားဆန္ဒစော ခြင်းသည်ကလေး



အတွက်ကောင်းကျိုးထက်ဆိုးကျိုးဖြစ်ရန်သာ ပို၍ များသည်။

## ကျောင်းထားနောက်ကျခြင်း

ကျောင်းထားဆန္ဒစောခြင်းသည် မကောင်းသကဲ့သို့ နောက်ကျခြင်းသည်လည်း မကောင်းပါ။ နောက်ကျလျှင် ကိုယ့်ကလေးက သူများထက် အသက်ကြီးပြီးခေါင်းတစ်လုံးပိုနေ၍ သူများအနိုင်ကျင့်မည်ကို မပူရ။ နိုင်ချင်းနိုင်လျှင် ကိုယ့်ကလေးကသာ အနိုင့်ရမည်ဟု သာမန်အားဖြင့် အကောင်းထင်ရပါသည်။ သူများထက်ကြီးပြီး သူများကို အနိုင်ကျင့်ရခြင်းမှာလည်း မကောင်းပါ၊ ကိုယ့်ထက်ငယ်သော ကလေးများကို အနိုင်ကျင့်တတ်လာ သော ကလေးသည်စိတ်ထား မကောင်းသောကလေး၊ စိတ်ဓာတ်ပျက်သောကလေးဖြစ်သွားပြီး လောကထဲတွင် လူတကာကို နိုင်ချင်စိတ်ရှိ၍အနိုင်ကျင့်တတ်လျှင်တစ်နေ့မဟုတ်တစ်နေ့ မသွေမုချဒုက္ခရောက်တတ်ကြသည်။ အနိုင်ခံရသည်မှာ မကောင်းသလို အနိုင်ကျင့်ရသည်မှာလည်းမကောင်းပါ။ အရွယ်ကြီးနေသော နောက်တစ်မျိုးဆိုးပြစ်မှာ ဆရာ၊ ဆရာမက စာမေးသည်ချင်း အတူတူတွင်ကြီးသောကလေးဖြေနိုင်လျှင် ထူးပြီးချီးကျူးခံရပါ။ အကယ်၍မဖြေနိုင်လျှင် ' မင်းမရှက်ဘူးလား၊ ကလေးတွေကရပြီး မင်းမရဘူးလား ' ဟုအရွယ်ကြီးသည်ကို ထိခိုက်ပြောဆိုခြင်းခံရ တတ်သည်။ ဆော့ကစားသည်ချင်းတူလျှင်လည်း ' ဟိုကောင်ကြီး ' ဟုအထူးပြုပြီးအပြောခံရတတ်သည်။ အများအလယ်တွင်ခေါင်း တစ်လုံးပိုနေ၍ပင်

www.burmeseclassic.com



ထိုပိုသောခေါင်းကိုထိပါးခံရတတ်သည်။ကြာတော့အများထဲမှာ တစ်မူထူးခြား၍ ကြီးနေသောကလေးခမျာ သူ၏ကြီးခြင်း အတွက်ပင် အနေရခက်စရာဖြစ်လာသည်။ ရှက်စရာ ဖြစ်လာသည်။ တတ်နိုင်သမျှ ကိုယ်ခန္ဓာကို ပုထားရမည် ကဲ့သို့ ခံစားလာရသည်။ စိတ်မှာအနှောက်အယှက်များဖြစ်ရသည်။ သူ့အရွယ် သူ့အတန်းနှင့် သင့်တော်သောပညာရပ်များကို သတ်မှတ်သင်ကြားခြင်းဖြစ်၍ အသက်ကြီးသောကြောင့် စာပိုတော်ရန်လည်း မသေချာပါ။ အသက်မှန်ကလေးထဲမှ ကြိုးစားသူများသည် သူ့လိုပင်တော်နိုင်သည်။ သူ့ထက်ပင်တော်နိုင်သည်။ ထိုသို့ သူ့ထက်ငယ်သူကသာသွားလျှင် ရှက်စရာဖြစ်၍သိမ်ငယ်ရဦးမည်။ကျောင်းထားနောက်ကျ၍ကလေးငယ်တို့အလယ်တွင် အရွယ်ကြီးနေခြင်းသည်လည်း မကောင်းပါ။

## အသက်အလိုက်အချိန်ကိုက်

အစွန်းထွက်ခြင်းဟူသမျှ မကောင်းပါ။ စောလွန်းခြင်းသည် မကောင်းသကဲ့သို့ နောက်ကျခြင်းသည်လည်း မကောင်းပါ။ သား သမီးကို ကျောင်းထားရာတွင် မိဘတို့ သတိထားသင့်သည်။ စတင်ကျောင်းထားချိန်ကို ပညာရေးဌာနမှ သတ်မှတ်ထားသကဲ့သို့ လိုက်နာသင့်သည်။ သို့မှသာ သူ့အသက်အရွယ် သူ့အတန်းနှင့် ကိုက်ညီအဆင်ပြေသည်။ ပညာတော် မတော်ဆိုသည်မှာ ကျောင်းထားစောခြင်း၊ ကျောင်းထားနောက်ကျခြင်းနှင့်မဆိုင်ပါ။ ကလေး၏ဉာဏ်ရည်နှင့် ကြိုးစားမှု၊ မိဘ၏စနစ်



တကျ ထိန်းကျောင်းထောက်မ ကူညီမှုတို့နှင့်သာဆိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ကလေးနှင့်ပညာရေး

'မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ' ဆိုသည့်အတိုင်းမိဘသည်သားသမီးကိုပညာသင်ပေးရမည်မှာတာဝန်တစ်ရပ်ဖြစ်၏။ မိဘတိုင်းသည်သားသမီး၏ပညာရေးနှင့်ပတ်သက်၍အကောင်းဆုံးမျှော်လင့်ချက်ထားသည်။ အကောင်းဆုံးဖြစ်အောင် ကြိုးစားဖြည့်ဆည်းပေးသင့်သည်။ မှန်ပါသည်။ သို့သော် မှုတမှန်ကန်သောအကောင်းဆုံး၊ အစွန်းလွတ်သောအကောင်းဆုံးဖြစ်ရန်လိုသည်။

### ပညာရွှေအိုး

'ပညာဟူသည် မြတ်ရွှေအိုး' ဟုဆို၏။ တစ်သက်တာ သုံး၍မကုန်။ မိဘတိုင်းသည် မိမိတို့၏သားသမီးကိုချစ်သည့်အလျောက်စေတနာအပြည့်ထားကြသည်။ တစ်သက်တာစားမကုန်သောပညာအမွေကိုပေးချင်ကြသည်။ သိလျှင်သိသည့်အလျောက်ငွေအားလူအားတတ်နိုင်လျှင်တတ်နိုင်သည့်အလျောက်လောဘတကြီးပညာသင်ပေးကြသည်။ နည်းအမျိုးမျိုး ဖြင့်တွန်းတွန်းထိုးထိုးလုပ်ကြသည်။ နောက်တော့ပညာသင်ကြားခြင်းမှာ



ပညာတတ်ရန်အတွက်မဟုတ်တော့ဘဲ တစ်စုံတစ်ခုကိုမျှော်ကိုး၍ ရင်းနှီးမြှုပ်နှံမှုဖြစ်လာသည်။ ပညာတတ်ဖို့ထက်အမှတ်ကောင်းဖို့ဖြစ်လာ၏။ စစ်မှန်သောပညာရွှေအိုးအမွေထက်အသက်မွေးဝမ်းကျောင်းကောင်းသောတက္ကသိုလ်တစ်ခုခုသို့ရောက်ရေးကအဓိကဖြစ်လာ၏။

### အကျိုးအပြစ်

မျှော်လင့်ချက်ကြီးသော မိဘများ၏ လောဘဇောကြောင့်ကလေးတို့သည် သူငယ်တန်းမှစ၍ ကျူရှင်ယူ နေကြရသည်။ အမှတ်ယှဉ်ပြိုင် စနစ်တွင် အနိုင်ရရေးအတွက် သူ့ထက်ငါသာအောင်ကြိုးစားရင်း ကလေးတို့ ကလေးဖြစ်ရှုံးနေကြပြီ။ ကလေးအတွက် ကျောင်းသွားချိန်၊ နားချိန်၊ ကစားချိန်၊ စာဖတ်ချိန်ဟူ၍စနစ်တကျ မရှိတော့၊ ပြိုင်သည်မှာ နိုင်မနိုင် မသေချာသော်လည်း ကလေးဘဝရှုံးသွားသည်မှာတော့ သေချာသည်။ တစ်ဖက်မှရသည့်အမြတ်များက မည်သို့မျှ ပေးဆပ်၍မကျေနိုင်သော အရှုံးဖြစ်သည်။

ကလေးအတွက်စားချိန်မမှန်လျှင်၊ အာဟာရမပြည့်ဝလျှင် ကိုယ်အားဉာဏ်အားကြီးထွားမှု ယုတ် လျော့သည်။ ကျန်းမာကြံ့ခိုင် သန်စွမ်းမှုလျော့ပါးသည်။ အိပ်ချိန်၊ နားချိန်၊ စာဖတ်ချိန်လည်းအပြည့်အဝရသင့်သည်။ ကလေးအရွယ်မှာရုပ်ပိုင်း၊ စိတ်ပိုင်း မှန်ကန်စွာတိုးတက် ကြီးထွားခွင့်ရ

www.burmeseclassic.com

www.burmeseclassic.com



သင့်သည်။ သို့သော် ပညာတတ် (အမှတ်ကောင်းရရေးအတွက်) သာတစ်ဖက်သတ်လောဘတက်နေကြသော မိဘများသည် ကျွန်သည့် အရေးကြီးသောအချက်များကို သိလျက်နှင့်ပင် ပစ်ပယ်လာကြသည်။

## လူလေးကြီးရင် ဘာလုပ်မယ်

'လူလေးကြီးရင် ဘာလုပ်မယ်။ (တစ်) ဆရာဝန် လုပ်မယ်၊ (နှစ်) အင်ဂျင်နီယာ လုပ်မယ်။ ဘာကြောင့်လဲ ဝါသနာပါလို့လား–မဟုတ်၊ ဝင်ငွေကောင်းလို့၊ ဂုဏ်ရှိလို့၊ အသက်မွေးဝမ်းကျောင်းကောင်းတဲ့အလုပ်ကို ရမှာမို့၊ ထိုတက္ကသိုလ်များသို့ ရောက်ဖို့က ဝါသနာ၊ စေတနာ၊ အနစ်နာတို့နှင့်မရ၊ အမှတ်ကောင်းမှရမည်။ သူ့ ထက်ငါ အမှတ်ကောင်းဖို့ ကြိုးစားရသည်။ ရှစ်တန်းမှာကတည်းက ပထမအကြိမ် ဆန်းစစ်ခံရမည်၊ သိပ္ပံရမှ ဆေးနှင့် အင်ဂျင်နီယာ မျှော်လင့်ချက်ရှိမည်။ ဝိဇ္ဇာ ဆိုလျှင် တစ်သက်တာ ဝေးကြရော၊ ထို့ကြောင့် မိဘတိုင်း၊ ကလေးတိုင်း သိပ္ပံ သိပ္ပံ နှင့် ဖြစ်နေကြသည်။ ဝိဇ္ဇာနှင့် အောင်လျှင် လူဖြစ်ရှုံးတော့ မလောက်ဝမ်းနည်းအားငယ်ကြ ရသည်။

## ဝိဇ္ဇာ နှင့် သိပ္ပံ

ဝိဇ္ဇာသိခြင်း၊ သိမှုဖြစ်သည်။ ဝိဇ္ဇာပညာသည် အသိပညာ ဖြစ်သည်။ နက်နဲသည်။ ကျယ်ပြန့်သည်။ ယနေ့ ကမ္ဘာကျော်



အတွေးအခေါ် ပညာရှင်ကြီးများ၊ နိုင်ငံရေး ပညာရှင်ကြီးများ၊ စာပေပညာရှင်ကြီးများ၊ အမျိုးမျိုးသော အနုပညာရှင်ကြီးများသည် ဝိဇ္ဇာပညာရှင်များသာ ဖြစ်သည်။ ဝိဇ္ဇာလိုင်းရ၍ ကလေးကို မဆူသင့်ပါ။ မရှုတ်ချသင့်ပါ။ ကလေးကို စိတ်အားမငယ် စေသင့်ပါ။ ဝိဇ္ဇာလိုင်းမှာကမ္ဘာကျော် ပညာရှင်ဖြစ်ဖို့ အခွင့်အလမ်းပိုများသည်။ ကြိုးစားလျှင် ကြိုးစားသလောက် ခရီးပေါက်ရန်နယ်ပယ် ပိုကျယ်သည်။

သိပ္ပံပညာသည်လည်း လူ့ ဘောင်၏တိုးတက်မှု၊ ကမ္ဘာနှင့် အညီ အမီလိုက်နိုင်ရန် နည်းပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုတို့အတွက် တိုင်း ပြည်တစ်ပြည်၏ လိုအပ်ချက်ဖြစ်၏။ သိပ္ပံပညာထွန်းကားမှ တိုင်းပြည်ထွန်းကားမည်။ သိပ္ပံပညာ တိုးတက်မှ တိုင်းပြည် တိုးတက်မည်။ သိပ္ပံပညာသည် လူ့ဘောင်၏ ရုပ်ပိုင်းဘာဝများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်သည်။ ဝိဇ္ဇာပညာသည်လည်း လူ့ဘောင်၏ စိတ်ပိုင်းဘာဝများ ဖွံ့ဖြိုးတိုးတက်ရေး ကောင်းမွန်ရေးကို ဆောင်ရွက်ပေးနိုင်သည်။ သိပ္ပံပညာချည်း၊ ဝိဇ္ဇာပညာချည်း လူ့ဘောင်ကို ကောင်းကျိုးပေးနိုင်သည် မဟုတ်ပါ၊ ထိုသို့ဆိုလျှင် သိပ္ပံသမားက ဝိဇ္ဇာသမားကို အထင်သေးရန် မရှိသကဲ့သို့၊ ဝိဇ္ဇာသမားကလည်း သိပ္ပံသမားကို အထင်သေးရန်မလိုပါ။ မည်သူမျှလည်း ကိုယ့်ပညာကိုဝမ်းနည်းအားငယ်ရန်မရှိပါ။ မည်သည့်ပညာမှာမဆို၊ ထူးချွန်မှအောင်မြင်မည်၊ ကျော်ကြားမည်၊ မထူးချွန်လျှင်တော့ သာမန်မျှသာဖြစ်မည်။

www.burmeseclassic.com



## ဝါသနာနှင့်ပညာရေး

မည်သည့် ပညာရပ်မဆို ၊ တကယ်ကြိုးစားလျှင် အောင်မြင်နိုင်သည်ချည်းသာဖြစ်ပါသည်။ သို့သော် ထူးထူးချွန် ချွန်တံခွန်သူဖြစ်ရန်မှာ ဝါသနာနှင့်ပညာ ကိုက်ညီရန်လိုသည်။ သူများယောင်၍ယောင်ရသူများမှာ ဝါသနာတခြား၊ ပညာတခြား ဖြစ်နေတတ်ကြ၏။ ထိုအခါ အခက်အခဲများ၊ အဆင်မပြေမှုများ ဖြစ်တတ်သည်။ တစ်သက်တာလုံးအတွက် စိတ်မပါသည် ကိုလုပ်နေရ၍စိတ်ချမ်းသာမှုဆုံးရှုံးရသည်။ ဝါသနာနှင့်ပညာပေါင်းစပ်လျှင်ကား ပျော်ရွှင်သည်၊ ထက်မြက်သည်၊ တက်ကြွသည်၊ တီထွင်ဉာဏ်များ ကွန့်မြူးလာသည်။ တမင်မကြိုးစားရသေးဘဲ ဝါသနာအရပင် စိတ်အားထက်သန်မှုဖြစ်နေသည်။ ထိုအခါ သူမတူအောင် ထူးချွန်၍ ကမ္ဘာ့အလယ်၌ပင် တံခွန်ထူသူအဖြစ်သို့ရောက်သွားတတ်ကြသည်။

ယခုအခါတွင်ကား စာတော်သူ၊ ဉာဏ်ပညာထက်မြက်သူကလေးများနှင့် မိဘများသည်အမှတ်အကောင်းဆုံးရ၍ဆေးတက္ကသိုလ်တက်ရရေး၊ ဆရာဝန်ဖြစ်ရေးသည် တူညီသောအဓိကရည်မှန်းချက်ဖြစ်နေသည်။ ထို့ကြောင့် ဆယ်တန်းတွင်အမှတ်ကောင်းစေရန်နည်းအမျိုးမျိုးကြိုးစားကြသည်။ အမှတ်မိသည်နှင့် ဝါသနာ ပါမပါ၊ ဆန်းစစ်မနေတော့ဘဲ ဆေးတက္ကသိုလ်ကိုပထမဦးစားပေးအဖြစ်လျှောက်လွှာတင်သည်။ သို့ကာသိကာအမှတ်နည်း၍ လွဲချော်သွားလျှင်လူဖြစ်ရှုံးသလောက်ဝမ်းနည်း



နေကြသည်။ ကျောင်းသားထက် မိဘကပို၍ ကြေကွဲနေတတ်ကြသည်။

## အသင့်အတင်နှလုံးသွင်းပါ

မိမိသားသမီးကို စေတနာထား၍ ပညာသင်ကြားပေးရာ၌စေတနာသည် ဝေဒနာမဖြစ်စေရန် သတိထားရမည်။ မိမိသားသမီး၏ ဉာဏ်ရည်ကို သိရန်လိုသည်။ သားသမီးက ဉာဏ်ရည်နိမ့်နေလျှင် မိဘကမျှော်လင့်ချက်ကြီးကြီးထားခြင်းမှာသားသမီးရော မိဘပါစိတ်ဆင်းရဲစရာဖြစ်စေသည်။ မိမိသားသမီး၏ဉာဏ်ရည်နှင့် လိုက်လျောရှိသာ ကျေနပ်ရန် အသင့်အတင့် နှလုံးသွင်းသင့်သည်။

ဉာဏ်ရည် မြင့်သော ကလေးချင်းပင်လျှင်ငယ်စဉ်ကအခြေခံ ကောင်းကောင်းရခဲ့ခြင်း၊ မရခဲ့ခြင်းအပေါ်မှာကွာခြားချက်များရှိသည်။ ကလေး၏ စိတ်နေသဘော ထားနှင့်ဝါသနာချင်း ကွာခြားသည်ကိုလည်း သတိထားရမည်။ မိဘကသိပ်လောဘကြီးလွန်းလျှင် ကလေးမှာ အပိုတာဝန်တက်၍ စိတ်ဆင်းရဲ ပင်ပန်းသည်။ ကြာလာသောအခါ မိဘနှင့်သားသမီးအကြားနားလည်မှုလွဲမှားတတ်သည်။

မိခင်ဖြစ်သူတစ်ဦးက ကိုးတန်းကျောင်းသားလေးတစ်ဦးကို ဒုတိယအစမ်းစာမေးပွဲတွင် အင်္ဂလိပ်စာ (၈၂)မှတ်ရ၍ရိုက်နေသည်။ ကလေးကဖခင်ဖြစ်သူကို အကူအညီတောင်း

www.burmeseclassic.com



သောမျက်လုံးများနှင့် လှမ်းကြည့်သည်။ ဖခင်က ကလေးကို ကူညီချင်သည်။

'ဟေ့ – နေပါဦးကွ၊ ငါလဲ ကျောင်းသားဘဝတစ်လျှောက်လုံး စာကြိုးစားခဲ့တာပါပဲ၊ ဒါပေမယ့် အင်္ဂလိပ်စာ တစ်ခါမျှ အမှတ်ခြောက်ဆယ်တောင်မရခဲ့ဖူးပါဘူး၊ အမှတ်ရှစ်ဆယ် ဆို တာဝေးရော၊ စိတ်ကူးတောင် မယဉ်ခဲ့ဖူးပါဘူး၊ မင်းကရော အင်္ဂလိပ်စာအမှတ် ဘယ်လောက်အထိရခဲ့ဖူးလို့လဲ' ဖခင်ကရိုက်မည်ပြုသော မိခင်ကို လှမ်းမေးသည်။

'မရခဲ့ဖူးပါဘူး၊ ဒါပေမယ့် သူ့ခေတ်က ကိုယ့်ခေတ်နဲ့မှ မတူဘဲ၊ သူပထမအစမ်းတုန်းက အင်္ဂလိပ်စာ အမှတ်ကိုးဆယ်ရတယ်၊ အခုစာမေးပွဲလဲ သူ့ဖြိုင်ဘက်တွေအားလုံး ကိုးဆယ်ကျော်ရတာချည်းပဲ၊ သူပေါ့သွားလို့ အမှတ်လျော့သွားတာ၊ သည်အတိုင်းသာဆိုရင် ဆရာဝန်ဖြစ်ဖို့နဲ့ အဝေးကြီးပဲ၊ သူ့ကိုအစကတည်းက ပထမအစမ်းထက် အဆင့်ကျရင် ရိုက်မယ်ဆိုတာပြောပြီးသား'

မိခင်က ကလေးကို ဆက်ရိုက်သည်၊ ကလေးက (၈၂) မှတ်ရပါလျက်နှင့် အရိုက်ခံရ၍ ဝမ်းပန်းတနည်း ငိုသည်။ ဝမ်းနည်းသင့်ပါသည်။ ငိုသင့်ပါသည်။ ကလေးမှာတာဝန်ကျေပါလျက်နှင့် မိဘလောဘဇောကို အမိမလိုက်နိုင်၍ အရိုက်ခံခြင်းဖြစ်သည်။ အပြစ်ရှိလျက်နှင့် အပြစ်မပေးလျှင် ကလေးပျက်စီးတတ်သကဲ့သို့ အပြစ်မရှိဘဲ အပြစ်ပေးလျှင်လည်း ကလေးစိတ်ဓာတ် ပျက်တတ်သည်။



## ကျွမ်းကျင်ရာလိမ္မာ

ပညာကို သင်ကြားခြင်း၏ ရည်ရွယ်ချက်မှာ ဆရာဝန်ဖြစ်ရေး၊ အင်ဂျင်နီယာဖြစ်ရေးဟုဆိုလျှင် သေးသိမ်လွန်းသည်။ ကျဉ်းမြောင်းလွန်းသည်။ ဆရာဝန်၊ အင်ဂျင်နီယာမဟုတ်ဘဲ ချမ်းသာသောသူဌေးကြီးများ၊ အောင်မြင်နေသော ပညာရှင်ကြီးများ၊ ထူးချွန်သည့် ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးများ များစွာရှိပါသည်။ ဉာဏ်ရည်နိမ့်သော ကလေးများပင် သူ့ဝါသနာ နှင့် သူ့ ဗီဇနှင့် ကိုက်ညီသောအလုပ်များတွင် အံဝင်ခွင်ကျဖြစ်သွားသောအခါ ထူးခြားစွာ အောင်မြင်တတ်ကြသည်ကို တွေ့ရသည်။ လူတိုင်းလူတိုင်းသည် ကျွမ်းကျင်ရာ လိမ္မာဆိုသကဲ့သို့ သူ့နေရာ နှင့် သူ အံဝင်ခွင်ကျဖြစ်လျှင် ထူးချွန်နိုင်ခွင့်၊ အောင်မြင်နိုင်ခွင့် ရှိတတ်ကြသည်။

မိဘများသည် သားသမီးကို ပညာသင်ရာ၌ အားပေးရမည်မှာမှန်ပါသည်။ ဂရုတစိုက် ကြပ်မတ်ပေးသင့်ပါသည်။ ကြိုးစားအောင်လည်း နည်းအမျိုးမျိုးဖြင့် တွန်းအားပေးသင့်ပါသည်။

သို့သော် မိဘ၏ လောဘကြီးမှုကြောင့် ကလေးအပေါ် တာဝန်မပိစေသင့်ပါ။ ကလေးဒုက္ခ မဖြစ်စေသင့်ပါ။ ကလေး၏ ဉာဏ်ရည်ကို ချင့်ချိန်ရန်လိုသည်။ ကလေး၏ ဝါသနာကိုသိရန် လိုသည်။ မိဘတိုင်း မိမိသားသမီးအတွက်

www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးကို မျှော်လင့်ကြသည်မှာ ဓမ္မတာဖြစ်သည်။ မျှော်လင့်သင့်သည်မှာ လည်း မှန်ပါသည်။

သို့သော် မျှော်လင့်သည့်အတိုင်း ဖြစ်မလာလျှင်လည်း အသင့်အတင့် နှလုံးသွင်းသင့်သည်။ ကလေးနှင့်သင့်လျော်မည့် အခြားသောအခွင့်အလမ်းကောင်းများကို ဖော်ဆောင်လမ်းညွှန်ပေးသင့်သည်။ ပညာသင်ကြားခြင်းကို ပြည့်စုံမှန်ကန်စွာနှင့် ကျယ်ပြန့်စွာ သဘောထားသင့်ကြသည်။ ပညာသင်ကြားခြင်း၏ စစ်မှန်သော အနှစ်သာရနှင့် အညီ သားသမီးကို ပညာသင်ပေးကြပါသည်။

## ကျောင်းနေပျော်၍ စာတော်ပါစေ

မိဘတိုင်းသည် မိမိတို့၏ သားသမီးများကို ပညာထူးချွန်စေချင်ကြသည်။ သို့သော် ကလေး၏ ပင်ကိုယ်ဉာဏ်ရည်ကိုတော့သတိထားရန်လိုပါသည်။ ပင်ကိုယ်ဉာဏ်ရည်လေးသော ကလေးကို ထူးချွန်စေလိုသော စေတနာဖြင့် အတင်းဖိလျှင် ဝန်ပိရုံသာရှိပါသည်။ ဤသို့ဆိုသောကြောင့် ကလေးကို သူ့အလိုအလျောက်အတိုင်းသာ ထားရမည်လည်းမဟုတ်ပါ။ ကလေးတစ်ယောက်၏ ပညာရေးကောင်း မကောင်း ဆိုသည်မှာ မိဘ၏စိတ်ဝင်စားစွာ ဂရုစိုက်မှု၊ ပံ့ပိုးကူညီမှုအပေါ်တွင်လည်း များစွာတည်ပါသည်။

### ကလေး၏ဉာဏ်ရည်

ယေဘုယျအားဖြင့် ကျန်းမာသန်စွမ်းစွာမွေးဖွား ကြီးပြင်း၍ ထိုက်သင့်သော အာဟာရလည်း ပြည့်စုံသော ကလေးများသည် ဉာဏ်ရည်ကောင်းကြသည်သာ ဖြစ်ပါ၏။ အချို့ကလေးများသည် လောကဓံ၏ အထုအထောင်း ဒဏ်ရာဒဏ်ချက်ကြောင့် စိတ်အားသိမ်ငယ်သွား၍ဉာဏ်ထိုင်းသကဲ့သို့ ဖြစ်နေတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့ကလေးများသည် မိဘဖြစ်သူက မိမိ ထင်တိုင်းဖြစ်မလာ၍ ဉာဏ်မကောင်းဘူး၊ ထုံသည်၊ ထိုင်းသည်ဟု ကြိမ်ဖန်များစွာ ပြောရာမှ မိမိကိုယ်ကို တကယ် ဉာဏ် ထိုင်းသည် ဟု ယုံကြည်သွားတတ်၏။ အချို့ကလေးများသည် ပညာသင်ရာ၌ အောက်သက်မကြေခဲ့၍ ဆရာ၊ဆရာမသင်ကြားသည်များကို နားမလည်သောအခါ မိမိကိုယ်ကို ဉာဏ်မကောင်းဟု ထင်သွားတတ်ကြ၏။ အချို့ကတော့ မိမိဘာသာ မကြိုးစား၍ မတော်သည်ကို ဉာဏ်မကောင်းဟု ထင်တတ်ကြသည်။

အမှန်စင်စစ်သော်ကား ပုံမှန်မွေးဖွားကြီး ပြင်းလာကြသော ကလေးများသည် တစ်ဦးနှင့်တစ်ဦး ဉာဏ်အားဖြင့်ကွာခြားလှသည် မထင်ပါ။မလိုအပ်သောမိမိကိုယ်ကိုစိတ်အားပျက်မှုများ၊ သိမ်ငယ်ခြင်းများကို ရှောင်ရှားသင့်ပါသည်။

## ကျောင်းနေ ပျော်ပါစေ

ကလေးကို အသက်ပြည့်မှ အသက်မီမှ ကျောင်းထားပါ။ လေးလ၊ ငါးလ ကျောင်းနေနောက်ကျ၍ မစိုးရွံ့သင့်ပါ။ လေးလ၊ ငါးလ စောထားသည်ကသာ ကလေးအတွက် မနိုင်ဝန်ကို ထမ်းရ၍ စာသင်ရသည်ကို စိတ်ညစ်သွားစေနိုင်သည်။ ကျောင်းနေ မပျော်ဘဲ ကျောင်းသွားရမည်ကို ကြောက်သွားနိုင်သည်။ ကျောင်းစနေကတည်းက ကလေးအတွက် ကျောင်းသွားရခြင်း ပေါင်းသင်းဆက်ဆံရခြင်း ၊ ပညာသင်ရခြင်းများတွင် အဆင်



ပြေပြေဖြစ်စေရန် မိဘဆရာသမားတို့က သတိထားသင့်သည်။ ဆရာဆရာမ သင်ကြားသော သင်ခန်းစာများကို နားလည်လျှင် လိုက်နိုင်လျှင် ကလေးသည် ကျောင်းသွားရမည်ကို ပျော်ရွှင်သည်။ ပညာသင်ကြားရသည်ကို စိတ်ပါသည်။

## ကျောင်းမှန်မှန်တက် စာမခက်

ကလေးတိုင်းသည် ကျောင်းတက်မှန်ရန် လိုသည်။ ကျောင်းပျက်များသော ကလေးသည် သင်ခန်းစာလွတ်သွားသည် များ၍ နားမလည်ဖြစ်တတ်သည်။ ကျောင်းပြန်တက်သောအခါ ဆက်သင်နေသော သင်ခန်းစာများကို ကွင်းဆက်ပြတ်၍ အခက်အခဲဖြစ်တတ်သည်။ ဆရာ ဆရာမတို့ကလည်း အများ နှင့် သင်ကြားရခြင်းဖြစ်၍တစ်ယောက်အတွက်ပြန်ရှင်းပြရန် မလွယ်ပါ။ ထိုအခါ ကလေးသည် ရှေ့ဆက်သင်ရသော သင်ခန်းစာများကို အွတ်သိဒိုး လိုက်ရသကဲ့သို့ ဖြစ်ပြီး ပင်ပန်း ဆင်းရဲတတ်သည်။ ကလေးတို့ကို တတ်နိုင်သမျှကျောင်း မပျက်ရန်၊ ကျောင်းမှန်မှန် တက်ရန် မိဘများက သတိထားသင့် သည်။

## ဆရာသင်ခိုက် အာရုံစိုက်

ကျောင်းသားများ ပညာသင်ကြားရာတွင် အရေးကြီးသော အချက်တစ်ချက်မှာ ဆရာ ဆရာမ ရှင်းလင်း သင်ကြားစဉ် အာရုံစိုက်၍ နားထောင်ခြင်းဖြစ်သည်။ ဆရာဆရာမ ရှင်းလင်းသည်ကို

www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်နားလည်လျှင် သင်ခန်းစာကိုတစ်ဝက်မကအောင် ကျက်မှတ်ပြီးသားဖြစ်သွားသည်။

စာကြည့်ချိန်တွင် တစ်ခေါက်၊ နှစ်ခေါက် ပြန်ဖတ်လျှင်လုံလောက်သွားပေပြီ။ အလွတ်ကျက်ရသည့် စာများမှာလည်းသဘောပေါက် နားလည်မှ ကျက်မှတ်၍ ရလွယ်သည်။ သဘောမပေါက်လျှင်ကျက်၍ခက်ခဲတတ်ပါသည်။ ဆရာဆရာမ ရှင်းလင်းသင်ကြားနေစဉ် အချင်းချင်း ဒူးချင်းတိုက်၊ လက်ချင်းပုတ်နှင့် ဆော့ကစားနေခြင်း၊ ငေးမိငေးရာ ငေး၍တွေးမိတွေးရာ တွေးနေတတ်ခြင်း၊ စိတ်ပါဝင်စားမှုမရှိခြင်းသည် သင်ခန်းစာများကို နားမလည် သဘောမပေါက်ဖြစ်စေတတ်သည်။

ဆရာကောင်းသည် အသင်အပြကောင်းရုံမက အတန်းအုပ်ချုပ်မှုပါ ကောင်းရသည်။ သူသင်ကြားစဉ် ငေးမောခြင်း၊ ဆော့ကစားခြင်းမရှိစေရန် ထိန်းချုပ်ဟန့်တားသင့်သည်။ သင်ခန်းစာတွင် စိတ်ဝင်စားအောင် ဆွဲဆောင်နိုင်မှုနည်းအမျိုးမျိုးဖြင့်လည်း ကြိုးစားတတ်ပေသည်။ မိဘများကလည်း မိမိတို့သားသမီး ပညာတော်စေရန် ဆရာ ဆရာမရှင်းလင်းသင်ကြားစဉ် အာရုံစိုက်၍ နားထောင်တတ်သော အလေ့အကျင့်ရှိအောင် တိုက်တွန်းဆုံးမ အပ်ပေသည်။



## စာကြည့်ချိန်မှာ စာကြည့်ပါ

မိဘများသည် မိမိတို့၏ သားသမီးများကို အတန်းငယ်မှစ၍ အတန်းစဉ်အလိုက် သင့်တော်သောစာကြည့်ချိန် သတ်မှတ်ပေးသင့်သည်။ တစ်နှစ်လုံး စာမှန်မှန် မကြည့်ဘဲ စာမေးပွဲနီးမှ ညလုံးပေါက် စာကျက်သော ကလေးမျိုးကို စာကြိုးစားသည်ဟု မဆိုထိုက်ပါ။ မိဘက ရုပ်မြင်သံကြားကြည့်၊ ရုပ်ရှင်သွား၊ ဟေးလားဝါးလား စကားပြော၊ သားသမီးကလည်း စာကြည့်ချိန်မှာ မိဘနှင့်အတူ ရောနှောလိုက်ပါ၍ စာကြည့်တာဝန် ပျက်ကွက်လျှင် ထိုကလေးမျိုးမှာ ပညာတော်သူ မဖြစ် နိုင်ပါ။ ဆရာသင်သည်ကို ဂရုစိုက် နားထောင်သော အကျင့်နှင့် စာမှန်မှန်ကြည့်သော အကျင့်ရှိလျှင် ထိုကလေးသည် ပညာတော် သူဖြစ်ပေမည်။ စာကြည့်ချိန်မှန်ခြင်းကြောင့် သင်ခန်းစာများကို အမြဲတစေ ရှင်းလင်း နားလည်နေမည်။ ရှေ့ဆက် သင်သည့် စာများကိုလည်းလွယ်ကူစွာပင် သဘောပေါက်နိုင်သည်။

ထိုကျောင်းသားမျိုးသည် ပညာသင်ကြားခြင်းတွင် အပေါ်စီးရနေ၍ ကျောင်းနေပျော်မည်။ စာတော်မည်။ လူတိုင်းလူတိုင်းတွင် တာဝန်ကိုယ်စီ ရှိကြသည့်အနက် ကျောင်းသား၏ တာဝန်မှာ ကျောင်းတက်ရန်နှင့် စာကျက်ရန်ဖြစ်သည်။ ငယ်စဉ်ကတည်းက ကလေးများကို ကိုယ့်တာဝန်ကိုယ်သိ၍ စနစ်တကျဖြစ် ရန် လေ့ကျင့်ပေးလျှင် ကြီးသည်အထိကောင်းသော အကျင့်များစွဲမြဲသွားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားအရွယ် ကလေးများစာကြည့်ချိန် မထားဘဲ ပေါ့ပျက်စွာ နေခြင်းကို မိဘတို့က လျစ်လျူမရှုသင့်ပါ။ အချိန်မှန် သတ်မှတ်၍ စာမှန်မှန်ကြည့်အောင် တိုက်တွန်းနှိုးဆော်ရပေမည်။ စာမေးပွဲကျမှ ရိုက်ခြင်း၊ မြည်တွန်တောက်တီးခြင်းသည် မှန်ကန်သောဆုံးမခြင်း မဟုတ်ပါ။

## သားသမီးပညာရေး အလေးပေး

မိဘတို့သည် သားသမီး ပညာတော်စေလျှင် သားသမီးပညာရေးကို စိတ်ဝင်စားသင့်သည်။ သားသမီးကို ကျောင်းထားပေး၍လိုအပ်သည့်စာအုပ်၊စာစောင်များ ဝယ်ပေးရုံ၊ ကျူရှင်ထားပေးရုံနှင့် တာဝန်ကျေပြီဟု သဘောမထားသင့်ပါ။ မိဘအတော်များများသည် သားသမီး၏ လေ့ကျင့်ခန်း စာအုပ်များကို စစ်ဆေးကြည့်ရှုခြင်းမရှိကြပါ။

တစ်လတစ်ခါလောက် လိုအပ်သည်ထင်လျှင် တစ်ပတ်တစ်ခါလောက်စစ်ဆေးကြည့်သင့်သည်။ လက်ရေးလှ မလှကစ၍စိစစ်သင့်သည်။ လက်ရေးမလှလျှင်လှအောင် ပြုပြင်ပေး၍ ရသည်။ ကျွန်တော့်သမီးသည် သုံးတန်းအထိ လက်ရေးမလှပါ။ သူ့သူငယ်ချင်းအားလုံးက သူ့ထက် လက်ရေးလှကြသည်။



ကျွန်တော်က သမီး၏ လက်ရေးမလှကြောင်း၊ အလှဆုံးအကောင်းဆုံးဖြစ်အောင် ကြိုးစားရေးပါ ခိုင်းပြီး သနေတိုင်းလေ့ကျင့်ခန်းစာအုပ်များ တောင်းကြည့်သည်။ ကြိုးစား ရေး၍တစ်ရက်ထက် တစ်ရက်တိုးလှလာသည်။ နေ့တိုင်း ချီးကျူးပေးသည်။ ရရစ်၊အသတ်ပြုပြင်ပေးသည်။ တိုးတက်မှုကို နေ့တိုင်းစစ်သည်။ လူကြီးက ဂရုစိုက်မှန်း ကလေးက သိသည်။ ပိုကောင်းလာတိုင်းချီးမွမ်းသည်ကိုလည်း ကျေနပ်သည်။ တစ်လသာအာရုံ စိုက်၍ ပြုပြင်ပေးလိုက်ရပါ၏။ အလွန်လက်ရေးလှသွားသည်။ နေ့စဉ် ရက်စွဲတပ်မတပ်၊ သပ်ရပ်မှု ရှိမရှိ၊ ခေါင်းစဉ်များကို မျဉ်းတား မတားမှစ၍၊ စနစ်တကျဖြစ်အောင်လည်း ပြုပြင်ပေးလိုက်နိုင်သည်။ ယခု ရှစ်တန်းရောက်သည်အထိ ထိုအကျင့်မပျောက်တော့ပါ။ လက်ရေးလည်း အသားကျသွားလေပြီ။

လက်ရေးနည်းတူ လစဉ်ပညာရည်စစ်ဆေးလွှာ ရလျှင် ယခင်လနှင့် နှိုင်းယှဉ်၍ တက်လာသော အမှတ်များကို ပျော်ပျော်ပါးပါး နှင့်အားပါးတရချီးကျူးပေးရသည်။ လျော့သွားသည်တို့ကို ဘာကြောင့်ဖြစ်ကြောင်း ဆန်းစစ်ရသည်မှာ ငါးမိနစ်မျှပင်မကြာပါ။ အမြဲတစေလည်း လုပ်နေရသည် မဟုတ်ပါ။ လူကြီးက ဂရုတစိုက်ရှိသည်နှင့်အမျှ သားသမီး၏ ပညာရေး မှာ သိသာအောင် တိုးတက်လာတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဂရုစိုက်မှု လွဲနေကြသည်များ

အချို့ မိဘများမှာ မိမိတို့ သားသမီး၏ပညာရေးကို စိတ်ဝင်စားကြောင်း ကျူရှင်ကောင်းများ၊ ဝိုင်းကျူရှင်များထားကြသည်။ ကျောင်းသို့ ထမင်းဘူး၊ ကော်ဖီဘူးများကို ချိုင့်ကြီး ချိုင့်ငယ် ဆွဲပြီး လိုက်ပို့ကြသည်။ တစ်ချိန်လုံး စောင့်နေပြီး အချင်းချင်းဝိုင်းဖွဲ့၍ အကြောင်းစုံပြောကြသည်။ ကျောင်းဆင်းလျှင် ထမင်းကျွေးကြသည်။ ကော်ဖီတိုက်သည်။ မုန့်ကျွေးသည်။ အထက်တန်းကျကြောင်း ဂုဏ်တုဂုဏ်ပြိုင် ပြုကြသည်။

တစ်လ တစ်လ ဘယ်ရွေ့ဘယ်မျှကုန်ကြောင်း ပြိုင်ကြသည်။ ကိုယ့်သားသမီး၏ လေ့ကျင့်ခန်းစာအုပ်ကိုတော့ တစ်ကြိမ်တစ်ခါမျှ ယူမကြည့်တတ်ကြပါ။ ဘာလို၍လိုမှန်းမသိ၊ လက်ရေး မလှ၍လည်း မလှမှန်းမသိ၊ ဖြစ်ကတတ်ဆန်း မသပ်မရပ်လုပ်နေသည်ကိုလည်းမသိ၊ ဂရုစိုက်ပုံ လွဲမှားလျှင် အကုန်အကျများသည်ကို ကြွားစရာသာ ရသည်။ သားသမီး၏ ပညာရေးကတော့ သိသာအောင် တိုးတက်မည်မဟုတ်ပါ။

## ကျူရှင် ယူခြင်း၊ မယူခြင်း

ယခုအခါတွင် ကျောင်းသားတိုင်းလိုလိုပင် သူငယ်တန်းမှစ၍ တက္ကသိုလ်အထိ ကျူရှင်ပြဿနာရှိ နေကြသည်၊ ငွေကြေး တတ်နိုင်သူတို့က တတ်နိုင်သည်နှင့်အမျှ ဆရာကောင်းများထံမှ ကျူရှင်ယူကြသည်။ မတတ်နိုင်သူတို့ကလည်း သင့်တော်သော



ကျူရှင် တစ်ခုခုတော့ ယူကြသည်။ လုံးဝ လွတ်သည်မှာ ရှားသည်။

သို့သော် အဆုံးအဖြတ်မှာ ကာယကံ ရှင်ကျောင်းသား၏ကြိုးစားမှုသာဖြစ်ပါသည်။ အကောင်းဆုံးဆရာများငှား၍ဝိုင်းကျူရှင်တက်ပြီး ဆယ်တန်းကျသူတို့ အများကြီးရှိပါသည်။ ကျွန်တော်တို့ငယ်စဉ်ကတော့ ကျူရှင်ဆိုသည်မှာ ကိုယ့်အတွက် အားနည်းသောဘာသာကို တိုးတက်ကောင်းမွန်လာအောင်အားဖြည့်ပေးသော သဘောဖြင့် ယူခြင်းဖြစ်ပါသည်။ သင်္ချာ လိုလျှင် သင်္ချာ၊ အင်္ဂလိပ်စာလိုလျှင် အင်္ဂလိပ်စာ အပိုသင်ယူကြရသည်။

ယခုအခါမှာတော့ ဘာသာတိုင်းလိုလို ယူနေကြသည်။ တချို့ဆိုလျှင် တစ်ဘာသာတည်းကိုပင် နှစ်နေရာ၊ သုံးနေရာပြောင်းပြီး ကျူရှင်ယူကြသည်။ ငွေကုန်များရုံသာမက ကလေး၏စာကြည့်ချိန်၊ ကစားချိန်၊ ကိုယ်ပိုင်အချိန်၊ အိပ်ချိန် များပါလျော့ပါးဆုံးရှုံးကြရသည်။ ကျူရှင်ဆိုသည်မှာ လိုလျှင် လိုသည့် ဘာသာကို ယူသင့်ပါသည်။ သို့သော် ကျူရှင်ယူရုံဖြင့် စာတော်ပြီဟု မှတ်ထင်လျှင်မှားပါသည်။ ကိုယ်တိုင်ကြိုးစားမှ တော်ပါသည်။

## ကျောင်းနေပျော်၍ စာတော်ပါစေ

အရေးကြီးသည်မှာ သားသမီးကို ငယ်စဉ်ကတည်း က စ၍ ကျောင်းနေပျော်အောင် မိဘကစီစဉ်ပေးသင့်သည်။ စာတော်မှ

www.burmeseclassic.com

www.burmeseclassic.com



လည်း ကျောင်းနေပျော်ပါသည်။ အပြန်အလှန်ပင် ကျောင်းနေပျော်မှလည်း စာတော်ပါသည်။ သားသမီး၏ ပညာရေးကို မိဘတို့က အလေးပေးဂရုစိုက်သင့်သည်။

ကျောင်းမှန်မှန်တက်စေ၍ဆရာဆရာမ သင်ကြားသည်ကို စိတ်ပါဝင်စားစွာ နားထောင်ရန်၊ စာမှန်မှန်ကျက်ရန် စသည်တို့ကို မိဘများက ကြီးကြပ် လမ်းညွှန်ပေးသင့်သည်။ လိုအပ်လျှင်လိုအပ်သည့်ဘာသာများကိုကျူရှင်ယူသင့်ပါသည်။

သို့သော် ကိုယ်တိုင်ကြိုးစားမှသာ စာတော်ပါသည်။ သားသမီး ပညာတော်ခြင်း၊ ပညာထူးချွန်ခြင်းသည် မိသားစုအတွက် ဝမ်းသာစရာ၊ ဂုဏ်ယူစရာပင်ဖြစ်ပါသည်။ နိုင်ငံ၏အညွန့်အဖူးကလေးများဖြစ်သော သားသမီးတိုင်း ပညာထူးချွန်ကြလျှင် လူမျိုးပါ ဂုဏ်တင့်၍ နိုင်ငံပါ တိုးတက်နိုင်မည်ဖြစ်ပေသည်။

## မြို့ပတ်ရထား ပေါ်မှ ဆရာမ

ကျွန်တော်သည မင်္ဂလာဒုံမှ ရန်ကုန်သို့ မြို့ပတ်ရထားဖြင့် နေ့စဉ် ရုံးသွားရ၏။ ထိုသို့ ရုံးသွားရာတွင် ရထားပေါ်မှာ ကလေးများကို စာသင်ပေးသော အမျိုးသမီးနှင့် တွဲတစ်တွဲတည်းတွင် မကြာခဏဆုံမိရတတ်၏။ ထိုသို့ဆုံမိသောနေ့တိုင်း လည်း စိတ်မချမ်းမသာ ဖြစ်ရသည်။ ကျွန်တော်သာမက တစ်တွဲလုံးတွင် ပါသမျှလူတိုင်း စိတ်ဆင်းရဲရသည်။

ထိုအမျိုးသမီးသည် မင်္ဂလာဒုံတွင် နေ၍ မြို့ထဲတွင် အလုပ်ဆင်းရဟန်တူ၏။ သူနှင့်အတူ သမီးကလေးတစ်ယောက်၊ သားလေးတစ်ယောက် ကျောင်းဝတ်စုံ၊ ကျောင်းလွယ်အိတ်ကလေးများနှင့် ပါလာသည်။ ကလေးများကိုလည်း မင်္ဂလာဒုံကျောင်းမထားဘဲ မြို့ထဲကျောင်းမှာ ထားဟန်တူ၏။ခေါင်းလှည့်ရထားသည် မင်္ဂလာဒုံဘူတာမှ စထွက်ခြင်းဖြစ်၍ မင်္ဂလာဒုံဘူတာမှ တက်လျှင် နေရာကောင်းကောင်းရသည်။ ထို့ကြောင့် ကလေးနှစ်ယောက်နှင့် အမျိုးသမီးသည်

www.burmeseclassic.com

www.burmeseclassic.com



သားအမှိ သုံးယောက်ကို ထိုင့်ခုံတစ်ခုရအောင် ထိုင်လိုက်သည်။

'အင်္ဂလိပ်စာအုပ် ထုတ်လေ'

ထိုင်ခုံနေရာရသည်နှင့် မြို့ ပတ်ရထားပေါ်မှ စာသင်ခန်းကို စတင်ပါတော့ သည်။ သူ၏ အသွင်အပြင်နှင့် ဝတ်စားပုံကိုကြည့်ခြင်းဖြင့် ဆရာမမဟုတ်သည်မှာ သေချာပါသည်။ ကလေးနှစ်ယောက် မှာ ကြောက်ရွံ့စွာဖြင့် စာအုပ်ထုတ်ရသည်။ ရထားဖြင့် ခရီးသွားသော်လည်း ဒေါးဒေါး ဘီဘီ ဟိုဟိုသည် သည် ကြည့် ခွင့်မရ။

'ဟဲ့ ဒါဆိုစမ်း'

သမီးအကြီးလေးကို အင်္ဂလိပ်မီးနင်းများ အဆိုခိုင်းသည်။ ကလေးက ရှက်၍ထင်ပါ၏။ ခပ်တိုးတိုးသာ ဆိုသည်။ သို့သော် မိခင်၏ အသံကတော့ တစ်တွဲလုံးကြားလောက်အောင် ကျယ်လောင်၏။ သူကတော့ မြို့ပတ်ရထားပေါ်တွင် စာသင်ပေးနေသည်ကို လူတိုင်းကြားစေချင်ဟန်၊ မြင်စေချင်ဟန်တူပါသည်။

ကလေးက မှား၍ ဆိုသော အသံထွက်များကို သူကပြုပြင်ပေးသည်။ သူပြုပြင်ပေးသော အသံထွက်များမှာလည်း မမှန်လှပါ။ သို့သော် ထိုအသံထွက်ကိုပင် ကလေးနားစွဲအောင် ထပ်ခါ တလဲလဲ ချပေးသည်။ ကလေးကို အကြိမ်ကြိမ် လိုက်ဆိုစေသည်။



'ဟဲ့ ဟိုကောင် ဘာငေးနေတာလဲ၊ သင်္ချာစာအုပ် ထုတ်လေ'

သားငယ်လေးမှာ ပြတင်းပေါက်ဘက် လှမ်းကြည့်နေရာမှ ကပျာကယာ စာအုပ်ထုတ်ရသည်။

'ဟော အသံထွက် လွဲသွားပြန်ပြီ။ ငါပေးတဲ့ အတိုင်း မဟုတ်တော့ ဘူး၊ ကဲ ဟယ်'

'ခေါင်'

ကလေးမ၏ ခေါင်းကို လက်သံပြောင်ပြောင် ခေါက်ပစ်လိုက်သည်။ ကလေးမှာ အတော် ကြောက်ဟန် တူပါ၏။ မငိုရဲ မျက်နှာ မပျက်ရဲ၊ အသံရှပ်မသွားရဲ၊ အခေါက်ခံရသည့်နေရာကို လက်ကလေးတစ်ဖက်ဖြင့် ပွတ်ရင်း ဆက်ဆိုနေရသည်။ တစ်လုံးရလျှင် နောက်တစ်လုံးချပေး၏။

'ကဲ .. စာအုပ်ထုတ် အလွတ်ရေး'

စောစောက သင်ပေးထားသော အင်္ဂလိပ်စာများကို ဗလာစာအုပ်တွင် ပြန်ရေးပြရသည်။

'ဟိုကောင် စာအုပ်ပေး'

သားငယ်ထံမှ သင်္ချာစာအုပ်ကိုယူပြီး ပုစ္ဆာတစ်ပုဒ် ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါကို တွက်စမ်း'

ကလေးက ရထားပေါ်မှာပင် ရထားသွား နေစဉ် ခဲခဲယဉ်းယဉ်း ရေးတွက်ရ၏။

'ဒါက မှားချင်တယ်ဆိုတော့ ဘာလုပ်ရမလဲ'

'ပေါင်းရမှာ'

'မှားချင်ရင် မြှောက်ရမှာဟဲ့'

'ဒေါင်'

အငယ်လေး၏ ခေါင်းကို ခေါက်လိုက်သည်။ ဆက်၍ ရှင်းပြနေဆဲမှာပင် ကလေးက မယ်ဒလင်တီး၍ သီချင်းဆိုသော သားအဖနှစ်ယောက်ထံသို့ မျက်စိရောက်သွားပြန်၍ နောက် တစ်ချက် အခေါက်ခံရပြန်သည်။

သူကတော့ တကယ့်ဆရာမ တစ်ယောက်လိုပင် ဥပမာတွေ ပေးပြီး ရှင်းပြနေ၏။ အသံကလည်း ကျယ်သည်။ ကလေးတစ်ယောက်တည်းကို သင်သည်နှင့်မတူ။ ရထား တစ်တွဲလုံးကို သင်နေသည်နှင့် တူနေသည်။

ထိုအချိန်မှာပင် ဆေးကြော်ငြာသမားယောက်ျား လာ၍ သူ့ဆေးကောင်းကြောင်း အော်ဟစ်ပြောနေပြန်၏။ ကလေး၏မျက်စိက ထိုသူ့ထံသို့ရောက်သွားပြန်သည်။ သူ့မိခင်



ပြောသည်ကိုလည်း မကြားတစ်ချက် ကြားတစ်ချက်သာ ရှိလိမ့်မည်။

'နားလည်ပြီလား'

မြို့ပတ်ရထားပေါ်မှဆရာမက သူ၏ရှင်းလင်းသင်ကြားချက်အထောက်အောင်မြင်သွားပြီဟုထင်၏။ ကလေးက ခေါင်းညိတ်ပြသည်။

'ကဲ .. နားလည်ရင်တွက်၊ မှားရင်တော့ သရအောင် ပြင်ထား'

ကလေးက တွက်ရပြန်သည်။

'ဟိုကောင်မလေး ပြီးရင်ပြ'

အင်္ဂလိပ်စာလုံးရေးထားသည်များကိုကြည့်သည်။

'ကြည့်စမ်း၊ ဒါက မှားနေပြီ'

'ဒေါင်'

'ဟောဒီမှာ လဲ မှားပြန်ပြီ'

'ဒေါင်'

'ဒါက အက်စ် ကျနေပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ဒေါင်'

ကလေးမှာ ဆက်တိုက် အခေါက်ခံနေရသည်။

မြင်သမျှကြားသမျှ လူတိုင်းစိတ်ဆင်းရဲကြသည်။ ကလေးကို သနား၍ မြို့ပတ်ပေါ်မှ ဆရာမကို မကျေမနပ် ဖြစ်ကြသည်။

'တောက်၊ စိတ်ပျက်စရာပဲကွာ'

ကျွန်တော့် ဘေးမှ လူငယ် တစ်ယောက်ထံ မှ မကျေနပ်သံ ထွက်လာသည်။ သို့သော် မြို့ပတ်ပေါ်မှ ဆရာမက ဂရုမစိုက်။ ဤကဲ့သို့ မကျေမနပ်ပြောဆိုခြင်း ရှက်လောက်အောင် ဝေဖန်ခြင်းတို့ကို ကျွန်တော်အပါအဝင် လူတော်တော်များများပြုကြဖူးပါ၏။ သို့သော် မြို့ပတ်ရထား ပေါ်မှ ဆရာမ ကတော့ သူ့မူ၊ သူ့ဟန်အတိုင်း သင်ဆဲ ခေါက်ဆဲ။

'ဟဲ့ အငယ်ကောင်၊ ပြီးရင် ပြ'

ကလေးငယ်က ပြသည်။

'ဟင် ငါ–သေသေချာချာ ရှင်းပြလျက်နှင့် တချို့ တွေ လုပ်လာပြန်ပြီ၊ သေသေချာချာ နားမထောင်ဘူး။ သေသေချာချာမှတ်မထားဘူး။'

'ဒေါင်'



ခေါက်ပြီးပြန်ရှင်းနေပြန်သည်။ ရထားပေါ်တွင် ကလေးအတွက် အာရုံ ပျံ့စရာတွေများလှသည်။ ရထားရပ်လျှင် ဆင်းကြသည်။တက်ကြသည်။တိုးကြ ဝေ့ကြ စကား များ ကြသည်။ သီချင်းဆိုသူ၊ ဆေးရောင်းသူ၊ ပစ္စည်း ရောင်းသူ အမျိုးမျိုးတို့က အသံ အမျိုးမျိုး ပြုနေကြသည်။ ကလေးက ထို သူများထံ အာရုံရောက်လျှင် သင်ကြားသည်မှာ ဘာမျှနားလည် မည်မဟုတ်။ ထိုအချက်ကို မြို့ပတ်ရထားပေါ်မှ ဆရာမသတိ ထားမိခြင်းမရှိ။ နောက်ပြီး ခေါက်လွန်းရိုက်လွန်း၍ ကလေးက အကြောက်လွန်နေသည်။ နှစ် နှင့် လေး အပေါင်းခိုင်းလျှင်ပင် ရှစ်ဖြစ်ကုန်ပြီ။ များလေခေါက်လေး၊ ခေါက်လေများလေ သံသရာ လည်နေသည်။

'ကလေးက ဒီလောက် ကြောက်နေရမှတော့ ဘယ်လိုလုပ်ပြီး ဉာဏ်ထွက်နိုင်တော့မလဲ'

အဘိုးကြီး တစ်ယောက်က ဆရာမ ကြား လောက်အောင် ကျယ်ကျယ်လောင်လောင် ပြောလိုက်သည်။ လူတော်တော်များများက အဘိုးကြီးထံသို့ လှမ်းကြည့်ပြီး ခေါင်းညိတ်ထောက်ခံကြသည်။ သို့သော် မြို့ပတ်ပေါ်မှ ဆရာမ ကတော့ သင်ဆဲ၊ ခေါက်ဆဲသာဖြစ်၏။ သူ့သားသမီး သူစေတနာ ထား၍ သင်သည်၊ ခေါက်သည်မို့ ထို့ထက်လည်း ပို၍ ပြော သင့်သည်မဟုတ်။

သို့သော် သူ့စေတနာမှာ လွဲနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးများကို စာကျက်ဖြစ်အောင်၊ စာရေးဖြစ်အောင်၊ သင်္ချာတွက်ဖြစ်အောင် ရထားစီးသည့် အချိန်ကို အသုံးချသည်မှာ ကောင်းပါ၏။ သို့သော်ကလေး၏သဘာဝအာရုံပျံ့လွယ်သည်။ ရထားပေါ် ဆိုသည်က အာရုံ ပျံ့စရာတွေကလည်း များသည်။ ခေါက်လွှန်း၊ ရိုက်လွှန်း၍ ကလေးတို့ ကြောက်ရ လွန်းသည်မှာလည်း ကောင်းသည်မဟုတ်၊ ပညာသင်ကြားမှုကို စိတ်ညစ်စေသည်။ ကြောက် ရွံ့စေသည်။ စဉ်းစားဉာဏ်ကို ထုံထိုင်းစေသည်။ ထိုအချက်ကလည်း ဆရာမအစစ်မဟုတ်သော မိခင်သိမည်မဟုတ်။

## စေတနာကြောင့် ဝေဒနာ မဖြစ်စေလို

စေတနာကောင်းနှင့်ပြုသည်ပင်မှန်စေဦးတော့ဖြစ်ပေါ်လာသည့် အကျိုးဆက်မှာ မကောင်းပါ။ တစ်တွဲလုံးက ကလေးများကို သနားနေကြရသည်။ နောက်တစ်ချက် စိတ်ပျက်စရာကောင်းသည်မှာ မြို့ပတ်ပေါ်မှ ဆရာမသည် သူ့ ကလေးများကြားလောက်ရုံထက် ပိုပြီး ကျယ်လောင်စွာ အော်ဟစ် ပြောဆိုသင်ကြားနေခြင်း ဖြစ်သည်။ လူအထင်ကြီး ခံချင်မှု၊ ပြသလိုမှုများသည် သူ့အပြုအမူတွင် အထင်သား ပေါ်လွင်နေ၏။

ထို့ကြောင့် သူနှင့်တစ်တွဲတည်းကျပြီဆိုလျှင် လူတိုင်း နှာခေါင်းရှုံ့သွားကြသည်။ တစ်လမ်းလုံးစိတ်ဆင်းရဲကြရသည်။ ရထားပေါ်မှ အချိန်ကို အကျိုးရှိအောင် အသုံးချလိုလျှင်



ကလေးကို စာဖတ်ခိုင်းဖို့ ကောင်းသည်။ စာကျက်ခိုင်းဖို့ ကောင်းသည်။ အလွတ်ပြန်ပြ၍မရသေးလျှင်မခေါက်သင့်၊မရသေး သောစာလုံးကို ပြန်အကျက်ခိုင်းသင့်သည်။

အကောင်းဆုံးကတော့ စနစ်တကျ သင်နည်းကြားနည်းနှင့်တကွ၊ ကလေးစိတ်ပညာကိုပါ နားလည်သော ဆရာဆရာမများသာ ကလေးတို့ကို ပညာသင်ကြားပေးသင့်ပါသည်။ မိဘက စာကြည့်ဖြစ်အောင်စာကျက်ဖြစ်အောင် အိမ်စာလေ့ကျင့်ခန်း လုပ်ဖြစ်အောင် ကြပ်မတ် ကူညီပေးဖို့ကောင်းပါသည်။

မိမိတို့ ငယ်စဉ်က သင်ကြားတတ်မြောက်ထားသည့် နည်းများနှင့် ခုခေတ်နည်းများ မတူညီပါ။ မိမိတို့ ငယ်စဉ်က ထွက်ခဲ့သော အင်္ဂလိပ်စာအသံထွက် များနှင့် ယခု အသံထွက်များ မတူညီပါ။ မှားသင်ပေးလျှင် ကလေးမှာ မိဘနှင့် ဆရာ၊ ဆရာမ ကြားမှာ ဒုက္ခများတတ်သည်။

မလွှဲမရှောင်သာ၍ သူ့ခေတ်သူ့နည်းကို လေ့လာပြီး သင်ပေးရာတွင်လည်း ဆရာ၊ ဆရာမပင် မဟုတ်စေကာမူ ဆရာ၊ ဆရာမစိတ်မွေးရမည်။ စိတ်ရှည်ရှည်ထား၍ သင်ပေးရမည်။ မိဘတော်တော်များများမှာ ကိုယ့်သားသမီးကို ကိုယ်တိုင်စာသင်ပေးရာတွင် အဆင်မပြေကြပါ။ တတ်စေချင်သည့် စိတ်ဆန္ဒတွေများပြီး ကလေးက ကိုယ်ထင်သလောက် နားမလည်လျှင် စိတ်မရှည် ဖြစ်တတ်သည်။ ထိုအခါ အော်ကြ၊ ဝေါက်ကြ၊ ခေါက်ကြတော့သည်။ ထိုကလေးမျိုးမှာ ကံမကောင်းရှာသော သနား

www.burmeseclassic.com

www.burmeseclassic.com



စရာ ကလေးများ ဖြစ်သည်။

တချို့ မိဘကတော့ ကိုယ်တိုင်မသင်။ သင်ရန်လည်း သူ့ခေတ် သူ့အခါမှ နည်းသစ်များမသိ။ ထိုအခါ ကလေးထက် နှစ်တန်း သုံးတန်း ကြီးသော အစ်ကို အစ်မကို အသင်ခိုင်း၏။ အစ်ကို၊ အစ်မကို ရိုက်ခွင့်၊ ခေါက်ခွင့်လည်း ပေးထားကြ၏။ ထိုကလေးမျိုးမှာ ပို၍ပင် သနားစရာကောင်းသည်။ ကလေးချင်းဖြစ်၍ စိတ်မရှည်။ မကြာခဏ အခေါက်အခေါက်ခံရသည်။ ကလေးကို စာသင်ရာတွင် ပျော်စရာဖြစ်အောင် သင်နိုင်ဖို့လိုသည်။ ကလေးကိုယ်တိုင် စိတ်ဝင်စား၍ တက်ကြွအောင်လုပ်ဆောင်ပေးဖို့ လိုသည်။

စေတနာ မည်မျှပင် ကောင်းသော်လည်း လုပ်နည်းလုပ်ဟန် မှားလျှင် စေတနာကြောင့်ပင် ဝေဒနာဖြစ်ရသည်။ ကလေးအငယ်ကို ကလေးအကြီးလက်ဝကွက်အပ်၍ စာသင်ခိုင်းခြင်း၊ မိဘကိုယ်တိုင်သင်ရာတွင် ဂရုဏာဒေါသနှင့် အော်ခြင်း၊ ခေါက်ခြင်း၊ ရိုက်ခြင်းတို့မှာ မှားယွင်းပါသည်။ အာရုံပျံ့စရာများသည့် မြို့ပတ်ရထားပေါ်မှာ ဆရာမ မဟုတ်သူ မိခင်က နေ့စဉ်ရှင်းလင်းသင်ကြားနေသည်မှာလည်း လူမှန် နေရာမှန် မဟုတ်ပါ၊ ရက်စက်စွာ ခေါက်ခြင်း၊ ရိုက်ခြင်းကြောင့် ကလေးများ ဒုက္ခဖြစ်ရရှာသည်။ မြင်သူအပေါင်း စိတ်ဆင်းရဲကြရသည်။

ကလေးများ ကံကောင်းကြပါစေ။

## ကလေးဖတ်စရာ ကလေးစာ

မိဘတို့သည် ကလေး၏ရုပ်ခန္ဓာကြီးထွားအောင် ကျွေးမွေးပြုစုသကဲ့သို့ ကလေး၏ စိတ်ပိုင်းဆိုင်ရာ အသိပညာ တိုးပွားအောင်လည်း ပြုစုပျိုးထောင်ပေးဖို့ လိုပေသည်။ စာဖတ်ခြင်းသည် ကလေး၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် အကောင်းဆုံးနည်း တစ်ခုဖြစ်သည်။ ကလေးတိုင်း လက်လှမ်းမီ၍ ကလေးတိုင်းနှင့်လည်း သင့်တော်သည်။

### စာဖတ်ကျင့် လုပ်ပေးပါ

မိဘတိုင်းသည် ကိုယ့်ကလေးကို တိုးတက်စေလိုလျှင် စာဖတ်ကျင့် လုပ်ပေးသင့်သည်။ 'သူက စာဖတ်ဝါသနာပါသည်' သူက စာဖတ်ဝါသနာ မပါဘူး ဟု သူ့သဘော သူ့ဝါသနာ အလျောက် သဘောထားရမည် မဟုတ်ပါ။ စာဖတ်ခြင်းသည် ကောင်းသောအလုပ်ဖြစ်၍ ကလေးတိုင်း ဝါသနာပါအောင် လေ့ကျင့် ပေးသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



စာဖတ်စေအောင်၊ စာဖတ်ဖြစ်အောင် လုပ်ပေး လျှင်ကြာတော့ ဝါသနာပါသွားမည်။ အစတော့ တိုက်တိုက်တွန်း တွန်း ခိုင်းသင့်လျှင် ခိုင်းရမည်။ ကလေးဖတ်သင့်သော စာအုပ် များကို ကလေးလက်ဝယ် ရောက်အောင် ရှာပေးရမည်။ စာဖတ် ခြင်း၏ ကောင်းကျိုးများကို ရှင်းပြရမည်။

ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများတွင် ကလေးရော လူကြီးများပါ စာအလွန်ဖတ်ကြသည်။ မီးရထားစောင့်ရင်း စာဖတ်သည်။ မီးရထားစီးရင်း စာဖတ်သည်။ တစ်ယောက် ယောက်နှင့် ချိန်းထားသည်ကို စောင့်ရင်းစာဖတ်သည်။ ခရီး လေယာဉ်စီးရင်းပင် စာဖတ်သည်။ ထို့ကြောင့် တိုးတက်သော နိုင်ငံကြီးများမှ တိုးတက်သော လူများသည် ပို၍ တိုးတက်နေကြ ပြန်သည်။

ကျွန်ုပ်တို့သည် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများကို အမီလိုက်နိုင်ရန် လူမျိုး၏အသိအမြင်နှင့် ဆင်ခြင်နိုင်စွမ်းများ တိုးတက်ရန်လိုသည်။ ဉာဏ်ပညာဗဟုသုတ တိုးတက်ရန် လို သည်။ လူမျိုးနှင့်ချီ၍ပင်လျှင် စာဖတ်အလေ့အကျင့် တိုးတက်ရန် လိုသည်။ ထို့ကြောင့် မိဘတိုင်းသည် ကိုယ့်သားသမီးကို စိတ်ပိုင်း ဆိုင်ရာအသိအမြင် ကြီးထွားရေးအတွက် စာဖတ်ခြင်းကို ဝါသနာ ဖြစ်နေသည်အထိ လေ့ကျင့်ပေးကြရန် လိုသည်။



## ကျောင်းစာသာမက ပြင်ပစာလည်း ဖတ်ပါစေ

အချို့ မိဘများသည် ကလေးငယ်များကို ကျောင်းစာသာ ဖတ်ခွင့် ပြု၍ ပြင်ပစာပေများ ဖတ်မှတ်ခြင်းကို ဟန့်တား ပိတ်ပင်ကြ သည်။ ကျောင်းစာကို သူ့အချိန်နှင့်သူ အချိန်ဇယား အတိအကျ ထား၍မှန်မှန်ကြည့်စေရမည်ဖြစ်ပါသည်။ ကျောင်းသားအတွက် ကျောင်းစာ ကျက်မှတ်ရေးသည် အဓိကအချက်ဖြစ်သည်မှာ မှန်ပါ သည်။ သို့သော် အချိန်တိုင်း ကျောင်းစာသာလျှင် ကျက်မှတ်နေ ရမည်။ ပြင်ပစာကို လုံးဝ မဖတ်ရ ဆိုသည်မှာလည်း မမှန်ပါ။ ကျောင်းစာ ကြည့်ချိန်မှအပ ဖြစ်သော အချိန်များတွင် မှတ်ဖွယ် မှတ်ရာ ထိုထိုစာတို့ကိုလည်း ဖတ်ရမည်။ သို့သော် ကျောင်းစာ သင်ချိန်တွင် အပြင်စာကို ခိုးဖတ်နေခြင်း၊ ကျောင်းစာ ကြည့်ချိန် တွင် ကျောင်းစာ မကြည့်ဘဲ အပြင်စာကို ဖတ်နေခြင်းမှာလည်း မှားယွင်းပါသည်။

ကျောင်းစာနှင့် အပြင်စာကို ခွဲခြားနားလည်အောင် စနစ်တကျ အချိန်ပိုင်းခြား၍ ဖတ်တတ်အောင် လမ်းညွှန်ပေးရ မည်မှာ မိဘဆရာသမားတို့၏ တာဝန် ဖြစ်သည်။ ကျောင်းစာသာ တော်ပြီး ပြင်ပစာပေ အဖတ်နည်းသူနှင့် ကျောင်းစာလည်းတော် ပြင်ပစာပေ အဖတ်အမှတ်လည်း များသူတို့ နှိုင်းယှဉ်ကြည့်လျှင် များစွာ ခြားနားသည်ကို တွေ့ရလိမ့်မည်။ ကျောင်းစာသာ ထူးချွန် သူတို့ အသက်ကြီး၍ အလုပ်ဝင်သောအခါ လူမှုဆက်ဆံရေး နယ်ပယ်မှာ အဆင်မပြေသည်များ၊ မအောင်မြင်သည်များ ရှိနေ

www.burmeseclassic.com



တတ်သည်။ ကျယ်ပြန့်စွာ ဆင်ခြင်မှုနည်း၍ အမြင်ကျဉ်းနေတတ်သည်။ ထိုသူနှင့် ဆက်ဆံရသူတို့အတွက် များစွာ အခက်အခဲ တွေ့တတ်သည်။ ကျောင်းစာရော ပြင်ပစာပါ ဘက်စုံသူတို့မှာ လုပ်ခွင်နယ်ပယ်၊ လူမှုဆက်ဆံရေးနယ်ပယ်မှာ ပို၍ အဆင်ပြေချောမွေ့သည်။ လုပ်ငန်းအောင်မြင်သည်။

ထို့ကြောင့် ကလေးလူငယ် ကျောင်းသားအရွယ်များသည် ကျောင်းစာတွင် တော်ရေးမှာ အဓိကအချက်ဖြစ်သကဲ့သို့ ကျယ်ပြန့်သော အသိအမြင်ကို ပေးနိုင်စွမ်းသည့် ပြင်ပစာပေ အမျိုးမျိုးကိုလည်း ဖတ်၊ မှတ်၊ လေ့လာသင့်ကြသည်။ နှစ်ခုစလုံး မှန်ကန်မျှတစွာ ဘက်စုံဖြစ်ရေးအတွက် လူကြီးမိဘတို့က အကြံပေး လမ်းညွှန်သင့်သည်။

## ဖတ်နည်းမှန်အောင် လမ်းညွှန်ပါ

ကလေးတို့အား စာဖတ်ဖြစ်အောင်၊ စာဖတ်ဝါသနာပါအောင် လေ့ကျင့်ပေးရာတွင် ဖတ်နည်းမှန်အောင်လည်း အကြံပေးသင့်သည်။ ကျောင်းစာဖတ်ချိန်နှင့် အပြင်စာဖတ်ချိန်ကို တိတိကျကျ ခွဲခြားပေးရမည်။ အထူးသဖြင့် ကျောင်းစာမေးပွဲများနီးသည့် အချိန်တွင် အပြင်စာဖတ်ခြင်းကို ခေတ္တအားဖြင့် လုံးဝရပ်နားထားသင့်သည်။ အတန်းတင်စာမေးပွဲပြီး၍ ကျောင်းပိတ်ချိန်များသည် ပြင်ပဗဟုသုတစာပေများကိုဖတ်ရန် အကောင်းဆုံးဖြစ်သည်။



ကျောင်းစာဖတ်ခြင်းများ၌ စိတ်ပင်ပန်းသွားသည့် အခါများတွင်လည်း အပန်းဖြေအနားယူသည့် သဘောဖြင့် အပြင်စာကို ဖတ်သင့်ပါသည်။ အသက်အရွယ်ကြီးရင့်၍ အတန်းမြင့်လာသည်နှင့်အမျှ စာဖတ်သက်လည်း ရင့်လာသင့်သည်။ စာဖတ်သည့် အဆင့်၊ စာပေအဆင့်လည်း မြင့်တက်လာစေသင့်ပါသည်။ အစဉ်တစိုက် ခွဲမိရာ စာပေတစ်မျိုးမျိုးကိုသာ ဖတ်နေခြင်းမျိုး မဖြစ်သင့်ပါ။

## စာရွေးပေးပါ

လူကြီးမိဘတို့သည် သားသမီးများကို စားသင့် သော အစာ မစားသင့်သော အစာ ရွေး၍ ကျွေးသကဲ့သို့ စာဖတ်ရာတွင်လည်း ဖတ်သင့်သောစာ၊ မဖတ်သင့်သောစာကို ရွေးပေးသင့်သည်။ မိမိတို့မှာ ငယ်ရာမှကြီးလာသူများဖြစ်သည်။ စာဖတ်သက်နုရာမှ ရင့်လာသူများဖြစ်သည်။ စာအမျိုးမျိုးကိုဖတ်၍ အကောင်းအဆိုး အမှားအမှန်ကို ခွဲခြားဝေဖန်နိုင်ကြပြီ။ ထို့ကြောင့် ကလေးအတွက် အဆိပ်သင့်မည့် စာများကို တားမြစ်ရမည်။ စိတ်ခွန်အားဖြစ်စေမည့် စာများကို ရွေးချယ်ပေးသင့် သည်။

ဤနေရာတွင် အချို့သောသူများက စာဆိုလျှင် ဘာစာဖြစ်ဖြစ် ဖတ်ချင်ရာဖတ် ကောင်းတာချည်းပဲ၊ စာဖတ်ဖြစ်ဖို့သာ လိုသည်။ စာဖတ်သက် ရင့်လာတော့ သူ့အလိုလို ပြောင်းသွားလိမ့်မည်ဟု ယေဘုယျထားကြသည်။ ကိုယ်လည်း သည်လို ဖတ်ခဲ့တာပါပဲဟု ဆိုသည်။ သာမန်အားဖြင့် ဟုတ်မှန်သည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ထင်ရသည်။

သို့ရာတွင် မဖတ်သင့်သောစာများကို ဖတ်ရမှု စိတ်အဆိပ်သင့်၍လမ်းခုလတ်မှာပင် ဒုက္ခရောက်သွားသူတို့မည်မျှ များသနည်း။ ပြု၍မရှင်၊ ပြင်၍ မလန်းတော့သည့် လက်လွန်ပန်း ဖြစ်သွားသူတို့ မည်မျှရှိသနည်း။ အဆိပ်ကို စားခဲ့မိပြီးမှ မသေမပျောက် ကျော်လွန်လာသူသည် နောက်လူက ထိုအဆိပ်ကို စားမည့်အရေးတွင် ကြည့်မနေသင့်ပါ။ သူ့ဘာသာသိလာပါစေဟု ပစ်မထားသင့်ပါ။ အဆိပ်မှန်းသိသူက နောက်လူမစားအောင် တားရမည်။ အမှားမှန်းသိသူက နောက်လူ မမှားအောင် တားရမည်။

ကျွန်တော့် မိတ်ဆွေတစ်ယောက်၏ သမီးငယ်သည် ခြောက်တန်း၊ ခုနစ်တန်းအရွယ်မှစ၍ အချစ်ဝတ္ထုကိုသိပ်သဘောကျသည်။ အချစ်ဝတ္ထုများကိုသာ ဖတ်သည်။ အချစ်ဝတ္ထုမှာ ခပ်ရမ်းရမ်းချစ်၊ ခပ်ကြမ်းကြမ်းချစ်သည်များ၊ စိတ်ကူးယဉ်အချစ်များ သူ့အဖေကလည်းခွင့်ပြုသည်။ 'သူဖတ်ချင်တာဖတ်ပါစေ။ နောက်တော့ သည်အဆင့်ကို ကျော်သွားပါလိမ့်မည်' ဟု ဆိုသည်။

သို့သော်ခပ်ရမ်းရမ်းအချစ်၊ခပ်ကြမ်းကြမ်းအချစ်၊ စိတ်ကူးယဉ်အချစ်ဝတ္ထုများကိုချည်းအဖတ်များရာမှ စိတ်ကူးယဉ်နေသောသမီးငယ်သည် ရှစ်တန်းအရောက်တွင် ခုနစ်တန်းနှစ်ခါကျသော ကျောင်းသားလေးတစ်ယောက်နှင့် ခိုးပြေး၍ မိဘများ



ရင်ကျိုးရပါသည်။ ထို့ကြောင့် အချစ်ဝတ္ထုများမကောင်း၊ လုံးဝမဖတ်သင့်ဟု ဆိုလိုသည်မဟုတ်ပါ။ ကလေးတို့အရွယ်နှင့်သင့်မသင့် လူကြီးမိဘက ချင့်ချိန်ရပါမည်။

ကလေးတို့အားအကျင့်စာရိတ္တ ပျက်ပြားစေမည့်စာပေများ၊ သရဲဘောကြောင်စေမည့် စာပေများ၊ လွဲမှားသောအယူအဆများကိုဖြစ်စေမည့်စာပေများ၊ရန်လို၍ခိုက်ရန်ဒေါသဖြစ်ပွားမှုကို အားပေးသည့်အမိုက်အမဲစာပေများ၊လူဆိုးလူသွမ်း၊လူသရမ်းတို့ကို အားကျစရာဖြစ်အောင် အသားပေးရေးထားသည့်စာပေများ၊ အပြောအဆို မိုက်ရိုင်းမှုကို အားပေး အားမြှောက်ပြုသည့်စာပေများ၊ဘဝကိုအရှုံးပေး၍စိတ်ပျက် လက်မှိုင်ချစေမည့်စာပေများ၊ လောကကို အဆိုးအမြင်ဖြင့် အဆိုးချည်းသာ တင်ပြတတ်သည့် စာပေများ စသည်တို့သည် လူကြီးများဖတ်လျှင်အကောင်းအဆိုး အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်ကြသော်လည်းအတွေ့အကြုံနုနယ်သည့် ကလေးငယ်များ ဖတ်လျှင် လွဲမှားစွာအားကျ၍ ဒုက္ခဖြစ်စေနိုင်ပါသည်။

လူကြီးမိဘတိုင်းသည် မိမိကလေး၏ အသက်အရွယ်၊မိမိကလေး၏ သဘော သဘာဝတို့ကို သိ မြင်ဆင်ခြင်၍ မသင့်သောစာများကို မဖတ်ဖြစ်အောင်တားသင့်သည်၊ဖတ်သင့်သောစာများကို ရွေးချယ်ပေးသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ကလေးငယ်တို့ ဖတ်သင့်သောစာများ

ကလေးလူငယ်တို့အတွက် မှန်ကန်သော အသိအလိမ္မာ တိုးပွားစေမည့် စာပေများ၊ ကျယ်ပြန့်သော ဗဟုသုတ အဖြာဖြာကို ရရှိစေမည့်စာပေများ အဆိပ်အတောက် ကင်းစင်စွာနှင့် ပျော်စရာ၊ ရွှင်စရာ၊ စိတ်ဝင်စားစရာဖြစ်စေမည့် စာပေများသည် ကလေးလူငယ်တို့ ဖတ်သင့်သောစာပေများ ဖြစ်သည်။

ဘုရားဟော ဇာတ် နိပါတ်တော်များသည် ကလေးတို့အတွက် စိတ်ဝင်စားစရာ ပုံပြင်များ ဖြစ်၍ အသိအလိမ္မာကိုလည်းရသည်။ သမိုင်းဖြစ်ရပ်များမှ ထုတ်နုတ်ထားသည့် သူရဲကောင်းပုံပြင်များသည်လည်း ကလေးတို့စိတ်ဝင်စား၍အားကျစေသည်။ သတ္တိသွေးကိုမွေးစေသည်။ ဇာတိသွေး ဇာတိမာန် တက်စေသည်။ သဘောၤသား ဆင်းဘတ်၊ ကိုလန်ဘတ်၊ မာကိုပိုလို စသောသူတို့၏ ခရီးသွား စွန့်စားခန်းများသည်လည်း ကလေးတို့အတွက် စိတ်ဝင်စားစရာ ဖြစ်ရုံမက၊ ဗဟုသုတလည်း ရရှိသည်။ ရည်ရွယ်ချက်ကောင်း၍အဆိပ်အတောက်ကင်းသော ရေးပုံပြင်များသည်လည်း ကလေးတို့ ဖတ်သင့်သည်၊ ထို့ပြင် ကလေးများနှင့်သင့်တော်အောင်၊ကောင်းကျိုးရှိအောင် အစီအစဉ်ဖြင့်စနစ်တကျ ရေးသားထုတ်ဝေထားသော စာအုပ်စာစောင်များမှာလည်း ကလေးများ ဖတ်သင့်သော စာအုပ် စာပေများ ဖြစ်ပါသည်။



## ကလေးနှင့် ရုပ်ပြစာအုပ်များ

ယနေ့မြန်မာနိုင်ငံတွင်ကလေးဖတ်ရန်ရုပ်ပြစာပေ အများအပြား ပေါ်ထွက်နေသည်။ ကလေးတို့သည်လည်း ထိုရုပ်ပြစာအုပ်များကို အားပါးတရ ဖတ်ရှုနေကြပေသည်။ သို့သော် အချို့သော ရုပ်ပြစာအုပ်များသည် ကလေးများအတွက် အပျင်းလည်းပြေ၊ ပညာလည်းရ၊ စေတနာမှန်ကန်စွာရေး သားဖော်ပြသည်များ ရှိသကဲ့သို့ အချို့မှာ ထိုးခုတ်၊တိုက်ခိုက်၊သတ်ဖြတ်မှုများ၊ မှောင်ခိုစက်လှေကြီးများနှင့် လူဆိုးဂိုဏ်းများ၊ ရတနာမြေပုံနှင့် ရတနာရှာဖွေနေပုံများ၊ ရတနာများကို တွေ့သည့်အခါ လောဘဇောကို အတောမသတ်နိုင်၍ လုကြ၊ ယက်ကြ၊ တိုက်ခိုက် သတ်ဖြတ်ကြသည်များကို ဇာတ်လမ်း ဆင်ထားကြသည်။ အဆုံးသတ်တွင်မှ ရတနာများကို နိုင်ငံတော်သို့ လှူလိုက်သည်။ ရာဇဝတ်ဘေးပြေးမလွတ် စသည်ဖြင့် မှုနှင့်ဘောင်နှင့် လွတ်ရုံလုပ်တတ်ကြသည်။ အတွင်းမှာတော့ ထင်သလို သတ်ဖြတ် တိုက်ခိုက်ခဲ့ကြပြီ။

ထိုစာအုပ်မျိုးများသည် ကလေးတို့အတွက် ရန်လိုခြင်း၊ တိုက်ခိုက်သတ်ဖြတ်မှု များကို အားကျဖွယ်ဖြစ်စေခြင်း၊ မိုက်ရိုင်းသော စိတ်များ၊ အပြောအဆိုများ ဖြစ်စေခြင်း စသည့်ဆိုကျိုးများကို ဖြစ်ပေါ်စေသည်။

မည်သည့်စာပေ အမျိုးအစားပင် ဖြစ်စေ၊ ကလေးတို့ အတွက် အသိအလိမ္မာ၊ ဉာဏ်ပညာဗဟုသုတကို

www.burmeseclassic.com



တိုးပွားစေလျှင်ကောင်းပါသည်။ ဖတ်သင့်ပါသည်။ စိတ်ဓာတ်ပျက်ပြား၍ စိတ်ခွန်အား ယုတ်လျော့စေမည့် စာပေများ၊ မိုက်ရိုင်းသောစိတ်ဖြစ်ပေါ်စေမည့်စာပေများသည် မကောင်းပါ။ မဖတ်သင့်ပါ။

လူကြီးမိဘတိုင်းသည် မိမိတို့၏ သားသမီးများကို တော်စေလိုလျှင် မှန်ကန်စွာတိုးတက်စေလိုလျှင် ကျောင်းစာသာမက ပြင်ပစာပေများကိုလည်း ဖတ်မှတ်အောင်အားပေး သင့်သည်။

ထိုသို့ ဖတ်မှတ်ရာတွင်လည်း ကျောင်းစာဖတ်ချိန်နှင့် ပြင်ပစာဖတ်ချိန်ကို နည်းလမ်းတကျဖြစ်အောင် လမ်းညွှန်ပေးသင့်သည်။ ပြင်စာများကို ဖတ်ရာတွင်လည်း ဖတ်သင့်သောစာ၊ မဖတ်သင့်သောစာများကို ရွေးချယ်ပေးသင့်သည်။

ဖတ်သင့် ဖတ်ထိုက်သောကလေးနှင့် သင့်တော်သည့်စာအုပ် စာပေ လူ့မိတ်ဆွေများကို ဖတ်မှတ်ဖြစ်အောင် အကြံပေးလမ်းညွှန်သင့်သည်။ စာမှာရှိသည့်အလိမ္မာကိုကလေးတို့ရယူစေ၍ တိုးတက်အောင် ပြုစု ပျိုးထောင်ပေးသင့်သည်။

## ကလေးဖတ်စရာ ရေးကြ ထုတ်ကြပါ

စာရေးဆရာများ၊ စာပေထုတ်ဝေသူများကလည်းစီးပွားရေး တစ်ခုတည်းကိုချည်း လောဘဇောတိုက်မနေဘဲ သားချင်းသမီးချင်း

နှာ၍ ကလေးဖတ်စရာ စာကောင်းစာသန့်များကို ရေးသား ထုတ်ဝေသင့်ကြသည်။ သူများနိုင်ငံတွင် ကလေးအတွက် ရှယ်စုံကျွမ်းများပင်လျှင် အတွဲပေါင်းများစွာ၊ ရောင်စုံရုပ်ပေါင်း များစွာ၊ ပုံပြင်များစွာ စိတ်ဝင်စားစရာ ဖော်ပြချက်များ၊ ပျော်ရွှင်စရာ အရေးအသားများနှင့် ဗဟုသုတများစွာကို ဖြန့်ဖြူးထုတ်ဝေထွက် ရှိကြသည်။

သားကောင်းသမီးကောင်းကို ရရှိလိုသည့် မိဘတိုင်းသည် ကလေးဖတ်စာအုပ်ကောင်းများကို တောင်းဆိုသင့်သည်။ ထိုစာအုပ်မျိုးများကိုကလေးတို့ ဖတ်ဖြစ်အောင် လမ်းညွှန်တိုက်တွန်းသင့်ကြသည်။ အတ္တလွန်ကဲသည့် စီးပွားရေးအမြင်သက်သက်ဖြင့် ထုတ်ဝေသည့်၊ ကလေးတို့အတွက် အဆိပ်အတောက် ဖြစ်စေသည့် စာအုပ်များကို မိမိတို့ သားသမီးများကို မဖတ်အောင် ဟန့်တားပိတ်ပင် သင့်ကြသည်။

စာပေမြင့်မှ လူမျိုးတင့်သည်။

ကလေး စာပေတိုးတက်မှ ကလေးများတိုး တက်မည်။

ကလေးတို့ တိုးတက်မှ နိုင်ငံ၏ အနာဂတ်သည် လည်းဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ကလေးဖတ်စရာ စာရွေးပါ

'စာအုပ် စာပေ လူ့မိတ်ဆွေ ' ဟု ဆိုသော်လည်း အချို့မှာ မိတ်ဆွေကောင်းဖြစ်၍ အချို့မှာ မိတ်ဆွေညံ့၊ မိတ်ဆွေယုတ်များရှိသည်။ ငယ်ရွယ်သော ကလေးတို့သည် လူကြီးများလောက် အတွေ့အကြုံမများသေးပါ။ အသိဉာဏ် မရင့်ကျက်သေးပါ။

ထို့ကြောင့်တွေ့ကရစာများကို ဖတ်လျှင် အကောင်း လည်းပါနိုင်သည်။ အဆိုးလည်းပါနိုင်သည်။ အဆိုး စာများကို ဖတ်မိလျှင် ငယ်ရွယ်သူများ အကျိုး ယုတ်တတ်၏။ 'အလိမ္မာ စာမှာရှိ' သောစာပေများကိုသာ ကလေးများ ဖတ်သင့်သည်။ မိဘတို့သည် မိမိတို့ သားသမီးများကောင်းကျိုးရစေရန် စာကောင်းများကို ရွေးချယ်ပေးသင့်သည်။

### အတွေးအခေါ် အယူအဆလွဲမှားစေသည့်စာပေများ

စာရေးသူတို့ငယ်စဉ်က သရဲ၊ တစ္ဆေ၊ ကဝေများ အကြောင်း၊ ဥစ္စာစောင့်များအကြောင်း၊ စုန်းတိုက်နတ်တိုက်များ အကြောင်း



စာအုပ်များစွာ ပေါ်ထွက်ခဲ့၏။ ထိုစာအုပ်များကိုငယ်ရွယ်သူတို့ ဖတ်ရသောအခါ ခေတ်မမီ သဘာဝမကျသည့် လွဲမှားသော အတွေးအခေါ်များကိုဖြစ်ပေါ်စေ၏။ ဖတ်နေစဉ်မှာတော့ဘယာ ကရသကြောင့် စိတ်ဝင်စားအောင် ဆွဲဆောင်နိုင်မှု ရှိပါ၏။ ထို့ရာတွင် ဖတ်ပြီးသောအခါ မှန်ကန်သော ဗဟုသုတတိုးပွား စေသည့် ကောင်းကျိုးမရ၊ အယူသည်းမှုများ၊ မှားယွင်းသော ယုံကြည်မှုများ၊ ခေတ်နောက်ပြန်ဆွဲသည့် မတိုးတက်မှုများ၊ လွဲ မှားစွာ ကြောက်ရွံ့မှုများစသည့်ဆိုးကျိုးများစွာကိုဖြစ်ပေါ်စေ၏။ ထို့ကြောင့်ထိုစာပေမျိုးများကို ယခုအခါတွင်နိုင်ငံတော်က စာပေ ဥပဒေများချမှတ်၍ ပိတ်ပင်တားဆီးထားပေသည်။

### အပစ် အခတ် အညှစ် အသတ်စာပေများ

ရက်စက် ကြမ်းကြုတ်မှုများ၊ ထိုးခုတ်တိုက်ခိုက်မှုများ၊ ပစ်ခတ် သတ်ဖြတ်မှုများ၊ ရန်လိုခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ အငြိုး ထားခြင်း၊ လက်စားချေခြင်း၊ ကောက်ကျစ်ယုတ်မာခြင်း တို့ကို ဖွဲ့ထားသည့်စာများမှာလည်း ကလေးတို့မဖတ်သင့်ပါ၊ ထိုကဲ့ သို့သော စာပေမျိုးများကို ဖတ်ခြင်းဖြင့် ကလေးတို့၏ နုနယ် ဖြူစင်သော နှလုံးသားကို ညစ်နွမ်းသွားစေနိုင်သည်။ ရက်စက်မှု ကိုသဘောကျခြင်း၊ တိုက်ခိုက် သတ်ဖြတ်မှုများကို အားကျခြင်း၊ ရန်လိုတတ်ခြင်း၊ လက်စားချေလိုခြင်း စသည့် နိမ့်ကျဆိုးယုတ် သော စိတ်သဘောထားများကို ဖြစ်ပေါ်စေနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘယ်သူသေသေ ငတေမာပြီးရော ဆိုသူများ

အချို့သော စာရေးဆရာအမည်ခံ စီးပွားရေး သောင်းကျန်းသူများသည် အချစ်ဝတ္ထုများတွင် အဓိပ္ပါယ်နှစ်ခွထွက်သောစကားများ၊ အညှိအဟောက် အညစ်အပတ်များကို အခွင့်သာလျှင် သာသလို ထည့်သွင်းရေးသားတတ်ကြသည်။

ငယ်ရွယ်သူတို့ကို ခပ်လွယ်လွယ် ခပ်ကြမ်းကြမ်း အောက်လမ်းနည်းဖြင့် ဆွဲဆောင်ရန် ကြိုးပမ်းခြင်းဖြစ်၏။ သူတို့သည် ဘယ်သူသေသေ ငတေမာပြီးရောဆိုသူများဖြစ်သည်။ ငတေမာသည်က စာပေကို ခုတုံးလုပ်၍ စီးပွားရေး သောင်းကျန်းသော စာရေးဆရာသေရသည်(ဘဝသေရသည်)က နုနယ်ငယ်ရွယ်သောစာဖတ်သူများ ဖြစ်၏။

စေတနာ ဖြင့်မှားခြင်း၊ မသိ၍မှားခြင်း၊ မှားမှန်းသိလျက်တမင် သက်သက်မှားခြင်းဟူသော အမှားသုံးမျိုးတွင် စေတနာအမှားသည်ခွင့်လွှတ်စရာဖြစ်၏။ မသိ၍မှားခြင်းသည် သနားစရာဖြစ်၏။ သိလျက်နှင့် မှားခြင်းသည်ကား ခွင့်လွှတ်စရာမဟုတ်၊ ယုတ်မာသောစာပေအရေးအသားများကို ယုတ်မာမှန်းသိလျက် ရေးသူအား သနားစရာလည်း မလို၊ ခွင့်လွှတ်စရာလည်း မရှိ၊ သူတစ်ပါးဒုက္ခရောက်နိုင်သည်ကို သိလျက်နှင့် ရက်စက်နိုင်သူအား နားလည်သူများကလည်း အားနာစရာ၊ ထောက်ထားစရာ မလိုပါ။ ထိုကဲ့သို့သော လူမျိုးသည် စာဖတ်သူများအပေါ် မှန်ကန်သော စေတနာထားသူမဟုတ်၊ ကိုယ်ကျိုးကိုသာ



အဓိကထားသူဖြစ်သည်။ ထိုအတ္တလွန်ကဲသူ ကိုယ်ကျိုးရှာသမားကို ကျွန်ုပ်တို့ ထောက်ထားစရာ မရှိပါ။

## ရသမြောက် အကျိုးပြုစာကောင်း

စာကောင်းပေကောင်းဆိုသည်မှာ ဖတ်နေစဉ် လည်းရသ ရှိသည် ဖတ် ပြီးလျှင်လည်း တစ်စုံတစ်ခုသော ကောင်းကျိုးကို ရရှိ၍ ကျန်ရစ်သည်။ ရသလည်းမြောက်၊ အကျိုးလည်းရှိသော စာမျိုး ဖြစ်၏။

စာတစ်အုပ် စာတစ်ပုဒ်သည် ဖတ်နေစဉ်မှာ ရသမြောက်၏။ ဆွဲဆောင်မှုရှိသည်။ သို့သော် စတ်ပြီးသည်နှင့် 'ဖုတ်ကနဲ ကျွရာမရ' ဆိုသကဲ့သို့ ဘာမျှမကျန်သော စာမျိုးသည် စာညံ့ဖြစ်၏။ နောက်တစ်မျိုးကတော့ ဖတ်နေစဉ်မှာလည်း ရသမမြောက် ဖတ်ပြီးတော့လည်း မည်သည့် အကျိုးမျှမရ၊ ပိုညံ့သော စာဖြစ်သည်။

သို့ရာတွင် ညံ့ရုံသာညံ့ခြင်းသည် အကျိုးမယုတ်၍ တော်သေး၏။ ဖတ်နေစဉ် ရသမြောက်ပြီး တလွဲသို့ဆွဲဆောင်သွားသောကြောင့် ဖတ်ပြီးသောအခါ ဖတ်သူမှာ လွဲမှားဆိုးယုတ်သောအယူအဆများကျန်ခဲ့လျှင် ထိုစာမှာ စာယုတ်ဖြစ်သည်။ မဖတ်သင့်ပါ။ ဖတ်သင့်သောစာသည်ဖတ်နေစဉ်လည်း ရသမြောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖတ်ပြီးသောအခါလည်း အကြောင်းအကျိုး အကောင်းအဆိုး၊ အမှားအမှန် ခွဲခြားဝေဖန်နိုင်သော ဘဝအသိ ကိုရသည်။ အမှားကို ဆန့်ကျင်၍ အမှန်ကို ဖော်ဆောင်ရဲသော ဘဝ သတ္တိကိုရသည်။ အနိုင်မခံ အရှုံးမပေးသည့် ဘဝအားမာန် ကိုလည်း ရသည်ဆိုလျှင် ထိုစာပေမျိုးမှာ စာကောင်း ဖြစ်၏။

စာကောင်းကိုရေးရာတွင်စာရေးသူမှာစေတနာ ပါသည်။ ရိုးဖြောင့်မှုရှိသည်။ ကောင်းသော ရည်ရွယ်ချက်ရှိ သည်။ စာဖတ်သူအား တစ်စုံ တစ်ခု ကောင်းကျိုးပြုစေရန် စာပေအနုပညာဖြင့် စည်းရုံးဆွဲဆောင်နိုင်မှု ရှိသည်။ နှိုးဆော် တိုက်တွန်းနိုင်မှုရှိသည်။ ဘဝ၏ အလှအပတို့ကို လှသည်ဟု အားကျစဖွယ်ဖြစ်အောင် ပြသည်။ မလှသည်တို့ကို မလှဟု စက်ဆုပ်ရွံမုန်းအောင်ပြသည်။ လူတို့သည် လောက၏အလှ၊ လူ့ ဘောင်၏အလှကို ခံစားတတ်ရန်လိုသည်။ ခံစားတတ်မှလည်း လှသည်။ အလှအပကို မခံစားတတ်သူသည် ဘဝတွင်လူဖြစ်ရှုံး ၏။ ထိုသို့ အလှအပကို မခံစားတတ်သူများသည် အလှအပကို လည်း ဖန်တီးသူ မဖြစ်နိုင်ပါ။

## စာဖတ်ခြင်းဖြင့်ကောင်းကျိုးရပါစေ

စာဖြတ်ခြင်းသည် အပြင်းပြေရုံသက်သက်မျှသာ မဖြစ်သင့်ပါ။ အပျင်းလည်းပြေ၊ ပညာလည်းရသင့်၏။ လူကြီး မိဘများသည် သားကောင်းသမီးကောင်းကိုရလိုလျှင် မိမိတို့၏ သားသမီးများကို



အလိမ္မာရှိသော စာကောင်းပေကောင်းများကိုသာ ရွေးချယ်ပေး၍ ဖတ်စေခြင်းဖြင့် လိမ္မာသောသားကောင်း သမီးကောင်း များဖြစ်အောင် ကူညီစောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ■မိဘဆရာပူးပေါင်းကလေးပညာကောင်း■

ကလေး၏ပညာရေးကောင်းမွန်ရန်အတွက်မိဘနှင့်ဆရာနှစ်ဦးနှစ်ဖက်တာဝန်ကျေစွာဆောင်ရွက်ကြရန်လိုသည်။ ဆရာဆရာမတို့ကမည်မျှပင်စနစ်တကျသင်ကြားပြသပေးစေကာမူ အိမ်တွင်မိဘတို့ကပညာရေးကိုစိတ်ပါဝင်စားစွာဆုံးမသွန်သင်ခြင်းမရှိလျှင်ကလေး၏ပညာရေးမကောင်းနိုင်ပါ။ အပြန်အလှန်ပင်အိမ်မှမိဘကမည်မျှပင်စနစ်တကျဆုံးမသွန်သင်စေကာမူ ကျောင်းတွင်ဆရာဆရာမတို့ကကျောင်းသားများအပေါ်၌ စေတနာမပါ၍သင်ကြားမှုမကောင်းလျှင်လည်းကလေး၏ပညာရေး မကောင်းနိုင်ပါ။

### ကျောင်းမှန်မှန်တက်မတက်

မိဘတို့သည် သားသမီးကျောင်းထားပေးရုံ၊ ကျောင်းသို့ လွှတ်လိုက်ရုံနှင့် တာဝန်မကျေသေးပါ။ ကျောင်းသို့သွား မသွား ကျောင်းချိန်အမီရောက်မရောက်၊ ကျောင်းမှန်မှန်တက် မတက်ကိုလည်း ဆန်းစစ်ရန်လိုသည်။ ကျောင်းပြေးစရှိသော ကလေး



သည် ကျောင်းပြေးလေးများနှင့်ပေါင်းမိ၍အစဉ်အမြဲ ကျောင်းပြေးတတ်သူလေး ဖြစ်တတ်လာသူလေး ဖြစ်လာတတ်၏။

အိမ်မှကျောင်းဆိုပြီးသွားသည်။ ညနေတွင်ကျောင်းဆင်းချိန်နှင့်ကိုက်၍အိမ်ပြန်လာတတ်သည်။ မိဘကစစ်ဆေးစုံစမ်းခြင်းမရှိလျှင်မသိ။ ထိုသို့ကျောင်းပြေးတတ်သောကလေးမျိုးသည်ပညာတော်သူမဖြစ်နိုင်တော့ပါ။

မိဘဘက်ကစစ်ဆေးရန်လိုသလို ဆရာဆရာမဘက်မှလည်းစစ်ဆေးရန်လိုသည်။ ကိုယ့်အတန်းထဲမှကိုယ့်တပည့်တစ်ဦးကျောင်းမတက်လျှင်လျစ်လျူမပြုသင့်ပါ။ ကျောင်းသားအချင်းချင်းနှုတ်ဖြင့်ပြောပြီးခွင့်တိုင်ခိုင်းရုံနှင့်ခွင့်မပေးသင့်ပါ။ ခွင့်စာပါမပါ၊ ထိုခွင့်စာမှာမိဘကိုယ်တိုင်ရေးသားတိုင်ကြားခြင်းဟုတ်မဟုတ်ဆန်းစစ်သင့်သည်။ သံသယရှိလျှင်မိဘထံအကြောင်းကြားသင့်သည်။

အချို့အလွန်စနစ်ကျသောကျောင်းများ၌အချိန်တိုင်းတွင်ဝင်ရောက်သင်ကြားသောဆရာဆရာမများက ကျောင်းခေါ်ချိန်ခေါ်သည်။ ကျောင်းမတက်သူရှိလျှင်ကျောင်းအုပ်ဆရာကြီးထံတင်ပြရသည်။ ဆရာကြီးကအရေးတယူစစ်ဆေးခြင်းဖြင့်ပုံမှန်ပျက်နေသောကျောင်းသားများကိုမှတ်မိသိရှိလာသည်။ ထိုအခါမိဘကိုခေါ်ယူ၍ပြောပြညှိနှိုင်းခြင်းဖြင့်ကလေးကိုအချိန်မီထိန်းသိမ်းပြုပြင်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## စာမှန်မှန်ကျက်မကျက်

ကျောင်းမှန်မှန်တက်သောကလေးကိုစာမှန်မှန်ကျက်ဖြစ်အောင်လည်းမိဘနှင့်ဆရာတို့ ပူးပေါင်းဆောင်ရွက်သင့်သည်။ မိဘသည်မိမိ၏သားသမီးကိုအတန်းအလိုက်သင့်တော်သော စာကျက်ချိန်သတ်မှတ်ပေးရမည်။ ထိုအချိန်အတိုင်းတိကျ မှန်ကန်စွာ လိုက်နာဆောင်ရွက်ရန်လည်း အလေ့အကျင့်လုပ်ပေးရမည်။

စာကြည့်စာပွဲတွင်ထိုင်၍ဝတ္ထုဖတ်ခြင်း၊ ကျောင်းသင်ခန်းစာနှင့်မဆိုင်သည်များကိုရေးခြင်း၊ ဖတ်ခြင်း၊ ငေးမောတွေးတောခြင်း၊ အိပ်ငိုက်ခြင်းတို့ မဖြစ်စေရန်လည်းသတိထား၍စစ်ဆေးပြုပြင်ပေးသင့်သည်။ ဆရာဆရာမတို့ကလည်းကလေးများကို သင်ခန်းစာကြေညက်စေရန်၊ အိမ်မှာရေးရန် တွက်ရန်ကျက်မှတ်ရန်စာများကိုပေးရမည်။ ထိုသို့ပေးလိုက်သည့်အတိုင်းကျောင်းသူကျောင်းသားများဆောင်ရွက်ခြင်းရှိမရှိကိုလည်းပြန်လည်ဆန်းစစ်သင့်သည်။ ဆရာကောင်းများသည်ယနေ့သင်ကြားလိုက်သောသင်ခန်းစာကိုနောက်တစ်နေ့တွင် အသစ်မသင်ဘဲပြန်လည်၍မေးမြန်းဆန်းစစ်တတ်သည်။ တပည့်အားလုံးကိုတာဝန်ကျေစွာကျက်မှတ်စေရန်နည်းအမျိုးမျိုးဖြင့်ဆောင်ရွက်ကြသည်။ ထိုကဲ့သို့မိဘရောဆရာပါနှစ်ဘက်ထိန်းကျောင်းပေးလျှင်ကလေးတို့သည်အိမ်စာမှန်မှန်လုပ်ဖြစ်ကြသည်။ စာမှန်မှန်ကြည့်ဖြစ်ကြသည်။ သင်ကြားပြီးသွားသော သင်ခန်းစာများကိုကြေညက်စွာနားလည်၍ပညာတော်သူများဖြစ်လာနိုင်ပါသည်။



## သင်ကြားစဉ်အာရုံစိုက်ပါစေ

သင်ခန်းစာများကိုဆရာရှင်းလင်းသင်ကြားစဉ် အာရုံစိုက်၍နားထောင်သောကလေးများသည်သင်ခန်းစာကိုကောင်းစွာ သဘောပေါက်နားလည်၍ ညစာကြည့်ချိန်တွင် တစ်ခေါက် နှစ်ခေါက်ပြန်လည်ဖတ်မှတ် လေ့လာခြင်းဖြင့် စွဲမြဲစွာ မှတ်မိသွားစေပါသည်။

ထို့ကြောင့်ဆရာဆရာမရှင်းလင်းသင်ကြားစဉ်မှာအာရုံစိုက်၍နားထောင်ရန်၊ တစ်ခြားတစ်ပါးသို့မလေလွင့်စေရန်မိဘတို့ကသတိပေးဆုံးမသင့်သည်။ ဆရာဆရာမများကလည်းမိမိတို့ရှင်းလင်းသင်ကြားစဉ်မှာကလေးများအားလုံးအာရုံစိုက်နားထောင်စေရန်ကြိုးစားသင့်သည်။ ဆရာကောင်းဆိုသည်မှာအသင်အပြကောင်းရုံနှင့်မပြည့်စုံပါ။ အတန်းအုပ်ချုပ်မှုလည်းကောင်းရန်လိုသည်။ မိမိသင်ကြားနေစဉ်မိမိထံသို့တပည့်အားလုံး၏အာရုံရောက်နေစေရန်ဆွဲဆောင်မှုရှိရမည်။ ရယ်စရာပျော်ရွှင်ဖွယ်ကလေးများနှင့်ဆွဲဆောင်ရန်လိုလျှင်လည်းဆွဲဆောင်တတ်ရမည်။ ငေးမောနေသည်ကိုတွေ့ရလျှင်ဆူသင့်ကဆူ၍ခေါက်သင့်ကခေါက်ရမည်။ သင်ကြားနေစဉ်အာရုံစိုက်နားထောင်မှသာသင်ခန်းစာကိုနားလည်မည်ဖြစ်ပါသည်။

www.burmeseclassic.com



## ပညာအရည်အချင်းစစ်ဆေးချက်

ကျောင်းတွင်းတွင် လပတ်စာမေးပွဲများ၊ ပထမအစမ်း၊ ဒုတိယအစမ်းစာမေးပွဲများကို စာမေးပွဲကြီးမတိုင်မီ စမ်းသပ်စစ်ဆေးကြသည်။ ထိုသို့စစ်ဆေးခြင်းသည်ကလေးများ ကိုသင်ခန်းစာများ နားလည်ခြင်းရှိမရှိ၊ စာကြည့်ခြင်းရှိမရှိ ဆန်းစစ်ခြင်းဖြစ်သည်။ ထိုသို့ဆန်းစစ်ရာမှ ရရှိလာသောပညာရည် အကဲဖြတ်မှတ်တမ်းကို တစ်ဦးချင်းစီ၏ မိဘများထံသို့ ပို့ပေးသည်။ အချို့မိဘများသည် သာမန်မျှသာသဘောထား၍လက်မှတ်ရေးထိုးပြီး သားသမီးကို ပြန်ပေးတတ်သည်။ ဖြစ်သင့်သည်မှာအောင်မအောင်၊ မအောင်လျှင် ဘယ်ဘာသာများညံ့နေသည်ကိုဆန်းစစ်လေ့လာရမည်။ လစဉ် ကျနေသောဘာသာများရှိလျှင် မည်သို့စီစဉ်ဆောင်ရွက်သင့်သည်ကို သက်ဆိုင်ရာ ဆရာ ဆရာမထံသို့သွားရောက်၍ ညှိနှိုင်းတိုင်ပင်သင့်သည်။ အောင် လျှင်လည်းအဆင့်မည်မျှရသည်ကို လေ့လာဆန်းစစ်၍ ထို့ထက် ပိုမိုပြီးတိုးတက် ထူးချွန်အောင်တိုက်တွန်းအားပေးသင့်သည်။

ဆရာဆရာမဘက်ကလည်းပညာရည်ဆန်းစစ်ခြင်းသည်ကျောင်းသူကျောင်းသားများအတွက်သာမက သင်ကြားသော ဆရာဆရာမအတွက်လည်းဖြစ်သည်ကိုသတိထားသင့်သည်။ မိမိသင်သောဘာသာများအကျများလွန်းလျှင်၊ အမှတ်ရနည်းလွန်းလျှင်မိမိကိုယ်ကိုပြန်လည်ဆန်းစစ်ရမည်။သင်ကြားမှုချမှုအားနည်းချက်ကြောင့်လား၊ ဘယ်အတွက်အကျများနေရ



သနည်း။ စူးစမ်းလေ့လာသင့်သည်။ အများနားမလည်၍မဖြေနိုင်သည်တို့ကိုပြန်လည်၍ရှင်းလင်းသင်ကြားသင့်သည်။ ကျောင်းသားများစာမကျက်၍ဖြစ်လျှင်လည်းထိုသင်ခန်းစာပိုင်းဆိုင်ရာများကိုပြန်လည်ကျက်မှတ်စေ၍ မေးမြန်းဆန်းစစ်သင့်သည်။

## မိဘဆရာတွေ့ဆုံပါ

ဆရာဆရာမများ တွေ့ဆုံပြီးကလေး၏ပညာရေးအတွက် ညှိနှိုင်းတိုင်ပင်သင့်သည်။ မိဘများသည် မိမိသားသမီး၏ အတန်းပိုင်ဆရာဆရာမတို့နှင့်လိုအပ်သလိုသွားရောက်တွေ့ဆုံ၍သားသမီးပညာရေးအတွက် အကြံဉာဏ်တောင်းခံသင့်သည်။

ဆရာဆရာမကလိုအပ်၍အကြံပေးလမ်းညွှန်သည်များကိုလည်းလိုက်နာသင့်သည်။ ကလေးစာမေးပွဲကျမှဆရာဆရာမထံသွားပြပြီးရန်တွေ့ခြင်း၊ ကျောင်းအုပ်ဆရာကြီးကိုတွေ့ဆုံတိုင်ကြားခြင်း၊ အပြစ်ပြောခြင်းတို့သည်မှန်ကန်သောလုပ်ရပ်မဟုတ်ပါ။ သားစာမေးပွဲကျ၍မကျေမနပ်လာပြောသောမိဘတစ်ဦးကို အလယ်တန်းကျောင်းအုပ်ဆရာကြီး တစ်ဦးက "ဟောဒီမှာ ကြည့်၊ခင်ဗျားရဲ့သားပညာရည်မှတ်တမ်း၊ လစဉ်စာမေးပွဲတွေမှာဘာသာအများကြီးကျခဲ့တယ်၊ ခင်ဗျားနှစ်ဝက်ဘုန်းကသာခုလိုလာပြောရင်သည်ကလေးစာမေးပွဲမကျအောင်ဘယ်လိုလုပ်ရမည်ဆိုတာညှိနှိုင်းတိုင်ပင်လို့ရမယ်။ ကလေး

www.burmeseclassic.com

www.burmeseclassic.com



ပညာရေးကိုတကယ်စိတ်ဝင်စားရင်စောစောကလာတွေ့ဖို့ကောင်းတယ်' ဟုပြောလေသည်။

မိဘတိုင်းသည်သားသမီး၏ဆရာဆရာမများနှင့် အထိအတွေ့အဆက်အဆံရှိသင့်သည်။ သားသမီး၏ပညာရေးနှင့်ပတ်သက်၍ ညှိနှိုင်းတိုင်ပင်သင့်ပါသည်။ ဆရာဆရာမများဘက်မှလည်းတတ်နိုင်သမျှကျောင်းသားမိဘများနှင့်တွေ့ဆုံနိုင်ရန်ကြိုးစားသင့်သည်။ ကိုယ်ကတပည့်အများနှင့်ပင်ဖြစ်သော်လည်းကိုယ်တိုင်သွားမတွေ့နိုင်လျှင် အကြောင်းကြီးငယ်အလိုက်ကျောင်းသားမိဘကိုလာရောက်ညှိနှိုင်းပါရန်စာရေး၍အကြောင်းကြားသင့်သည်။

ဖြစ်နိုင်လျှင်တော့ကိုယ့်တပည့်တိုင်း၏အိမ်သို့ဆရာဆရာမများသည်တစ်ခါတစ်ခေါက်တော့ရောက်ဖူးသင့်သည်။ ထိုသို့ရောက်ခြင်းဖြင့် မိဘနှင့်တွေ့ဆုံ ရင်းနှီးရသည်။ ကလေးအတွက် လိုအပ်သည်တို့ကို အကြံပေးလမ်းညွှန်၍ ရသည်။ ကလေးမိဘအခြေအနေ၊အိမ်အခြေအနေ၊စီးပွားရေးအခြေအနေ၊ပတ်ဝန်းကျင်အခြေအနေတို့ကိုတွေ့မြင်သိရှိရခြင်းဖြင့် ကလေး၏ဘဝကိုပိုမိုနားလည်သိရှိလာရသည်။ ထိုကလေးမျိုးကိုမည်သို့မည်ပုံဆုံးမလမ်းညွှန်သင့်သည်ကိုပါသဘောပေါက်နားလည်လာရသည်။ ထို့ကြောင့်မိမိတပည့်များ၏ပညာရေးကိုပိုမိုထိရောက်အောင်အကူအညီပေးနိုင်သည်။



## သူ့တာကိုယ့်တာကျေပွန်ပါ

မိဘနှင့်ဆရာတို့သည် ကလေး၏ပညာရေး ကောင်းမွန်ရန်သူ့ဘက်မှ တာဝန်ကိုယ့်ဘက်မှတာဝန်ကျေပွန်ကြရန်လိုသည်။ မိဘသည် ' မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ 'ဟူသောတာဝန်များနှင့်အညီသားသမီးတို့၏ ပညာရေးကို အလေးအနက်ထားသင့်သည်။ ကျောင်းမှန်မှန်တက်ရန်၊ စာမှန်မှန်ကျက်ရန်တိုက်တွန်းဆုံးမရမည်။

သားသမီး၏ဆရာဆရာမတို့နှင့်တွေ့ဆုံဆက်ဆံ၍ ညှိနှိုင်းတိုင်ပင်သင့်သည်။ ဆရာဆရာမများဘက်မှလည်း ' အတတ်လည်းသင်၊ပဲ့ပြင်ဆုံးမ၊သိပ္ပံမချန် ' ဆိုသကဲ့သို့တပည့်တို့အား စေတနာထား၍အတတ်ပညာသင်ပေးသင့်သည်။ ကျောင်းသားမိဘများနှင့်တွေ့ဆုံညှိနှိုင်း၍ကလေး၏ပညာရေးအတွက် 'အကြံဉာဏ် ' ပေးသင့်သည်။ မတစ်ထောင်သားသမီးများကိုမိမိရင်ဝယ်သားသမီးကဲ့သို့ချစ်ခင်မြတ်နိုးစွာ ကောင်းကျိုးတိုးတက်အောင် ဆောင်ရွက်သင့်ကြသည်။

မိဘနှင့်ဆရာတို့သည်သူ့တာကိုယ့်တာကျေပွန်ရုံသာမကနှစ်ဦးနှစ်ဖက်ညှိနှိုင်းတိုင်ပင်ခြင်းဖြင့်လည်း မိဘဆရာပူးပေါင်းလျှင်ကလေးပညာကောင်းနိုင်မည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ကလေးစာပေတင့်ပါစေ

ကလေးများသည်နေ့စဉ်နှင့်အမျှ ကိုယ်ခန္ဓာကြီးထွားလာသည်နှင့်အညီ အသိဉာဏ်ပညာလည်းကြီးထွားရန်လိုသည်။ ဗဟုသုတလည်းတိုးချဲ့ပွားများရန်လိုသည်။

မိဘပြောပြခြင်း၊သွန်သင်ဆုံးမခြင်း၊သင်ကြားပေးခြင်းဖြင့်ကလေးတို့အသိပညာတိုးပွားရသကဲ့သို့ ပတ်ဝန်းကျင်မှကြားသိခြင်းအတွေ့အကြုံအရနားလည်ခြင်းတို့သည်လည်းကလေး၏အသိပညာတိုးရာတိုးကြောင်းဖြစ်၏။

ကျောင်းနေသည့်အရွယ်ရောက်သောအခါဆရာဆရာမများကရှင်းလင်းပြောကြားခြင်း၊ သွန်သင်ဆုံးမခြင်း၊ သင်စာဖတ်စာများကိုသင်အံလေ့ကျင့်ခြင်းဖြင့်လည်းအသိပညာများစွာတိုးပွားရပြန်၏။ သို့ရာတွင် ဤမျှဖြင့်လုံလောက်ပြီဟု ကျေနပ်တင်းတိမ်နေ၍မရပေ။



### ကလေးစာပေဆု

ကလေးတို့သည်အသက်အရွယ်ကိုယ်ခန္ဓာကြီးထွားလာသည်နှင့်အမျှပို၍သိချင်လာကြသည်။ စပ်စပ်စုစု ပြုလာတတ်ကြသည်။ မိဘပတ်ဝန်းကျင်နှင့် ကျောင်းမှပေးသောအသိပညာမျှဖြင့်မလုံလောက်တော့ပေ။ ထိုအခါကလေးဖတ်စရာကလေးစာများလိုအပ်လာသည်။

ထို့ကြောင့် နိုင်ငံတော်က ကလေးဖတ်စရာကလေးစာပေကောင်းများ ပေါ်ထွန်းလာစေရန် အမျိုးသားစာပေဆုတွင် ကလေးစာပေကို အမျိုးအစားတစ်ခုအ ဖြစ် သတ်မှတ်၍ ဆုချီးမြှင့်ခဲ့သည်။ သို့သော်ကလေးစာပေဆုရသည့်နှစ်မှာအလွန်နည်းပါးလှ၏။

ကလေးနှင့် သင့်တော်သည့် ကလေးအတွက် ရည်ရွယ်ထုတ်လုပ်သည့် ကလေးစာပေမှာ လွန်စွာနည်းပါးလှသည်။ စာပေဗိမာန်မှအပတ်စဉ်ထုတ်ဝေသည့်ရွှေသွေးစာစောင်နှင့် မြဝတီတိုက်မှ လစဉ်ထုတ်သည့် ဒို့ကျောင်းသား စာစောင်နှစ်ခုသာလျှင် ကလေးဖတ်စရာ ကလေးစာဟု တိတိကျကျ ရှိပေသည်။

www.burmeseclassic.com



## ဘာသာရေးနှင့် ကလေးစာ

တစ်ခါတစ်ရံတွင် ဓမ္မပဒမှ ထုတ်နုတ်ဖော်ပြသော စိတ်ဝင်စားစရာ ဇာတ်လမ်းများပါသည့် စာအုပ်ကလေးများ၊ ငါးရာ့ငါးဆယ်နိပါတ်တော်လာဇာတ်ဝတ္ထုများစသည်တို့မှာကလေးတို့ စိတ်ဝင်စားစရာဖြစ်သည်။ ဖတ်ခြင်းအားဖြင့်လည်း စိတ်ဓာတ်ကောင်းမွန်ခြင်း၊ လိမ္မာယဉ်ကျေးခြင်းစသည့် ကောင်းကျိုးများကို ရရှိနိုင်ပေသည်။ ကျွန်ုပ်တို့ငယ်စဉ်က ကလေးဂျာနယ်စာအုပ်၊ ကလေးဖတ်စရာ ကလေးကဗျာစာအုပ်ကလေးများ ပေါ်ပေါက်ခဲ့သည်။ မော်ဒန်ကာတွန်း၊ သန်းကြွယ်၏ ကာတွန်းစသည်တို့ကလည်း ကလေးများအတွက် အပျင်းလည်းပြေ၊ ပညာနှင့် အလိမ္မာလည်းရစေရန် ရည်ရွယ်ချက်ကောင်းများနှင့် ရေးသားခဲ့ကြသည်ကို သတိထားမိသည်။

## စီးပွားရေးနှင့် ကလေးစာ

ယခုအခါတွင် စာအုပ်၊ စာပေ ထုတ်ဝေခြင်းကိုစွသည် ရည်ရွယ်ချက်ကောင်းရေးထက် စီးပွားရေးဘက်သို့ အလေးသာလာသည်။ ကလေးများကို အသိအလိမ္မာ ပညာရရှိရေးထက် ကလေး၏ အိတ်ထဲမှ မုန့်ဖိုးငွေကလေးများကို ခပ်လွယ်လွယ် နှိုက်ယူနိုင်ရေးကို ကြိုးပမ်းလာကြသည်။

စာဖတ်တတ်လာသော ကလေးများမှာ စာဖတ်ချင်စိတ်ဖြင့် ရရာစာအုပ်များကို ဖတ်ကြရသည်။ ကလေးကိုယ်



တိုင်ကသင့်မသင့်ကို မဝေဖန်နိုင်သကဲ့သို့ မိဘကလည်း စိစစ်ပြီးခွဲခြားမပေးနိုင်လျှင် အချို့ကလေးများ ဖတ်နေကြသည့် စာအုပ်များမှာ ကလေးနှင့် မသင့်တော်သည့် စာအုပ်များဖြစ်နေသည်။

## ကလေးနှင့် ရုပ်ပြစာအုပ်များ

ရုပ်ပြစာအုပ်များသည် ကလေးတို့အတွက် အပျင်းပြေအပျော်ဖတ် စိတ်ဝင်စားစရာ သက်သက်မျှသာမက အသိအလိမ္မာ ဉာဏ်ပညာရအောင်လည်း ဖြစ်စေသင့်သည်။ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝအောင် စေတနာကောင်း၊ ရည်ရွယ်ချက်ကောင်းနှင့် ရေးသားထုတ်ဝေသင့်ကြသည်။ နိုင်ငံအတွင်းရှိ သားငယ် သမီးငယ် များကို မိမိတို့ ရင်သွေးသားသမီးချင်း ကိုယ်ချင်းစာ၍ ထုတ်ဝေသင့်ကြသည်။

ထိုရုပ် ပြစာအုပ်များသည်လည်း အသေအချာ ဆန်းစစ်ကြည့်လျှင် ကလေးဖတ်စရာ ကလေးစာထက် အရွယ်ရောက်သူများအတွက် ရည်ရွယ်ရေးသားသည့်ကသာ ပို၍များပေသည်။ ကလေးငယ်တို့အတွက် ရည်ရွယ်ရေးသားသည်က နည်းပါးလှသည်။ သို့သော် ကလေးငယ်များသည် ရုပ်ပြဆိုလျှင်ပင် ကလေးစာဟုသဘောထား၍ မိမိတို့အရွယ်အတွက် မဟုတ်သည်တို့ကို ဖတ်နေကြရသည်။ ရုပ်ပြရေးသားထုတ်ဝေသူတို့ သတိထားရမည့်အချက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးနှင့် သင့်တော်မည့် ဓာတ်လမ်းများ၊ အသုံးအနှုန်းများ၊ အရေးအသားများကို စေတနာထား၍ ရေးသားသင့်ကြသည်။ တစ်ခါလာ မဲပြာ ပုဆိုးဆိုသကဲ့သို့ ပစ်ခတ်ထိုးခုတ် တိုက်ခိုက်သတ်ဖြတ်ခြင်း၊ ရက်စက်ခြင်း၊ နှိပ်စက်ခြင်း၊ သေနတ်အမျိုးစုံဖြင့် ပစ်ခတ်ကြခြင်း၊ သဘာဝမကျစွာ ကျားကြီးများကို မွေးထား၍ တိုက်ခိုက်စေခြင်း၊ သစ်နက်ကြီးများ၊ ကျားသစ်များ၊ ဝက်ဝံကြီးများမွေးထား၍ တိုက်ခိုက်စေခြင်းစသည့် ခပ်လွယ်လွယ်၊ ခပ်ကြမ်းကြမ်း၊ ခပ်ရမ်းရမ်း များကို ချည်း ဖန်တစ်ရာ တေအောင် ရေးမနေသင့်ကြပါ။

## ကလေးစာပေ အားပေးပါ

ကလေးငယ်တို့ထက် အသိအမြင်၊ ဆင်ခြင်တုံ တရားကြီးမားသူ လူကြီးမိဘများကလ်ညး မိမိတို့၏ သားငယ်၊ သမီးငယ်များကို မသင့်သောစာများ၊ အရွယ်နှင့် မကိုက်ညီသော စာများကို ဖတ်ခြင်းဖြင့် အကျိုးမယုတ်စေရန်ကာကွယ်ဟန့်တား ရပေမည်။ ကလေးငယ်များအတွက် ဖတ်သင့်သောစာနှင့် မဖတ်သင့်သော စာကို မိဘများကိုယ်တိုင်က ရွေးချယ်ပေးသင့် ကြသည်။

ထွက်လာသည့် စာကောင်းပေကောင်းများကို မိဘများကိုယ်တိုင်က ကလေးများအတွက်လမ်းညွှန်ပေး ခြင်း၊ ရှာဖွေပေးခြင်းဖြင့်လည်း စာကောင်းများ ထွန်းကားပွားများလာရေးကို အားပေးရာရောက်ပါသည်။ ကလေးဖတ်စရာ ကလေး



စာကောင်းများပေါ်ထွန်းလာရေးကို မိဘများကလည်းတောင်းဆိုသင့်သည်။ ရေးသားထုတ်ဝေသူများကလည်း စေတနာကောင်း ရည်ရွယ်ချက်ကောင်းဖြင့် ကြိုးစားပြီးရေးသား ထုတ်ဝေသင့်ပါသည်။

ကလေးဖတ်စရာ ကလေးကဗျာစာအုပ်များ၊ ကလေးဖတ်စရာ ဂျာနယ်မဂ္ဂဇင်းစာစောင်များ၊ ကလေးဖတ်စရာ ပုံပြင်စာအုပ်ကလေးများ၊ ရုပ်ပြစာအုပ်ကောင်းများ၊ ကလေးသူငယ်တို့ကို အခြေပြုသည့် ဝတ္ထုလေးများ စသည့် စာအုပ်များသည် ယခုထက် ပိုမို၍ များပြားစွာ ထွက်ပေါ်သင့်ပါသည်။

## မဂ္ဂဇင်းနှင့် ကလေးစာပေ

ယခင်ကမဂ္ဂဇင်းများတွင်လည်း ကလေးကဏ္ဍများ၊ ကလေးဖတ်စရာ ပုံပြင်လေးများကို ထည့်သွင်းဖော်ပြ ခဲ့ကြသည်။ ယခုအခါတွင် ထိုချစ်စရာ ကလေးစာပေကဏ္ဍများကို ဖြုတ်ပယ်ပစ်ကြပေပြီ။ ရုပ်ရှင်ကိစ္စများ၊ ဗွီဒီယိုကိစ္စများ၊ ရုပ်ရှင်ဓာတ်သဘင်တို့မှ မင်းသားမင်းသမီးကိစ္စများ၊ အဆိုတော် များ၊ တေးသီချင်းများကို ဓာတ်ပုံနှင့်တကွ ဝေဆာစွာဖော်ပြ ခြင်းများသာ မဂ္ဂဇင်းများက လွှမ်းမိုးလာကြသည်။ တကယ်လိုအပ်သည့် စာကောင်းပေကောင်းကိစ္စ၊ စေတနာကောင်း ရည်ရွယ်ချက်ကောင်းကိစ္စများသည် နောက်ဆုတ်ပြီးရင်းဆုတ်

www.burmeseclassic.com

www.burmeseclassic.com



နေကြရသည်မှာ ဝမ်းနည်းစရာ ဖြစ်ပေသည်။

**ကလေးစွယ်စုံကျမ်း**

ကလေးများကို အသိမှန်ကန်အောင် အသိဉာဏ် ဖွံ့ဖြိုးအောင် လိမ္မာယဉ်ကျေးအောင်၊ စိတ်ဓာတ်ကောင်းမြတ် အောင်ပြုစု ပျိုးထောင် ပေးကြမှ ကလေးများ တိုးတက်မည်။ ထိုကလေး များသည် အနာဂတ်လူ့ဘောင်ကို တာဝန်ယူရမည့် သူများ ဖြစ်သည်။ ကလေးများတိုးတက်မှ အနာဂတ်လူ့ဘောင် တိုးတက်မည်။ ထို့ကြောင့် ဖွံ့ဖြိုး တိုးတက်သော နိုင်ငံများတွင် ကလေးများကို အရေးပေးကြသည်။ အလေးထားကြသည်။ ကလေးဖတ်စရာကလေးစာများကိုစနစ်တကျ ရေးသားထုတ်ဝေ ကြသည်။

( Encyclopaedia for Children ) ကလေးများအတွက်စွယ်စုံကျမ်းများကိုပင် အတွဲပေါင်းများစွာ သရုပ်ဖော်ရောင်စုံပုံပေါင်းများစွာဖြင့် ဝေဝေဆာဆာ ထုတ်ဝေကြ ပေပြီ။ စက္ကူကောင်း၊ အဖုံးကောင်းများဖြင့်ပင် ဖြစ်လင့်ကစား ကလေးများအတွက် ဖြစ်၍ ဈေးနှုန်းကိုလည်း သက်သာအောင် သတ်မှတ်ထားကြသည်။ ကလေးများ၏ ပညာဖွံ့ဖြိုးတိုးတက် ရေးအတွက် ဤမျှပင်အလေးထား၍ဆောင်ရွက်နေကြပေသည်။

သားကောင်း သမီးကောင်းများကို ရလိုလျှင် မိဘ ပြည်သူအပေါင်းသည် ကလေးများ၏ ရုပ်ပိုင်းစိတ်ပိုင်း ဖွံ့ဖြိုးတိုး



တက်ရေးကို အလေးအနက်ထား၍ဆောင်ရွက်သင့်ကြပေသည်။ ကလေးဖတ်စရာ ကလေးစာပေကောင်းများ ထွန်းကားရေးကို ဝိုင်းဝန်း၍ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်နေပါပြီ။ ကလေး များကို စာညံ့ စာယုတ်များမှ လွတ်မြောက်၍ စာကောင်းများကို ဖတ်စေခြင်းဖြင့် ကောင်းကျိုးတိုးတက်အောင် ဆောင်ရွက်ကြရန် လိုပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

## သုတစာပေ ဖတ်ပါစေ

စာအုပ်စာပေများကို ရသစာပေ၊ သုတစာပေဟူ၍ အဓိက အားဖြင့် နှစ်မျိုး နှစ်စား ခွဲခြားကြည့်နိုင်၏။ သို့သော် အချို့သောစာရေးသူများက သုတသက်သက်ကို ဖတ်သူများ ငြီးငွေ့၍ မဖတ်မည် စိုးသောကြောင့် ဖတ်ဖြစ်ပြီး ကောင်းကျိုးရစေရန် စေတနာဖြင့် သုတအကြောင်းအရာများကို ခံစားမှုရသ ကလေးများနှင့် တွဲစပ်ပေးကြသည်။ ထို့ကြောင့် သုတရသ စာပေဟူ၍လည်း ဖြစ်ပေါ်လာသည်။

### ရသစာပေနှင့် ဆွဲဆောင်မှု

ရသစာပေသည် အမျိုးမျိုးသော ခံစားမှုကို ပေးနိုင်သောကြောင့် ဆွဲဆောင်မှုရှိသည်။ စာဖတ်သူက တမင်အားစိုက်၍ ဖတ်ရသည် မဟုတ်ပေ။ ရံသရေ အလျဉ်ကြောမှာ ခံစားရင်း မျောပါသွားရသည်။ နှစ်သက်မှုကို ဖြစ်စေသည်။ ထို့ကြောင့်ရသစာပေကို ဖတ်သူများသည် အထူးသဖြင့် လူငယ်များသဘောကျ နှစ်ခြိုက်စွာ ဖတ်ကြသည်။ မြန်မာစာပေတွင် ရသ (၉)မျိုးခွဲခြား သတ်



မှတ်ထားကြသည်။

၁။ သိင်္ဂါရ ရသ အချစ်နှင့်ပတ်သက်သော ခံစားမှု၊
၂။ ဟာသရသ ရယ်ရွှင်ဖွယ် ခံစားမှု၊
၃။ ကရုဏာရသ သနားကြင်နာဖွယ် ခံစားမှု၊
၄။ သန္တ ရသ တည်ကြည်ငြိမ်သက်ခြင်းခံစားမှု၊
၅။ ရုဒ္ဒရသ ကြမ်းကြုတ်ရက်စက်သည်ကိုခံစားမှု၊
၆။ ဝိဘစ္ဆရသ စက်ဆုပ်ရွံ့မုန်းဖွယ်ရာခံစားမှု၊
၇။ ဝီရ ရသ ရဲရင့်ခြင်းကို ခံစားရမှု၊
၈။ ဘယာနကရသ ကြောက်ရွံ့ခြင်းကို ခံစားရမှု၊
၉။ အဗ္ဘုတ ရသအံ့ဩဖွယ် ခံစားရမှုဖြစ်သည်။

တချို့သော ရသစာပေများသည် ခံစားမှုသက်သက်ကိုသာ ပေးစွမ်းနိုင်၍ ဖတ်နေစဉ်အတွင်းခံစားမှုရသဖြင့် ဆွဲဆောင်နိုင်သည်။ သို့သော် ဖတ်ပြီးသည်နှင့် တစ်စုံတစ်ခု သော ကောင်းကျိုးကိုမျှမရပေ။ ထိုစာမျိုးသည် အပျင်းပြေ အပျော်ဖတ်သက်သက်မျှသာ ဖြစ်၏။ အချို့သော ရသစာပေမျိုးသည်ကား ဖတ်နေစဉ်မှာလည်း ရသကို ခံစားရသည်။ ဖတ်ပြီးသည့်အခါ မှာလည်း တစ်ခုခုသော ကောင်းကျိုးကို အမှတ်ထင်ထင် ခွဲမြဲကျန်ရစ်စေသည်။ ရသမြောက် အကျိုးပြုစာကောင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## သုတရသ စာပေ

သုတရသစာပေမှာ သုတနှင့် ရသကို ရောမွှေထား ခြင်းဖြစ်၏။ ရသကိုခုတုံးအဖြစ် အသုံးချ၍စာဖတ်သူများဗဟုသုတရရှိအောင် ဆောင်ရွက်ခြင်းဖြစ်သည်။ စာဖတ်သူအားဗဟု သုတတိုးပွား၍ ကောင်းကျိုးရရှိပါ၏။ ဒေါက်တာထွန်းရွှေ၊ ဆရာဝန်မောင်သင်၊ ဒေါက်တာမောင်မောင်ညို စသည့် ဆရာဝန်စာရေးဆရာများသည် ဆေးပညာ ဗဟုသုတကို လူအများရရှိစေရန် ဆေးပညာကို အခြေခံသည့် ဝတ္ထုရှည်၊ ဝတ္ထုတိုများကို ရေးသားခဲ့ကြသည်။ ဖတ်သူများ ဆေးပညာဗဟုသုတကို ရရှိစေသည့် သုတရသ စာပေဖြစ်သည်။

ဆရာ ဦးသိန်းဖေမြင့်၏ အဏ္ဏဝါနှင့် ပုလဲဒေဝီ ဝတ္ထုသည်လည်းမြန်မာ လူငယ်များအား အဏ္ဏဝါပြင်ဆိုင်ရာ ဗဟုသုတကို ရရှိစေသည့် သုတရသစာပေဖြစ်သည်။

## သုတစာပေ

သုတစာပေ သက်သက်သည် ရသဖြင့် ဆွဲဆောင်ခြင်းမရှိပါ။ သို့သော် ဗဟုသုတ တိုးပွားလိုစိတ်၊ အတတ်ပညာ ဆည်းပူးလိုစိတ်ဟူသော ဆွဲဆောင်မှုများဖြင့် သုတစာပေကို ဖတ်ကြရပါသည်။

ထို့ကြောင့် ငယ်ရွယ်သူများ၊ စာဖတ်သက်နုသူများသည် များသောအားဖြင့် သုတစာပေကိုဖတ်ရန် ဝန်လေးတတ်ကြသည်။ ဖြစ်နိုင်သမျှ ကျော်လွှား ရှောင်ရှားတတ်ကြသည်။ အမှန်စင်စစ် သုတစာပေသည် ဗဟုသုတဆိုသည့်အတိုင်းအကြားအမြင်များစေ၏။ အသိပညာတိုးပွားစေ၏။ လူတစ်ယောက်၏အရည်အချင်းကို တိုးမြင့်စေ၏။ တိကျမှန်ကန်စွာ ဝေဖန်ပိုင်းခြားနိုင်မှုကို အထောက်အကူပြု၏။ ပညာရှိဖြစ်စေ၏။ ဦးစီး ခေါင်းဆောင်ကောင်းဖြစ်နိုင်၏။ ထို့ကြောင့် မသိသူကျော်သွား၊ သိသူဖော်စား ဆိုသည့်အတိုင်း သုတစာပေများကိုကြိုးကြိုးကုတ်ကုတ် ဖတ်ရှုလေ့လာမှတ်သားတတ်ကြသည်။

## သုတစာပေ ဖတ်ပါစေ

လူတို့သည်ရုပ်ပိုင်းဆိုင်ရာကိုယ်ခန္ဓာကိုကြီးထွားကြံ့ခိုင်စေရန် နေ့စဉ် အစာကျွေးရသကဲ့သို့ စိတ်ပိုင်းဆိုင်ရာ အသိဉာဏ် ပညာကြီးထွားတိုးတက်စေရန်လည်း ဗဟုသုတဖြစ်စရာ စာပေအမျိုးမျိုးတို့ကို ဖတ်မှတ်လေ့လာရန် လိုပါသည်။

ထိုသို့မဟုတ်လျှင် လူကသာ ကြီးလာသော်လည်း အသိဉာဏ်ကလိုက်လျောညီထွေစွာ ကြီးပွားတိုးတက်လာခြင်း မရှိပါ။ ထိုလူမျိုးကို လူကောင်ကြီးသော်လည်း အချိန်မစီးဟု ဆိုကြသည်။ ထိုလူမျိုးကို လူအများ အထင်မကြီးကြပါ။ ထို့ကြောင့်ဦးစီး ခေါင်းဆောင်ကောင်းလည်း မဖြစ်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အသက်ပင်ငယ်သော်လည်း အကြားအမြင် ဗဟုသုတများလျှင် ချီးမွမ်းဂုဏ်ပြုကြလေ့ရှိပါသည်။

လူငယ်တော်တော်များများသည် သုတစာပေကို လူကြီးများဖတ်ရန်ကိစ္စဖြစ်သည်။ လူငယ်များနှင့်မဆိုင်ဟုယူဆကြသည်။ မဂ္ဂဇင်းဖတ်လျှင် ဝတ္ထု၊ ကဗျာ၊ ကာတွန်း စသည် ရသစာပေများကိုသာ ဖတ်ကြသည်။ သုတဖြစ်သည့် ဆောင်းပါးများကို ကျော်သွားကြသည်။ မှားယွင်းသော အယူအဆဖြစ်၏။ ရသစာပေများကို ဖတ်သလို သုတစာပေများကိုလည်း ဖတ်သင့်သည်။

မိမိတို့၏ အသက်အရွယ်နှင့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကြီးထွားလာသည်နှင့် အမျှ စိတ်ပိုင်းဆိုင်ရာ အသိပညာ ရင့်ကျက်လာရန်လိုသည်။ အမျိုးမျိုးသော သုတစာပေများကို ဖတ်ခြင်းဖြင့် အကြားအမြင် ဗဟုသုတ များပြားလာသည်နှင့်အမျှ အသိအလိမ္မာ ဉာဏ်ပညာကြီးရင့်လာပေသည်။ သုတစာပေများများဖတ်လေ အကြားအမြင်အသိပညာ များပြားလေဖြစ်ပေသည်။

## သုတစာပေအမျိုးမျိုး

သုတစာပေတွင်လည်း အမျိုးမျိုး ရှိ၏။ အဓိကအားဖြင့်ကား သိပ္ပံဆိုင်ရာ သုတများနှင့် ဝိဇ္ဇာဆိုင်ရာ သုတများ ဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားကြည့်နိုင်သည်။



သိပ္ပံဆိုင်ရာ သုတတွင် ဆေးပညာ၊ စက်မှုပညာ၊ စိုက်ပျိုးမွေးမြူပညာ၊ ခန္ဓာဗေဒပညာ၊ အာကာသပညာ၊ အဏ္ဏဝါဗေဒ၊ ရာသီဥတုနှင့် ပတ်သက်သော မိုးလေဝသပညာ၊ နက္ခတ္တဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဓာတ်သတ္တုများ၊ ကျောက်မျက်ရတနာများ၊ မြေလွှာ အမျိုးမျိုး၊ စွမ်းအင်ဆိုင်ရာ ပညာများ၊ နည်းပညာများ၊ ကာကွယ်ရေးလုပ်ငန်းများ၊ ကာကွယ်ရေးပစ္စည်းများ၊ ပို့ဆောင်ရေးနှင့် ပတ်သက်သည့် ယာဉ်ရထားအမျိုးမျိုး၊ ဆက်သွယ်ရေး နှင့် ပတ်သက်သည့် ကိရိယာအမျိုးမျိုး၊ ကွန်ပျူတာပညာရပ်နှင့် ကွန်ပျူတာပစ္စည်းများ၊ စက်ရုပ်များ စသည်ဖြင့် ဤကမ္ဘာတွင် သိစရာတွေများလှစွာ၏။ နေ့စဉ်နှင့်အမျှလည်း အသစ်အသစ် များကို တီထွင် ကြံဆနေကြသည်။ တိုးတက်ပြောင်းလဲမှုများကို မရပ်မနားတွေ့ကြုံနေရသည်။

ယနေ့ လူငယ်များသည် တိုးတက်ပြောင်းလဲနေသော ကမ္ဘာကြီးကို မျက်ခြည်မပြတ် ရန်လိုသည်။ အမီလိုက်နိုင်ရန်လိုသည်။ အနည်းဆုံး သိမြင်နားလည်ရန် လိုသည်။

ထိုသို့ သိမြင် နားလည်ရန်ဆိုလျှင် သိပ္ပံပညာဆိုင်ရာ သုတစာပေများကို ဖတ်မှတ်လေ့လာကြရန်လိုသည်။ သိပ္ပံသုတများကို မဖတ်ကြလျှင် ခေတ်မီ တိုးတက် ပြောင်းလဲနေသောကမ္ဘာကြီးကို မျက်ခြည်ပြတ်ပြီး နောက်ကျ ကျန်ရစ်ခဲ့ပေမည်။ လူကြီးမိဘတို့သည် လူငယ်များကို တိုးတက်အောင်ပြုစုပျိုးထောင် ပေးရာတွင် သိပ္ပံ ပညာဆိုင်ရာ သုတအကြားအမြင်ဖြ

www.burmeseclassic.com

www.burmeseclassic.com



တို့ကို လည်းလူငယ်များအလွယ်တကူ ဖြင့် လက်လှမ်းမီမီဖတ်နိုင်ရန်စီစဉ်ပေးရမည်။ ဖတ်ဖြစ်အောင်လည်း နည်းအမျိုးမျိုးဖြင့် တိုက်တွန်းအကြံပေးသင့်သည်။

သိပ္ပံ သုတဖွံ့ဖြိုးမှ လူငယ်များတိုးတက်မည်။ လူငယ်များ တိုးတက်မှ နိုင်ငံတိုးတက်မည်။

ဝိဇ္ဇာ ပိုင်းဆိုင်ရာ သုတပညာရပ်များတွင် စာပေပညာ၊ ရုပ်ရှင် ဇာတ်သဘင်စသည့် သရုပ်ဆောင်ပညာ၊ ဂီတပညာ၊ လက်မှုပညာ၊ နှုတ်မှုပညာစသည့် အနုပညာရပ်များ၊ လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုဆိုင်ရာများ၊ သမိုင်းပညာ၊ ရှေးဟောင်းသုတေသနပညာ၊ စိတ်ပိုင်းဆိုင်ရာပညာ၊ ဘာသာဗေဒ၊ အတွေးအခေါ်အယူအဆ၊ ဥပဒေပညာ၊ အုပ်ချုပ်မှုပညာ၊ စီမံခန့်ခွဲမှုပညာ၊ စာရင်းအင်းပညာ၊ နိုင်ငံရေးပညာ၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် သုတများစွာ ရှိပေသည်။

ဝိဇ္ဇာ ပိုင်းဆိုင်ရာ သုတပညာများမှာ လူတို့အား အသိဉာဏ် ရင့်ကျက်စေသည်။ အမှား အမှန်ဝေဖန်ပိုင်းခြားနိုင်မှုအတွက် အထောက်အကူ ပြုသည်။ နှိုင်းနှိုင်းချိန်ချိန် သုခမိန်ဖြစ်စေရန် အခြေခံ ပညာရပ်များ ဖြစ်သည်။ ဦးစီးခေါင်းဆောင်ကောင်း အဖြစ်သို့ ပို့ဆောင်ပေးနိုင်သည်။

ထို့ကြောင့် လူငယ်များသည် ဝိဇ္ဇာပိုင်းဆိုင်ရာ သုတပညာများကိုလည်း ဖတ်မှတ်လေ့လာခြင်းဖြင့် မိမိကိုယ်တိုင်



တိုးတက်အောင် ပြုစု ပျိုးထောင်ပေးသင့်သည်။ လူကြီးများအလည်းလူငယ်များကို ဝိဇ္ဇာပိုင်းဆိုင်ရာ သုတစာပေများကို ဖတ်အောင်အားပေးကူညီသင့်ကြသည်။ ဖတ်ဖြစ်အောင်လည်း တိုက်တွန်းကြရမည်။

လူငယ်တို့၏ဘဝသည် အနာဂတ်အတွက် ပြင်ဆင်ထားရန် အချိန်ကောင်း အခွင့်ကောင်းဖြစ်၏။ တိုးတက်နေသော ကမ္ဘာကို တိုးတက်နေသော လူ့အဖွဲ့အစည်းမှ တိုးတက်နေသော လူငယ်များကို အမီလိုက်နိုင်ရန်ဆိုလျှင် တိုးတက်သော လူငယ်ဖြစ်ရန်လိုသည်။ ဖြစ်ချင်ရာဖြစ်ဟု သဘောထား၍ ပေါ့ပေါ့နေလျှင် ပေါ့ပေါ့သာ ဖြစ်မည်။ နောက်ကျ ကျန်ခဲ့လိမ့်မည်။

ထို့ကြောင့် အချိန်ရှိခိုက် လုံ့လစိုက်ဆိုသကဲ့သို့ ရသည့် အချိန်များမှာ အသိပညာ တိုးပွားရာ တိုးတက်ကြောင်းကို သုတစာပေကောင်းများ ဖတ်ကြသင့်သည်။ လူငယ်များက သဘောမပေါက် နားမလည်၍ မဖတ်လျှင် သိမြင်နားလည်သော လူကြီးများက ထိန်းကျောင်းတည့်မတ်ပေးရမည်။ အကြံပေးတိုက်တွန်းရမည်။

သုတစာပေ အဖတ်များသော လူငယ်တစ်ဦးသည် ရွယ်တူချင်းချင်း အတွင်းမှာ အသိပညာ အရှိဦးခေါင်းတစ်လုံးသာ ရှိမည်။ အများ၏ လေးစားစွာ အကြံဉာဏ်တောင်းခံမှုကို ခံရသည့် ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်လာနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သားကောင်းသမီးကောင်းလိုချင်လျှင် လူကြီးမိဘများသည် မိမိတို့၏ သားသမီးများကို ငယ်ရွယ် စဉ်ကပင် အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးသင့်သည်။ သိပ္ပံဆိုင်ရာ သုတစာပေများ၊ ဝိဇ္ဇာဆိုင်ရာ သုတစာပေများကို ဖတ်မှတ်လေ့လာဖြစ်အောင် နည်းပေးလမ်းညွှန်ပြုသင့်သည်။ ဖတ်ဖြစ်အောင် အကြံပေးတိုက်တွန်းသင့်သည်။ ဖတ်စတွင် စိတ်ပါဝင်စားမှု နည်းကောင်းနည်းမည်ဖြစ်သော်လည်း ဖတ်ဖန်များလျှင် ဖတ်သားကျ၍ စိတ်ဝင်စားမှုရှိလာမည်။ နောင်တွင် အစဉ်တစိုက် ဖတ်မှတ်လေ့လာခြင်းဖြင့် ကောင်းကျိုးရရှိသည်ကို ကိုယ်တွေ့ သိမြင် နားလည်မည်ဖြစ်သည်။

ထို့ကြောင့် သားသမီးများကို ချစ်လျှင် အပျော်ဖတ်စာပေသက်သက်နှင့်အချိန်မကုန်စေဘဲသုတစာပေကိုလည်း ဖတ်ပါစေ။

## ကိုယ်ကျင့်ကောင်း၍ စိတ်ကောင်းရှိပါစေ

ကိုယ်ကျင့်တရားကောင်း၍စိတ်ကောင်းစေတနာကောင်းရှိမှ လူကောင်း၊ သူကောင်း ဖြစ်နိုင်သည်။ လူကောင်းသူကောင်းဖြစ်မှ စိတ်ချမ်းသာရသည်။ မိဘတို့သည် သားသမီးကိုမကောင်းမှုရှောင် ကောင်းရာညွှန်လတ် ဆိုသည်နှင့်အညီ မကောင်းသောအကျင့်အကြံများကိုတားဆီးရမည်။စိတ်ကောင်းစေတနာကောင်းထားတတ်ရန် လမ်းညွှန်ပေးရမည်။

### ဏလေးနှင့် ခိုးတတ်သည့် အကျင့်

'အလွယ်မြင်လျှင် သူကြွယ်လိုချင်' ဆိုသကဲ့သို့ လူတို့ ဓမ္မတာမှာ ခပ်လွယ်လွယ် မြင်တွေ့၍ အခြေအနေပေးပါက လစ်လျှင်လစ်သလို သူတစ်ပါးပစ္စည်းကို ယူချင်စိတ် ဖြစ်မိတတ်သည်။ ယူမိတတ်သည်။ ထိုသို့သော အလေ့အလာများလျှင် ခိုးတတ်သည့် အကျင့်ပါသွားသည် သူတစ်ပါးပစ္စည်းကို အဖိုးတန်သည်ဖြစ်စေ၊မတန်သည်ဖြစ်စေ၊မယူမိစေရန် ငယ်စဉ်ကပင် မိဘများက ကွပ်ညှပ်ဆုံးမရန်လိုသည်။

www.burmeseclassic.com

www.burmeseclassic.com



သား၊ ရွှေဥ ဆုံးမစာတွင် ' မွတ်တော်ဆာစဉ် သူ့ဥယျာဉ်ဝယ် ချိုချဉ်ဖန်ခါး သစ်သီးများကို ဆွတ်စားတုံလေ့ ရှင်မတွေ့လည်း အလေ့အလာမပြုပါနှင့် ' ဆုံးမထားသည်။ 'သူမပေးမူ ဆေးတစ်အိုးမျှ မယူကြနှင့်' ဆိုသကဲ့သို့ သစ်သီးတစ်လုံးဆေးတံ တစ်ရှူစာမျှပင် အလေ့အကျင့် မပြုသင့်ပေ။

## နားရွက် အဖြတ်ခံရသည့် မိခင်

ကလေးတစ်ဦးသည် ငယ်စဉ်ကပင် သူတစ်ပါးပစ္စည်းကို လစ်လျှင် လစ်သလို ယူလာတတ်သည်။ ထိုသို့ ယူလာပြီး မိခင်အားပြရာ မိခင်အပြစ်မတင်ဘဲ လက်ခံသည်။ ထို့ကြောင့် ကလေးသည် ပို၍ အတင့်ရဲလာပြီး သူတစ်ပါး ပစ္စည်းကို ခိုးယူတတ်သည်။ မိခင်က ဟန့်တားခြင်းမရှိ။ ထို့ကြောင့် နောင် ကြီးပြင်းလာသောအခါ သူခိုးကြီးဖြစ်သွားသည်။ တစ်နေ့ တွင် ဖမ်းမိ၍ ခိုးသူအား သုသာန်ထုတ် ဓားခုတ်သတ်ရန် မြို့ကို လှည့်လည်ပြသည်။ သူခိုးက မိခင် အိမ်ရှေ့သို့ ရောက်သော် သူသတ်တို့အား အမိနှင့် စကားပြောခွင့် တောင်းသည်။ သူသတ်တို့က ခွင့်ပြုသည်။

'အမေ၊ ကျွန်တော် တိုးတိုးမှာစရာ ရှိ၍ ကျွန်တော့် အနားကပ်ပါ ' ဟု ဆိုသည်။ မိခင်က သားအနားသို့ ချဉ်းကပ်သည်။ ထိုအခါ လက်ပြန်ကြိုးတုပ်ထားသော သူခိုးက မိခင်၏ နားရွက်နားသို့ ကပ်၍စကားပြောမည့်ဟန်ပြုပြီး မိခင်၏ နားရွက်ကိုကိုက်ဖြတ်လိုက်သည်။ မိခင်ပြင်းထန်စွာ နာကျင်၍ အော်ဟစ်



ငိုယိုသည်။

' အို .. မိခင် သင်သည် ကျွန်ုပ်ငယ်စဉ်သူတစ်ပါး ပစ္စည်းများ ခိုးယူစဉ်က သိခဲ့မြင်ခဲ့ပါသည်။ ထိုသို့ မယူရန် ဆုံးမ သင့်ပါလျက် မဆုံးမဘဲ လက်ခံခဲ့သောကြောင့် ကျွန်ုပ် ယခုကဲ့သို့ သူခိုးကြီးဖြစ်ပြီး မင်းပြစ်မင်းဒဏ် သင့်ရသည် ' ဟုဆိုသည်။

' သားကို ငယ်က မဆုံးမမူ မိဘတလည်း ရန်သူ မည်၏ ' ဟူ၍ လောကနီတိတွင် ပြဆိုထားပေသည်။ ဟန့်သင့် သည်ကို ဟန့်၍ တားသင့်သည်ကို တားရမည်။ မကောင်းမှု နှင့် ကောင်းမှုကို အကြောင်းအကျိုးနှင့် တကွ ဆက်စပ်၍ သားသမီး များနားဝင်အောင် ဆုံးမသွန်သင်ရမည်မှာ မိဘတို့၏ တာဝန်ဖြစ်သည်။

## ခိုးခြင်းနှင့် စိတ်ထားယုတ်ညံ့မှု

ခိုးဝှက်ခြင်းသည် စိတ်ထားယုတ်ညံ့ သေးသိမ်မှုဖြစ်သည်။ အနည်း ငယ်ကလေးမျှ ခိုးယူလျှင်ပင် စိတ်ထားညံ့ဖျင်းမှုဖြစ်ပေသည်။ လူကြီးသူကြီး ရာကြီးထူးကြီးနှင့် ဖြစ်သည့်တိုင် လစ်လျှင် လစ် သလိုယူချင်သူတို့ ရှိတတ်သည်။ ထိုသူမျိုးသည် စိတ်ဓာတ်ညံ့သူ ဖြစ်သည်။ ထို့ကြောင့် စိတ်အားယုတ်လျော့၍ ဥပဓိ ရုပ်ပျက် သည်။ မျက်နှာမှာ ကျက်သရေ မတည်။ ခန့်ညား ထည်ဝါမှု ကင်းမဲ့သည်။ စိတ်ထားမြင့်လျှင် ရုပ်မလှသော်လည်း ဥပဓိ ကောင်းသည်။ စိတ်ထားသန့်စင်လျှင် မျက်နှာ ကြည်လင်သည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထားကောင်းလျှင် ထည်ဝါခန့်ညားမှု ရှိသည်။

## ကလေးနှင့် လိမ်ညာတတ်သောအကျင့်

လိမ်ညာတတ်ခြင်းသည် ခိုးခြင်းလောက်မဆိုးသည့်တိုင်အောင် မကောင်းသောအကျင့်ဖြစ်သည်။ စိတ်ဓာတ် နိမ့်ကျသေးသိမ်မှုပင်ဖြစ်သည်။ ကလေးကတည်းက မလိမ်တတ် မညာတတ်စေရန်၊ အမှန်ကိုသာ ပြောတတ်စေရန် သွန်သင်ဆုံးမရမည်။ အလေ့အကျင့် ပြုပေးရမည်။ အမှန်ကို ပြောတတ်မှ အမှန်ကို လုပ်တတ်သည်။ လိမ်ညာရမည်ကိုဝန်လေးသောအခါ လိမ်မှညာမှဖြစ်မည့် လွဲမှားသောအလုပ်များကိုလုပ်ရန်ဝန်လေးသည်။ လိမ်ညာရဲလျှင် မကောင်းမှုများကို လုပ်ရဲသည်။

## လိမ်ညာခြင်းနှင့် စိတ်အင်အား

လိမ့်ညာ၍ ပြောဆိုခြင်းသည်လည်း စိတ်ထားနိမ့်ကျမှုဖြစ်၍ စိတ်ဓာတ်အင်အား ကျဆင်းစေသည်။ မည်မျှပင် ပိရိအောင် လိမ်ညာတတ်ဟန်ဆောင်တတ်စေကာမူကိုယ်ပြုသောမကောင်းမှုကို ကိုယ်သိသည်။ ထို့ကြောင့် လိပ်ပြာမလုံ၊ စိတ်အား ယုတ်လျော့၍ ဥပဓိရုပ် ပျက်သည်။ မျက်နှာမှာ ကျက်သရေ မတည်။ ထည်ဝါခန့်ညားမှု ကင်းမဲ့တတ်သည် အမှန်ကိုပြု၍ အမှန်ကို ပြောတတ်သောသူသည် စိတ်အားကောင်း၍ ဥပဓိရုပ် ကောင်းသည်။ ထည်ဝါခန့်ညား၍ လူလေးစားခံရသည်။



## မကျိန်တတ်ပါစေနှင့်

အချို့ကလေးများသည် မိမိစကားကို ယုံကြည်စေရန် ကျိန်တွယ် ပြောဆိုသည်များရှိသည်။ အချို့လူကြီးများပင်လျှင် ထိုအကျင့် ရှိသည်။ အလွန်သေးသိမ်နိမ့်ကျသော လုပ်ရပ်ဖြစ်သည်။ မိမိကိုယ်ကို ယုံကြည်မှုအားနည်းခြင်းပင် ဖြစ်သည်။ ကျိန်တွယ် ပြောဆိုသည့် စကားသည် မယုံထိုက်ဆုံးဖြစ်သည်။ လိမ်ညာသောအကျင့် မရှိလျှင် ကျိန်တွယ် ပြောစရာလည်း မလိုပေ။ ကျိန်တွယ်ပြောမှယုံမည်ဆိုလျှင်လည်းထိုသူမျိုးကိုအရေးစိုက်ပြီး ကျိန်တွယ်ပြမနေသင့်ပေ။ မယုံချင်နေဟုသာ ပြတ်သားစွာ သဘောထားသင့်သည်။ ကျိန်တွယ်ခြင်းသည်စိတ်ဓာတ်နိမ့်ကျ၍ စိတ်အားယုတ်လျော့စေသည်။

ကလေးအရွယ်ငယ်စဉ်ကတည်းက အမှန်ကိုသာ ပြောတတ်အောင်လေ့ကျင့်ပေးခြင်းနှင့်အတူ မကျိန်တွယ်စေရန် လည်းအလေ့အကျင့် ပြုပေးရသည်။

အချို့သော မိဘများသည် သားသမီးစကားကို မယုံလျှင် အကျိန်အတွယ် ခိုင်းတတ်သည်။ အလွန်လွဲမှားသော လုပ်ရပ်ဖြစ်သည်။ ကလေးကို မကောင်းသော အလေ့အကျင့် လုပ်ပေးခြင်းဖြစ်သည်။ စိတ်ဓာတ်သေးသိမ်၍ စိတ်အားလျော့ ပါးအောင် ပြုမှုခြင်းပင် ဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## မိဘ ဆရာ ရှိသေပါ

ယခုအခါမှာ ကလေးတို့သည် ဘာသာတရား၏ အဆုံးအမကို ခံယူရမှုနည်းပါးလာ၍ ယဉ်ကျေးသိမ်မွေ့မှုပျက်လာသည် ။ မိဘနှင့် ဆရာသမားကိုပင် အရိုအသေနည်းလာ ကြသည် ။ မိဘကို ကလန်ကဆန် ပြောခြင်း၊ မလေးမစား ဆက်ဆံခြင်းတို့ကိုပင် ပြုရဲလာကြသည် ။ ကောင်းသော အလေ့အကျင့် မဟုတ်ပါ ။ လက်ဦးဆရာဖြစ်သော မိဘက ငယ်စဉ်ကပင် ထိုသို့ ပြုခြင်းကို လက်မခံသင့်ပေ ။ မပြုဝံ့အောင် ဆုံးမရမည်ဖြစ်သည် ။ မိဘကို မိဘမှတ် မှတ် ရိုသေရမည် ။ မိခင် ဖခင် ကျေးဇူးရှင်ကို ချစ်ခင်မြတ်နိုး ဂုဏ်ထိုက်သို့ ရိုကျိုး ခယ ရှိစေရန် လေ့ကျင့်ပေးရ မည် ။

ဆရာကိုလည်း ထိုနည်းတူပင် ရိုသေမြတ်နိုး ရှိသင့်သည် ။ ဆရာ ဆရာမကို မခန့်မညား ဆက်ဆံခြင်း၊ သရော်လှောင်ပြောင်ခြင်း၊ ကဲ့ ရဲ့ ရှုတ်ချခြင်းတို့သည် လွန်စွာ ရိုင်းစိုင်းနိမ့်ကျသော အပြုအမူ ဖြစ်သည် ။ ထိုကဲ့သို့သော အပြောအဆို အပြုအမူများကို မိဘက မြင်ရ၊ သိရလျှင် လက်မခံသင့်ပါ ။

ကျွန်တော်၏ **နှမ** တစ်ဦးသည် အိမ်တွင် လာရောက်နေထိုင်၍ ပညာသင်**ကြားနေ**သည် ။ တစ်နေ့တွင် ကျွန်တော်စာရေးနေစဉ် ' ဟိုမှာ ဟိုမှာ၊ **သာဂိ** ဘယ်သွားတာလဲ မသိဘူး ' ဟု သူတို့အချင်းချင်း ပြောဆိုပြီး **ရယ်မောနေ**ကြသည် ။

' ဘယ်သူလဲ သာဂိ ဆိုတာ ' ကျွန်**တော်**လှမ်းမေး



သောအခါ ' ကျွန်မ အတန်းပိုင်ဆရာလေ ' ဟုဖြေသည် ။ ကျွန်တော် အံ့သြသွားသည် ။ မကျေမနပ်လည်းဖြစ်မိသည် ။ 'ဘာလဲ သာဂိ ဆိုတာ အဲဒီဆရာ နာမည်လား' ဟုမေးတော့ 'သူ့နာမည်မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်မတို့က သူ့ကို သာဂိ လို့ပဲ ခေါ်ကြတယ်'

နှမငယ်၏ အဖြေကို ကြား၍ ပိုစိတ်ဆိုးမိသည် ။ ' ဘာလဲ နင်တို့ အဲဒါ ဘာအကျင့်လဲ၊ ကိုယ့်အတန်းပိုင်ဆရာကို များ မရိုမသေ မလေးမစားနဲ့ ရိုင်းစိုင်းလိုက်တာ၊ နောက်ထပ် အဲဒါမျိုး ငါဘယ်တော့ မှ မကြားချင်ဘူး၊ ဆရာကို မရိုမသေ မလုပ်နဲ့ ' ကျွန်တော် ကဒေါသဖြင့် ပြောမိသည် ။

## ဆရာကလည်း ဆရာနှင့် တူစေချင်

ကျွန်တော်က ဆူပူ ပြောဆိုသောအခါ နှမငယ် က ' ကျွန်မ မှားပါတယ်၊ နောက်ဘယ်တော့မှ မလုပ်ပါဘူး၊ ဒါပေမယ့် ကျွန်မဆရာတိုင်းကို ဒီလို မပြောဖူးပါဘူး၊ ဒီဆရာ အကြောင်းသာသိရင် အစ်ကိုလဲကျွန်မကို အပြစ်တင်မှာမဟုတ်ပါဘူး၊ တစ်ခုလောက်ပဲ ပြောပြပါမယ်၊ မနေ့က ဆရာက ပုဆိုးအကျႌ အသစ်တွေနဲ့ လှလှပပ ဖြစ်ပြီး အတန်းထဲ ဝင်လာတယ် ။ နောက်ကကောင်လေးတွေက ဟာ .. ဒီလိုဆို တော့ ငါတို့ဆရာက တယ်လှပါလား လို့ပြောကြတယ်၊ အဲဒီတော့ ဆရာက 'ဟ–မင်းတို့ပြောလို့ အလကားပေါ်ကွ၊ မိန်းကလေးတွေကပြောမှ ကောင်းတော့မပေါ့

www.burmeseclassic.com



လို့ပြောတယ်။ ဒါနဲ့ ကောင်လေးတွေက အဲဒီဆရာကို ဝိုင်းပြီး ပြောင်ကြ၊ သရော်ကြတယ်'

ကျွန်တော် စိတ်ဆင်းရဲမိပါသည်။ ဆရာများကလည်း ဆရာ့ကိုယ်ကျင့်သိက္ခာနှင့် ညီညွတ်ရန် တပည့်များကို သားသမီးလိုသဘောထား၍စိတ်ကောင်း၊စေတနာကောင်း ရှိရန်လိုပါသည်။ တပည့်မကောင်း ဆရာ့ခေါင်းဆိုသကဲ့သို့ ဆရာကောင်းမှလည်း တပည့်ကောင်းပါသည်။

ဆရာ ဆရာမများက ကလေးတို့အပေါ် ပညာတတ်စေရန် သာမက မှန်ကန်သော အသိအလိမ္မာနှင့် ပြည့်စုံစေရန်ပါတာဝန်ရှိကြသည်။ သားသမီးများ၊တပည့်များ အတွက် မိဘဆရာတို့သည် စံနမူနာကောင်းပြခြင်းဖြင့်လည်း ဆုံးမသွန်သင်ကြရန်လိုသည်။ သားသမီးများ တပည့်များက ရိုသေထိုက်သူများဖြစ်ရန်လိုသည်၊ ရိုသေထိုက်ပါလျက် မရိုသေလျှင် ရိုသေတတ်အောင် ဆုံးမသွန်သင်ပေးရမည်။

## ကြီးသူကို ရိုသေပါ

မိဘနှင့် ဆရာသမားပြီးလျှင် ကြီးသူကို ရိုသေတတ်ရန်လိုသည်။ လိမ္မာယဉ်ကျေးသော ကလေးသည် လူချစ်လူခင်များသည်။ နေရာတိုင်းမှာ အပေါင်းအသင်း ဝင်ဆံ့ သည်။ ထို့ကြောင့် စိတ်ချမ်းသာရသည်။ ကြီးသူများ၏ ကြင်နာခြင်း၊ ညှာတာခြင်း ကူညီစောင့်ရှောက်ခြင်းကိုခံရတတ်သည်။ ထို့ကြောင့် ယဉ်ကျေး



သိမ်မွေ့သူ၏ ဘဝသည် အဆင်ပြေသည်။ ကြီးသူကို ကြီးသူမှန်းမသိ။ ကလန်ကဆန့်ပြုတတ်ခြင်း၊ အရို အသေမရှိခြင်းသည် ဆက်ဆံမှု ရိုင်းပြခြင်းဖြစ်သည်။ ဆရာသမား၊ လူကြီးမိဘတို့ မေတ္တာ ပျက်တတ်သည်။ ကြီးသူများ ၏ငြိုငြင်ရှုတ်ချခြင်းကို ခံရတတ်သည်။ ဂုဏဝုဍ္ဍိ၊ ဝယဝုဍ္ဍိဂုဏ် အားဖြင့် ကြီးသောသူ၊ အသက်အားဖြင့် ကြီးသောသူကို ရိုသေခြင်းသည် မင်္ဂလာတစ်ပါးလည်းဖြစ်ပါသည်။ ငယ်စဉ်ကတည်းက ကြီးသူများကို ရိုသေတတ်စေရန်၊ ဆက်ဆံရေး ယဉ်ကျေးသိမ်မွေ့စေရန် မိဘများက အလေ့အကျင့်ပြုပေးသင့်ပါသည်။

## ငယ်သူကို ညှာတတ်ပါစေ

ကြီးသူကို ရိုသေသလို မိမိထက် ငယ်ရွယ်သူများကိုလည်း ကြင်နာသင့်သည်။ ညှာတာသင့်သည်။ ထိုအပြုအမူသည် စိတ်ထားမွန်မြတ်ခြင်းဖြစ်သည်။ အနိုင်ကျင့်ခြင်း၊ ဗိုလ်ကျစိုးမိုးလိုခြင်းတို့သည် မတရားမှုဖြစ်သည်။ ရက်စက်ယုတ်ညံ့မှုဖြစ်သည်။ ငယ်သူအား အနိုင်ကျင့်တတ်သူသည် သတ္တိနည်းပါးခြင်း ဖြစ်သည်။ စိတ်ထားလည်းမကောင်း၍အခွင့်ထူးခံတတ်မှု၊တစ်ကိုယ်ကောင်း ဆန်တတ်မှု၊ငါတစ်ကောကောတတ်မှုစသည့်မကောင်းသော အကျင့်များ အထုံပါသွားတတ်သည်။ ငယ်သူအား ညှာတာတတ်ခြင်းသည် စိတ်ထားမြင့် မြတ်ခြင်းဖြစ်သည်။ အရှုံးပေးလို့ အနိုင်ရဆိုသကဲ့သို့ ငယ်ရွယ်သူတို့အပေါ်မှာအလျှော့ ပေးတတ်ခြင်းသည် စိတ်ဓာတ်ရေးရာအရ အောင်နိုင်ခြင်းဖြစ်သည်။

www.burmeseclassic.com



ထို့ကြောင့် ကလေးတို့အား မိမိထက်ငယ်သူကို ညှာတာတတ်၊ အလျှော့ပေးတတ်စေရန် လေ့ကျင့်သင်ကြားပေးသင့်သည်။

ပန်းလိုချင် အပင်ကို ပျိုးတတ်မှ ဆိုသကဲ့သို့ မွန်မြတ်သော သားကောင်း သမီးကောင်းကို ရလိုလျှင် ကလေးအရွယ် ငယ်စဉ်ကပင် ကိုယ်ကျင့်တရား ကောင်း၍ စိတ်ကောင်းစေတနာကောင်းရှိသူဖြစ်အောင် မိဘဆရာတို့က အလေ့အကျင့် ပြုပေးရန် ဆုံးမ သွန်သင်ရန်လိုအပ်ပါသည်။

BURMESE CLASSIC .com

## အနစ်နာခံ၍ ကူညီတတ်ပါစေ

မိဘတိုင်းသည် ကိုယ့်သားသမီးကို ချစ်ကြသည်ချည်းဖြစ်၏။ ထို့ကြောင့် ကိုယ့်သားသမီးကို သူများနှင့်ပြိုင်လျှင် နိုင်စေချင်သည်။ သူများ နှင့် စလျှင် သာစေချင်သည်။ ထို့ကြောင့် အနိုင်ရရေး၊ အသာရရေးအတွက် မသိမသာ ရောသိသိသာသာပါမြှောက်ထိုး ပင့် ကော်လုပ်တတ်ကြသည်။ ကောင်းသော ယှဉ်ပြိုင်မှုကို တရားမျှတစွာ ယှဉ်ပြိုင်သင့်ပါ၏။ မကောင်းသောယှဉ်ပြိုင်မှုနှင့် မသမာသော လုပ်ရပ်များဆိုလျှင် မသင့်ရုံသာမက ကလေးအတွက် အကျိုးယုတ်တတ်သည်။

### ကလေးကို အစွာ မသင်နှင့်

'ဘယ်သူကဖြင့် ဘယ်လိုပြောလိုက်တာ၊ သိပ်တော်တာပဲ၊ သူဖြင့် အ, အကြီး ပြန်ပြောလိုက်ပါလား၊ နင့် ပါးစပ်မပါဘူးလား၊ ဘာလို့ခံနေရတာလဲ၊ ဘယ်လိုပြောလိုက်ပေါ့၊ ညာလိုပြန်ပြောလိုက်ပေါ့' စသည်ဖြင့် ဆူကြပူကြ၊ အစွာသင်ပေးတတ်ကြသည်။ ထိုသို့ သင်ရင်း သင်ရင်းနှင့် ကလေးသည် မိန်းမစွာလေး၊

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားစွာလေး ဖြစ်လာသည်။ ထိုအခါ စွာသူတို့ ဓမ္မတာအတိုင်းရန်များသည်။ အစဉ်အမြဲစွာနေရတော့သည်။

လူမုန်းများလာသည်၊ လူတိုင်းက စက်ဆုပ်လာသည်။ ထိုသို့ လူများက ကိုယ့်ကို ရွံမုန်း စက်ဆုပ်လာသော အခါ ကိုယ်ကလည်း လူအများကို တူညီစွာ တုံ့ပြန်ပြီး စက်ဆုပ်ရွံမုန်းလာရသည်။ 'မေတ္တာကုန်ခန်း၊ စိတ်မချမ်း၊ ညှိုးနွမ်းမည်ကိုကြောက်' ဆိုသကဲ့သို့ လူအများ၏ မေတ္တာတုံး၍ အမုန်းများမှ ခံရသူသည် ကိုယ်ကလည်း လူအများ ပေါ်မှာ မေတ္တာတုံး၍ အမုန်းများ သူ ဖြစ်တတ်သည်။ ထိုလူမျိုး၏ ဘဝသည် ခြောက်သွေ့၍စိတ်ဆင်းရဲစရာဖြစ်၏။ ကလေးကို အစွာမသင်သင့်ပါ။ မေတ္တာအကြင်နာနှင့် စိတ်ကောင်း စေတနာ ကောင်းရရှိရန်သာ သင်ပေးသင့်သည်။

BURMESE CLASSIC .com

## အညစ်အကြေးမသင်နှင့်

' ဒါပဲနော် ပြောထားလိုက်မယ်၊ ငါ့သားသမီးဖြစ် ပြီးသူများညစ်တာကြေးတာကို ခံမလာခဲ့နဲ့၊ ကိုယ်ကသာ လူလည်လုပ်ခဲ့၊ ကိုယ်ကသာ နိုင်အောင် သာအောင် လုပ်ခဲ့ ' ဟူ၍ လူလည်လုပ်နည်းသင်ပေးသော မိဘများလည်း ရှိသည်၊ လူတစ်ယောက်မှာ ပါးရည်နပ်ရည် ရှိခြင်း၊ အကျိုးအကြောင်းသိတတ်ခြင်းသည် ကောင်းပါ၏။ သို့သော် လူလည် လုပ်ခြင်း၊ လူပါးဝခြင်းမှာ မကောင်းပါ။



သူတစ်ပါးကို သရော်လှောင်ပြောင်တတ်ခြင်း၊ ပြက်ရယ်ပြုတတ်ခြင်း၊ အရှက်တကွဲဖြစ်အောင် နောက်ပြောင်တတ်ခြင်း၊ ဒုက္ခရောက်အောင် ချောက် ချတတ်ခြင်း တို့သည် သိမ်ဖျင်းယုတ်ညံ့မှုများဖြစ်၏။ ငယ်စဉ်ကတည်းက ထို အကျင့်မျိုးရှိသောကလေးသည်ကြီးလျှင်လူလည် လူရှုပ် လူယုတ်မာဖြစ်တတ်သည်။

အချို့ကလေးများသည် ကလေးအချင်းချင်း စကားပြောရာတွင် သူတစ်ပါးကို နှိမ်၍ ပြောတတ်သည်။ သူများပြောသော စကားကို ပျက်အောင်သ ရော်လှောင်ပြောင်တတ်သည်။ ကိုယ်သာအသိ၊ ကိုယ်သာအတတ်ဖြစ်အောင် ဝါကြွားတတ်သည်။ သူတစ်ပါးထက် အသာအကြောဖြစ်အောင် လုပ်တတ်သည်။ ထိုကဲ့သို့သော ကိစ္စများတွင် ကိုယ့်သားသမီးကလည်သည်၊ သာသည်၊ အနိုင်ရသည်ဟု ဂုဏ်ယူ ကြည်နူးမနေသင့်ပါ၊ ထိုကဲ့သို့ပြုမူ ပြောဆိုခြင်းသည် မတရားကြောင်း၊ မကောင်းကြောင်း၊ သူတစ်ပါးအရှက်ရအောင်၊ စိတ်ဆင်းရဲအောင် မလုပ်သင့်ကြောင်းဆုံးမသင့်ပါသည်။ မိဘချင်းလည်း ကိုယ်ချင်းစာနာ၍ သားသမီးချင်းလည်းစာနာသင့်သည်။

## ရိုးဖြောင့်၍ စိတ်ရင်းကောင်းပါစေ

ကလေးတို့၏ ဆိုးခြင်း၊ ကောင်းခြင်းသည် မိဘအပေါ်မှာ မူတည်သည်။ မိဘကအစွာသင်ပေးလျှင် စွာမှ ကြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



မိဘအကြိုက်လိုက်၍ စွာသူ ဖြစ်သွားတတ်၏။ မိဘကလူလည်လုပ်မှ၊ လူပါးဝမှ ကြိုက်လျှင် ထိုသို့ပြုသည်ကို ချီးမြှောက်အားပေးလျှင်ကလေးသည် လူလည်လုပ်သူ၊ လူပါးဝသူ ဖြစ်လာတတ်သည်။ အကောင်းဆုံး၊ အမှန်မြတ်ဆုံးမှာ ရိုးသားဖြောင့်မတ်ခြင်း၊ စိတ်ရင်းစေတနာကောင်းခြင်းသာဖြစ်သည်။ မိဘတို့သည် သားသမီးကို စွာသူ၊ လူပါးဝသူဖြစ်အောင် လွှဲမှားစွာ ပုံသွင်းမပေးသင့်ကြပါ။ လူစွာ၊ လူလည် တို့သည် လောကအလယ်မှာ လူအများ စက်ဆုပ်ရွံမုန်းစရာ ဖြစ်သည်။ လူချစ်လူခင်များခြင်းကို မခံရတတ်ပါ။ ထို့ကြောင့် ငွေကြေးချမ်းသာသော်လည်း စိတ်မချမ်းသာရပါ။ ရာထူးကြီး ရသည့်တိုင်အောင် ဂုဏ်သတင်းကင်းမဲ့တတ်သည်။

ရိုးဖြောင့်၍ စိတ်ရင်းကောင်းသောသူကို လူတိုင်းချစ်မြတ်နိုးသည်။ ခင်မင်လေးစားကြသည်။ ပေါင်းသင်းဆက်ဆံရေး နယ်ပယ်မှာ အဆင်ပြေသည်။ ထို့ကြောင့် ပျော်ရွှင်ရသူဖြစ်သည်။

## သူတစ်ပါးကို ကူညီတတ်ပါစေ

လူတို့ ဓမ္မတာမှာ မိမိကိုယ်ကို သာ အချစ်ဆုံးဖြစ် ကြသည်။ ထို့ကြောင့် အတ္တဟိတကို အခြေခံရင်း အတ္တလွန်ကဲ တတ်သည်။ ပေးကမ်းခြင်း၊ အနစ်နာခံခြင်း၊ အလျှော့ပေးခြင်း၊ ကူညီခြင်းတို့သည် အတ္တအခြေခံကို ဆန့်ကျင်၍ အောင်မြင်ခြင်း



ဖြစ်သည်။ ပရဟိတဖြစ်သော သူတစ်ပါးအကျိုးကိုဦးစားပေးခြင်းဖြစ်သည်။ ထို့ကြောင့် မွန်မြတ်သည်။ စိတ်တန်ခိုးစွမ်းအားကြီးမားသည်။ ကလေးအရွယ် ငယ်စဉ်ကပင် သူတစ်ပါးကို ကူညီတတ်အောင်လေ့ကျင့်ပေးသင့်သည်။ လမ်းပေါ်မှ ငှက်ပျောခွံကို ကောက်ပစ်ခြင်း၊ ဆူးခက်၊ ဖန်ကွဲ မှန်ကွဲကို ကောက်ပစ်ခြင်းစသည့် လုပ်ရပ်ကလေးများ၏ကြီးကျယ်မွန်မြတ်ပုံကို နားလည်အောင် ရှင်းပြသင့်သည်။

ကျွန်တော်တို့ ငယ်စဉ် ကျောင်းသားဘဝတွင် ဆရာမတစ်ဦးက ဆုံးမဖူးသည်။ မိန်းကလေးတစ်ယောက် စက်ဘီးလဲပြီးမှောက်လျက်ကြီးဖြစ်သွားသည်ကို ရယ် စရာကောင်း၍ ဟားတိုက်ရယ်မောလျှင် မိန်းကလေးအတွက် နာသည်ထက် ရှက်သည်ကပိုဆိုးပြီး ငိုလိမ့်မည်။ ရယ်သူကို ဆဲဆိုရန်လုပ်ခြင်းပင် ဖြစ်တတ်သည်။ ထို့ကြောင့် ရယ်မောလှောင်ပြောင်ခြင်းမပြုသင့်။ လဲနေသော ဘီးကို ထူပေးခြင်းဖြင့် ကူညီသင့်သည်။ ခပ်ဝေးဝေးမှာဖြစ်၍ ပြေးထူရန်မလွယ်လျှင် မမြင်ယောင် မသိယောင်ပြု၍ မကြည့်ဘဲ နေလိုက်ပါ။ မိန်းကလေးက ဘယ်သူမှ မမြင်ဟု ထင်၍ အရှက်သက်သာခြင်းသည် ကူညီရာရောက်သည်ဟု ရှင်းပြ၏။ ကောင်း မြတ်သော သွန်သင်ဆုံးမချက်ဖြစ်သည်။

ကျွန်တော်ငယ်စဉ်က ကစားနေစဉ် တောမှပြန်လာသောအဘွားအိုကြီး တစ်ယောက်သည် ရှာပေါက်ရှေ့က်မှ

www.burmeseclassic.com

www.burmeseclassic.com



'ဟောတော် ဒုက္ခပါပဲ၊ ဖိနပ်မေ့ကျန်ခဲ့ပြီ၊ ဩော်- ငါသေလိုက်ပါတော့ဟယ်' ဟု ညည်းညူရှာသည်။ ခေါင်းပေါ်မှ ထင်းစည်းလေးကို ချပြီး တောသို့ပြန်သွားရန်ပြင်သည်။ အညာနွေကလည်း ပူပြင်းလှသည်။ အဘွားကြီးမှာ အသက် ၇၀ ကျော်ပြီမို့ တရွေ့ရွေ့ သာသွားနိုင်သည်။

'အဘွားဖိနပ်က ဘယ်မှာလဲ' ဟုကျွန်တော်မေးကြည့်တော့ 'အံမယ်လေး အဝေးကြီးပါပဲကွယ်' ဟုဆိုပြီး တစ်ရွေ့ရွေ့ ပြန်သွားနေသည်။ 'အဘွား၊ ကျွန်တော် သွားယူပေးမယ်၊ နေရာပြော' ဆိုတော့ ကျွန်တော့်ကို တအံ့တဩကြည့်နေသည်။

'အံမယ်လေး၊ မောင်မင်းကြီးသား သူတော်ကောင်းရှေကျောင်းဆောက် ' စသည်ဖြင့် ချီးကျူးစကားပြောပြီး ဖိနပ်ကျန်ခဲ့သောနေရာကို ပြောပြသည်။ အတော်ဝေးဝေး မှာသွားယူပြီး အဘွားကြီးအိမ်အထိလိုက်ပို့ရသည်။ ဖိနပ်မှာ အမြီးတိုနေသည့် နှိဖိနပ်လေးဖြစ်သည်။ သူ့ဖိနပ်ကို ပြန်ရသော အခါ အဘွားကြီးမှာ မဆုံးနိုင်သော ဆုတွေကို တသိတတန်းပေးနေပါတော့သည်။

ကစားဖော်သူငယ်ချင်းများက နေပူကြီးထဲတွင် တောသို့အဝေးကြီးသွားပြီး အဘွားကြီး ဖိနပ်ယူပေးကြောင်းအမေကို သွားတိုင်ကြသည်။ အမေကနေပူလွန်း၍ ဘယ်မှမသွားရဟု တားမြစ်သည့်ကြားမှ သွားရခြင်းဖြစ်၍ အိမ်ပြန်ရောက်သောအခါ အမေရိုက်မည်ကို ကြောက်မိသည်။ သို့သော် အမေက မရိုက်ရုံ



သာမက သက်ကြီးရွယ်အို ကူညီသည်မှာကောင်း ကြောင်း ချီးကျူးပြီး သာဓု သုံးကြိမ်ခေါ်သည်။ ထိုအကြောင်းကို ယခုအချိန်အထိ ပြန်တွေးမိတိုင်း ကြည်နူးဂုဏ်ယူရပါသည်။ ကူညီခြင်းသည် မိမိကိုယ်ကို ကြည်နူးကျေနပ်မှုဖြစ်စေပါ၏။

ရပ်ထဲ ရွာထဲ ရောက်လာသော ဧည့်သည်က လမ်းမသိ၍ မေးလျှင် လိုက်ပြကူညီခြင်း၊ သူတစ်ပါးပစ္စည်းမေ့ကျန်ကျပျောက်သည် ကို ကောက်ရလျှင် ပိုင်ရှင်အား ပြန်ပေးခြင်းတို့သည် ကောင်းမြတ်သော ကူညီခြင်းများဖြစ်သည်။ မိမိကူညီလိုက်သူ၏ စိတ်ချမ်းသာမှု ၊ အဆင်ပြေချောမောမှု ၊ ချမ်းသာကြည်နူးမှု သည် မိမိကိုလည်း တဖန်ရောင်ပြန်ဟပ်၍ ချမ်းသာကြည်နူးရပါသည်။

အိမ်တွင် မိဘကို ကူညီခြင်း၊ အိမ်သားအချင်းချင်း ကူညီခြင်း၊ ကျောင်းတွင် ဆရာ ဆရာမများကို ကူညီခြင်း၊ ကျောင်းသူကျောင်းသားအချင်းချင်းကူညီခြင်းသည် ကောင်းမြတ်သောအလေ့အကျင့်ဖြစ်သည်။ ထို့ထက် ပို၍ အသက်အရွယ်ကြီးရင့်လာလျှင် လမ်းပြင်မြောင်းဖောက်လုပ်အားပေးခြင်း၊ အသုံးလုံး လုပ်အားပေးခြင်း၊ စက်ရုံ၊ အလုပ်ရုံ၊ ရုံး၊ ကျောင်းစသည်တို့တွင် လုပ်အားပေးခြင်း များသည်လည်း ပရဟိတလုပ်ခြင်း၊ သူတစ်ပါးကို ကူညီပေးခြင်းပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## နိမ့်ကျသော အမြင်တို့မှ

အချို့လူကြီးများသည် သူတစ်ပါးကိစ္စကို ကူညီလုပ်ဆောင်ပေးသည်ကို အောက်ကျနောက်ကျနိုင်သည်၊ မနေနိုင် မထိုင်နိုင်ရှိသည်၊ အလုပ်ပိုသည်ဟု သားသမီးကို ပြောစွဲဟန့်တားသည်များရှိကြ၏။ သူတို့ကိုယ်တိုင်က စိတ်သဘောထားသေးသိမ်မှု၊ အမြင်တိုမှု ဖြစ်သည်။ နိမ့်ချခြင်း၏မြင့်မြတ်မှု၊ ကူညီတတ်ခြင်း၏ မွန်မြတ်မှုကို မသိနားမလည်ကြခြင်း ဖြစ်သည်။ အတ္တဟိတ လွန်ကဲသူများ၊ ငါတကောကောသူများသည် သားသမီးကို လွဲမှားသော အယူအဆများသွတ်သွင်းပေး၍ မွန်မြတ်သောစိတ်ထားများ လျော့ပါးစေသည်။ တစ်ကိုယ်ကောင်းဆန်သောစိတ်များ သွတ်သွင်းပေးတတ်သည်။ လွဲမှားသောမိဘဖြစ်သည်။

သားသမီးတို့၏ ဘဝတစ်သက်တာ ကောင်းမွန်စေချင်လျှင် စိတ်ထားကောင်းရေးမှာ အရေးအကြီးဆုံးအချက်ဖြစ်သည်။ စိတ်ထား ညံ့လျှင် လူညံ့သာဖြစ်သည်။ ထို့ကြောင့် မိမိတို့၏ သားသမီးကို လူစွာ ဖြစ်အောင် မြှောက်ထိုးပင့်ကော်မပြုသင့်။ သူတစ်ပါး အပေါ်တွင် ညစ်ခြင်း၊ ကြောခြင်း၊ လူပါးဝခြင်း စသည်တို့ကိုလည်း အားမပေးသင့်ပါ။ ကူညီတတ်၊ အနစ်နာခံတတ်၍ မွန်မြတ်သော လူကောင်း သူကောင်းဖြစ်အောင်ဆုံးမသွန်သင်သင့်ပါသည်။ ကောင်းသောအလုပ်များကို ငယ်စဉ်ကပင် လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် စိတ်ကောင်း စေတနာကောင်းများ မွေးမြူသင့်သည်။

## မိဘဆရာ ရှိသေပါ

မိဘဆရာကို မရိုသေတတ်သော ကလေးသည် လိမ္မာယဉ်ကျေး ခြင်းမရှိနိုင်ပါ။ လိမ္မာ ယဉ်ကျေးခြင်းမရှိသော ကလေးသည် မိဘကို စိတ်ဆင်းရဲ စေတတ်သည်။ မိဘကို အမှီပြုနေရပြီး မိဘကိုစိတ်ဆင်းရဲအောင် ပြုသော ကလေးသည် အိမ်ထောင်မိသားစုအတွင်းမှာ ဆက်ဆံရေး အဆင်မပြေ ဖြစ်မည်။ ထိုမှ တစ်ဆင့် ပြင်ပလောကနှင့် ဆက်ဆံရေးတွင်လည်း အဆင်မပြေဖြစ်မည်။ ထိုကလေးမျိုးသည် အကြောင်းအားလျော်စွာ တော်ခြင်း၊ ထူးချွန်ခြင်းတစ်ခုခုကို ရရှိသည့်တိုင် စိတ်ချမ်းသာမှုကို အပြည့်အဝ မရရှိနိုင်ပါ။

### မိဘကို ရိုသေတတ်ပါစေ

မိဘတိုင်းသည် သားကောင်းသမီးကောင်းကို ရလိုကြသည်။ သားသမီးကြောင့် စိတ်ဆင်းရဲခြင်းမှ ကင်းလွတ်ပြီး သားသမီးကြောင့် စိတ်ချမ်းသာပျော်ရွှင်ခြင်းကို ရလိုကြသည်။ သို့ဆိုလျှင် သားသမီးကို ငယ်စဉ်ကတည်းက မိဘဆရာ ရိုသေတတ်အောင် ဆုံးမ

www.burmeseclassic.com

www.burmeseclassic.com



သွန်သင်သင့်သည်။ မိဘတို့ ဓမ္မတာမှာ သားငယ်သမီးငယ်တို့ကို အလွန်ချစ်၍ အလိုလိုက်မြှောက်စားတတ်သည်။ မိမိကိုယ် ထက်ပင် အခွင့်အရေး ပေးတတ်ကြသည်။ ထိုသို့ အခွင့်အရေး ပေးရင်းနှင့် သားသမီးသည် အခွင့်ထူးခံ ဖြစ်လာသည်။ နောက်တော့ မိဘကိုပင် နှတ်နေကိုင်းထားရမှန်း မသိဖြစ် လာသည်။ နည်းနည်းကြီးလာ၍ကိုယ်နှင့်အတူဖြစ် လာသောအခါ မိဘကို မရိုမသေ ဆက်ဆံလာတတ်သည်။ ချစ်သည့်အလျောက် အခွင့်အရေးပေးချင်လျှင်ပေးပါ။ သို့သော် တစ်ဖက်ကလည်း မိဘကို ရိုသေတတ်အောင် ပြုစုပျိုးထောင် ပေးသင့်သည်။

**အစဉ်အလာ နည်းကောင်းများ**

သားသမီးက မိဘကိုရိုသေတတ်အောင် ပြုစုပျိုးထောင်ပေးသော မြန်မာ့ရိုးရာ အစဉ်အလာ နည်းကောင်းလေး များ ရှိပါသည်။ ကလေးတို့ကို သိတတ်စကတည်းက အစားအစာတစ်ခုခု စားလျှင် 'မိဦး ဖဦး ဆရာဦး ချ၍မသွေ စားမဲ့စေ' ဆိုသကဲ့သို့ အလျှင် အဦး မစားစေသင့်ပေ။ မလွဲသာ၍ စားနှင့်ရလျှင်လည်း မိဘကို စားဦးစားဖျား ဦးချစေရသည်။ ထိုသို့ ပြုရင်းမှ ကျင့်သားကျလာ သောအခါ အစာစားတိုင်း မိဘကို အရို အသေ အလေးအမြတ် ထားတတ်သော အကျင့်ရလာသည်။

မိဘအိပ်နေ ထိုင်နေလျှင် မရိုမသေ ကျော်လွှား သွားခြင်းမပြုရပါ။ 'ကျော်ပါစေ ရပါတယ်' 'ကလေးပဲ သွားပါစေ'



ဟု အလိုလိုက်၍ လက်ခံလျှင် နောင်တွင် အကျင့်ပါသွားတတ် သည်။ ရှောင်ကွင်းသွား၍ရပါလျက်နှင့် အလွယ်တကူကျော်လွှား တတ်သည်။ ထိုအပြုအမူမှ တစ်ဆင့် အရိုအသေ နည်းပါး သွားတတ်သည်။ ရှောင် ကွင်း၍ သွားတတ်အောင် ပြောဆို ဆုံးမသင့်သည်။ မလွဲသာမရှောင်သာ ကျော်ရမည်ဆိုလျှင်လည်း 'ကန်တော့ ကန်တော့' ဟု အရိုအသေပြုစေရသည်။

ရှေးအစဉ်အလာအရ ညအိပ်ရာဝင်လျှင် သားသမီးသည်မိဘကိုကန်တော့ပြီးမှ အိပ်ရသည်၊ 'အဖေဦးတော် အမေဦးတော်' ဟုပြော၍ဦးချခြင်းသည်မိဘရင်မှာ အေးမြသည်။ ကြည်နူးဝမ်းသာဖြစ်ရသည်။ ထိုအခါမျိုးတွင် မိဘတို့ကလည်း ပြန်လည်၍ ကြည်နူး ကျေနပ်မှုဖြစ်အောင် အသံထွက်ပြီးဆုများ ပေးသင့်သည်။ နောင်တွင် သားသမီးများသည် ကြီးသည် အထိ မိဘကို ရှိခိုးဦးချပြီးမှ အိပ်သော အကျင့် ရရှိသွားသည်။

အထက်ဖော်ပြပါ ကောင်းမြတ်သော ရိုးရာအစဉ် အလာကလေးများကို ယခုအခါ ခေတ်ပညာတတ်များ၊ မိမိတို့ ကိုယ်ကိုခေတ်မီသည်ဟုထင်သူများသည် မလိုအပ်သော အပိုတွေ ပါဟု ယူဆလာကြသည်။ ထို့ကြောင့် သားသမီးတို့ကလည်း ငယ်စဉ်မှစ၍ ကြီးသည်အထိ အကျင့်မရှိဖြစ်လာကြသည်။ ဤရိုးရာ အစဉ်အလာ ကလေးများသည် သာမန်အားဖြင့် မကြီးကျယ်ဟု ထင်ရသော်လည်း အစဉ်တစိုက် ပြုမူ လာသောအခါ မိဘကို ရိုသေတတ်သည့် ကောင်းမြတ်သော

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထားကျင့်သား ကျလာသည်။ လိမ္မာယဉ်ကျေးသော သားသမီး ဖြစ်ရန် အထောက်အပံ့ ကောင်းများဖြစ်လာသည်။

## ဆရာကို ရိုသေပါစေ

ဆရာဆိုသည်မှာလည်း အနန္တော အနန္တ ငါးပါးတွင် ဘုရားနှင့်တစ်ဂိုဏ်း တည်းထား၍ ဆည်းကပ်ရသူဖြစ်သည်။ ထို့ကြောင့်မြန်မာ ယဉ်ကျေးမှု အစဉ်အလာတွင် ဆရာကို ရိုသေရသည်။ ဆရာ့ရှေ့မှ သွားလျှင် မျက်လွှာချ၍ ဦးခေါင်းညွှတ်၍ သွားရသည်။ ဆရာနှင့် စကားပြောလျှင် လက်ပိုက်၍ ပြောရသည်။ ဆရာမေးသည်ကို ချောင်စွာ ဖြေရသည်။ ထိုကဲ့သို့ လိမ္မာယဉ်ကျေးသော တပည့်များကို ဆရာတိုင်း ချစ်မြတ်နိုးသည်။ ဆုံးမမှုကို ခံယူတတ်သူဖြစ်၍ ဆုံးမသွန်သင် သည်။ စေတနာ အကြင်နာဖြင့် ပညာပေးသည်။ ဆရာကို ရိုသေတတ်ခြင်းသည် အလိမ္မာရ ကြောင်း ပညာရကြောင်း၊ နည်းလမ်းကောင်းဖြစ်သည်။ မျက်မှောက် ကာလတိုင်အောင် မြို့ရောတောပါ ဤအစဉ်အလာ ကောင်းများ ကို လိုက်နာသူများပါသေးသည်။ ဆက်လက် ထိန်း သိမ်းထား သင့်သည့် ချစ်စရာ ယဉ်ကျေးမှုဓလေ့ ထုံးတမ်းကလေးများ ဖြစ်သည်။

## ဆရာကို မရိုသေလျှင်

ဆရာကို မရိုသေသောကလေးကို ကြည့်လျှင် ရိုင်းစိုင်းယုတ်ညံ့သူများ၊ ပညာညံ့ဖျင်းသူများ၊ စိတ်ဓာတ် ပျက်စီးသူများ ဖြစ်နေသည်ကိုတွေ့ရလိမ့်မည်။ အချို့သော ခပ်ညံ့ညံ့ မိဘများသည်လည်း မိမိတို့၏ ရာထူး ဂုဏ်သိမ် စည်းစိမ်ဥစ္စာကို မာနတက်၍ သားသမီး၏ ဆရာပင် ဖြစ်သော်လည်း မူလတန်း ဆရာမျှသာ ဖြစ်သည်။ အလယ်တန်း၊ အထက်တန်းဆရာမျှသာ ဖြစ်သည်ဟု အထင်သေး အမြင်သေးတတ်သည်။ 'မင်းကဘာ တတ်လို့လဲ' 'မင်းဆရာမက ဘာသိလို့လဲ' 'မင်းတို့ဆရာတွေ၊ ဆရာမတွေ ဘာမှ အသုံးမကျဘူး' စသည်ဖြင့် သားသမီး၏ရှေ့မှာ သားသမီး၏ ဆရာ ဆရာမကို နှိမ့်ချ ပြောတတ်သည်။ သားသမီးကသူ့ဆရာ ဆရာမကို အထင်သေး အမြင်သေးဖြစ်အောင်၊ အရိုသေတန်အောင် ပြောဆိုပြုမူတတ်သည်။ ကိုယ်ပစ်သည့် မြားကိုယ့်ပြန်စူးတတ်သည်။ ထိုသူမျိုး၏ သားသမီးများသည် မိဘ၏အမူအရာကို လိုက်၍ ဆရာကို မရိုမသေ အထင်သေးလာတတ်သည်။ ဆရာကို မရိုမသေ အထင်သေးစော်ကားရာမှ တစ်ဆင့် မိဘကို မရိုမသေ အထင်သေး၍ စော်ကားသော အကျင့်များလည်း ဖြစ်လာတတ်သည်။

ဆရာဆိုသည်မှာ မူလတန်းဆရာ ဖြစ်ဖြစ်၊ အလယ်တန်းဆရာဖြစ်ဖြစ်၊ အထက်တန်းဆရာဖြစ်ဖြစ်၊ တက္ကသိုလ်ဆရာဖြစ်ဖြစ် အားလုံးဆရာချည်းသာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သားသမီးကို အသိအလိမ္မာ ပညာသင်ပေး၍ သားသမီး၏ ကျေးဇူးရှင်ဖြစ်သည်။ အချို့သိနားလည်သောမိဘများသည် ရာထူးစည်းစိမ် လွန်စွာကြီးသူ ဖြစ်လင့်ကစား သားသမီး၏ မူလတန်းဆရာကို ရိုသေလေးစားစွာ ဆက်ဆံသည်။ 'ဆရာ' ဟု ခေါ်သည်။ မိဘဖြစ်သူက သူ့ဆရာကို ရိုသေလေးစားစွာ ဆက်ဆံခြင်းကို မြင်ရလျှင် သားသမီး၏ရင်ထဲမှာလည်း ကျေနပ်သည်။ ဆရာအတွက် ဂုဏ်ယူသည်။ ထိုကလေးသည် မိဘ၏ မှန်ကန်သော နမူနာပြ ဆက်ဆံမှုကို လမ်းညွှန်ရ၍ ဆရာကို ရိုသေတတ်သွားသည်။ ထိုကဲ့သို့သောမိဘမျိုးကို ဆရာကလည်း ဆထက်ထမ်းပိုး တိုး၍ ကြည်ညိုရိုသေသည်။ ထိုမိဘမျိုး၏ ကလေးကိုမေတ္တာ စေတနာသက်ရောက်သည်။ လူမှုလောကမှ ချစ်စရာ ဆက်ဆံရေး အလှအပကလေးတစ်ခု ဖြစ်သည်။

## ကြီးသူကိုရိုသေပါ

'ဂုဏဝုဍ္ဍိ' ဂုဏ်အားဖြင့် ကြီးသောသူ၊ 'ဝယဝုဍ္ဍိ' အသက်အရွယ်အားဖြင့်ကြီးသောသူတို့ကိုရိုသေတတ်သော အကျင့်သည် မြန်မာ့ရိုးရာ ကောင်းမြတ်သော အစဉ်အလာဖြစ်သည်။ ကလေးအရွယ်ကတည်းက လူကြီးသူကြီးကို ရိုသေလေးစားတတ်အောင် ဆုံးမပြုပြင် ပေးသင့်သည်။ လိမ္မာ ယဉ်ကျေးသောကလေးကို လူကြီးသူကြီးများချစ်ခင်ကြသည်။ ကြုံလျှင် ကြုံသလို ဆုံးမသွန်သင်ပေးကြသည်။ ကူညီ စောင့်ရှောက်တတ်ကြသည်။ ထို့ကြောင့် လိမ္မာယဉ်ကျေးသော ကလေးသည် ဖို့၍ လိမ္မာယဉ်ကျေးစရာ အခွင့်အလမ်းများ ရနေသည်။

လူကြီးသူကြီးကို မရိုသေ၊ ရိုင်းပြစော်ကား တတ်သောကလေးသည် လူမုန်းများသည်။ ဆိုဆုံးမခြင်းကိုလည်း နာခံတတ်သူမဟုတ်၍မည်သူကမှလည်း အမုန်းခံပြီး ဆုံးမနေကြတော့မည် မဟုတ်ပါ။ ကူညီစောင့်ရှောက်လိုသည့် မေတ္တာ စေတနာလည်း ကင့်မဲ့သွားတတ်သည်။

## ငယ်နုစဉ်က ပြုပြင်ပါ

ကြီးကာမှ မိဘကိုစော်ကား၊ ဆရာကို စော်ကား၊ လူကြီး သူကြီးကို စော်ကား၊ ရိုင်းစိုင်းသော သားသမီးဖြစ်နေလျှင် ပြုပြင်ရခက်သည်။ အပြောအဆို ကြမ်းတမ်းရိုင်းစိုင်းခြင်း၊ အနေအထိုင် ရိုင်းစိုင်းခြင်း၊ အပြုအမူ ရိုင်းစိုင်းခြင်းတို့သည် မိသားစု ဆက်ဆံရေးနှင့် လူမှုဆက်ဆံရေးတို့တွင် ပြဿနာများစွာကိုဖြစ်စေသည်။ ထိုအခါကျမှ မိဘများ လွန်စွာစိတ်ဆင်းရဲ ရသည်။ ပြောမရ ဆိုမရဖြစ်၍ စိတ်ပျက်ညည်းညူကြရသည်။ မကောင်းသောအကျင့်များ အရိုးရင့်နေပြီဖြစ်၍ပြုပြင်ရန် မလွယ်တော့ပါ။ ထိုသို့ ဖြစ်ရခြင်းများသည် မိဘ၏ တာဝန်လည်း မကင်းပေ။

ငယ်စဉ်နုစဉ်က ပြုပြင်၍ လွယ်သည်။ ကောင်းသော မှန်သော လမ်းကြောင်းပေါ်ရောက်အောင်တည့်မတ်ပေးသင့်သည်။ မြန်မာ့ရိုးရာအစဉ်အလာ ကောင်းများသည်

www.burmeseclassic.com

www.burmeseclassic.com



လူမှုဆက်ဆံရေးအတွက် ခေတ်မီလျက်ပင်ရှိပါသည်။ ထိုအစဉ်အလာကောင်းများမှာလည်း လိုက်နာရန်ခက်ခဲသည့်များ မဟုတ်ပါ။ မိဘအကျင့် လုပ်ခဲ့ဖို့သာ လိုပါသည်။ ကောင်းသောအကျင့်ဖြစ်စေ၊ မကောင်းသော အကျင့်ဖြစ်စေ၊ ကြာရှည်လျှင် စွဲမြဲစွာအသားတကျ ဖြစ်သွားတတ်သည်။ မကောင်းသောအကျင့် များ အသားမကျစေဘဲ ကောင်းသော အကျင့်များ အသားကျစေရန် မိဘက ပြုပြင်ပေးသင့်သည်။

မိဘဆရာနှင့် လူကြီးသူကြီးတို့ကို ရိုသေတတ်သော ကလေးသည် လိမ္မာမည်။ ယဉ်ကျေးမည်။ စိတ်သဘောထား နူးညံ့ သိမ်မွေ့မည်။ ဆိုဆုံးမ၍ လွယ်ကူမည်။ သားကောင်းသမီးကောင်း ဖြစ်ပေမည်။ မိဘတိုင်းသည် ကောင်းမြတ်သော ရိုးရာအစဉ်အလာများကို သားသမီးတို့အား လိုက်နာ ကျင့်ကြံတတ်အောင် ပြုစု ပျိုးထောင်ပေးခြင်းဖြင့် သားကောင်းသမီးကောင်းများ ရရှိကြပါစေ၊ စိတ်ပျမ်းသာကြပါစေ။

## နှုတ်ကြမ်း လက်ကြမ်း လူသရမ်း

နှုတ်မှဖြစ်သော အပြောအဆိုကြမ်းကြုတ် ရိုင်းစိုင်းခြင်းနှင့်ကိုယ်လက် အမူအရာ ကြမ်းကြုတ် ခက်ထန်ခြင်းတို့သည် ကောင်းသော အဖြူအမူ များမဟုတ်ပါ။ ဆိုးသွမ်းသူ လူသရမ်းတို့၏ အမူအကျင့်များဖြစ်သည်။ လူတိုင်းစက် ဆုပ် ရွံ မုန်းကြသည်။

### နှုတ်ကောင်းလျှင် ပြည်စိုး

နှုတ်ကောင်းလျှင် ပြည်စိုးဟု ဆိုရိုးစကားရှိ၏။ နှုတ်ရေးစကားဆိုရာတွင် ချိုသာနူးညံ့ခြင်းကို လူတိုင်း နှစ်သက်ကြသည်။ ကိုယ်တိုင်က နှုတ်ကြမ်းသူပင် ကိုယ့်ကိုတော့ ချိုချိုသာသာ ပြောမှ သဘောကျ၏။ ထို့ကြောင့် 'နှုတ်ချိုသျှိုတစ်ပါး' ဟုဆိုကြသည်။ နှုတ်မှချိုသာခြင်းသည် ပိယဝါစာ ဖြစ်ရုံ သာမက လူ၏ ဥပဓိရုပ်ကိုလည်းကြည်လင် တင့်တယ်စေသည်။ နှစ်လိုဖွယ်ရာ ဖြစ်စေသည်။ စိတ်ပိုင်းဆိုင်ရာကိုလည်း အေးမြချမ်းမြေ့၍ ကောင်းမြတ်စေသည်။ အပြန်အလှန် အားဖြင့်ဆိုလျှင် စိတ်ပိုင်းကောင်းမှ

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ချိုသည်။ နှုတ်ချိုမှ ပိယဝါစာဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာ ကြည်လင်တင့်တယ်သည်။ လူချစ်လူခင် ပေါများ သည်။

## ချစ်စေလို ခံတွင်းလက်လေးသစ်
## မုန်းစေလို ခံတွင်းလက်လေးသစ်

ခံတွင်းလက်လေးသစ်ဖြစ်သော နှုတ်ကောင်းလျှင် လူချစ်လူခင် များသော်လည်း နှုတ်ကြမ်းလျှင်ကား လူမုန်းများ၏။ အချို့သည် သူတစ်ပါးက ချို ချိုသာသာပြောမှ သဘောကျသော်လည်း ကိုယ်တိုင်ကတော့ ကြမ်းတမ်း ရိုင်းပျစွာ ပြောချင်ကြသည်။ စကားလုံးရိုင်းရိုင်းကို အသံထွက် ကြမ်းကြမ်းပြောဆိုခြင်းဖြင့် မျက်နှာ အမူအရာပါ ကြမ်းတမ်းခက် ထန်သည်။ ထို အခါ ဥပဓိ ရုပ်ပါ အကျည်းတန်သည်။ ကြမ်းတမ်းစွာပြောဆိုရင်း စိတ်ရော ကိုယ်ပါ ကြမ်းကြုတ်ရက်စက်လာတတ်သည်။ ထိုအခါ ယုတ်ညံ့သော သေးသိမ်သူ အဖြစ်သို့ ရောက်သွားတတ်၏။

## ဆဲရေး တိုင်းထွာခြင်း

အဆိုးဆုံးမှာ ဆဲရေးတိုင်းထွာ၍ ပြောဆိုတတ်ခြင်း ဖြစ်သည်။ နှုတ်ဝစီရိုင်းပြခြင်း၊ ကြမ်းတမ်းယုတ်ညံ့ခြင်းဖြစ်သည်။ မကြားဝံ့ မနာသာတို့ကို နှုတ်မှ ထွက်ရဲခြင်းသည် အရှက်အကြောက်နည်းခြင်း ဖြစ်၏။ ယဉ်ကျေးသိမ်မွေ့သော လူကောင်းသူကောင်းတို့၏ အလုပ်မဟုတ်ပါ။ အချို့သည် စိတ်ရင်းက မယုတ်ညံ့



သော်လည်း ဆဲရေးတိုင်းထွာခြင်းကို အကျင့်ပါနေကြသည့် များရှိပါ၏။ အချို့က အပျော်သဘော ဆဲကြသည်။ အချို့က ချစ်စနိုးဖြင့် ဆဲရေးသည်လည်း ရှိသည်။ မည်သို့ပင် ဖြစ်စေ ဆဲသည်မှာ ဆဲသည်သာဖြစ်၍ ကြားရသည်မှာ မကောင်းပါ။ ထို့ကြောင့် ကလေးအရွယ် ငယ်စဉ်ကတည်းက ဆဲရေး တိုင်း ထွာခြင်းကို အလေ့အကျင့် မဖြစ်စေရန် မိဘတို့သည် မိမိတို့၏ သားသမီးများကို ဆုံးမ သွန်သင်သင့်ပါသည်။ ဆဲရေးတိုင်းထွာမှုကို ကြားရတိုင်း ဟန့်တားရမည်။ လက်မခံကြောင်းကို ပြသရမည်။

## အမိယုတ် နှုတ်ကြမ်း

သို့သော် အချို့သော မိဘများသည် ကလေးငယ်ကို အဆဲအဆို အတိုင်းအထွာ သင်ပေးကြသည်များ မကြာခဏ တွေ့ရဖူးပါ၏။ လုံးနှောက်စရာ စက်ဆုပ်ရွံမုန်းစရာပင်ဖြစ်သည်။ မကြာခင်က ဘတ်(စ်) ကားပေါ်တွင် လူကြပ်၍ မတ်တတ်ရပ်စီးနေရစဉ် တစ်လမ်းလုံး ဆဲရေးတိုင်းထွာနေသော ကလေးငယ်ကြောင့် ပို စိတ်ညစ်ရ၏။ ကလေးမှာ နှစ်နှစ် ကျော်ကျော် သုံးနှစ်အတွင်း လောက်သာ ရှိပါဦးမည်။ မိန်းကလေးဖြစ်ပါ၏။ သူ့ အမေ့ရင်ခွင်မှာ ထိုင်ရင်း မကြားဝံ့ မနာသာသော မိန်းမနှင့် ဆိုင်ရာ စကား တစ်လုံးကို တစ်တစ်ခွခွ ပြောလိုက်သည်။

ကြားရသူတိုင်း အံ့အားသင့်ပြီး ကလေးကို ကြမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြသည်။

'ဟဲ့၊ သမီး'

အမေပြောပုံမှာ တိတိကျကျ ဟန့်တားခြင်း မဟုတ်။ ဘေးလူများကို အရှက်ပြေ သဘောလောက်သာ ဖြစ်သည်။ ထို့ကြောင့် ကလေးထပ်ပြောပြန်သည်။

'အိုး၊ သမီး'

ညည်းညူရုံလောက်သာ ဖြစ်သည်။ ကလေးက ထပ်ခါ ထပ်ခါပင် ပြောလိုက်ပြန်သည်။ အသံလည်း ကျယ်လာသည်။

ကလေးကို အပြစ်မတင်ချင်ပါ။ မိခင်ကို သာ မကျေမနပ် ဖြစ်မိသည်။ ကားပေါ်တွင် လူအများ၏ ရှေ့မှာပင် ရပ်တန့်သွားအောင် မဟန့်တားသော မိခင်သည် သူ့အိမ်မှာဆိုလျှင် မည်သို့ ရှိမည်နည်း။ ဤအရွယ် က ဤစကား လုံးကို သုံးသည်မှာ ဤမိခင်ပင် သင်ထားခြင်း ဖြစ်လိမ့်မည် ဟုထင်သည်။ အကယ်၍သူမသင်ဟုဆိုလျှင်ပင်ဤစကားလုံးကို သာတောင့်သာယာ လက်ခံ လာခဲ့သူ အလေ့အကျင့် ဖြစ်အောင် ခွင့်ပြုခဲ့သူဖြစ်လိမ့်မည်။

ရှက်စရာကောင်းသည်ကိုဤမိခင် ရှက်သင့်သည် ဟု နားမလည်လေသလား၊ နားကလောစရာ ကိစ္စကို နားကြော



ိမ့်၍ နေလေသလား၊ ကလေးအတွက်လည်း ယုတ်ညံ့မှုဖြစ်၍ တ်ဝန်းကျင်မှ ခရီးသည်များအတွက်လည်း စိတ်ပျက်စရာဖြစ် သည်။ အမိယုတ် နှုတ်ကြမ်းဟူသောစကားသည် ဤကဲ့သို့ သော ိန်းမများကြောင့် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်လိမ့်မည်။

ဆဲရေးတိုင်းထွာခြင်းသည် သေးသိမ်သည်။ နိမ့်ကျ သည်။ ယုတ်ညံ့သည် ။ ရှက်စရာ ကိစ္စဖြစ်သည်။ သူတစ်ပါး၏ အထင်သေး စက်ဆုပ်ခြင်းကို ခံရသည်။ ကလေးကို သင်ပေးစရာ ကောင်းအလှတွေ များစွာ ရှိပါလျက်နှင့် အဆဲ မသင်သင့်ပါ။ ကလေး၏ မပီကလာ ပီကလာ ဆဲရေး တိုင်းထွာ သည်ကို ချစ်စရာဟု သာယာမနေသင့်ပါ။ ထို့ထက် ပို၍ ချစ်စရာစကား လုံးတွေ များစွာ ရှိပါသည်။ လူတိုင်းလည်း ကြား၍ကောင်း ပါသည်။

သင်မပေးသည့်တိုင်အောင်ပင် သားသမီးရှေ့မှာ ဆဲရေးတိုင်းထွာခြင်းကို ရှောင်ကြဉ်သင့်သည်။ ဖြစ်နိုင်လျှင် ယုတ်ညံ့နိမ့်ကျသော ဆဲရေး တိုင်းထွာခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်သင့်ပါသည်။ ကိုယ်ဆဲလျှင်လည်း ကိုယ့်အမိယုတ်ရ မည်ကို ဆင်ခြင်သင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အဖယုတ် လက်ကြမ်း

သားသမီးကို အမိက အဆဲမသင်သင့်သလို အဖကလည်း ကြမ်းကြုတ်ရက်စက်အောင် လေ့ကျင့် သင်ကြားမပေးသင့်ပါ။ ရက်စက် ကြမ်းကြုတ်ခြင်းသည်လည်း နိမ့်ကျသည်။ သေးသိမ်သည်။ စက်ဆုပ်စရာဖြစ်သည်။

အချို့သော မိဘများသည် ကိုယ့်သားသမီးကို ရိုင်းစိုင်းအောင်၊ ရက်စက်အောင် လေ့ကျင့်သင်ကြားပေးတတ်ကြသည်။

ကိုယ့်လာစရင် ဆွဲထိုးပစ်လိုက်ပါလား၊ ပါးပိတ်ရိုက်လိုက်ပါလား၊ ချပစ်လိုက်၊ ဆော်ပစ်လိုက်၊ တီးပစ်လိုက် စသည်ဖြင့် ကိုယ့်သားသမီးကို ဒုက္ခရောက်အောင် မြှောက်ထိုးပင့်ကော် လုပ်တတ်ကြသည်။ ပြောဖန်များသော် ကလေးကနားယဉ်ပြီးအမှန်ထင်၍ လုပ်တတ်သည်။ လုပ်ပါများသော် လက်ယဉ်၍ ပိုမို ကြမ်းကြုတ်ရက်စက်လာတတ်သည်။

ခိုက်ရန် ဒေါသများခြင်းသည် အန္တရာယ်အလွန်များ၏။ ကိုယ့်မှာသာ ခြေလက်အင်္ဂါပါသည်မဟုတ်၊ သူ့မှာလည်း ခြေလက် အင်္ဂါ ပါသည်။ တစ်ကြိမ် တစ်ခါမှာ ကိုယ်က အနိုင်ရ အသာရလျှင်လည်း ဝမ်းသာစရာမဟုတ်။ ခံရသူက မကျေနိုင် မချမ်းနိုင် အမှတ်အတေးထားတတ်သည်။ ထိုကဲ့သို့သော ကိစ္စများ များပြားလာလျှင် ရန်သူတွေများလာသည်။ အန္တရာယ်



တွေများလာသည်။ သတိထား၍နေရပြီ။ နောက်ဆုံးတွင် လူမိုက်ဘဝသို့ ရောက်သွားတတ်သည်။ ကိုယ်က သတ်ရလျှင် လည်း ကိုယ့်မှာ ရာဇဝတ်ပြစ်ဒဏ်သင့်၍ ကိုယ်အသတ်ခံရလျှင် အသက်ဆုံးရှုံးရတတ်သည်။

မိဘများသည် သားသမီးကို ချစ်လျှင် ရက်စက်ရိုင်းစိုင်းအောင် အားမပေးသင့်ပါ။ ခိုက်ရန် ဒေါသဖြစ်ပွားခြင်းကို တားမြစ်သင့်သည်။ ကိုယ်တိုင်လည်း သားသမီးရှေ့မှာ ရက်စက်ကြမ်းကြုတ်မှုများကို နမူနာ မပြသင့်ပါ။ သားသမီးကို ဆုံးမအပြစ်ပေးရာမှာပင် ရက်စက်ကြမ်းကြုတ်စွာ ရိုက်နှက်ခြင်း၊ ထိုးကြိတ်ခြင်း၊ ကန်ကျောက်ခြင်း မပြုသင့်ပါ။ ထိုကဲ့သို့သော အပြုအမူမျိုး ခံရဖန်များ သူသည် ကိုယ်တိုင် လည်းရက်စက်ကြမ်းကြုတ်သည်။

ယခုအခါတွင် ကလေး အချင်းချင်း ရန်လိုမှုများ၊ ထိုးကြိတ် သတ်ပုတ်မှုများ၊ ရက်စက်ကြမ်းကြုတ်မှုများ၊ များပြား၍ လာသည်။ ကြည့်ရမြင်ရသည်မှာပင် စိတ်ပျက်စရာ ဖြစ်သည်။ စက်ဆုပ်စရာ ဖြစ်သည်။ သူတစ်ပါးကို ညှာတာတတ်ခြင်း၊ အနစ်နာခံတတ်ခြင်း၊ ကူညီတတ်ခြင်းသည် မွန်မြတ်သောစိတ်ဓါတ်၊ မွန်မြတ်သော လုပ်ရပ်ဖြစ်၏။ လူချစ် လူခင်များသည်။ အန္တရာယ်ကင်းသည်။ ကိုယ့်မှာ အကြောင်းရှိလာလျှင်လည်း ကူညီမည့် သူများသည်။ ထိုသူများ၏ ဘဝသည် လုံခြုံသည်။ ချမ်းမြေ့ကြည်နူးစရာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သားသမီးကို ချစ်လျှင် အလိမ္မာ သင်ပါ၊ အကောင်းသင်ပါ။ မိုက်ရိုင်းအောင် မသင်ပါနှင့်။ အဆိုးမသင်ပါနှင့်။ ကိုယ်တိုင်ကလည်း သားသမီး ရှေ့မှာ ဆဲ၍တိုင်းထွာခြင်းကို မပြုသင့်။ ကြမ်းကြုတ် ရက်စက်ခြင်းကို မပြုသင့်။ ယဉ်ကျေးမှု၊ နူးညံ့သိမ်မွေ့မှု၊ စိတ်သဘောထား ကြီးမြတ်မှု စံနမူနာ ကောင်းများကိုသာ ပြသင့်သည်။

## မခံချင်စိတ်

ဤသို့ဆိုလျှင် သူများဆဲကာ ကိုယ်က ပြန်မဆဲဘဲ အနာခံရမည်လား၊ ဆဲရေးတိုင်းထွာသည်များကို ပြန်မဆဲဘဲ တည်ငြိမ်စွာ တုံ့ပြန်နိုင်သည်တို့ များစွာ ရှိပါသည်။ ကိုယ်က ဆဲရေး တိုင်းထွာခြင်း မပြုလျှင် ကိုယ့်ကို ဆဲရေးတိုင်းထွာခံရခြင်းသည်လည်း အလွန်ရှားပါးသည်။ တစ်ဖက်သတ် ဆဲနေလျှင်လည်း ဆဲသူသာ တစ်ယောက်တည်း ယုတ်ညံ့ သေးသိမ်နေပါလိမ့်မည်။ ပတ်ဝန်းကျင်၏ အမြင်မှာလည်း ထိုသူသာ ဆိုးကြောင်း၊ ယုတ်ညံ့ သေးသိမ်ကြောင်း ပေါ်လွင်ထင်ရှားနေပါလိမ့်မည်။ ထိုအခါ ကိုယ်မရှုံးဘဲ သူသာ ရှုံးနိမ့်သွားပါလိမ့်မည်။

ပုထုဇဉ်တို့၏ လောကတွင် တစ်ခါတစ်ရံ၌ မလွဲသာ မရှောင်သာ ဒေါသ၏ တစ်စုံတစ်ခုသော ထွက်ပေါက်အဖြစ်ကြမ်းတမ်းစွာ ရေရွတ် မြည်တမ်းမိခြင်း၊ ဆဲရေး တိုင်းထွာလိုက်မိခြင်း စသည်တို့ ရှိကောင်းရှိမည် ဖြစ်ပါသည်။ သို့သော် ဆဲရေးတိုင်းထွာခြင်းမှာ တတ်နိုင်သမျှ နည်းပါးလေ ကောင်းလေသာဖြစ်ပါသည်။

ထိုနည်းတူစွာပင်ခိုက်ရန် ဒေါသဖြစ်ပွားမှုကိုလည်း ရှောင်ကြဉ်သင့်ပါသည်။ ' ရန်လိုလျှင် ရန်ပိုသည် ။ ရန်မလိုမှ ရန်ပြိုသည် ' ဟူသော စကားရှိပါ၏။ မိမိက သတိတရားနှင့် ဆင်ဆင်ခြင်ခြင် နေတတ်လျှင် ကိုယ်ထိလက်ရောက် စော်ကားခံရသည့် အခြေအနေမျိုး သို့ပင် ဆိုက်ရောက်ရန် လွန်စွာရှားပါးသည်။ 'ထိရင်ချ–စရင်တွယ်' ဟုကိုယ်က မခံချင်စိတ်လက်တုံ့ပြန်လိုစိတ်နှင့် ဆတ်ဆတ်ထိမခံ ဖြစ်နေလျှင် ရန်များတတ်ပါသည်။ ကိုယ့်တစ်ချက်ထိလျှင် သူ့ကို နှစ်ချက် ပြန်တွယ်ဆိုသည်မှာပို၍ ရန်လိုကြောင်းပြသရာရောက်ပါသည်။ ကိုယ်က နှစ်ချက်တွယ်လျှင်သူကလေးချက်တွယ်၍သူကလေးချက်တွယ်လျှင်ကိုယ်က ရှစ်ချက်တွယ် ခြင်းဖြင့် အတောသတ်မည်မဟုတ်တော့၏။

စိတ်ရှည်သူ၊ သည်းခံသူ၊ ခွင့်လွှတ်တတ်သူ၊ သနားကြင်နာတတ်သူ၊ ကူညီရိုင်းပင်းတတ်သူသည် တစ်သက်တာလုံးတွင် ရန်ခိုက်ဒေါသဖြစ်ပွားမှု မရှိသလောက် နည်းပါးလိမ့်မည်။ ထိုအခါ အလိုလိုပင်လုံခြုံမှုရနေတတ်သည်။ စိတ်ချမ်းသာသည်။ လူအများ၏ ချစ်ခင်လေးစားမှုကိုလည်း ခံယူရတတ်ပါသည်။

ထို့ကြောင့် သားကောင်းသမီးကောင်း ရလိုသော မိဘတိုင်းသည် မိမိတို့၏ သားသမီးကို နှုတ်ကြမ်းသူမဖြစ်အောင်

www.burmeseclassic.com

www.burmeseclassic.com



လက်ကြမ်းသူမဖြစ်အောင် ဆုံးမသွန်သင် သင့်ပါသည်။ ယဥ်ကျေးသိမ်မွေ့၍ စိတ်သဘောထား ကြီးမြတ်သူ ဖြစ်အောင် ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ပေးသင့်ပါသည်။

## မြေဇာပင်ကလေးများ

သားသမီးတို့သည် မိရင်းဖရင်း၏ မေတ္တာနှင့် နေထိုင်ကြီးပြင်းရခြင်းသည် အကောင်းဆုံးဖြစ်၏။ မိဘနှစ်ပါး ချစ်ခင်ကြင်နာလျှင် အိမ်ထောင်သာယာသည်။ အိမ်ထောင် သာယာလျှင် သားသမီးများ ပျော်ရွှင် ကြည်နူး၍ စိတ်အားပြည့်ဝသည်။ အကယ်၍ မိဘနှစ်ပါးသည် တစ်ဦးနှင့် တစ်ဦး မေတ္တာ ခေါင်းပါးပြီး မာနအာဃာတ များဖြင့် အိမ်ထောင်ရေးအဆင် မပြေလျှင် အိမ်တွင်းမီး အပူလောင်မြိုက်၍ ကြားမှ မြေဇာပင် လေးများ ညှိုးနွမ်းခြောက်သွေ့ကြရသည်။

### အသည်းမှာ လျှောင်လှုပ်ခြင်း

မိဘတို့သည် သားသမီးတို့၏ မှီခို အားထားရာ မြင်းမိုရ်တောင် ကြီးဖြစ်သည်။ မြင်းမိုရ်တောင်ကြီး တုန်လှုပ်လျှင် သားသမီးတို့၏ အသည်းမှာ လျှောင်ကြီးတွေ လှုပ်ခါသည်။ မြင်းမိုရ်တောင်ကြီး တစ်ခြမ်းစီ ပြိုကွဲသွားလျှင် တောင်လဲရာ မြက်ပြတ် ဆိုသကဲ့သို့ ကလေးတို့၏ ဘဝပါ လွင့်စဉ် ကြေမွကျန်ရသည်။ အိမ်ထောင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတွင် လင်နှင့် မယား ချစ်ခင်ကြင်နာကြရန် လိုသည်။ အပြန်အလှန် မေတ္တာစေတနာထားရန်လိုသည်။

အနစ်နာခံခြင်း၊ လိုက်လျောခြင်း၊ ညှိနှိုင်းခြင်းဖြင့် အပေးအယူမျှတရန် လိုသည်။ မိဘနှစ်ပါး သည် မိမိတို့ အချင်းချင်း ထားရှိသော မေတ္တာမှ တစ်ဆင့် တစ်အိမ်ထောင်လုံးကို မေတ္တာဓာတ်ဖြင့် ရစ်ပတ်ထားရန်လိုသည်။ မိမိတို့မှတစ်ဆင့် ပေါက်ဖွားဖြစ်ပေါ်လာသော သားသမီးများ၏ နုနယ်သော နှလုံးသားလေးများကို မေတ္တာရေစင်ဖြင့် အစဉ် ပက်ဖြန်းပေးရန် လိုသည်။ တငွေ့ငွေ့ လောင်သော အိမ်တွင်းမီးကို ရှောင်နိုင်ကြရန်လိုသည်။

## အိမ်ထောင်ဖက် ရွေးချယ်ခြင်း

အိမ်ထောင် သာယာရေးအတွက် အိမ်ထောင် ဖက်ရွေးချယ်မှုမှာ အရေးကြီးသည်။ မိမိကိုယ်တိုင်ကလည်း ယောကျ်ားဖြစ်စေ မိန်းမဖြစ်စေ၊ အိမ်ထောင် တစ်ခုကို တာဝန်ယူနိုင် သူဖြစ် အောင်ဦးစွာတည်ဆောက်ရမည်။ ကိုယ်စွမ်းကိုယ်စဖြင့် ကိုယ့်ခြေပေါ် ကိုယ်ရပ်နိုင်အောင် ကြိုးစားရမည်။ လူတိုင်းသည် မိမိအခြေအနေ အဆင့်အတန်းအလျောက် ထိုက်သည့် အားလျော်စွာ ရပ်တည်နိုင်ကြသည်သာ ဖြစ်သည်။ ရပ်တည်ရဲသည့် သတ္တိနှင့် ရပ်တည်နိုင်အောင် ကြိုးပမ်းအားထုတ်မှု လည်းရှိရမည်။ အိမ်ထောင်ဖက် ရွေးချယ်ရာမှာ မေတ္တာကို အရင်းတည်ပြီး စိတ်ထာ



ကိုယ်တူ ချစ်တဲ့သူဖြစ်ရန် လိုသည်။ အိမ်ထောင်သာယာရေးမှာ မေတ္တာမပါလျှင် မပြည့်စုံ၊ သို့သော်မေတ္တာတစ်ခုတည်းနှင့်လည်း တူနှစ်ကိုယ်တဲ့အိုးဖျက်မှာ တစ်သက်လုံး ထမင်းရည်ကို လျက်မနေနိုင်။ ထိုက်တန်သော ရပ်တည်နိုင်မှုရှိရန် လိုသည်။ ထိုအခြေအနေမျိုးကို တည်ထောင်နိုင်မည့် အိမ်ထောင်ဖက်ဖြစ်ရန် လိုသည်။

## စိတ်ကူးယဉ် အချစ်

ငယ်ရွယ်သူတို့သည် အချစ်ကို စိတ်ကူးယဉ် သက်သက်အဖြစ် ကြည်နူးသာယာတတ်ကြသည်။ ဝတ္ထုထဲမှ အချစ်စကားလုံး လှလှလေးများကို အားကျပြီး အချစ်ရဲတိုက်ကြီးကို ပန်းပွင့်ကလေးများဖြင့် တည်ဆောက်လိုကြသည်။

'ကိုရယ်၊ ကို့ရင်ခွင်ကိုသာ ဟောဒီလို မှီနေရမယ် ဆိုရင် ကမ္ဘာကြီးတစ်ခုလုံး ဘာမှ ဂရုမစိုက်တော့ဘူး သိလား'

ကောင်မလေးက ပြောသည်။

'ဩော်၊ အတူတူပဲပေါ့ အချစ်ရယ်၊ ကိုကလဲ အချစ်ကို သာ ဟောဒီလို ကိုယ့်ရင်ခွင်ထဲမှာ ပွေ့ဖက်ပိုင်ဆိုင်ထားရရင် ကမ္ဘာလောကကြီးတစ်ခုလုံး နောက်ထပ် ဘာမှ မရချင်တော့ဘူး သိလား'

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးကပြန်ပြောသည်။

နှစ်ယောက်စလုံး ဆယ်တန်း မအောင်သေး၊ အသက်မွေးဝမ်းကျောင်း ပညာလည်း ဘာတစ်ခုမျှ မတတ်၊ လက်ကြောတင်းအောင်လည်း ဘာမျှမလုပ်လို။ လူမှုဆက်ဆံရေး မှအစ ဘဝအကြောင်းလည်း ဘာမျှမသိ။ မိဘကို မှီခိုစားရင်း အချစ်ပျော်လေးဖြစ်အောင် အပျော် ချစ်နေရသည်။ အချစ်လွန်သွားသောအခါ နှစ်ဦးသား ထွက်ပြေးကြသည်။ ညားသွားကြသည်။ အချိန်မတိုင်မီ အိမ်ထောင်သည် ဘဝသို့ နေ့ချင်းညချင်း ရောက်သွားကြသည်။ အိမ်ထောင်တစ်ခုအတွက် ကြိုတင်ပြင်ဆင်ထားခြင်းလည်း ဘာမျှမရှိ။ အိမ်ထောင်တာဝန်လည်းမသိ။ မိဘအိမ် မှီခို နေကြသည်။ မိဘတွင် အပိုဝန် တက်လာသည်။ အတူနေ ညီအစ်ကိုမောင်နှမများက ငြူစူလာကြပြီ။ စဉ်းစားမထားခဲ့သော ပြဿနာများစွာ ကြုံလာကြပြီ။ ကိစ္စမရှိ။ သည်ဖက် မိဘ မကြည်ဖြူသော် ဟိုဖက် မိဘအိမ်ပြောင်းကြသည်။ ဟိုဖက်မိဘအိမ်မှာလည်း ရှေးနည်းတူ ပြဿနာများ မလွဲမသွေ ကြုံလာရပြန်သည်။ ဤကြားထဲမှာပင် အတိုးအပွားကလေးပေါ်လာပြီ။ ကိုယ့်မှာ ဝင်ငွေမရှိ၍ နေရာတကာ လက်ဖြန့်တောင်းရသည်မှာ အဆင်မပြေတော့ပါ။ တစ်ယောက်တည်းကိစ္စ မဟုတ်။ မပြည့်စုံခြင်း၊ ဆင်းရဲချို့တဲ့ခြင်း မျက်နှာငယ်ရခြင်း၊ အပြောအဆိုခံရခြင်း၊ ငြူစူခြင်းများကို ကြုံလာရသည်။ တဖြည်းဖြည်း တစ်စတစ်စ နှင့် စိတ်ကူးယဉ်မှုများ ပျောက်သွားကြသည်။ ပန်းပွင့်တို့ဖြင့် တည်ဆောက်ခဲ့သော



အချစ်ရဲတိုက်ကြီးပြိုကျပျက်စီးသွားလေပြီ။

' ဆန်မရှိ လင်မယားချင်း ရန်ဖြစ် ' ဆိုသကဲ့သို့ တစ်ယောက်ကြောင့် တစ်ယောက် ဒုက္ခဖြစ်ရသည်ဟု မြင်လာကြသည်။ တစ်ယောက်ကို တစ်ယောက် အပြစ်တင်လာကြသည်။ စလယ်ဝင် ဖင်မမည်း လိုက်ရဘဲ ကွဲကြသောအခါ ကြားမှ မြေဇာပင်ကလေး ဒုက္ခ ဖြစ်ရပြီ။

## ဈေးတွက်တွက်သော အိမ်ထောင်ရေး

အချို့ကတော့ အိမ်ထောင်ရေးကို စီးပွားရေး ဈေးကွက်လို ဈေးတွက်တွက်ကြသည်။ မေတ္တာကို အခြေမခံဘဲ ဂုဏ်ချင်းထပ်မြတ်၊ စီးပွားချင်းညားပွားဟူ၍ ဓနဥစ္စာကို အခြေခံကြသည်။ မိန်းကလေးကလည်း ချစ်သူကို ပစ်၍ မှီခိုလောက်သည့် ချမ်းသာကြွယ်ဝသူကို ဘဝပုံအပ်ပြီး လက်ထပ်သည်။

ယောက်ျားကလည်း ဥစ္စာဓန သိုက်တူးရန်အတွက် မချစ်သူကို အောင့်ကာနမ်းကြသည်။ အကြောင်းပါ၍ အကြာပေါင်းတော့ တစ်ယောက်အကြောင်း တစ်ယောက် သိလာကြသည်။ ငွေရှိသူက ငွေဂုဏ်မောက်လာသည်။ ပညာရှိသူက ပညာဂုဏ်မောက်လာသည်။ မေတ္တာစကားတို့နေရာတွင် ငွေသံ ကြေးသံ အချွင်ချွင် မြည်လာသည်။ ' လင်နဲ့မယား လျှာနဲ့သွား ' ဆိုသကဲ့သို့ ချစ်ခင်သူ နှစ်ဦးကြားမှာပင် ဆန္ဒချင်း မတိုက်ဆိုင်မှု ၊ သဘောထားချင်း ကွဲလွဲမှု ဝိရောဓိများရှိတတ်

www.burmeseclassic.com

www.burmeseclassic.com



ကြသေးသည်။ မေတ္တာကို အရင်းမခံသောအိမ်ထောင်တွင်ကား စကတည်းက ယဉ်သကိုးဆိုသကဲ့သို့ မရိုးသားသော အခြေခံဖြင့် ဇာတ်လမ်းဖွင့်ခဲ့သည်။ ဇာတ်ကြမ်းတွေ ဆက်တိုက် ပေါ်ပေါက်လာသည်။

မေတ္တာကို အခြေခံသော အိမ်ထောင်ရေးတွင် အဆင်မပြေလျှင် မေတ္တာဖြင့် ညှိ၍ရသည်။ မေတ္တာဖြင့် လိုက်လျောသည်။ မေတ္တာဖြင့် အနစ်နာခံသည်။ မေတ္တာမပါ ဈေးကွက်ကို အခြေခံသော အိမ်ထောင်ရေးတွင် ခွင့်လွှတ်နိုင်မှု နည်းသည်။ ညှိနှိုင်းရခက်သည်။ မာန၊ ဒေါသ၊ အာဃာတတို့ဖြင့် အိမ်တွင်း မီး တငွေ့ငွေ့ လောင်တော့သည်။ မိမိတို့ကို အကြောင်းပြု၍ လူဖြစ် လာသည့် ရင်သွေးကလေးငယ် များ အိမ်တွင်းမီးဘေးသင့် တော့သည်။

## သားသမီးတို့ကို ငဲ့ပါ

အချို့သော အိမ်ထောင်များတွင်ကား ဈေးတွက် တွက်၍ယူသည် မဟုတ်။ မေတ္တာဖြင့်ပင် ယူခဲ့ပါ၏။ သို့သော် မိဘနှစ်ပါးမှ တစ်ဦးဦးက ဖြစ်စေ၊ နှစ်ဦးစလုံးကဖြစ်စေ၊ အတ္တလွန်ကဲလျှင် လည်း အိမ်ထောင်ပျက်တတ်သည်။ မိဘဘဝ ရောက်မှ အမျိုး မနေမိလို့ ကိုယ်ရိုတယ်လေးဆိုပြီး ပူဆွေးနေရန် အကြောင်းမရှိ။ မိဘမေတ္တာဆိုသည်မှာ သားသမီးကိုအနစ်နာခံသည်။ သားသမီး အရေးကို ဦးစားပေးတွေးရသည်။ သားသမီးကို ငဲ့ရသည်။



ယောက်ျားကလည်း လူပျိုဘဝလို နေချင်၍မရ၊ လွတ်လပ်ချင်၍ မဖြစ်၊ မိန်းမဖြစ်သူကလည်း အပျိုဘဝလို အပျော်အပါးများကို မက်မောတွယ်တာ နေရမည်မဟုတ်။ အတ္တ၊ မာန၊ အတ္တဆန္ဒ များကို ချိုးနှိမ်ကြရသည်။

ကျွန်ုပ်၏ မိတ်ဆွေ လင်မယားနှစ်ယောက်သည် သူတို့ ချင်းချစ်ခင်၍ ယူခဲ့ကြသည်။ နှစ်ဦးလုံး ရုပ်ချောကြသည်။ အမျိုးသမီးက လင်ဖြစ်သူထက် (၇)နှစ်ငယ်သောကြောင့်ပို၍ နုပျို ပြီးပို၍ ချောသည်။ သားတစ်ယောက် သမီးတစ်ယောက်ရပြီး ကလေးများမှာလည်း ချစ်စဖွယ် ချောချောလှလှ လေးများ ဖြစ်သည်။ လင်ဖြစ်သူမှာ အပေါင်းအသင်းခင်သည်။ မယားဖြစ် သူက အပျော်အပါးပွဲလမ်းသဘင် ရုပ်ရှင်ကြိုက်သည်။

ယောက်ျားဖြစ်သူက ညနေတိုင်း အပေါင်းအသင်း များနှင့် အရက်သောက်သည်။ သောက်တိုင်းလည်းမူးသည်။ မူးလျှင်လည်း မယားကို ရန်လုပ်ခြင်းမရှိ။ သို့သော် မယားက ဘာပြောပြော ဘာဆိုဆိုမထုံတတ်သေး လုပ်နေသည်။ ကလေး များကြားက စိတ်ညစ်ရပြီ။ အဖေမှာ ယစ်ထုပ်ကြီးဖြစ်လာသည်။ ထိုအခါ အိမ်ထောင် သာယာမှု မရှိ၍ မယားကလည်း သူ့အပျော် ကို သူရှာသည်။ အပျိုဘဝက ဝါသနာပါခဲ့သော ပွဲလမ်းသဘင် ရုပ်ရှင်တို့ကိုသွားသည်။ ငယ်သေးသည်။ ချောသေးသည်။ ဟိုလူ နှင့်သွား၊ သည်လူနှင့်သွား၊ ပြောစရာတွေဖြစ်လာပြီ။

www.burmeseclassic.com

www.burmeseclassic.com



ယစ်ထုပ်ကြီးက သူ့အလုပ်ကို ဆင်ခြင်သင့်ပြီ။ သို့သော် မဆင်ခြင်၊ မယားကို ရန်လုပ်လာသည်။ မူးပြီးပြောဆိုကြိမ်းမောင်းသည်။ မယားကလည်းမခံ၊ ကတ်ကတ်လန်အောင် ရန်လုပ်သည်။ အိမ်တွင်းရေးပေါက်ကွဲကြပြီ။ ရိုက်ကြ၊ နှက်ကြပြီ၊ ဆဲကြ၊ ဆိုကြ၊ ငိုကြ၊ ယိုကြပြီ။ အိမ်ထောင်ပစ္စည်းများကို ပေါက်ခွဲကြပြီ၊ ရိုက်ချိုးကြပြီ၊ ကလေးနှစ်ယောက်ဒုက္ခဖြစ်ကြပြီ။ ငိုကာယိုကာ အဖေ့ကို ပြေးဆွဲကြ၊ အမေ့ကို ပြေးဆွဲကြလုပ်ရသည်။ ရှုပ်ရန်ကောဟု အဖေက ရိုက်ထုတ်လိုက်သည်။ ဒေါသဖြစ်နေသော အမေကလည်း မိခင်စိတ်ပျောက်၍ တွန်းဖယ် ပစ်လိုက်သည်။ အပြစ်ရှိသော အဖေနှင့် အမေကြောင့် အပြစ်မဲ့သော သားနှင့် သမီးမှာ အရွယ်နှင့် မမျှသည့် နာကြည်း ကြေကွဲစရာများကို ခံစားကြရသည်။ ဤအကျည်းတန်သော မြင်ကွင်းကို မြင်ရသူတိုင်းစိတ်ဆင်းရဲကြသည်။ လောကကြီး မတရားပါဘူးကွာဟု ရေရွတ်ချင်စိတ်ဖြစ်ရသည်။

အဖေအရက်မူးလဲပြီးအော့အန်နေသည့်ညတစ်ညတွင်ကလေးနှစ်ယောက် အဖေ့ကိုပြုစုနေစဉ် အမေသည်ပွဲလမ်းသဘင်အပျော်သွားရာမှ ဆုံခဲ့တွဲခဲ့သူနှင့်ပင် လိုက်ပြေးသွားတော့သည်။ ကလေးနှစ်ယောက်သိသောအခါ ဆောက်တည်ရာမရ ငိုကြွေးပူဆွေးကြသည်။ ကလေးတို့၏ နုနယ် သော နှလုံးသားလေးများမှာ မမျှတသော ဝေဒနာပြင်းထန်စွာခံကြရသည်။ လောက အကျည်းတန်လေပြီ။



ဖခင်ဖြစ်သူက နောက်အိမ်ထောင်ပြုသည်။ သမီးငယ်လေးကို ဖခင်၏ မိဘများက ယူသွားပြီး ကျွေးမွေးထားရသည်။ သားလေးမှာ ဖခင်နှင့် ဆက်နေသည်။ မောင်နှမနှစ်ယောက် တစ်ကွဲတစ်ပြားစီ ဖြစ်သွားကြသည်။ ဝမ်းနည်းကြေကွဲရပြန်သည်။ မိထွေးဖြစ်သူက စာနာစိတ်ဖြင့် ကြင်နာသော်လည်း သားလေးအတွက် အမေရင်းမဟုတ်၍ သတိထားရသည်။ နှလုံးသားလေးမှာ ဒဏ်ရာရခဲ့ပြီ။ စိတ်အားငယ်သွားသည်။ မျက်နှာလေးမှာ ချောမောသော်လည်း အလွမ်းရိပ်လေးသန်းနေသည်။ သိမ်ငယ်မှုလေးလွှမ်းနေသည်။ အခြား ကလေးများနှင့်စာလျှင် သွက်လက်ရွှင်လန်းမှု လျော့နည်း သွားလေပြီ။

အိမ်ထောင်ဖက်ရွေးရာတွင် အစကတည်းက ရိုးဖြောင့်ရန် လိုသည်။ မှန်ကန်မှု ရှိသင့်သည်။ စိတ်ပိုင်းဆိုင်ရာဖြစ်သည့် မေတ္တာနှင့် ပြည့်စုံသင့်သည်။ ရုပ်ပိုင်းဆိုင်ရာဖြစ်သော စားဝတ်နေရေးသည်လည်းပြည့်စုံရန်လိုသည်။ သို့သော်ချမ်းသာသူကိုယူပြီး မေတ္တာ မပါလျှင် ရုပ်ပိုင်း ပြည့်စုံသော်လည်း စိတ်ပိုင်း၌ ယွင်းနေတတ်သည်။ စိတ်ပိုင်းကိုသာ ဦးစားပေးပြီး ရုပ်ပိုင်းကိစ္စကို မစဉ်းစားလျှင်လည်း အမှားဖြစ်သည်။ လင်မယားဘဝမှာ မေတ္တာကို အခြေခံ၍ ကိုယ့်အားကိုယ်ကိုး ကြိုးစားသင့်သည်။ လင်မယားကြားတွင် မာနမပြိုင်ဘဲ မေတ္တာပြိုင်သင့်သည်။ ဒေါသမပြိုင်ဘဲ သည်းခံမှုပြိုင်သင့်သည်။ အသာရလိုမှု မပြိုင်ဘဲ အနစ်နာခံမှုပြိုင်သင့်သည်။ မြေဇာပင် သားသမီးများကို ငဲ့ညှာ၍ သာယာသော အိမ်ထောင်ဖြစ်ရန် ကြိုးစားသင့်ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ကလေးနှင့် ဆော့ကစားခြင်း

ကလေးတို့သည် မွေးကင်းစကို လွန်၍ လသားမျှ ရှိလျှင်ပင် လက်လှုပ် ခြေလှုပ် ဆော့ ကစားတတ်ကြသည်။ ဝမ်းလျားမှောက်သည့် အရွယ်၊ လေးဖက်သွားသည့် အရွယ်၊ မတ်တတ်စမ်းသည့်အရွယ်တို့တွင် တစ်ဆင့်တိုးတက်၍ လှုပ်ရှားမြူးကြွစွာ ဆော့ ကစားတတ်လာကြသည်။ ငါးနှစ်၊ ခြောက်နှစ်အရွယ်မှ အရွယ်ရောက်စအထိ ကာလသည် မိန်းကလေးရော ယောကျ်ားလေးပါ ဆော့ ကစားခြင်းကို အလွန်မက်မောကြသည့် အခါဖြစ်သည်။

### ဆော့ကစားခြင်းနှင့် ကျန်းမာခြင်း

ဆော့ကစားခြင်းသည် ကလေးတို့အတွက် ကိုယ်ခန္ဓာ၏ လိုအပ်ချက်ဖြစ်သည်။ ကလေး၏ သဘာဝလည်း ဖြစ်သည်။ ကလေးသည် ဆော့ကစားနေမှ ကျန်းမာသည်။ အပြန်အလှန် ကောက်ယူရလျှင် ဆော့ကစားခြင်း မရှိ၊ ငြိမ်သက်နေသော ကလေးသည် ရုပ်ကျန်းမာရေး ချို့ယွင်းနေ၍သော်လည်းကောင်း၊ စိတ်ကျန်းမာ



ရေး တစ်စုံတစ်ခု ချို့ယွင်းနေ၍သော်လည်းကောင်း ဖြစ်နိုင်၏။ ကလေးများဆော့ကစားနေသည်မှာ မိဘများအတွက် ဝမ်းသာစရာဖြစ်သည်။ ပြေးလွှား ခုန်ပေါက်ဆော့ကစားခြင်းဖြင့် ကလေးတို့၏ ကိုယ်ခန္ဓာ ကျန်းမာသန်စွမ်းလာသည်။ ကြီးထွားတိုးတက်လာသည်။ စိတ်ပျော်ရွှင်မည်။ ကစား၍ အားရလျှင် နားမည်၊ စားမည်၊ အိပ်မည်၊ သဘာဝ ကျနေသော ကလေးဖြစ်သည်။

### ဆော့ကစားခြင်းကို မငြူစူသင့်

အချို့သော လူကြီးမိဘများသည် ကိုယ်တိုင်လည်း ငယ်ရာမှကြီးလာသည် ဖြစ်ပါလျက်နှင့် ဘဝမေ့၍ ကလေး၏ ဆော့ကစားခြင်းကို ငြူစူတတ်ကြသည်။ 'ဆော့လိုက်ကြတဲ့ ကလေးတွေ ပါကြည့်လို့ကို မရဘူး' 'မဆော့နဲ့၊ မကစားနဲ့၊ တစ်ယောက်မှ လှုပ်နဲ့၊ ငြိမ်ငြိမ်နေကြစမ်း' စသည်ဖြင့် ပြောဆိုတတ်ကြသည်။ အချို့ဆိုလျှင် ကလေး၏ ဆော့ကစားခြင်းကို အတင်းအကျပ်ချုပ်ချယ်တတ်ကြသည်။ ကလေး၏ ဆော့ကစားတတ်သည့် သဘာဝကို လျစ်လျူပြု၍ ဟန့်တားပိတ်ပင်ခြင်းသည် လူကြီးသော၏ မသိနားမလည်မှု၊ တနာစိတ်ကင်းမဲ့မှုဖြစ်သည်။ ကလေးများကို ပျော်ရွှင်စွာ ဆော့ကစားပါစေ၊ ကလေး၏ ဆော့ကစားခြင်းကို အားပေးပါ၊ သို့မှသာ ကလေးကျန်းမာ၍ ဉာဏ်ပညာလည်း ထက်မြက်သည်။ ရုပ်ပိုင်း ရော၊ စိတ်ပိုင်းပါ မှန်ကန်စွာ ကြီးပြီးတိုးတက်သည့် သားကောင်းသမီးကောင်းများဖြစ်လာမည်။

www.burmeseclassic.com

www.burmeseclassic.com



## စနစ်တကျ ကစားတတ်ပါစေ

ကလေး၏ ဆော့ကစားခြင်းကို အားပေးရာတွင် ကောင်းသော မှန်ကန်သော ကစားနည်းများကို စနစ်တကျ ကစားတတ်စေရန် ထိန်းကျောင်းပြုပြင်ပေးခြင်းကား လိုအပ်ပေသည်။ အချို့သော ကစားနည်းများသည် အစကတည်းက စနစ်ကျမှ ထူးချွန်နိုင်သည်။

ကစားနည်းများစွာတို့သည် နည်းပြဆရာနှင့်တကွ စနစ်တကျ သင်ပေးလျှင် ကလေးအတွက် ကျန်းမာပျော်ရွှင်မှုလည်း ရသည်။ အားကစားထူးချွန်မှုလည်း ရရှိနိုင်သည်။ စည်းကမ်းရှိရှိနှင့် စနစ်တကျ ကစားတတ်ခြင်းဖြင့် ထိုကလေး၏ ဘဝတွင် စည်းကမ်းရှိခြင်း၊ စနစ်ကျခြင်းများလည်း ကျင့်သားရသွားနိုင်သည်။ အများနှင့် ပူးပေါင်းကစားရာတွင် တစ်ဦးကောင်းတစ်ယောက်ကောင်းအတ္တလွန်ကဲ၍ မရသည်ကို လက်တွေ့ သိလာခြင်းဖြင့် အတ္တဟိတ၊ ပရဟိတမျှတသော စိတ်လည်း ရရှိလာနိုင်သည်။

ကစားဖော်အချင်းချင်း ကူညီရင်း၊ ညှာတာရင်း ပေါင်းသင်းဆက်ဆံရေးနယ်ပယ်လည်း ကျယ်ပြန့်လာနိုင်သည်။ ထို့ကြောင့် ကလေးများကို စည်းကမ်းရှိရှိ နှင့် စနစ်တကျ ကစားတတ်စေရန်လူကြီးမိဘများက ပံ့ပိုးကူညီသင့်ကြသည်။



## ဆော့ကစားခြင်းနှင့် အန္တရာယ်

ကလေး၏ အပြစ်ကင်းသော ဆော့ကစားခြင်းများကို အားပေးကူညီသင့်သော်လည်း အန္တရာယ်ဖြစ်မည့် ဆော့ကစားခြင်းများကို လူကြီးမိဘတို့က သတိရှိစွာဖြင့် ဟန့်တားသင့်ကြသည်။ ငယ်ရွယ်သော ကလေးသည် လူကြီးများကဲ့သို့ အတွေ့အကြုံမရှိသေးသောကြောင့်အန္တရာယ်ကို မသိမမြင်တတ်ကြ။

ထို့ကြောင့်မကြာခဏ ဆော့ကစားရင်း အန္တရာယ်ဖြစ်တတ်ကြသည်။

တစ်ဖက်နှင့် တစ်ဖက်ခဲများ၊ တုတ်များဖြင့် ပစ်ပေါက်၍ ဆော့ကစားခြင်း၊ တစ်ဖက်နှင့် တစ်ဖက် ခြေကန်တမ်းကစားခြင်း၊ ရေမကူးတတ်ဘဲ ရေနက်ရာ မြစ်ချောင်းအင်းအိုင်များသို့ ဆင်း၍ ကစားခြင်း၊ ရေအောက်တွင် ဘာရှိသည်ဟုမသိဘဲမြစ်ကမ်းပါး ချောင်းကမ်းပါးတံတားစသည်တို့မှ ခုန်ဗင်ထိုးချခြင်း၊ ကျည်းသားရိုက်သည်ကို ရှေ့မှ ဖမ်းဆီး၍ ကစားခြင်း၊ သစ်ပင်ပေါ်တွင် တစ်ကိုင်းမှ တစ်ကိုင်းကူး၍ စိမ်ပြေးတမ်းကစားခြင်း၊ အလွန်နေပူသည့် အချိန်တွင်နေပူသည့် နေရာတွင်းပြင်၌ ကစားခြင်း၊ ကားလမ်းမများကို ဖြတ်ကျော်ပြေးလွှား၍ ခွန်လိုက်ခြင်း စသည်တို့ကားကလေးများအတွက် အန္တရာယ်ဖြစ်နိုင်၍ ဟန့်တားပြီးအန္တရာယ် ကင်းသော ကစားနည်းမျိုးကို ကစားနိုင်စေရန် လွှဲပြောင်းစီစဉ်ပေးသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ကလေးနှင့် ကစားကွင်း

တိုးတက်သောနိုင်ငံများတွင် ကလေးတို့၏ ဆော့ကစားခြင်းကို လူကြီးများကိုယ်တိုင်စနစ်တကျ စီစဉ် ပေးကြသည်။ မြို့တိုင်း၊ ရွာတိုင်း၊ ရပ်ကွက်တိုင်း၊ ကျောင်းတိုင်းတွင် ကလေး ကစားကွင်းများ ဆောက်လုပ်ပေးကြသည်။ ကလေးကစားစရာပစ္စည်းများ ပြည့်စုံစွာ ထားပေးကြသည်။

ကလေးများကလေးဖြစ်ရကျိုးနပ်ကြသည်။ ကျွန်ုပ်တို့နိုင်ငံတွင် မြေတွေ ပေါပေါလျက်နှင့် ကလေးကစားကွင်း ဟူ၍ စနစ်တကျ သတ်မှတ်ပေးခြင်း ရှားပါးလှပါသည်။ ကလေး ကစားကွင်းနှင့် ကစားပြီး ကြီးပြင်းခဲ့ရသူ ရှားပါးလှသည်။ ရွာမှာ မရှိ၊ ရပ်ကွက်မှာ မရှိ၊ ကျောင်းမှာ မရှိ၊ မြို့ကြီးများမှာ ပင်မရှိ၊ ရှိသော အားကစားကွင်း ဆိုသည်မှာလည်း ကလေးများ ကစားရန် မဟုတ်၊ လူကြီးများ ကစားရန် အတွက်သာဖြစ်သည်။ ထို့ကြောင့် ကလေးများသည် လမ်းပေါ်မှာကစားရသည်။ တိုက်ကြို တိုက်ကြားမှာ ကစားရသည်။ မြေတလင်းကွင်းပြင်တွေ့ရာမှာ ကစားရသည်။ အန္တရာယ်များကြသည်။

မြို့တည်၊ ရွာတည်၊ ရပ်ကွက်တည်တိုင်း ကလေးကစားကွင်းကို ထည့်သွင်းစဉ်းစား၍ မဖြစ်မနေပါသင့်ပါပြီ၊ မြို့ဟောင်း၊ ရွာဟောင်း၊ ရပ်ကွက်ဟောင်းများမှာလည်း ကလေးကစားကွင်းတစ်နေရာကို စီစဉ်ပေးလျှင် လွယ်ကူစွာပင် ဖြစ်နိုင်သည်သာများပါ၏။ နောင်တွင် မြို့သစ်၊ ရွာသစ်၊



ရပ်ကွက်အသစ်တည်တိုင်းလည်း သင့်တော်သည့် တစ်နေရာ (သို့မဟုတ်) နှစ်နေရာ၊ သုံးနေရာမှာ ကလေးကစားကွင်းများ တိကျစွာ သတ်မှတ်ဖော်ဆောင်ပေးသင့်ပေပြီ။

ယခုလက်ရှိ အချိန်၌ မြို့တိုင်းတွင် ပန်းခြံများနှင့်တွဲ၍ ကလေးကစားကွင်းများပေါ်ပေါက်လာ၍ ကလေးများ ပျော်ရွှင်စွာ ကစားနေကြသည်ကို မြင်ရသည်မှာ ဝမ်းသာဖွယ်ရာ ကောင်းလှပေသည်။

## ကစားချိန်၊ နားချိန်၊ ပညာဆည်းပူးချိန်

ကလေးများကို ပညာသင်ချိန်၊ ကစားချိန်၊ နားချိန်၊ စာကြည့်ချိန်ဟူ၍ မိဘများကတိကျစွာပိုင်းခြင်းသတ်မှတ်ပေးသင့်သည်။ ကလေး၏ သဘာဝမှာ ကစားမလား၊ စာကျက်မလားဟုမေးလျှင် ကစားရန်သာ ဆန္ဒရှိပေလိမ့်မည်။ အောင်မြင်လိုစိတ်၊ ယှဉ်ပြိုင်လိုစိတ်၊ ချီးကျူးခံလိုစိတ်၊ မိဘဆူပြောမည်ကိုစိုးရိမ်စိတ်တို့ကြောင့်သာ စာကြည့်၍ နေရပေမည်။ မိဘများကလည်း ကလေးစရိုက်နှင့် ကလေးသဘာဝကို သိပြီးဆုံးမပြုပြင်ပေးရမည်။ မည်သည့်အရာမဆို တန်ဆေး လွန်ဘေးဟူသော စကားရှိသည်။ ဆော့ကစားခြင်းသည် ကလေးကို ကျန်းမာ သန်စွမ်းစေသည်မှာမှန်သော်လည်း အလွန်အမင်းဆော့ကစား လွန်းလျှင် အားအင်ကုန်ခန်းသည်။ စိတ်ဓာတ်ပေါ့ပျက်သည်။ ပညာသင်ကြားရေးအတွက် စိတ်ဝင်စားခြင်း မရှိဖြစ်တတ်သည်။ ထို့ကြောင့် ကစားချိန်၊

www.burmeseclassic.com

www.burmeseclassic.com



နားချိန်၊ စားချိန်၊ စာကြည့်ချိန်၊ အိပ်ချိန် သတ်မှတ်ပေးသင့်သည်။

ယနေ့ပညာသင်ကြားရေးတွင် ယှဉ်ပြိုင်ရလွန်းသောကြောင့် ကလေးများ ဆော့ကစားချိန်မရ၊ ကလေးဖြစ်ရှုံးနေကြသည်များလည်း ကလေးတို့အတွက် နစ်နာသည်။ ကလေးများသည် နံနက်အစောကြီး ထစာကြည့်၊ မိုးလင်းသည်နှင့် ကျူရှင်ပြေး၊ ပြီးတော့ ကျောင်းတက်၊ ညနေကျောင်းဆင်းတော့ ကျူရှင်ပြေး၊ အိမ်ပြန်ရောက်သည် နှင့် စားသောက်ပြီးစာကြည့်၊ ကလေး၏ အချိန်စာရင်းတွင် ကစားချိန်ပျောက်နေသည်။ ကလေးတို့အတွက် ကစားချိန်ရှိသင့်သည်။ သို့မှသာလည်း ပညာသင်ကြားရာ၌ ဉာဏ်ပညာထက်မြက်သည်။ ပညာသင်ကြားရေးထူးချွန်အောင်မြင်မည်။

## အသက်ကြီးမှ သံပတ်ကားဖြင့် ကစားသူ

ရည်မှန်းချက်ရှိခြင်း၊ ဘဝအတွက် တိုးတက်အောင် ကြိုးစား အားထုတ်ခြင်းသည် ကောင်းပါ၏။ သို့သော် မျှော်မှန်းချက် ကြီးမားလွန်းလျှင် အစွန်းတစ်ဖက်သို့ ရောက်တတ်သည်။ တစ်ဖက်မှ အောင်မြင်မှုရသည်နှင့်အတူ အခြားတစ်ဖက်မှ အစားထိုး၍ မရသော ဆုံးရှုံးမှုများကိုလည်း ပေးရသည်။ ကျွန်ုပ်၏ မိတ်ဆွေတစ်ယောက်သည် ငယ်စဉ်ကတည်းက စိုက်ပျိုးရေးဝန်ထောက်တစ်ယောက်ကို အားကျ၍ စိုက်ပျိုးရေးဝန်ထောက် ဖြစ်အောင်ကြိုးစားမည်ဟု ဆုံးဖြတ်သည်။ ပညာကြိုးစားသင်သည်။ ဆယ်တန်းအောင်ချင်စိတ်ကြီးမား၍ သူများကစားချိန်မှာပင် မကစားနိုင်။ ဆယ်တန်းအောင်ပြီး စိုက်ပျိုးရေး တက္ကသိုလ်ဆက်တက်သည်။ စိုက်ပျိုးရေး တက္ကသိုလ်တွင်လည်း သူများသွား၍မသွားနိုင်၊ သူများကစား၍ မကစားနိုင်၊ ဘွဲ့ရအလုပ်ဝင်ပြီးအသက် (၃၇)နှစ်တွင် စိုက်ပျိုးရေးဝန်ထောက်ဖြစ်သည်။ သူဖြစ်ချင်သည်ကို ဖြစ်ရပြီ။ ထိုအခါကျမှ ငယ်စဉ်ကတည်းက ဘာမျှမကစားခဲ့ရသေးသည်ကို သတိရ၍ သံပတ်ပေးသော ကားလေးကိုဝယ်ပြီး အိမ်မှာတစ်ယောက်တည်းကစားသည်။ သို့သော်မပျော်တော့ပါ။ အရွယ်ကသံပတ်ကားနှင့် ကစား၍ ပျော်သောအရွယ်ဟုတ်တော့ပါ။ နောက်ကျသွားပြီ၊ ကစားချိန်တွေကုန်ဆုံးကျော်လွန်ခဲ့လေပြီ..။

## ကလေးတို့ ရွှင်လန်းချမ်းမြေ့ကြပါစေ

ကလေးကို ချစ်လျှင် ပညာသင်ပေးခြင်းကို အလေးအနက်ထားသကဲ့သို့ ကလေး၏ အသက်အရွယ်အလိုက် ဆော့ ကစားခြင်းကိုလည်း အလေးထားသင့်သည်။ ကလေးများ ကိုယ်လက်လှုပ်ရှားဆော့ကစားခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာ သန်စွမ်းစေရန် ရုပ်ပိုင်းရွှင်လန်းစေရန် မိဘများက စီစဉ်ပေးသင့်သည်။ ထိုကလေးများသည် ကလေးအခွင့် အရေးကို အပြည့်အဝခံစားရသည်။ ဉာဏ်ပညာ ထက်မြက်၍ ပညာ သင်ကြားရေးလည်းအောင်မြင်ထူးချွန်နိုင်သည်။ ပညာသင်ကြား၍ အလုပ်ခွင်ဝင်သောအခါမှာလည်း ကိုယ်ကျန်းမာ စိတ်ချမ်းသာသည့်



www.burmeseclassic.com

www.burmeseclassic.com



လုပ်သားကောင်းများဖြစ်လာမည်။

ကလေးများ ကလေးဖြစ်မရှုံးကြပါစေနှင့်။

ကလေးများဆော့ကစားခွင့် ရ၍ပျော်ရွှင်ချမ်းမြေ့ပါစေ။

ကလေးများ ရွှင်လန်းကျန်းမာ၍ အောင်မြင်ကြပါစေ။

## ကလေးနှင့် အနုပညာကို ခံစားခြင်း

ဂရိပညာရှင် ပလေတို (Plato) ၏ အကယ်ဒမီခေါ်ကျောင်းတော်တွင် ကလေးတို့ ကြံ့ခိုင်သန်စွမ်းအောင်ကျန်းမာရေး လေ့ကျင့်စေခဲ့သည်။ အနုပညာကိုခံစားတတ်စေရန်ဂီတကိုလည်း သင်ပေးသည်။ အနုပညာကို ခံစားတတ်ခြင်းမရှိသူတို့သည် မျှမတသောစိတ်မရှိသော ကြောင့် စိတ်မချရဟုပလေတိုကဆိုသည်။

### ဝန်းကျင်လှပ ကြည်နူးကြ

လူတို့သည် သဘာဝပတ်ဝန်းကျင်၏ အလှအပ၊ လူ့ဘောင်လောက၏ အလှအပကို ခံစားတတ်ရန် လိုသည်၊ လေပြည်ကလေးတိုက်၍ သစ်ရွက်ကလေးများ လှုပ်ခတ်နေသောအလှ၊ ပန်းကလေးများ ပွင့်လန်းနေသော အလှ၊ တလိပ်လိပ် တက်လာသော ညိုညိုမှောင်မှောင် မိုးတိမ်တောင်တို့၏ အလှ၊ မြားတန်းကလေးများလို အပြေးအလွှား ကျဆင်းလာသော ပုလဲရည်မိုးစက်တို့၏ အလှ၊ ရှစ်ရပ်ဝန်းကျင်ကို ဇာပဝါခြုံပေးသော

www.burmeseclassic.com

www.burmeseclassic.com



ငွေနှင်းမှုံတို့၏ အလှ၊ နေထွက်ခြင်းအလှ၊ နေဝင်ခြင်း အလှ၊ တိမ်ညိုတိမ်ဝါတို့၏အလှ၊တောအလှ၊တောင်အလှ၊မြစ်ချောင်း အင်းအိုင်တို့၏ အလှ၊ပင်လယ်ပြင်၏အလှ၊စမ်းချောင်းကလေး၏ အလှ၊ လေမှာ လွင့်နေသော ရွက်ကြွေလေးများ၏အလှ စသည်ဖြင့်သဘာဝပတ်ဝန်းကျင်တွင်ရှိသည့်အလှ ပန်းချီကား ချပ်များကို ကြည့်နူးတတ်ရန်၊ ခံစားတတ်ရန် လိုပါသည်။ မိဘဆရာတို့သည် ကလေးများကို ငယ်စဉ်ကတည်းက သဘာဝ ပန်းချီအလှများ ခံစားတတ်စေရန် လေ့ကျင့် သင်ကြားပေးသင့် သည်။

## သဘာဝဂီတ ခံစားကြ

လူ့ပတ်ဝန်းကျင်တွင် လူတို့ကြည့်ရှုကြည်နူးစရာ သဘာဝအလှ ပန်းချီကားများ ရှိသကဲ့သို့ လူတို့နားဆင်ခံစားစရာ သဘာဝဂီတ များလည်း ရှိနေသည်။ စမ်းရေစီးသံဂီတ၊ သစ်ပင် ဝါးပင်ကို လေ တိုးသံဂီတ၊သမင်ကတောက်၊ချေကဟောက်၊မျောက်ကကြိုးခွေ၊ ဒေါင်းအိုးဝေ ဆိုသကဲ့သို့ တောကောင်တို့၏ အတိုင်အဖောက် ညီညီ အော်မြည်သံ ဂီတ၊ ရွက်ခြောက်ကလေးများ ကြွေလွင့်သံ ဂီတ၊ မိုးပေါက်ကလေးများကမ္ဘာမြေသို့ ထိမှန်သံဂီတ၊ မိုးချုန်း သံဂီတ၊ မိုးခွေငှက်၊ ဥသြငှက် စသည့် ကျေးငှက်ကလေးများ၏ တွန်ကျူးသံ ဂီတ စသည့် သဘာဝဂီတ များကို ကြည်နူးတတ်၊ ခံစားတတ်ရန်လိုပါသည်။ မိဘဆရာတို့သည် ကလေးများကို ငယ်စဉ်ကတည်းက သဘာဝဂီတသံများ ခံစားတတ်စေရန်



လေ့ကျင့်သင်ကြားပေးသင့်သည်။

## မပြုမပြင် ပင်ကိုယ်အလှ

မပြုမပြင် ပင်ကိုယ်အလှကို သဘာဝအလှဟု ခေါ်ကြသည်။ လယ်သမားကြီး လယ်ထွန်နေသောအလှ၊ ကောက်စိုက်သမ၏ ကောက်စိုက်နေသောအလှ၊လှေထိုးနေသော လှေသမား၏အလှ၊ ကျွဲစီးနေသော ကျွဲကျောင်းသား၏အလှ၊ သဲတွင်း ရေချိုခပ် နေသော တော၏ သမီးပျို လုံမငယ်၏အလှ၊ မြစ်ပြင်မှ လှေငယ် နှင့် ပိုက်ကွန်ချနေသော တံငါသည်၏ အလှ၊ သစ်ဆွဲနေသော ဆင်ကြီး၏အလှ၊ စမ်းရေသောက်နေသော သမင် အုပ်၏အလှ၊ ထန်းတောနှင့် ထန်းတက်သမား၏အလှ၊ ဆွမ်းခံထွက်လာသော တောရကျောင်းမှ ကိုရင်လေးနှင့် ဆွမ်းဟင်းခွက် ဇွတ်ထမ်းသော ကျောင်းသားကလေး၏အလှ စသည်တို့လည်း တမင်အလှ ဆင်နေကြခြင်းမဟုတ်ဘဲ သဘာဝ အတိုင်းကြည်နူးစရာ လှပနေခြင်းဖြစ်သည်။ ထိုအလှအပကလေးများကိုလည်းကြည့် မြင်တတ်ရန်၊ကြည်နူးတတ်ရန် လိုပါသည်။ မိဘဆရာတို့သည် ကလေးများကို ငယ်စဉ်ကတည်းက လေ့ကျင့်သင်ကြားပေး သင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



## မခံစားတတ်လျှင် ရှုံးသည်

မိမိပတ်ဝန်းကျင်မှ သဘာဝအလှအပနှင့် ဂီတများကို မခံစားတတ်သူသည် နစ်နာသည်။ ဆုံးရှုံးသည်။ သဘာဝ တရားက လူတိုင်းကိုကြည်နူးစရာခံစားစရာလေးများအစဉ် ပေးနေပါ၏။ အချို့က ခံစားတတ်၍ ခံစားရသည်။ အချို့က မခံစားတတ်၍ မခံစားရ။ မန္တလေးတက္ကသိုလ်တွင်နေစဉ်က ရင်းနှီးသော သူငယ်ချင်း တစ်ယောက်ရှိခဲ့သည်။ သူသည် ရည်မွန် ချက်ကြီးမားသည်။ ပညာကြိုးစားသည်။ အချိန်တိုင်း စာကြည့် သည်။ စာကျက်သည်။ အပျော်အပါး အလွန်နည်းသည်။ သူ့ကျန်းမာရေးအတွက် ညနေတိုင်းရေနီမြောင်းတစ်လျှောက် လမ်းလျှောက်သည်။ သူသတ်မှတ်ထားသော ထနောင်းပင်သို့ အမြန်ဆုံးရောက်အောင်သွားသည်။ ရောက်သည်နှင့် ပြန်လှည့် သည်။ အဆောင်သို့အမြန်ပြန်သည်။ အဆောင်ရောက်သည်နှင့် ခြင်ထောင်ထဲဝင်ပြီး စာကြည့်သည်။

ကျွန်တော်က သူနှင့်အတူ လမ်းလျှောက်ရင်း 'ဟာ... အနောက်ဘက် ကောင်းကင်ကို ကြည့်လိုက်စမ်း၊ တိမ် တွေတောက်နေတာ လှလိုက်တာကွာ' ကိုယ်တိုင်သဘောကျစွာ ကြည့် ရင်းသူ့ကိုလည်း အကြည့်ခိုင်းသည်။

'တိမ်တောက်တာပဲကွာ၊ အဆန်းလုပ်လို့'

သူကလှည့်၍ပင်မကြည့်။



အပြန်ကျတော့ နည်းနည်းမှောင်ပြီ။ အရှေ့ဘက် ဆီမှ ရှမ်းရိုးမတောင်တန်းကြီးပေါ်တွင်တောင်ယာမီးရှို့ထားသော မီးစောင်းတန်းကြီးများကို လှမ်းမြင်ရသည်။

'ဟာ...ဟော့ကောင်၊ အရှေ့ဘက်ကတောင်ကြီး တွေကို ကြည့်လိုက်စမ်း၊ တောမီးတွေလောင်နေတာ လှလိုက် တာကွာ'

ကျွန်တော်ကအားပါးတရ ပြောမိသည်။ ကိုယ့် ဘာသာ ကြည့်၍လည်း သဘောကျနေသည်။

'မင်းကလဲ တော်တော်စိတ်ကူးယဉ်တဲ့ကောင်၊ သူ့ဘာသာ တောမီးလောင်တာပဲ ဘာလှနေရမှာလဲ'

သူကတော့ ခပ်သုတ်သုတ် လျှောက်လှမ်းနေ သည်။

နောက်တော့သူကလည်း ကျွန်တော်နှင့် မတွဲပါ။ ဘယ်သူနှင့်မှလည်း မတွဲတော့ပါ။ သူနှင့်သွားရသည်မှာ ကြည်နူး စရာမကောင်းပါ။

## သဘာဝအလှနှင့် စိတ်ထားအလှ

သဘာဝ အလှအပများကို ခံစားတတ်သူသည် ကြည်နူးစိတ်၊ နှစ်သက်မြတ်နိုးစိတ် ဖြစ်သည်။ စိတ်ထား နူးညံ့သည်။ ရုပ်ရေး

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပါ ပျော့ပျော့ပျောင်းပျောင်း ရှိသည်။ ကျွန်တော်၏ မန္တလေး တက္ကသိုလ်မှ သူငယ်ချင်းမှာ သဘာဝအလှကိုလည်း မခံစား၊ သူများက အလှအပ ခံစား၍ ပြောပြလျှင်လည်း နားခါးသည်။ ခက်ထန်နေသည်။ အပေါင်းအသင်းလည်း အလွန်နည်းသည်။ သူကိုယ်တိုင် တင်းကျပ်မှုကို ခံစားနေရသလို ပတ်ဝန်းကျင်ကိုလည်း တင်းမာ ပူလောင်စေသည်။ သူ့စိတ်ထားမှာ ပြတ်သားသည်။ အကြင်နာ နည်းသည်။ ထိုသူမျိုးမှာ ပြတ်သားရာမှ တစ်ဆင့် ရက်စက်စရာရှိလျှင် ရက်စက်တတ်သည်။ သို့သော် ကျွန်တော့်သူငယ်ချင်းသည် သူကြီးလာသောအခါ နားလည်လာသည်။ သူ့ သားသမီး များကို သူ့လိုဖြစ်မှာ စိုးရိမ်လာသည်။

'ငါ ခုထိ လေတစ်ချက် မချွန်ဖူးဘူး၊ သီချင်းတစ်ပုဒ် မပြောနဲ့ တစ်လုံးတစ်ပါဒတောင်ရောင်လို့ မဆိုဖူးဘူး၊ ငါ့သားသမီးတွေ ငါ့လို မဖြစ်အောင် မနည်းလုပ်နေရတယ်ကွာ' ဟုဆိုသည်။

## လောကကို အလှဆင်ပါ

ကိုယ်တိုင်က ခံစားတတ်မှ သူများကိုလည်း ခံစားရအောင် ဖျော်ဖြေနိုင်သည်။ ကိုယ်တိုင်က ကြည်နူးတတ်မှသူ တစ်ပါးကိုလည်း ကြည်နူးရအောင်ဖြည့်ဆည်းနိုင်သည်။ အနုပညာစိတ်သည် နူးညံ့ လှပရုံမက သူတစ်ပါးကိုလည်း နူးညံ့လှပအောင် ဖန်တီးနိုင်သည်။ သဘာဝအလှများကို မြတ်နိုးတတ်မှ လူ့ဘောင်လောကနှင့် သဘာဝ လောကကို ချစ်သည်။ သဘာဝလောကနှင့် လူ့ဘောင်လောကကိုမြတ်နိုးချစ်ခင်တတ်မှ သဘာဝလောကနှင့် လူ့ဘောင် လောက၏ အလှပျက်မည့် တရားများကို ကာကွယ်ဟန့်တားသည်။ သဘာဝလောကနှင့် လူ့ဘောင်လောကကို အလှဆင်သူ ဖြစ်အောင် ကြိုးစားသည်။



## အလှဖျက်သူ ရက်စက်သူ

ယနေ့ကမ္ဘာပေါ်တွင် မိမိတို့ တစ်ဦးချင်း၏ တိုးတက်ကြီးပွားရေး ချမ်းသာကြွယ်ဝရေးအတွက် သဘာဝ၏ အလှတရားများကို မငဲ့မကွက် ရက်စက်ကြသူများရှိသည်။ ထို့ကြောင့် ပင်လယ်ပျော်ဖွဲ့ ကြီးများ မျိုးတုံးတော့မည်။ ဝေလငါးကြီးများ အုပ်လိုက်ချီ၍ အသတ်ခံနေရသည်။

ကြံ့ကြီးများ လက်ကျန် အလွန်နည်းသွားပြီ။ ဆင်ကြီးများ ကြေကွဲစရာ ဓာတ်သိမ်းနေရရှာသည်။ ထို့ထက်ပို၍ ဘိန်းဖြူ ကဲ့သို့သော လူသားအမျိုးတုံးစေသည့် မူးယစ်ဆေးဝါးများကို ထုတ်လုပ်ရောင်းချလာကြသည်။ လောက၏ ငြိမ်းချမ်းမှု၊ သာယာမှု၊ လှပမှု များကိုကိုယ်တိုင်က မဖန်တီးရုံမက ရက်စက်စွာ ဖျက်ဆီးလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာကို ပင် ဖျက်မည်လော

တစ်ဖက်နှင့် တစ်ဖက် တစ်နိုင်ငံနှင့် တစ်နိုင်ငံ လောဘ၊ ဒေါသ၊ မာန်မာန၊ အာဃာတ များ ပြိုင်ရင်း ဤကမ္ဘာပေါ်တွင် ကမ္ဘာစစ်ကြီး နှစ်ကြိမ်ဖြစ်ခဲ့ဖူးပြီ။ သတ်ကြ၊ဖြတ်ကြ၊နှိပ်စက်ညှဉ်းပန်းကြ၊ သေကြေပျက်စီးကြ၊ စစ်မီး ဟုန်းဟုန်း တောက်လောင်ကြ၊ စမ်းရေကြည်ကြည်မှာ သွေးနီနီ ရောယှက်၍ စမ်း၏အလှ ပျက်သလိုပင်လယ် သမုဒ္ဒရာတို့မှာ စစ်သင်္ဘော များမင်းမူကြသည်။ အမြောက်သံ၊ ဗုံးသံ၊ ပေါက်ကွဲသံတို့ဖြင့် အကျည်းတန်ခဲ့ရပြီ။ ကောင်းကင်ယံမှာလည်း လေယာဉ်ပျံချင်း၊ ဒုံးဖျံချင်း စစ်ခင်းခဲ့ကြပြီ။ လူများ ဒုက္ခ ရောက်ခဲ့ကြပြီ၊ ဝမ်းနည်း ကြေကွဲစရာ တွေဖြစ်ခဲ့ကြပြီ။

ယခုအခါတွင်ကား ဤကမ္ဘာကြီးသည် အဏုမြူ ဗုံးများ၏ ခြိမ်းခြောက်မှုကို ခံနေရသည်။ ယနေ့ ဤကမ္ဘာပေါ်တွင်လူသားတို့ဖန်တီးထုတ်လုပ်ထားသည့် အဏုမြူဗုံးများသည် ဤကမ္ဘာကြီးတစ်ခုလုံးကို ဖျက်ဆီးရန် လုံလောက်ရုံသာမက ပိုလျှံလျက်ပင် ရှိနေပြီဟု ဆိုကြသည်။ အဏုမြူစစ်ကြီးဖြစ်လျှင် သဘာဝအလှများနှင့်တကွ ကမ္ဘာကြီးပျက်စီးသွားတော့မည်။

## ကလေးနှင့် အနုပညာ

မိဘဆရာတို့သည် ကလေးများကို အနုပညာ ခံစားတတ်စေရန် ပြုစုပျိုးထောင်ပေးသင့်သည်။ သဘာဝ ပန်းချီ၊ သဘာဝ ဂီတ၊



သဘာဝအက၊ သဘာဝ အလှများနှင့် ရင်းနှီးစေရန် ခံစားတတ်စေရန် စီစဉ်ပေးသင့်သည်။ ထိုမှ တစ်ဆင့် သဘာဝအလှ၊ သဘာဝဂီတ၊သဘာဝပန်းချီတို့ကိုအတုယူပြီး လူတို့ဖန်တီး သောအနုပညာများကိုမြတ်နိုးတတ်စေရန် ခံစားတတ်စေရန် လေ့ကျင့်ပေးသင့်သည်။

အနုပညာ စိတ်သည် စိတ်သဘောထား နူးညံ့ ပျော့ပျောင်းစေသည်။ ရက်စက်မှုကို လျော့နည်းစေသည်။ မတရားမှုကိုစက်ဆုပ်စေသည်။ ထို့ကြောင့်စိတ်ထားလှ၍ပေါင်းသင်းဆက်ဆံရေး အဆင်ပြေသည်။ လူနေမှုဘဝတွင် စိတ်ချမ်းသာစေသည်။

ဤကမ္ဘာပေါ်တွင်ရှိသည့် လူသားများသည် သဘာဝအလှအပများကို မြတ်နိုးစိတ်၊ ချစ်ခင်စိတ်၊ လှပအောင် ဖန်တီးလိုစိတ်များဖြင့် ဤကမ္ဘာမြေကြီးအလှပျက်မည့် ဘေးမှ ကာကွယ်၍ လှပအောင် စောင့်ရှောက်သင့်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ကလေးနှင့် ငွေ

'မုန့်ဖိုးပေးပါ'

ကလေးတို့သည် လူကြီးမိဘများထံမှ မုန့်ဖိုးငွေ တောင်းတတ်ကြသည်။ လူကြီးမိဘတို့ကလည်း မုန့်ဖိုးငွေ ပေးကြ၏။ မုန့်ဖိုးရလျှင် ကလေးတို့ဝမ်းသာပျော်ရွှင်ကြသည်။ ထိုငွေဖြင့် မုန့်ဝယ်စားသည်။ တစ်ခါတစ်ရံကစားစရာလေးများ ဝယ်သည်။

### ကလေးနှင့် မုန့်ဖိုးပြဿနာ

အချို့မိဘများက ကျောင်းသွားလျှင် ကလေးမုန့်ဖိုးမပေးချင်၊ ကျောင်းတွင်တွေ့ကရာအစားအစာများကိုဝယ်စားလျှင်မကျန်းမာဖြစ်မှာ စိုးသည်။ ထို့ကြောင့် မုန့်ဖိုးမပေးတော့ဘဲ သင့်တော်မည်ထင်သည့် မုန့်ပဲသွားရေစာကို အိမ်မှ ထည့်ပေးလိုက်ကြသည်။ သို့သော်ကလေးသည် ကလေးသာဖြစ်သည်။ အခြားသော ကလေးများနည်းတူ မုန့်ဖိုးလိုချင်သည်။ မည်မျှပင် စားကောင်းသောက်ဖွယ်များကို ထည့်ပေးစေကာမူ သူ့လက်ထဲမှ



မုန့်ဖိုးငွေကလေးနှင့် ကျောင်းမုန့်ဆိုင်မှာ ဝယ်စား ရသည်ကို နှစ်သက်ကြည်နူးတတ်သည်။ ထို့ကြောင့် ကျောင်းသွားလျှင် ပွဲလမ်းသဘင်ရှိလျှင် ကလေးကို မုန့်ဖိုးပေးသင့်သည်။

### မုန့်ဖိုးနှင့် မသင့်သောအစာ

မုန့်ဖိုးငွေနှင့် မသင့်သည်တို့ကို မစားနိုင်ပါသလောဟု ပြောရန်ရှိပါသည်။ မှန်ပါသည်။ စားနိုင်ပါသည်။ သို့သော် မိဘက လက်သုပ်ချဉ်များ၊ ယင်နားစာများ၊ မသန့်ရှင်းသော အစားအစာများကို မစားသင့်ကြောင်းကလေးနားလည်အောင်ရှင်းပြသင့်သည်။ စားသင့်သော အစာများကိုလည်းညွှန်ပြပေးသင့်သည်။ အဖြစ်သင့်ဆုံးမှာ ကျောင်းဈေးဆိုင်များတွင် မသင့်တော်သော အစားအစာများကို မရောင်းရန် ဆရာကြီးဆရာမကြီးများ ဆရာဆရာမများက ဟန့်တားကန့်သတ်ပေးရမည်။ မသင့်သည်ကိုစားမည်စိုး၍ မုန့်ဖိုးလုံးဝမပေးသည်ကတော့ မသင့်ပါ။ အများနည်းတူ မုန့်ဖိုးမရလျှင် ကလေး၏စိတ်တွင် အနည်းနှင့်အများ ထိခိုက်တတ်ပါသည်။

### မုန့်ဖိုးထက်ပိုသောငွေ

မုန့်ဖိုးပေးသောငွေသည်လည်း အဓိကအားဖြင့် မုန့်ပဲသွားရေစာဖိုးနှင့် သင့်တော်သောငွေသာ ဖြစ်သင့်သည်။ ယေဘုယျအားဖြင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်း အတန်းအလိုက်၊ အရွယ်

www.burmeseclassic.com

www.burmeseclassic.com



အလိုက်သင့်တော်ရုံသာပေးသည်။ ဝန်နှင့်အား၊ လေးနှင့်မြားဆိုသကဲ့သို့ မိဘတတ်နိုင်သည့်အပေါ်တွင်အနည်းအများကွာခြားမှု တော့ရှိပေမည်။

သို့သော် အချို့သော မိဘများသည် ကလေးကို အလိုလိုက်၍လည်းကောင်း၊ လက်ဖွာနိုင်သော အခြေအနေရှိ၍ လက်ဖွာသူလည်းဖြစ်သောကြောင့်လည်းကောင်း၊ အပြိုင်အဆိုင်ဝါကြွားလို၍လည်းကောင်း၊ ပေးသင့်သော မုန့်ဖိုးထက်များစွာပို၍ပေးနေတတ်ကြသည်။ အဆိုးဆုံးမှာ မိဘ၏ ဈေးသေတ္တာထဲမှငွေ၊ အလုပ်စားပွဲ၏ အံဆွဲထဲမှ ငွေ၊ မိဘ၏ အိတ်ထောင်ထဲမှငွေကို လိုသလို နှိုက်ယူခွင့် ပြုထားခြင်းဖြစ်သည်။

## ချစ်ရာမရောက် နှစ်ရာရောက်

ကလေးကို ငွေများများပေးခြင်းသည် ချစ်ရာမရောက်ဘဲ နှစ်ရာရောက်တတ်သည်၊ ငွေကို လွယ်လွယ်ရ၍ လွယ်လွယ် သုံးတတ်သော ကလေးသည် ငွေ၏ တန်ဖိုးကိုမသိ၊ နှမြောစိတ်မရှိ ဖြစ်လာတတ်သည်။ အသုံးအစားများလာတတ်သည်။ ယောကျ်ားလေးများဆိုလျှင်ငယ်ငယ်ရွယ်ရွယ်နှင့်လှုက်ဖက်ရည်ဆိုင်ထိုင်ခြင်း၊ စီးကရက်သောက်ခြင်း၊ အပျော် အပါးအသွားအလာများခြင်း၊ လောင်းကစားခြင်းတို့ ဖြစ်လာတတ်သည်။ ထိုသို့ အပိုသုံးခွင့်ရ၍ အပိုကိစ္စတွေများလာလျှင် ပညာရေးဘက်မှာ လျော့ကျသွားတတ်သည်။



ကျွန်ုပ်နှင့် တစ်ရပ်ကွက်တည်းဖြစ်၍ သိကျွမ်းနေသော ကလေးတစ်ယောက်သည် ရှစ်တန်းသာ ရှိသေးသော်လည်း သူ့အိတ်ထောင်ထဲမှာ အမြဲတမ်း ဆယ်တန်၊ ဆယ့်ငါးကျပ်တန်များ ထည့် ၍ ဖောဖောသီသီ သုံးနိုင်သည်။ သူ့အမေက အထည်ဆိုင်ဖြစ်၍ ငွေကို ဈေးသေတ္တာထဲမှ လိုသလို နှိုက်ယူနိုင်သူဖြစ်သည်။ သိအောင်လည်းယူသည်။ မသိအောင်လည်းယူသည်။ ထိုကလေးမှာ လက်ဖက်ရည်ဆိုင်၌ အပျော်ထိုင်နေတတ်ပြီး၊ ၁၄ နှစ်ခန့်နှင့် စီးကရက်လက်ကြားညှပ်နေသည်။ မိဘကမသိဘဲ မော်လမြိုင်လိုက်သွား၊ ပဲခူးလိုက်သွား၊ ခရီးများ၍ မိဘများမကြာခဏ သောကဖြစ်ကြရသည်။ မိဘက တတ်နိုင်၍ ကျူရှင်အကောင်းစားများ ထားသော်လည်း စာမေးပွဲမအောင်ဘဲ ကျသည်။

ကျွန်တော့် အစ်မဝမ်းကွဲ တစ်ယောက်၏ သားမှာလည်းသူ့မိဘများအလိုလိုက်၍ငွေပေးလွန်းသောကြောင့် အိတ်ထောင်ထဲမှာ ငွေတစ်ရာခန့်ပါလျှင် ငွေမထင်၊ တစ်ရက်မပြည့်ခင် ကုန်အောင်သုံးပစ်သည်။ ယခုအခါတွင် ဆယ်တန်း နှစ်ခါကျပြီး ဆက်လည်းမဖြေတော့ဘဲ ဖဲသမားလေးဖြစ်နေပြီ။ ကလေးကို ကလေးနှင့်တန်သော ငွေသာပေးသင့်သည်။ ထိုငွေထဲမှပင် စုဆောင်းတတ်အောင် စုဘူးစနစ်ဖြင့် အလေ့အကျင့် လုပ်ပေးသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အဖေကြီးပြောသော တကယ့်ပုံပြင်

ကျွန်တော်ငယ်စဉ်က အဖေကြီးပြောလေ့ရှိသော ပုံပြင်ကလေး ရှိသည်။ သို့သော်ရှေးတုန်းကပုံပြင်မဟုတ်၊ အဖေကြီးက ကျောင်းဆရာဖြစ်၍ သူ့ကျောင်းသား ကုလားလေးတစ်ယောက်၏ တကယ့်အဖြစ်၊ ထို ကုလားလေး၏ အဖေသည် ကုန်စုံဆိုင်ကြီး တစ်ခုကို ပိုင်သည့် ချမ်းသာသူဖြစ်သည်။ သို့သော် ကလေးနှစ်ယောက် ကျောင်းသွားလျှင် တစ်ယောက်ကို တစ်ပဲစီသာပေးသည်။ သို့သော် ထို တစ်ပဲက မုန့်ဝယ်စားရသည်မဟုတ်။ နေ့လယ် မုန့်စားဆင်းချိန်တွင် စားရန် ပလာတာနှင့်ပဲဟင်း ထည့်ပေးလိုက်သည်။

ညနေအိမ်ပြန်ရောက်သည်နှင့် ပိုက်ဆံတစ်ပဲ မပျောက်မရှပါလာကြောင်းအဖေ့ကိုပြရသည်။ ပြီးမှ သူတို့တစ်ယောက်စီအတွက်ပေးထားသော စုဘူးထဲမှာ ထည့်ရသည်။ ပိုက်ဆံ တစ်ပဲကို ကျောင်းမသွားမီ မနက်ကတည်းက စုဘူးထဲမှာ ထည့်ခဲ့ချင်၍မရ။ ကျောင်းယူသွားရသည်။ ညနေပြန်လာလျှင် ပြရသည်။ ငွေတစ်ပဲကို တစ်နေ့တာလုံး မပျောက်မပျက်အောင် တာဝန်ယူ၍ထိန်းသိမ်းတတ်စေရန် လေ့ကျင့်ပေးခြင်းဖြစ်သည်။ ပျောက်လျှင်ပြင်းထန်စွာ အရိုက်ခံရသည်။

ငွေကို မနှမြောခြင်း၊ ငွေမပျောက်အောင် မထိန်းသိမ်းနိုင်ခြင်းအတွက် အပြစ်ပေးခြင်းဖြစ်သည်၊ ကလေးများမှာ ထိုငွေတစ်ပဲ ပျောက်မည်ကို အလွန်ကြောက်ကြသည်။



တစ်နေ့လုံး ဂရုတစိုက် ထိန်းသိမ်း စောင့် ရှောက်သည်။ ထို့ကြောင့်ငွေကို တန်ဖိုးထားတတ်မှု၊ ထိန်းသိမ်းတတ်မှု အကျင့် ရသွားသည်။

ဤနည်းအားဖြင့် ကလေးကျောင်းစနေချိန်မှစ၍ နေ့စဉ် တစ်ပဲ တစ်ပဲ စုဆောင်းရသည်။ စုဘူးတစ်ဘူးပြည့်လျှင် ကလေးအမည်ထိုး၍ ဖခင်က သိမ်းထားပေးသည်။ ထိုကလေး ကျောင်းထွက်၍ အရွယ်ရောက်သောအခါ စုဘူးတော်တော်များများရနေပြီ။ ထိုအခါကျမှ စုဘူးများကို ဖောက်ပြီး ရသောငွေနှင့်ကွမ်းယာဆိုင်လေး တစ်ခု အရင်းနှီးပြုပေးသည်။

ရသောအမြတ်ငွေများကို ဆက်စုရင်းဖြင့် ကွမ်းယာဆိုင်မှာ ပစ္စည်းမျိုးစုံရအောင် ကျူလိယာဆိုင်ကလေးပါ တွဲဖက်လိုက်သည်။ ထိုမှ တစ်ဆင့် ကျူလိယာဆိုင်ကြီး၊ စတိုးဆိုင်ကြီးအဖြစ်သို့ရောက်အောင် လေ့ကျင့်ပေးသည်။ အတုယူစရာနမူနာကောင်းဖြစ်ပါသည်။ ထိုကဲ့သို့ စည်းကမ်းစနစ်ကျမှုကြောင့်လည်းလမ်းဘေးကွမ်းယာဆိုင်ကလေးမှ တစ်ဆင့် စိန်ဘာဘူတိုက်ကြီးများအထိ ကြီးပွား တိုးတက်ခဲ့ကြပေသည်။

## ပေါ့ပေါ့ရ၊ ပေါ့ပေါ့စား၊ ပေါ့ပေါ့နေ၊ ပေါ့ပေါ့ဖြစ်

ကျွန်တော်တို့ ပေါ့ပေါ့ရ၊ ပေါ့ပေါ့စားပြီး ပေါ့ပေါ့နေလျှင် ပေါ့ပေါ့သာဖြစ်ကြသည်။ ကျွန်တော်တို့မှာ အသင့်အတင့် ဝင်ငွေလေးကောင်းလျှင်ပင် ဝါကြွားချင်လာသည်။ လက်ဖွာချင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်ထိုင်၍ လာသမျှ လူကိုဒကာခံရင်း မင်္ဂလာယူချင်ကြသည်။ ကလေးမုန့်ဖိုးကိုလည်း သူများ တစ်ကျပ်ပေးလျှင် ငါးကျပ် တစ်ဆယ် ပေးပစ်သည်။ ကလေး၏ သုံးတတ်စားတတ်ပုံကို ဂုဏ်ယူသော လေသံဖြင့် ကြွားဝါချင်တတ်သည်။ ကလေးကို ငယ်ငယ်ကတည်းက ငွေ ပေါ့ပေါ့ရ ပေါ့ပေါ့သုံးတတ်အောင်လေ့ကျင့်ပေးကြသည်။ ထို့ကြောင့် ကလေးတို့ မပျက်စီးသင့်ဘဲ ပျက်စီးရသည်။ တစ်သက်တာလုံးအထိ ပေါ့ပေါ့စား၊ ပေါ့ပေါ့နေတတ်သော အကျင့်ပါပြီး ပေါ့ပေါ့ သာဖြစ်ကုန်ကြရသည်။

### ကလေးနှင့်ငွေ

ကလေးကိုမုန့်ဖိုးပေးသည်မှာ ပေးသင့်ပါသည်။ သို့သော် အရွယ်အတန်းနှင့် သင့်တော်ရုံမျှသော မုန့်ဖိုးငွေသာ ဖြစ်သင့်သည်။ ကလေးကိုချစ်၍ငွေများများပေးလျှင် နစ်ရာရောက်တတ်သည်။ ငယ်ငယ်ကတည်းကပင်ငွေကို တန်ဖိုးထားတတ်အောင် ချွေတာစုဆောင်းတတ်အောင် လေ့ကျင့်ပေးသင့်သည်။

## ကလေးနှင့် ဆေးလိပ်

ဆေးလိပ်သောက်ခြင်းသည် အလွန်မကောင်းသော အလေ့အကျင့်ဆိုးတစ်ခုဖြစ်သည်။ ဆေးလိပ်ကို စွဲစွဲမြဲမြဲသောက်မိလျှင် ဖြတ်ရန်ခက်ခဲသည်။ သို့သော် ဖြတ်၍ မရသည်တော့မဟုတ်။ နှစ်ပေါင်းများစွာ အလွန်အကျွံ သောက်ခဲ့ပြီးမှ လုံးဝဖြတ်သွားသူတို့ များစွာရှိပေသည်။ သို့သော်မကောင်းသော အလေ့အကျင့်ကို မစွဲမီကပင် အစမလုပ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။

### ဆေးလိပ်သောက်ခြင်း၏ ဆိုးပြစ်များ

ဆေးလိပ်သောက်ခြင်းသည် ကောင်းကျိုးမရှိ၊ ဆိုးပြစ်များသာရှိလေသည်။ အပိုငွေကုန်ကြေးကျ များစေသည်။ ပုဆိုးကောင်း၊ အင်္ကျီကောင်းကို မီးလောင်ပေါက်၍ ပျက်စီး ဆုံးရှုံးစေသည်။ ခရီးသွားလျှင် ဆေးလိပ်ထည့်ရ၊ မီးခြစ်ဆောင်ရနှင့် အလုပ်ပိုကရိကထများသည်။ ဆေးလိပ်မရှိလျှင် နေမရ၊ ထိုင်မရ၊ တမ်းတမ်းတတနှင့် ချင်ခြင်းတပ်ပြီး ဒုက္ခဖြစ်ရသည်။ ငယ်ရွယ်

www.burmeseclassic.com

www.burmeseclassic.com



သူ သောက်လျှင် အသက်အရွယ်ထက်ပို၍ မျက်နှာရင့်သည်။ နှုတ်ခမ်းမည်းသည်။ ပါးစပ်၌ မီးခိုးစော်၊ ဆေးချေးစော်နံစေသည်။ ဆီးဝမ်းအထိ ဆေးလိပ်စော်နံစေသည်။ အဆိုးဆုံးမှာ လူ၏ ကျန်းမာရေးကို အမျိုးမျိုး ဒုက္ခပေးခြင်းဖြစ်သည်။

## ဆေးလိပ်နှင့် ကျန်းမာရေး ကြိုက်ရာရွေး

ဆေးလိပ်သောက်ခြင်းသည် လူ၏ ကျန်းမာရေးကို ဒုက္ခပေးကြောင်း ယခုအခါတွင် ဆေးပညာရှင်များ၏ စနစ်တကျ သုတေသနပြုချက်အရ အတိအကျ ဖော်ထုတ်နိုင်ပြီဖြစ်ပေသည်။ ဆေးလိပ်သောက်ခြင်းဖြင့် လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာ ရောဂါဖြစ်စေနိုင်သည်။ ဆေးလိပ်သောက်ခြင်းဖြင့် လူ့သွေးကြောများ ကျဉ်းမြောင်းစေသည်။ စီးကရက်တစ်လိပ် သောက်လျှင် မိုင်(၇၀၀၀၀) ရှိသော လူ့သွေးကြောများ (၁၀၅) မိနစ် ကျဉ်းမြောင်းသွားစေသည်။ ဆေးလိပ်သောက်ခြင်းဖြင့် သွေးကြောပိတ်ရောဂါရ၍ ခြေထောက်ဖြတ်ရသူများစွာ ရှိသည်။ ယခုနောက်ဆုံး တွေ့ရှိချက်အရ ဆေးလိပ်သောက်ခြင်း ဖြင့် လေဖြတ်ရောဂါ ဖြစ်စေနိုင်ကြောင်းကို ထုတ်ဖော်နိုင်ပြီ ဖြစ်ပေသည်။ ထို့ကြောင့် ဆေးလိပ်နှင့် ကျန်းမာရေး ကြိုက်ရာရွေး ဟူသော သတိပေးချက်ကို ဆေးလိပ်သမားများ အလေးအနက်ထား၍ စဉ်းစားသင့်ကြပြီ။



## မစွဲခင်က အလေ့အကျင့် မလုပ်ပါနှင့်

ဆေးလိပ်သည် ချက်ချင်းစွဲသည်မဟုတ်ပါ။ စွဲသည် အထိဆိုလျှင် အတော်ပင် ဒုက္ခခံ၍ လေ့ကျင့်ယူရသည်။ ဦးစွာ ပထမ စသောက်စတွင် မူးသည်။ တံတွေး တပျစ်ပျစ်နှင့် ဖြစ်နေရသည်။ ပျို့သည်။ အစားအသောက်ပျက်သည်။ ဤကြားမှပင် အတင်းဆက်၍ သောက်လျှင် အလေ့အကျင့်ရ၍ စွဲလာသည်။ အချို့ကတော့ ဖွာရုံဖွာတာပါ၊ မရှိုက်ပါဘူး၊ ဒါကြောင့် မစွဲပါဘူး ဟု ဆင်ခြေပေး၍ ဆေးလိပ်ကို ဖွာနေကြသည်။ မရှိုက်ဘဲနှင့် တစ်သက်လုံးဆက်ဖွာနေရသူ များစွာရှိပါသည်။ အလေ့အကျင့် ဆိုသည်မှာ ပြုဖန်များလျှင်စွဲသည်သာဖြစ်ပါသည်။ အထူးသဖြင့် ငယ်ရွယ်သူများသည် ဆေးလိပ်ကို မကြိုက်တတ်သေးပါဘဲနှင့် ဇွတ်အတင်း လေ့ကျင့်ပြီး စွဲအောင် မလုပ်သင့်ကြပါ။

## ဆေးလိပ်သောက်သည့် အကြောင်းများ

ကြီးကောင်ဝင်စ အရွယ်တို့သည် လူကြီးပီပီ မဖြစ်သေးပါဘဲလျက် ကြီးစိတ်ဝင်တတ်ကြသည်။ ဆေးလိပ်သောက်လျှင် လူကြီးဆန်သည်။ လူရာဝင်သည်။ စတိုင်ကျသည်ဟု လွဲမှားစွာ ထင်မြင်ကြသည်။ ထို့ကြောင့် ဆေးလိပ်ကို ဖွာရှိုက်ပြချင်ကြသည်။ ဆေးလိပ်ကို လက်ကြား ညှပ်ထားချင်ကြသည်။

သို့သော် ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုမှာ ပြောင်းပြန်ဖြစ်သည်ကို လူငယ်တို့ သတိမထားမိကြ။

www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်ရွယ်ရွယ် ဆေးလိပ်နှင့် တွေ့ရလျှင် တွေ့သူမြင်သူတိုင်း အထင်သေးကြသည်။ စိတ်ပျက်စက်ဆုပ်ကြသည်။ ဤကလေး ပျက်စီးစ ပြုနေပြီ ဟု သတ်မှတ်ကြသည်။ လူ့ရာမဝင်ရုံမက လူ့ရေးပျက်လေပြီ။

အချို့ကလေးများသည် မိမိအိမ်တွင် အဖေ၊ အစ်ကို စသည့် အရွယ်ရောက်သူများ ဆေးပေါ့လိပ်၊ စီးကရက် စသည် တို့သောက်ခြင်းကို တွေ့မြင်ရာမှ အားကျ၍ အတုမြင် အတတ်သင် လုပ်လိုကြသည်။ အိမ်မှာ ဆေးလိပ်သောက်သည့် လူကြီးမိဘရှိသော ကလေးများသည် ပို၍ဆေးလိပ်သောက်လွယ် ကြသည်။ လူကြီးမိဘမှာလည်း ကိုယ်တိုင်က ဆေးလိပ်သောက် နေမိသူဖြစ်၍ တင်းတင်းမာမာပြောရန် အားနည်းချက်ရှိနေပေ သည်။ လူကြီးမိဘတို့သည် ဖြစ်နိုင်လျှင် မိမိကိုယ်တိုင် မသောက် ဘဲ ရှောင် ကြဉ်သင့်သည်။ ကလေးကိုလည်း ပြင်းထန်စွာ တားမြစ်သင့်သည်။

မိမိတို့အရွယ် လူငယ်ထဲမှ ဆေးလိပ်သောက် သူများ နှင့် အတူနေခြင်းဖြင့်လည်း ဆေးလိပ်သောက်တတ်ပေ ပါသည်။ သူငယ်ချင်းဖြစ်သူ အားပါးတရ သောက်ရှုနေသည်ကို အားကျခြင်း၊ သူငယ်ချင်းထဲမှ ဆေးလိပ်ကို အလွယ်တကူ တောင်းယူ၍ရခြင်း၊ သူငယ်ချင်းဖြစ်သူကလည်း သောက်ရှုကြည့် ရန် တိုက်တွန်းနေခြင်း၊ လူငယ်တို့ သဘာဝ စူးစမ်းလိုစိတ်ရှိခြင်း တို့ကြောင့် ဆေးလိပ်ကို စမ်းသောက်ရာမှလည်း စွဲသွားတတ်ပါ



သည်။ ထို့ကြောင့် မိဘများသည် မိမိတို့၏ သားသမီး လူငယ် များကို ဆေးလိပ်သောက်သူ၊ ငယ်ငယ်ရွယ်ရွယ် နှင့် ပေါ့ပျက်နေ သူများကို ရင်းနှီးခင်မင်စွာ ဆက်ဆံပေါင်းသင်းခြင်းမပြုရန် ဟန့်တားတတ်ကြသည်။ တားသင့်ပါသည်။ အပေါင်းအသင်း ဖျက် ၍ ပျက်စီးပြီး ဆေးလိပ်သောက်သောလူငယ်တို့မှာ အများ ဆုံး ဖြစ်ပေသည်။

အချို့သော မိဘများသည် သားသမီးကို ဆေးလိပ် မီးညှိခိုင်းခြင်းဖြင့်လည်း ကလေးသည် ငယ်စဉ်ကတည်းက ဆေးလိပ်နှင့် ရင်းနှီး ယဉ်ပါးလာရသည်။ ကျွန်တော်၏ဦးလေး တစ်ယောက် ဆိုလျှင် မိဘများက ချစ်ခင်အလိုလိုက်၍ငယ်ငယ် ကပင် ကလေးနှင့် လိုက်သော ဆေးလိပ်သေးသေးများများကို ဆေးရွက်ကြီးနည်းနည်းနှင့် တမင်လိပ်ပေးကြသည်။ ထိုဦးလေး သည် ငယ်ငယ်ကတည်းက ဆေးလိပ်စွဲလာ၍ အရွယ်ရောက် သောအခါ ဆေးလိပ် အလွန်အမင်း သောက်သူ ဖြစ်လာသည်။

## ဆေးလိပ်၏ အဆိုးဆုံး အန္တရာယ် ဖြစ်စေပုံ

ဆေးလိပ် ၊ စီးကရက်စသည်တို့ကို ငယ်ငယ်ရွယ်ရွယ် သောက် သုံးသူများအတွက် အဆိုးဆုံးအန္တရာယ်မှာ ဆေးလိပ်၊ စီးကရက် မှတစ်ဆင့် ဆေးခြောက်ရှုခြင်း၊ ဘိန်းဖြူရှုခြင်းများသို့ ကူးသွားနိုင် ခြင်းဖြစ်ပေသည်။ ဘိန်းဖြူ အစဆေးလိပ်ကပင်ဖြစ် သည်။ အသက်အရွယ်ကြီးရင့်မှ ဆေးလိပ်သောက်သူတို့သည် အကောင်း

www.burmeseclassic.com

www.burmeseclassic.com



အဆိုး၊ အမှားအမှန် ဝေဖန်နိုင်သော ဉာဏ်မရှိ၍ ဆေးလိပ်မှ တစ်ဆင့် ဘိန်းဖြူသို့ ကူးရန် မလွယ်ပါ။ ငယ်ငယ်ရွယ်ရွယ်နှင့် ဆေးလိပ်သောက်သူတို့မှာကား အသိအမြင် ဆင်ခြင်နိုင်စွမ်း နည်းပါးသေးသည်။

ဘိန်းဖြူရောင်းသူတို့သည်လည်း ငယ်ရွယ်သော ဆေးလိပ်သောက်သူတို့ကို မျက်စိကျသည်။ လူကြီးကို ချဉ်းကပ် ဖျက်ဆီးရန် ခက်သည်။ အကယ်၍ ငယ်ရွယ်သော ဆေးလိပ် သောက်သူသည် ငွေကြေးတတ်နိုင်သူ၊ မိဘချမ်းသာသူဖြစ်လျှင် ဘိန်းဖြူ၏ သားကောင်အဖြစ်ပင် သတ်မှတ်ခံရ၍ ချဉ်းကပ် ဖျက်ဆီးခြင်းခံရဖို့လွန်စွာ လမ်းများသွားပေပြီ။ အန္တရာယ်မှန်း သိလျှင် လူငယ်တို့ ရှောင်ကြဉ်သင့်ကြသည်။ မစွဲသေးသော ဆေးလိပ်ကို အစလုပ်၍ပင် လေ့ကျင့်မကြည့်သင့်ပါ။ ဆေးလိပ် သောက်ခြင်းသည် လူကြီးအင်္ဂါလည်းမဟုတ်ပါ။ လူရာဝင်၍ လူအထင်ကြီးခြင်းမခံရရုံမျှမက လူအများ၏ အထင်သေးခြင်း စက်ဆုပ်ရွံမုန်းခြင်းကိုပင်ခံရသည်။ ထို့ကြောင့် လူငယ်တို့ဆေး လိပ်သောက်ခြင်းကို လုံးဝ ရှောင်ကြဉ်သင့်သည်။ အစပြု၍ လေ့ကျင့်ခြင်း မပြုလျှင် တစ်သက်လုံး ဆေးလိပ်ဒုက္ခမှ လွတ် မြောက်အောင်ရှောင်ကြဉ်နိုင်မည်ဖြစ်ပေသည်။ လူကြီးမိဘများ ကလည်း မိမိတို့၏ အရွယ်ရောက်စ သားသမီးများကို ဆေးလိပ် နှင့် မနီးစပ်အောင် သတိထား၍ ကာကွယ်ဟန့်တားကြရန် လိုပေသည်။

## သမီးမိန်းမ မွေးပြန်ရ

### ပန်းလိုချင် အပင်ပျိုးတတ်မှ

'သမီးမိန်းမ မွေးပြန်ရ၊ မိဘမောင်ဘွား အသရေပျက်၍အရှက်ရ' ဟုဆိုရိုးစကားရှိသည်။ ထို့ကြောင့် သမီးမိန်းကလေးများ အရွယ် ရောက်လာလျှင် မိဘမောင်ဘွားတို့က စိုးရိမ်စိတ်ပို၍ နေရာ တကာမှာ ချုပ်ချယ်တတ်ကြသည်။ 'တင်းလွန်းလျှင်ပြတ်၊ လျော့ လွန်းလျှင် ပတ်' ဆိုသကဲ့သို့ ချုပ်ချယ်လွန်းခြင်းမှာလည်း မ ကောင်းပါ။ လွတ်လပ်ခွင့်ပေးလွန်းခြင်းမှာလည်း မကောင်းပါ။

သမီးမိန်းကလေးရှိသည်မှာ ပြဿနာ မဟုတ်ပါ။ စိုးရိမ်စရာလည်း မရှိပါ။ မိန်းမရှိ၍ မိခင်ရှိသည်။ မိခင်ရှိ၍ လူမျိုးနွယ်ဆက်များ ပြန့်ပွားနေရသည်။ ပန်းလိုချင် အပင်ကို ပျိုးတတ်မှ ဆိုသကဲ့သို့ သမီးရတနာ အလိမ္မာကို ရလိုလျှင် မိဘ များထိန်းသိမ်းစောင့်ရှောက်မှု၊ ဆုံးမ လမ်းညွှန်မှန်ကန်ရန်သာ လိုပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## လှချင်စိတ်နှင့် အလှပြင်လွန်းခြင်း

မိန်းကလေးများသည် အရွယ်ရောက်၍ အပျိုဘော် ဝင်လာသည်နှင့် ငယ်စဉ်ကထက်ပိုပြီး အလှသွေးကြွယ်လာသည်။ အလှပန်းပွင့်လာသည်။ အသားအရေ ကိုယ်ခန္ဓာ အချိုးအဆစ်မှစ၍ နေပုံထိုင်ပုံ၊ သွားပုံ၊ လာပုံ ဟန်ပါ ပြောင်း၍ လှပလာကြသည်။ ထိုသို့ လှပလာသည်နှင့်အမျှလည်း လှသည်ထက်လှချင်လာကြသည်။

မိန်းမသဘာဝ လှချင်သည်မှာ အပြစ်မဟုတ်သော်လည်း လှချင်လွန်း၍ ပြင်လွန်းခြင်းမှာ မကောင်းပါ။ ငယ်ငယ်ရွယ်ရွယ် ပညာသင်ချိန်မှာ ပြင်လွန်း ပြလွန်းလျှင် စာသင်ကြားသည့် ဘက်မှာ စိတ်ဝင်စားမှု လျော့ပါးသွားသည်။ ယောကျ်ားကလေးများအား မိမိကို စိတ်ဝင်စားအောင် ဖိတ်ခေါ် ညှို့မြူ သည်နှင့် တူသည်။

ရိုးရိုးအေးအေးနေ၍ တည်တည် ငြိမ်ငြိမ် ရှိသော မိန်းကလေးများကို ယောကျ်ားများသည် နောက်ပြောင် ကျီစယ်ခြင်းကို လွယ်လွယ်နှင့် မပြုဖြစ်ပါ။ ပြင်လွန်းပြလွန်းသော မိန်းကလေးများကိုကား နောက်ပြောင်လိုသည်။ ညွတ်မည် ထင်၍ ဆွတ်ချင်ကြသည်။ ပညာသင်ချိန်မှာ မပြင်လွန်း မပြလွန်းရန် ပညာကိုသာ စိတ်ဝင်စား၍ တည်တည်ကြည်ကြည် နေတတ်ရန် မိဘများက ထိန်းသိမ်းဆုံးမရပေသည်။



## ပြနည်းအမျိုးမျိုး

ဖိုနှင့် မ သဘာဝအရ အရွယ်ရောက်လာကြသည်နှင့် ဖိုသည် မကို စိတ်ဝင်စား၍ မသည် ဖိုကို စိတ်ဝင်စားသည်။ တစ်ဦးနှင့်တစ်ဦး တွေ့လျှင် သဘာဝအရပင် အဆွဲဓါတ် ရှိသည်။ သို့သော် လူသည် တိရစ္ဆာန်မဟုတ်၊ အသိဉာဏ်ဖြင့် ထိန်းချုပ်၍ ရသည်။ အရှက်အကြောက်တရားရှိရသည်။ ဣန္ဒြေကို ထိန်းချုပ်ရသည်။ မိမိဂုဏ်နှင့် မိဘမောင်ဘွား၏ဂုဏ်ကို ထောက်ထားရသည်။ အချို့ ထိန်းချုပ်မှုနည်းသော မိန်းကလေးများမှာ ဆန့်ကျင်ဘက်လိင်နှင့်ကြုံလျှင် သိသိသာသာပင် အလှအပတွေ လုပ်လာသည်။ ဟန်ပန်တွေများလာသည်။ စကားတွေ ပိုများပြီး အသံတွေပိုကျယ်လာသည်။ အရယ်အပြုံးတွေ ပိုများပြီး ရယ်သံတွေ ပိုကျယ်လာသည်။ ထိုသို့ သိသာအောင် ဖြစ်လွန်းလျှင် တောလက်ကျေးရွာများ၌ လူကြီးများက ရှုတ်ချလိုသော သဘောဖြင့် 'အပျိုတွန်သည်' ဟု ဆိုကြသည်။

## ကိုယ်ကိုချုပ်၍ နှုတ်ကို စောင့်ပါစေ

ဆိုအပြုအမူများသည် ကာယကံရှင် မိန်းကလေးအတွက် အရှိန်တက်နေ၍ မသိသော်လည်း ဘေးအမြင်မှာ ရှက်စရာဖြစ်သည်။ အထင်သေး အမြင်သေးခံရသည်။ ဖြစ်တတ်သည့် သဘာဝကို သိမြင်ပြီး သတိဖြင့် ဆင်ခြင်ထိန်းချုပ်သင့်သည်။ ငယ်ရွယ်သူက ငယ်စိတ်ဖြင့် မသိလျှင် အတွေ့အကြုံရှိသည့် မိဘက ကြိုတင်၍

www.burmeseclassic.com

www.burmeseclassic.com



ရှင်းလင်းပြောကြားထားသင့်သည်။ သတိပေးသင့်သည်။

ပြတင်းပေါက်ဝတွင် မကြာခဏရပ်၍ ကိုယ်ထင်ပြခြင်း၊ ယောက်ျားလေးများကို မြင်လျှင် အသံပိုကျယ်လာတတ်ခြင်း၊ အူမြူး၍ အရယ်အမောများခြင်း၊ လှုပ်ယမ်းခါယမ်းများလွန်းခြင်းတို့ကို ရှက်ဖွယ်အဖြစ် သိမြင်နားလည်အောင် ရှင်းလင်းပြောကြားသင့်သည်။ ကိုယ်ကိုချုပ်၍ နှုတ်ကိုစောင့်စည်းခြင်းဖြင့် အဖိုးတန်သော မိန်းကလေးဖြစ်အောင် ဆုံးမသွန်သင်သင့်ပါသည်။

## ယောက်ျားလေးများနှင့် အရောတဝင်နေထိုင်ခြင်း

ယခုအခါတွင် မိန်းကလေးများ အိမ်တွင်းပုန်းနေသောခေတ်မဟုတ်တော့ပါ။ ယောက်ျားလေးများနှင့်အတူကျောင်းတွင် ပညာသင်ကြားရခြင်း၊ အလုပ်ခွင်တွင် အတူတကွလုပ်ကိုင်ဆောင်ရွက်ရခြင်းများရှိပေသည်။

ထို့ကြောင့် ယောက်ျားလေးနှင့် မိန်းကလေးများ ရင်းနှီးခင်မင်စွာ ဆက်ဆံမှုများ ရှိနေသည်။ ယောက်ျားလေးများတွင် မိန်းကလေးသူငယ်ချင်းရှိသကဲ့သို့ မိန်းကလေးများတွင်လည်း ယောက်ျားလေး သူငယ်ချင်းများ ရှိကြသည်။ 'အကြောင်းရှိကာ၊ ကူညီလာ၊ ကလျာမိတ်ကောင်းမှတ်' ဆိုသကဲ့သို့ အပြန်အလှန် ပံ့ပိုးကူညီမှု၊ စောင့်ရှောက်မှုများ ရှိနေကြပေသည်။ ကောင်းမွန်တိုးတက်သော လူမှုဆက်ဆံရေးဖြစ်၍



နှစ်သက်မြတ်နိုးရပါ၏။ သို့သော် မည်သည့် ကိစ္စမှာမဆို အတိုင်းအတာရှိသည်။ စည်းဘောင်ထားရသည်။ မိန်းမပျိုကလေးများအနေနှင့် ယောက်ျားလေးမိတ်ဆွေများ လုပ်ဖော်ကိုင်ဖက်များနှင့် ရင်းနှီးခင်မင်စွာ ဆက်ဆံခြင်းမှာ ရှိသင့်သော်လည်း အရောဝင်မလွန်အောင် သတိထားသင့်သည်။ သူ့သိက္ခာကိုယ့်သိက္ခာကို အပြန်အလှန် လေးစားစွာ ဆက်ဆံသင့်သည်။ ရိုးသားတည်ကြည်စွာ ခင်မင်သင့်သည်။ မြန်မာ့လူ့အဖွဲ့အစည်းသည် အနောက်တိုင်းလူ့အဖွဲ့အစည်း မဟုတ်ပါ။ အနောက်တိုင်းလူ့အဖွဲ့အစည်းတွင် ခြွင်းချက်မရှိ အရင်းအနှီး လွန်သည့်တိုင်အောင် ပြဿနာကြီးမားခြင်း မရှိသော်လည်း မြန်မာ့ လူ့အဖွဲ့အစည်းတွင် ဘဝနှင့်ချီ၍တန်ဖိုးကျအောင် ပြဿနာကြီးပါသည်။ အထင်သေး အမြင်သေး ခံရတတ်သည်။ အပြောအဆိုများ ရှိလာကြသည်။ ထို့ကြောင့် မိန်းကလေးများ အနေနှင့် ယောက်ျားလေးများနှင့် ရင်းနှီး ခင်မင်စွာ ဆက်ဆံသင့်သော်လည်း စည်းဘောင်ထက်ကျော်၍ အရောဝင် မလွန်သင့်ပါ။

## အရောဝင်လျှင် အထင်သေး

ကျွန်ုပ် ရန်ကုန် တက္ကသိုလ်တွင် ဆရာအဖြစ် သင်ကြားရစဉ်က အချို့သော မိန်းကလေးများ ခေတ်မီလွန်နေကြသည်ကို တွေ့ရသည်။ ချစ်သူမဟုတ်သော ယောက်ျားလေးများနှင့် နှစ်ယောက်တည်း တွဲပြီး စာသင်ခုံ အတူထိုင်သည်။ ယောက်ျားလေးအင်္ကျီ အိတ်ထောင်ထဲမှ ဘောလ်ပင်၊ ပိုက်ဆံစသည်ကို မဆောင်း

www.burmeseclassic.com

www.burmeseclassic.com



ဘဲ နှိုက်ယူသည်။ ယောကျ်ားလေး၏ တစ်ဖက်မှ ပစ္စည်းကို ကိုယ့်ကိုမှီကိုင်းပြီး လှမ်းယူသည်။ ကိုယ်ခန္ဓာချင်း ဖိမိတိုးမိ၊ ထိမိ တိုက်မိသည်။ အပြောအဆိုလည်း ဆင်ခြင်ခြင်းမရှိ၍မြင်သူများ အထင်သေးစရာ ဖြစ်စေသည်။

သူက ထိုသို့ ဆက်ဆံပြုမူသော ယောကျ်ားလေးမှာ သာယာချင် သာယာမည်။ (သို့သော်) အထင်ကြီးခြင်း မရှိပါ။ ခပ်လွယ်လွယ် ခပ်ပေါ့ပေါ့ မိန်းကလေးမျိုးဟု မှတ်ယူသွားကြ သည်။

## ထိပ်ပုတ် ခေါင်းပုတ် ဇာတ်လမ်း

အချို့က ရင်းနှီးခင်မင်စွာ ဆက်ဆံခြင်းကို အခွင့်အရေးယူ၍ ထိပ်ပုတ် ခေါင်းပုတ်၊ ပေါင်ပုတ် လက်ပုတ်အထိ အရောဝင် လွန်းကြသည်။ ထားရှိသင့်သော ဆက်ဆံရေး စည်းဘောင်တို ကျော်လွန်နေခြင်းဖြစ်သည်။

အစ်ကို ဝမ်းကွဲများ၊ ဦးလေး ဘကြီးများ၊ ဆရာ သမား၊ အထက်လူကြီးများ၊ အသက်ကြီးသူများနှင့်ပင် ထိုသို့ မနေ သင့်ပါ။ ကိုယ်ကလည်း မပြုသင့်သလို သူကပြုလာလျှင်လည်း နှစ်ခြိုက်ကြည်ဖြူစွာ လက်ခံ မနေသင့်ပါ။ ထိကပါး ရိကပါးနှင့် လုံးပါးပါး တတ်သည်။ ထိုသို့ အနေအထိုင် မဆင်ခြင်ကြသော ကြောင့် ဦးနှင့် သမီး၏ ဇာတ်လမ်းမျိုးများ၊ မောင်နှမ ဝမ်းကွဲချင်း ၏ ဇာတ်လမ်း ရှုပ်များ ပေါ်ပေါက်လာရပေသည်။ အနေအထိုင်



စည်းကမ်းရှိရန် လိုသည်။ လူကြီးမိဘများက သတိထား၍ ထိန်းသိမ်း စောင့်ရှောက်ရမည့် အချက်လည်းဖြစ်ပါသည်။

## မိဘမပါဘဲ ညဥ့်အိပ် ညဥ့်နေ လွှတ်ခြင်း

သမီးကညာဆိုသည်မှာ မိဘမောင်ဘွား၏ အုပ်ထိန်းမှုအောက်မှာ ရှိခြင်းသာ အကောင်းဆုံးဖြစ်သည်။ ဆူးကျ ဖက်ပေါက်၊ ဖက်ကျ ဖက်ပေါက်ဆိုသည်မှာ မိန်းကလေးများအတွက် သတိပေးထား သော စကားဖြစ်သည်။

အချို့မိန်းကလေးများမှာ လွတ်လပ်ပျော်ရွှင်မှုကို အလွန်လိုလား၍ မိဘမောင်ဘွား မပါဘဲ ညဥ့်အိပ် ညဥ့်နေ သွား ချင်သည်။ သူငယ်ချင်းအိမ်မှာ အလှူလုပ်ရန်၊ ဘုရားဖူးရန်၊ ဇာတ်ပွဲကြည့်ရန်စသည်ဖြင့် ထိုကိစ္စ သည်ကိစ္စများကိုအကြောင်း ပြုပြီး ညဥ့်အိပ်ညဥ့်နေ ထွက်ကြသည်။ အချို့မိဘများကလည်း အလိုလိုက်၍ ခွင့်ပြုကြသည်။ ဘယ်သူပါတာပဲ ဘယ်ဝါပါတာပဲ စိတ်ချဟု ကတိပြု သူတို့ကလည်း ပြုကြသည်။ တကယ့်အရေး တွင် ထိုဘယ်သူ ဘယ်ဝါပါသည် ဆိုသူများကပင် စိတ်မချရဆုံး ဖြစ်နေတတ်ကြပေသည်။ လူနေလွတ်လပ်လွန်းလျှင် စိတ်နေ လွတ်လပ်လွန်းတတ်သည်။ စိတ်နေလွတ်လပ်လွန်းလျှင် အဆင်အခြင် အထိန်းအချုပ်ကင်း၍ မှားယွင်းတတ်သည်။ ပေါ့ပျက်မှုများ တစ်စထက် တစ်စ များလာ၍ နောက်ဆုံးလွှင့် ကျက်စီးသွားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့ပတ်ရထားဖြင့် ရုံးသွားစဉ် ရထားပေါ်တွင် မိန်းကလေးငယ် နှစ်ယောက်ပြောဆိုနေကြသည်ကို စာဖတ် ရင်း အမှတ်မထင်ကြားရသည်။

'မနေ့ညက ဒေါ်ကြီးတို့အိမ်သွားဦးမယ် ဆိုပြီး အမေ့ကိုပြောတော့ အမေက လွှတ်လိုက်တယ်၊ ဒေါ်ကြီးတို့အိမ် ကျတော့ အဲဒီအိမ်က အစ်ကိုကြီးတွေနဲ့ မယ်လမုဘုရားမှာ ဇာတ် သွားကြည့်ကြတယ်၊ ပျော်ဖို့ကောင်းလိုက်တာဟယ်၊ အစ်ကိုကြီး တွေကလဲ ဝယ်ကျွေးတာကို စုံလို့၊ ကြည့်ပါဦးဟယ်၊ အဲဒီအထဲက အစ်ကိုကြီးတစ်ယောက်ပေါ့၊ သူ့မှာလဲ ရည်းစားရှိလျက်နဲ့ ဟယ် ငါ့ကို ချစ်လို့တဲ့ စိတ်ပျက်စရာ အဟင်း ... ဟင်း'

သူပြောပုံက တကယ်စိတ်ပျက်ခြင်း မဟုတ်ပါ။ ကြည်နူးနေပုံ ဖြစ်ပါသည်။ နောက်ဆက်တွဲစကားမှာ ထိုမိန်း ကလေးကျေနပ်ကြောင်းပိုသိသာသည်။

' သူ့ရည်းစားနဲ့ ကွဲနေတာလည်း ကြာပါပြီတဲ့ ဟင်း...ဟင်း၊ ပြောတတ်တယ်၊ လူလည်လူပုံကလဲ ချောတယ်၊ ကျော်သူနဲ့ တူတယ်'

သူ့လေသံက မြူးကြွနေသည်။ စိတ်ချယုံကြည်စွာ လွှတ်လိုက်သော မိဘများ ဘာမျှသိမည်မဟုတ်ပါ။ ကြိုကြိုတင် တင် အန္တရာယ်မြင်၍ဆင်ခြင် ထိန်းချုပ်ခြင်းမပြုဘဲ နောင်လွန်မှ 'သမီးမိန်းမမွေးပြန်ရ၊ မိဘမောင်ဘွား အသရေပျက်၍အရှက်ရ'

ဟု ညည်းညူနေကျပေလိမ့်မည်။

သီးချိန်တန် သီး၊ ပွင့်ချိန်တန်ပွင့် ဟူသော အဆိုနှင့် အညီ အိမ်ထောင်ပြုချိန်တန် လျှင် ပြုကြသင့်သည် သာဖြစ်ပါ သည်။ သို့သော် အိမ်ထောင်မပြုခင် အပျိုအရွယ် မိန်းကလေး များမှာ မိန်းမသားပီပီ စည်းနှင့် ကမ်းနှင့် ဆင်ဆင်ခြင်ခြင်နေ သင့် သည်။ မိဘများကလည်း ဖြစ်လာမှ အရှက်ရမည့် အစား မဖြစ် ခင် ကြိုတင် ကာကွယ်သင့်သည်။

သတိမမူလျှင် ဂူကို မမြင်သော်လည်း သတိမူလျှင် မြူပင်မြင်သည်။ ဖြစ်လာမည့် အန္တရာယ်များ အရှက် တစ်ကွဲ အကျိုးယုတ်မည့် အကြောင်းတရားများကို သတိထား ထိန်းချုပ်သင့်ပေသည်။ သမီးမိန်းကလေးကို ကြိုကြိုတင်တင် ရှင်းလင်းပြောကြား၍ ဆုံးမ သွန်သင်သင့်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ကျိုးအတောင်ပေါက်စသဖွယ်
# မြီးကောင်ပေါက်မအရွယ်

## မြီးကောင်ပေါက်အရွယ်

မိန်းကလေးများသည် (၁၃) နှစ်ဆိုလျှင် ကြီးကောင် ဝင်စပြုပြီး ၁၄နှစ်၊ ၁၅ နှစ်ဆိုလျှင် အပျိုဘော်ဝင်လာသည်။ ထိုအရွယ်ကလေးများမှာ ကလေးစိတ်လည်း မပျောက်တတ်သေး၊ အပျိုစိတ်လည်း မပီတတ်သေး၊ စပ်ကူး မတ်ကူးကာလ ဖြစ်သည်။ 'ကျိုး အတောင် ပေါက်စသဖွယ်၊ မြီးကောင်ပေါက်မအရွယ်' ဟု ဆိုစမှတ်ပြုကြသည်။

## မြီးကောင်ပေါက်အရွယ်နှင့် မိခင်တာဝန်

ထိုအရွယ်ကလေးများသည် ရုပ်ပြောင်း စိတ်ပြောင်းစမို့ မလိမ်မိုးမလိမ္မာအရွယ်ဖြစ်သည်။ အထိန်းအသိမ်း မတတ်လျှင် အန္တရာယ်များသည်။ မိဘများ သတိထားကြရသည်။ အထူးသဖြင့် မိခင်သည် သမီး၏ အရွယ်ရောက်လာမှုကိုဂရုစိုက်ရမည်။ သမီး



နှင့် ရင်းနှီးပွင့်လင်းစွာ ပြောဆိုတိုင်ပင်သင့်သည်။ မိန်းမသဘာဝ သွေးသားပြောင်းလဲမှုမှစ၍ ပြောပြထားသင့်သည်။

ကျန်းမာရေးနှင့်ပတ်သက်၍ နေနည်း၊ ထိုင်နည်း၊ သန့်ရှင်းစင်ကြယ်စေနည်းမှ စ၍ သွန်သင်ညွှန်ပြသင့်သည်။ များသောအားဖြင့် မြန်မာအမျိုးသမီးများသည် ထိုကိစ္စများကို ပြောရဆိုရမှာ ဝန်လေးရှက်ရွံ့၍ မပြောမဆို နေတတ်ကြသည်။

ထို့ကြောင့် အချို့မိန်းကလေးများဆိုလျှင် မိန်းမသဘာဝကျန်းမာရေး ဗဟုသုတမျှကြားဖူးနားဝ မရှိသောကြောင့် ပထမဆုံးအကြိမ် သွေးသားအပြောင်းအလဲနှင့် ကြုံရသောအခါ ထိတ်လန့်တုန်လှုပ်စွာ ခေါက်တည်ရာမရ ငိုကြွေးတတ်ကြသည်။

မိခင်သည် ကိုယ်တိုင်ပြောပြရမည်ကို ဝန်လေးလျှင် ဆရာဝန် ဆရာဝန်မများ ရေးသားသည့် မ, သဘာဝကျန်းမာရေးပညာပေးစာအုပ်များကို အရွယ်ရောက်စ သမီးအား ရှာဖွေပေးသင့်သည်။ ယခုအခါတွင် ဆရာဝန်များ၊ ဆရာဝန်မများ၏ စနစ်တကျ လမ်းညွှန်ပညာပေးထားသော မ, သဘာဝ ကျန်းမာရေး ပညာပေးစာအုပ်များကို အလွယ်တကူ ဝယ်ယူရရှိနိုင်သည်မှာ ဝမ်းသာဖွယ်ရာပင်ဖြစ်သည်။ မသိသူ ကျော်သွားချိန်မှာ သိနားလည်သော မိဘက ကောင်းကျိုးရှိအောင် အသုံးချသင့်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## လှချင် ပချင်သောအရွယ်

မိန်းကလေးများသည် အပျိုဘော် ဝင်လာသည်နှင့် အမျှလှချင်ပချင်စိတ်လည်း များလာတတ်သည်။ သဘာဝအရ အလှသွေးကြွယ်သောအရွယ်မို့ လှချင်သည်မှာ ဓမ္မ တာဖြစ်သည်။ ကိုယ်ခန္ဓာ ပြောင်းလဲလာသည်နှင့်အမျှ နေပုံ ထိုင်ပုံလေးတွေ ပြောင်းလဲလာသည်။ သွားပုံလာပုံလေးတွေ ပြောင်းလာသည်။ ကြော့ကြော့ကြွကြွ ဖြစ်လာသည်။ ပိုပြီးကြည့်၍ ကောင်း အောင်ကြိုးစားလာတတ်သည်။ သိပ်ပြီး အလွန့်အမင်းဖြစ်လာလျှင် မိဘက ဟန့်တားသင့်သော်လည်း အထိုက်အလျောက် မူပြောင်းလဲလာသော သဘာဝနှင့်အညီ လက်ခံသင့်ပါသည်။ အချို့သော မိဘများသည်ထိုသို့ပြောင်းလဲလာသည်ကို လက်ခံနိုင်ခြင်းမရှိဘဲ နေရင်းထိုင်ရင်း မျက်စိစပါးမွေးစူးပြီး ကြည့်မရ၊ ရှုမရ ဖြစ်နေကြသည်။ သမီးငယ်၏ ပြောင်းလဲလာမှုနှင့် လှုပ်ရှားမှုတိုင်းကို အပြစ်မြင် အပြစ်တင်နေတတ်ကြသည်။

အချို့သော အဘွားဖြစ်သူများ၏နေရာတကာမှာ ဗျစ်တောက်ဗျစ်တောက်နှင့်မြည်တွန် နေသည်က ပို၍ဆိုးသည်။ ထိုသို့ ပြုခြင်းဖြင့် ငယ်ရွယ်သူမှာ အနေကျုံ့ပြီးစိတ်ဆင်းရဲရသည်။ မိဘ၏ ချုပ်ချယ်လွန်းမှုကို မကျေမနပ် ဖြစ်၍ လွတ်မြောက်ရာ ထွက်ပေါက်ကို ရှာဖွေတတ်သည်။ ထိုမိန်းကလေးမျိုးသည် မိဘ၏ မျက်ကွယ်မှာ ပို၍ ဆိုးတတ်သည်။



## ဝတ်ချင် ဆင်ချင်သောအရွယ်

အပျိုဘော်ဝင်စမိန်းကလေးသည် လှချင် ပချင် စိတ်နှင့် တွဲလျက် ဝတ်ချင်ဆင်ချင်စိတ်များလည်း များလာသည်။ ဝတ်ရဆင်ရလျှင် ကြည်နူးပျော်ရွှင်သည်။ မဝတ်ရမဆင်ရလျှင် စိတ်ဆင်းရဲသည်။ ဝတ်နိုင်ဆင်နိုင်သူကို ကြည့် ၍ အားကျသည်။ မိမိ၏မဝတ်ဆင်နိုင်မှုအတွက် စိတ်ပျက်အားငယ်သည်။ ဝတ်နိုင်ဆင်နိုင်ရေးကို တွေးတော ကြံစည်နေတတ်သည်။ မိဘတို့၏တာဝန်မှာ လှချင်သောအရွယ်ကို အလှဆင်ပေးရန်လည်း လိုသည်။ အရွယ်ရှိခိုက် အလှပန်း အပွင့်လန်းဆုံးအချိန်မှာ အလှပြင်ရခြင်း ဖြစ်သည်။

ဝန်နှင့်အား မြားနှင့်လေး ဆိုသကဲ့သို့ မိမိတို့၏ အတိုင်းအတာအလိုက် သမီးပျိုကိုအဝတ်အဆင်မှစ၍လှပအောင် ပံ့ပိုးပေးရပေသည်။ သို့သော်မည်သည့်ကိစ္စမှာမဆို အတိုင်းအဆရှိသည်။ လျော့နည်းလွန်းလျှင် အမှားဖြစ်သကဲ့သို့ ပိုလွန်ခြင်းသည်လည်း အမှားဖြစ်သည်။ လှချင်သောအရွယ်ကို လှခွင့်မပြုခြင်း၊ အလှဆင်မပေးခြင်းသည် သမီးကညာအတွက် စိတ်ဆင်းရဲစေသည့် ဆိုးကျိုးဖြစ်စေသည်။ အလိုလိုက်သဖြင့် လှချင်သမျှ အလှအပကို ပြင်ဆင်ပေးခြင်းသည်လည်း အကျိုးယုတ်စေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရိုးရိုးနှင့် ယဉ်ယဉ် တို့ဝတ်စားဆင်ယင်

အချို့မိဘများသည် သမီးကို ချစ်သောစိတ်ဖြင့် လှချင်သော အရွယ်၊ အလှသွေးကြွယ်သောအရွယ်မှာအစွမ်းကုန် ပြင်ဆင်ပေးတတ်သည်။ သတိထားရမည်မှာ ၁၄ နှစ်၊ ၁၅ နှစ် အရွယ်သည် ယေဘုယျအားဖြင့် ဆိုလျှင် ပညာသင်ကြားသော အရွယ်ဖြစ်သည်။ အရေးကြီးသောအတန်းများသို့ ရောက်ရှိနေချိန်လည်း ဖြစ်သည်။

ထိုအချိန်မှာ လှချင်ပချင်စိတ် များလွန်းနေလျှင် ပညာရေးမှာ စိတ်အားလျော့သွားတတ်သည်။ အချို့မိန်းမချော လေးများ ငယ်စဉ်က ပညာတော်သော်လည်း အရွယ်ရောက်၍ လှချင်စိတ်များလာသောအခါ ပညာရေးဘက်မှာ ကျဆင်းသွားတတ်သည်။ ရှေးအခါက ဣတ္ထိရုပ် ခန့် မိန်းမတို့၏ဥစ္စာသည် အဆင်းဖြစ်သည်ဟု ဆိုလင့်ကစား၊ ယခုအခါတွင် အမျိုးသမီးများမှာလည်း ယောကျ်ားများနည်းတူ ပညာသင်ရ၊ စီးပွားရှာရသောကာလဖြစ်သည်။

မိန်းမတို့၏ ဥစ္စာသည် အဆင်းသာမက ပညာတတ်ဖို့ပါလိုအပ်လာသည်။ ထို့ကြောင့်ပညာသင်ချိန်မှာ အထူးသဖြင့်ပညာသင်ရန် ကျောင်းသို့သွားချိန်မှာ ရိုးရိုးနှင့် ယဉ်ယဉ် တို့ဝတ်စားဆင်ယင်ဆိုသကဲ့သို့ ရိုးရိုးယဉ်ယဉ် အဆင်ပြေအောင်သာ ဝတ်ဆင်သင့်သည်။ လှချင်ပချင်စိတ် မများသင့်ပါ။ ပညာထူးချွန်သော မိန်းကလေးများသည် ကျောင်းနေစဉ်မှာ အလှပြင်မှုနည်းကြသည်။ အလှပြင်လွန်းသော မိန်းကလေးများလည်း ပညာမတော်သည်သာများပေသည်။



## ပြင်လွန်း၍ ပြလွန်းလျှင်

ငွေကြေးတတ်နိုင်ပြီး အသိဉာဏ်ပညာနည်းသော မိဘအချို့သည် လှချင်သောအရွယ် သမီးငယ်ကို လိုအပ်သည်ထက်ပိုအောင် အလှအပ ဆင်ယင်ပေးကြသည်။ တစ်နည်းအားဖြင့် သမီးကို ဆင်ယင်ပေးပြီး မိမိတို့၏ တတ်နိုင်မှု၊ ချမ်းသာကြွယ်ဝမှုကို ဝါကြွားခြင်းသည်လည်း ဖြစ်ပေသည်။ အန္တရာယ်ကိုမမြင်သည့် မိုက်မှားသောအကြွား ဖြစ်သည်။

အလှပြင်ခြင်း၏ အကျိုးဆက်မှာ ပြင်ပြီးလျှင် ပြရန်ဖြစ်သည်။ မည်သည့် မိန်းကလေးမှ အလှဆုံးပြင်ပြီး အိပ်ခန်းထဲဝင်နေကြမည်မဟုတ်။ စာကြည့်စားပွဲမှာထိုင်နေကြမည်မဟုတ်။ ပြင်ပြီးလျှင် အနည်းဆုံးပြတင်းပေါက်မှာ ထွက်၍ပြမည်။ ပို၍အခွင့်သာလျှင် ဟိုသွားသည်သွား လမ်းများခြင်းဖြင့် ပြမည်။ ပြင်လွန်း၍ပြလွန်းလျှင် မြင်သူတို့ကမြင်ကြပြီ။ မြင်ဖန်များတော့ စိတ်ဝင်စားပြီ။ စိတ်ဝင်စားသူများတော့ ခြတ်လမ်းရှုပ်ပြီ။ 'မုဆိုး၏ မြားဦးတွင် ပျော်မြူးသည့်ယုန်မိုက်၊ တံငါ၏ ပိုက်ကွန်အောက် လောက်လက်သည့် ငါးကြင်း' ဆိုသကဲ့သို့ ငယ်ငယ်ရွယ်ရွယ်နှင့် အန္တရာယ်များစွာကို ဖိတ်ခေါ်နေလေပြီ။

www.burmeseclassic.com



## လက်ခံသင့်သော အပျိုစိတ် လူကြီးစိတ်

မိန်းကလေးတို့သည်အရွယ်ပြောင်းလာသည်နှင့်အမျှ စိတ်လည်းပြောင်းလာသည်။ အပျိုဖြစ်လာ၍ အပျိုစိတ်ပေါက်လာသည်မှာသဘာဝကျသည်။ ထိုအပြောင်းအလဲကိုမိဘက အလိုက်သင့်လက်ခံရန်လိုသည်။ မနေ့တစ်နေ့ကမှကလေးရုပ်ကလေးစိတ် ဖြစ်သည်။ ခုချက်ချင်း အပျိုရုပ်၊ အပျို စိတ်ဖြစ်လာရန်ကောဟု အချို့ မိဘများက အပြောင်းအလဲကို လက်မခံနိုင်အောင်ဖြစ်တတ်သည်။ အမြင်အသိဖြစ်ပါလျက် လက်မခံနိုင်အောင် ဖြစ်နေကြသည်။

ကြီးကောင်ငင်၍ ကြီးစိတ်ဝင်လာသော သမီးက လူကြီးစကားပြောလာလျှင် လည်းနားကြားပြင်းကတ်ကြသည်။ အမိအဖတို့ဆွေးနွေးရာတွင် ပါဝင်ပြောဆိုလာလျှင်လည်း 'သွားစမ်း ကလေးက ကလေးစကားပြော၊ ကလေးပီပီနေ' ဟု ငေါက်ငန်းလွှတ်ကြသည်။ သမီးအရွယ်ရောက်လာသည်ကို ဖွင့်မပြောခြင်း၊ ဝန်ခံခြင်းမပြုဘဲ အတင်းငြင်းပယ်ရုံမက၊ သမီးကိုပင် အတင်းအကျပ်ကလေးစိတ်ပြန်သွင်းနေကြသည်။ အပျိုဖြစ်လာသည်ကို ကြောက်ရွံ့စိုးရိမ်စိတ်ဖြင့် သဘာဝကို ငြင်းပယ်ခြင်းဖြစ်သည်။

အချို့မိခင်များဆိုလျှင် ကြီးကောင်ဝင်လျှင် အပျိုဘော် ဝင်လာသော သမီးကို ကလေးစိတ်မပျောက်ရန်ဟုဆိုပြီး ဂါဝန် ကလေးများကိုပင် ချုပ်ပေးပြီး အဝတ်ခိုင်းကြ



သည်။ သမီးငယ်၏ အပျိုဖြစ်လာမှုကို မိမိက အတင်းအကျပ် အသိအမှတ်မပြုသော်လည်း အသိအမှတ်ပြုသူတို့က ပြုနေကြပြီကို သတိထားရမည်။ သဘာဝကို ငြင်းပယ်နေ၍ ကောင်းကျိုးမရ၊ ဆိုးကျိုးသာရတတ်သည်။ အရွယ်ရောက်လာသော သမီးကို အရွယ်ရောက်လာပြီဟု လက်ခံရမည်။

ပြောင်းလဲလာသော အရွယ်နှင့် လျော်ညီစွာ နေနည်း ထိုနည်းကိုလည်း ဆုံးမလမ်းညွှန်ရမည်။ သမီးက လူကြီးစိတ်ဝင်ပြီး လူကြီးစကားပြောလာသည်ကိုလည်း လက်ခံ၍အတိုင်အပင်လုပ်သင့်သည်။ သူ၏ အရွယ်ရောက်မှုအပေါ်မှာ သဘာဝအတိုင်း အသိအမှတ် ပြုခြင်းကို ငယ်ရွယ်သူမှာ ခံယူချင်သည်၊ ဂုဏ်ယူချင်သည်။

မိဘက အသိအမှတ်မပြုလျှင် အခြားအသိအမှတ်ပြုသူ၏ စကားများနှင့် ဆက်ဆံမှုများမှာ သာယာကျေနပ် သွားတတ်သည်။ အပျိုအရွယ်ရောက်၍အပျိုစိတ်ပေါက်လာသည်မှာ စိုးရိမ် ကြောက်လန့်စရာ မဟုတ်ပါ။ ပညာသင်ချိန် လင်စိတ်သားစိတ်များပြားလာမည်ကိုသာ ဆုံးမဟန့်တား ရန်လိုပါသည်။

မြီးကောင်ပေါက်အရွယ် မိန်းကလေး၊ ယောကျ်ားကလေးများသည် အထိန်းမတတ် ခိုန်းဇတ်ဇတ်ဖြစ်သော်လည်း မိဘက သူတို့ကို ချစ်ခင်ရင်းနှီးစွာဖြင့် စိတ်ဝင်စား စွာ ဆုံးမသွန်သင်မှုပြုနိုင်လျှင် အဆင်ပြေသည်သာဖြစ်ပါ၏။ သူတို့ကို စိတ်ဝင်စားမှုမရှိဘဲ ပစ်ထားလျှင်သာ ပြဿနာ များစွာဖြစ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



တတ်ပေသည်။ အရွယ်ပြောင်း၍ စိတ်ပြောင်းသည်မှာ လူတိုင်းဖြစ်လာကြသည့်သဘာဝတရားပင်ဖြစ်ပေသည်။ စိုးရိမ်ထိတ်လန့်စွာဖြင့် သတိကြီးစွာ ထားလွန်းလျှင်လည်း အမှားမှားအယွင်းယွင်း ဖြစ်တတ်ပေသည်။ ပြောင်းလဲလာသည့်အခြေအနေကို မှန်ကန်စွာ လက်ခံ၍ မိဘ၏ ကြီးမားသောမေတ္တာဖြင့် အမှန်လမ်းကြောင်းကို ပြညွှန်ပြီး ဆုံးမသွန်သင်ရမည်မှာ သားသမီးကောင်းကို ရလိုသော မိဘတိုင်း၏ တာဝန်ဖြစ်ပေသည်။

## — အရမ်းပြင်လျှင် အယဉ်ပျက်သည် —

### လှချင်ရက် စက်စက်ယို

သမီးမိန်းကလေးတို့သဘာဝမှာ လှချင်သည်။ ထို့ကြောင့် ဝတ်ချင်ဆင်ချင်ပြင်ချင်သည်။ မိဘတိုင်းကလည်း သမီးမိန်းကလေးအရွယ်ရောက်လာလျှင် ဆင်ရပြင်ရမည်။ ဆင်နိုင်အောင်ပြင်နိုင်အောင် ကြိုးစားရမည်ဟုလည်း နည်းလည်ခံယူထားကြသည်။ ထို့ကြောင့် လှချင်သော သမီးငယ်ကို လှအောင် ပြင်ဆင်ပေးကြသည်။

သို့သော် တန်ဆေး လွန်ဘေးဟူသော စကားရှိသည်။ ခေတ်ကာလနှင့်အညီ ခေတ်မီခြင်းသည် ကောင်းပါ၏။ ထို့ထက်ပို၍ သူများထက်ထူး၊ နဖူးဆူးစူးဆိုသကဲ့သို့ ပတ်ဝန်းကျင်တွင် တစ်ကိုယ်တည်း ချွန်၍ လွန်ကဲနေခြင်း၊ ခေတ်ဆန်လွန်းခြင်းကိုကား သတိထားသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ခေတ်ရေစီးကြောင်း

လူတို့၏ နေပုံ ထိုင်ပုံ၊ ပြောဆိုဆက်ဆံပုံ၊ ဝတ်ပုံဆင်ပုံတို့သည် အစဉ်အမြဲ ပြောင်းလဲနေသော သဘောရှိသည်။ လူမှုပတ်ဝန်းကျင်နှင့် ဆက်ဆံနေရသော လူသည် အများနှင့်လိုက်လျောညီထွေ ရှိရန်လိုသည်။ ခေတ်ရေစီးကြောင်းပြောင်းသည်နှင့်အမျှ အများပြောင်းလျှင် မိမိလည်း လိုက်လျောညီထွေ ပြောင်းလဲရပေသည်။

ယခုခေတ် တက္ကသိုလ် ကျောင်းသားတစ်ယောက်သည် ရှေးခေတ် တက္ကသိုလ် ကျောင်းသားတစ်ယောက်၏ ဆံပင်ပုံမျိုးထား၍ တိုက်ပုံနှင့် ပုဆိုးခါးပုံစနှင့် ခြေထောက်တွင် ရှူးဖိနပ်နှင့် စသည့် အဆင်အယင်များ လုပ်ပြီး တက္ကသိုလ် ကျောင်းသို့ လာလျှင် တစ်နည်းနည်းဖြင့် စိတ်ရောဂါရနေသူဟု လူများ သတ်မှတ် ကြလိမ့်မည်။

မိန်းကလေးများတွင်လည်း ထိုနည်းတူပင်ဖြစ်၏။ အများက ခေတ်ပေါ် ဆံပင်ပုံကလေးများနှင့် ဖြစ်နေချိန်တွင် မိမိတစ်ယောက်တည်း ရောင်ကလပ်ကြီးနှင့်ဖြစ်နေလျှင် အများအမြင်မှာ ရယ်သွမ်းသွေးစရာဖြစ်လိမ့်မည်။ ထိုသို့ ရယ်သွမ်းသွေးမှုများကို ကြိတ်ကြိတ်ခံရ၊ တုံ့ပြန်ရ ၊ အားတင်းရ၊ မကျေမနပ်ဖြစ်ရ စသည်တို့များလာလျှင်လည်း ထိုမိန်းကလေးမှာ နေရင်းထိုင်ရင်း ဒုက္ခဖြစ်နေရလိမ့်မည်။ မကြာခင်မှာပင် စိတ်ထားမှုမမှန်ခြင်းများဖြစ်လာနိုင်ပေသည်။ ထို့ကြောင့် ခေတ်နှင့်အညီ



ဝတ်ရန်၊ ဆင်ရန်လည်း လိုပေသည်။

ခေတ်နှင့် အညီ ခေတ်မမီနောက်ကျ ကျန်ခဲ့ခြင်းသည်အစွန်းတစ်ပါးဖြစ်၍ မှားယွင်းသကဲ့သို့ ခေတ်ဆန်လွန်းခြင်း၊ ခေတ်ရှေ့ရောက်လွန်းခြင်းသည်လည်း လွန်ကဲသော အမှားစွန်းတစ်ခုပင်ဖြစ်ပေသည်။ ကျွန်ုပ်တို့ တက္ကသိုလ် ကျောင်းသားဖြစ်စဉ်က မိန်းကလေးအများ ဆံပင်ရှည်ထားချိန်တွင် မိန်းကလေးတစ်ယောက်သည်အများနှင့်မတူ တစ်မူထူး၍ဆံတို ဘိုကေကလေးနှင့်ဖြစ်သည်။ ထိုမိန်းကလေးကိုတွေ့သူယောကျ်ားလေးတိုင်း အထင်သေး အမြင်သေးနှင့် နောက်ကြ၊ ပြောင်ကြ၊ စကြသည်။ မိန်းကလေး အချင်းချင်းကလည်းပြုက်ရယ် ပြုကြသည်။ ရွှတ်ချကြသည်။

ထိုမိန်းကလေးမှာ ဆံပင်ပုံ တစ်ခုတည်းနှင့် ပင်ပတ်ဝန်းကျင်၏ ဒဏ်ကို အချိန်တိုင်း ခံနေခဲ့ရသည်။ နေရင်းထိုင်ရင်း၊သွားရင်းလာရင်း ပြဿနာအမြဲ ဖြစ်နေရသည်။ ယခုအခါတွင် မိန်းကလေးတိုင်းလိုပင် သူ့ဆံပင်မျိုးတွေဖြစ်ကုန်ကြပြီ။ ဆံပင်ပုံက ပြဿနာဖြစ်ခြင်းမဟုတ်ပါ။ အများနှင့်မတူ တစ်မူထူး၍ ရှေ့သို့ရောက်လွန်းသည်က ပြဿနာတက်စေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## သည်အချိန် သည်ထဘီနှင့်

ဆင်ယင်ထုံးဖွဲ့မှုသည် ခေတ်အလိုက် ပြောင်းလဲမှုများရှိသကဲ့သို့ လူမျိုးအလိုက်၊ အရပ်ဒေသအလိုက်၊ ရာသီ ဥတု အလိုက်၊ လုပ်ဆောင်ရသည်။ လုပ်ငန်းအလိုက်မတူညီသော ခြားနားချက်များလည်း ရှိသည်။ မင်္ဂလာဆွေးခံပွဲတစ်ခုတွင် မိန်းကလေးတစ်ယောက်သည်ရေကူးဝတ်စုံနှင့်လာလျှင် မတင့်တယ်သကဲ့သို့ ရေကူးကန်မှာ ရေကူးပြိုင်ရာတွင် မင်္ဂလာ ဆွေးခံပွဲဝတ်စုံနှင့် ဖြစ်နေလျှင်လည်း အဆင်မပြေပါ။ သူ့နေရာနှင့်သူ အဆင်ပြေအောင် ဝတ်ဆင်တတ်ရန်လိုသည်။

ထို့ကြောင့် ရှေးမြန်မာ လူကြီးသူမများက သည်အချိန်သည်ထဘီနှင့်၊ သည်ခရီး သည်ထီးနှင့်၊ သည်လမ်း သည်ပန်းနှင့်၊ သည်အရပ် သည်ဖိနပ်နှင့်၊ သည်ပွဲ သည်လှည်းနှင့် ဟူ၍ နေရာအလိုက်၊ အချိန်အခါအလိုက် ကိုက်ညီအောင် ဆောင်ရွက်ကြစေရန် လမ်းညွှန်ခဲ့ပေသည်။

## မလုံ့တလုံ လွန်ကဲပုံ

ဝတ်စားဆင်ယင်မှုသည် မလျော့နည်းသင့်သကဲ့သို့ မလွန်ကဲရန်လည်းလိုသည်။ ကာလ၊ ဒေသ၊ ပယောဂ အခြေအနေ အချိန်အခါ လုပ်ရပ်အလိုက် ကိုက်ညီရန်လိုသည်။ ထို့ပြင် ဝတ်စားဆင်ယင်မှုသည် လူတစ်ယောက်၏ ဣန္ဒြေသိက္ခာကို မပျက်ယွင်းစေရန်လည်း လိုသည်။ ယခုအခါတွင် မိန်းကလေးတိုင်း လိုပင်



လည်ဟိုက်အင်္ကျီ များ ဝတ်နေကြသည်။ အများနှင့်အညီ ခေတ်မီသော အဝတ်အဆင် တစ်ခုဖြစ်၍ အပြစ်မပြောလိုသော်လည်း အချို့မှာ ဟိုက်ပုံ လွန်ကဲလွန်းသည်။

မိမိ၏ အနေအထားနှင့် သင့်ရုံသာဟိုက်သင့်သည်။ အချို့မှာ ကိုယ့်အနေအထားကိုလည်း ကိုယ်မကြည့် ဘဲ အဟိုက်လွန်ကဲ၍ မလုံခြုံဖြစ်လာသည်။ ပုရိသ များကို ဖမ်းပြမြူဆွယ်သလို ဖြစ်နေသည်။ မလှမပသည့် အကြည့်ရှုးရှုးရဲရဲများကို ခံယူရသည်။ ထိုအခါကျမှ မျက်စောင်းထိုးခြင်း၊ နှုတ်ခမ်းစူခြင်းတို့ဖြင့် မကြည်မဖြူ ငြူစူတတ်ကြသည်။ ပိုက်ဆံအိတ် နှင့် ကွယ်ရသည်။ လက်ကိုင်ပုဝါခေါက်ဖြင့် ဖာရ ထေးရသည်။ အလုပ်မရှိ အလုပ်ရှာ ကိုယ်ပြဿနာ ကိုယ်ဖန်တီးခြင်းသာဖြစ်သည်။ မိန်းကလေးများ သတိထားသင့်သည်။ မိဘများ သတိပေး ဟန့်တားသင့်သည်။

## သူများယောင်၍ လိုက်မယောင်သင့်

ဝတ်စားဆင်ယင်ရာတွင် မိမိ၏ အသားအရောင်၊ အရပ်အနိမ့်အမြင့်၊ အပိန်အဝ၊ ကိုယ်ခန္ဓာ အချိုးအဆစ်နှင့် ပြေပြစ်လျော်ညီရန်လည်း လိုသည်။ သူများယောင်၍ ယောင်ရသည်။ အမောင်တောင်မှန်း မြောက်မှန်းမသိဆိုသကဲ့သို့ သူများလုပ်တိုင်း လိုက်မလုပ်သင့်ပါ။ သူ့နိုင်ငံမှာ လုပ်တိုင်း ကိုယ့်နိုင်ငံမှာ လိုက်မလုပ်သင့်ပါ။ အချို့ လိမ္မာ ပါးနပ်သော မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



များအပြင်ဆင် တတ်လှသည်။ ခေတ်နှင့်လည်းညီသည်။ မိမိ၏ကိုယ်ခန္ဓာအချိုးအစားနှင့်လည်းကိုက်ညီသည်။ အရှက်တရားနှင့် ဣန္ဒြေသိက္ခာကိုလည်း ထိပါးခြင်းမရှိ။ ကြည့်၍လည်းကောင်းသည်။ မှန်ကန်သော ဆင်ယင်ထုံးဖွဲ့မှုဖြစ်၏။

## အပြင်အပြ ဆန်းစစ်မှု

အထူးသဖြင့် ဆယ်ကျော်သက်ရွယ် အသိမကြွယ်သေးသော မိန်းကလေးများ၏ ဝတ်စားဆင်ယင်မှုတွင် မိဘများမှာ တာဝန်ရှိသည်။ ထိုအရွယ်ကလေးများသည် အလှသွေးကြွယ်စမို့ လှချင်သည်သာ သိသည်။ ကလေးစိတ်ကလည်း မပျောက်တတ်သေး။ သို့သော် ကိုယ်ခန္ဓာက လူကြီးဘက်သို့ ရောက်နေပြီ။ အတွေ့အကြုံရှိ၍ အသိအမြင်များသော မိဘက သတိထားရမည်၊ ချစ်စိတ် တစ်ခုတည်းနှင့် အလိုလိုက်၍ မဖြစ်၊ ကိုယ့်သမီး၏ အဝတ်အဆင်အပြင်အပြသည် သင့်မသင့်၊တော်မတော်၊ ဝေဖန်ဆွေးနွေးရမည်။ ပြောင်းလဲနေပြီဖြစ်သော ကိုယ်ခန္ဓာ အချိုးအစားနှင့် မသင့်လျှင် ဟန့်တားရမည်။

## လျှပ်ပေါ်၍ လော်လည်ခြင်း

ညည့်ခံပွဲတစ်ခုတွင် ၁၅ နှစ်အရွယ်မိန်းကလေး တစ်ယောက်သည် အများနှင့်မတူ တစ်မူ ထူးကဲသော အဝတ်အဆင်ဖြင့် ရောက်လာ၏။ လွန်ကဲသော ဆင်ယင်မှုပင်ဖြစ်သည်။ အားလုံး



မျက်လုံးများသည် ထိုမိန်းကလေး ထံသို့ ရောက်နေကြသည်။ ခြေသလုံးပေါ်ပြီး ပေါင်တံ၊ တင်ပါး တို့ကို တစ်သားတည်း တင်းကျပ်နေသော ဘောင်းဘီအဖြူကို ဝတ်ထား သည်။ အပေါ်ပိုင်းတွင်လည်း ဖွံ့ဖြိုးသော ကိုယ်ခန္ဓာကို တင်းကျပ်နေသောတီရှပ် အင်္ကျီ အပါးဖြင့် ပုံဖော်ထားသည်။ လမ်းလျှောက်လျှင် လိမ်ကျစ်လိမ်ကျစ်ဖြစ်၍ သူ့အသက်အရွယ်နှင့် မပြသင့်သည်တို့ကို ထုတ်ဖော်ပြသလို ဖြစ်နေသည်။

မမြှုဆွယ်သင့်သည်ကို မြှုဆွယ်သကဲ့သို့ ဖြစ်နေသည်။ ထိုကလေးကလည်း ငြိမ်ငြိမ်မနေ၊ အများမြင်ကွင်းများမှာ အကြိမ်ကြိမ် လျှောက်လှမ်း၍ပြနေသည်။ မျက်နှာလေးကလှပသည်။ သို့သော် နားတွင် လွန်လွန်ကဲကဲကြီးမားပြောင်လက်သော နားဆွဲပြားကြီးတွေ ဆွဲထားသည်။ ထိုမိန်းကလေး၏ ဆင်ယင်ထုံးဖွဲ့ပုံကို လွှမ်းခြုံကြည့်လျှင် ကလက်လွန်းသည်။ အရှက်အကြောက် နည်းလွန်းသည်။ ဣန္ဒြေ သိက္ခာ မဲ့လွန်းသည်။ ခေတ်မီခြင်းမဟုတ်၊ လွန်ကဲနေခြင်းဖြစ်သည်။ ညည့်ခံပွဲတွင် ထိုမိန်းကလေး၏ မိဘနှစ်ပါးလည်း ရှိပါသည်။ သူတို့ကိုယ်တိုင်ကလည်း သမီး၏ အပြင်အပြကို အောင်မြင်သည်ဟု ကြည်နူးနေကြဟန်တူပါ၏။ လွန်စွာ မိုက်မဲသော မိဘများဖြစ်သည်။ ကလေးကိုအပြစ်မတင်လိုပါ၊ မိဘနှစ်ပါးကိုသာ မကျေမနပ်ဖြစ်မိသည်။ ဤအရွယ် ကလေးကို ဤသို့အပြခိုင်းနေသည်။ ဤသို့ အမြှုခိုင်းနေသည်။ အဝတ်အဆင် ကလက်လွန်းလျှင် ဆင်ယင်ထုံးဖွဲ့မှု ပုံသဏ္ဌာန်၏ ဩဇာကြောင့် စိတ်ဓာတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



ကလက် လာတတ်သည်။ ကလက်လျှင်ပျက်သည်။ ကလေးကို အပျက် သင်ပေးနေကြသည်။ အပျက်ကျင့်ပေးနေကြသည်။ ဆင်ခြင် တုံတရား နည်းပါးလှသော မိဘများဖြစ်သည်။ သမီးကို ချစ်သည် မဟုတ်၊ နှစ်အောင်နှစ်ခြင်းဖြစ်သည်။

## အဆင်မတတ်လျှင် ဆန်းလျက်နှင့် မလှ

လယ်ပုဇွန်လုံး၏ ဆူဖြိုးခြင်းသည် ကျီးငှက်၏ အန္တရာယ်ကို ဖိတ်ခေါ်နေရာရောက်သည်။ မိန်းကလေး၏ ပြင်လွန်းပြလွန်း ကလက်လွန်းခြင်းသည် ဆန့်ကျင်ဘက်လိင်များ၏ အန္တရာယ်ကို ဖိတ်ခေါ်နေရာရောက်သည်။ မလိုတမာအကြည့်များ အောက် တွင် ပြစ်မှားမှုအမျိုးမျိုးကို ခံယူရစေသည်။

ထို့ကြောင့် အိမ်ထောင်ပြုရန် အချိန်မကျမီအော တွေ့တတ်လှသည်။ ခေတ်နှင့်အညီ ရိုးရိုးယဉ်ယဉ်ကလေး ပြင် ဆင်ထားလျှင် ထိုမိန်းကလေး၏ ရုပ်ရည်သည် လွန်စွာ ကျက်သရေရှိပေမည်။ အားလုံး၏ အမြင်တွင် လေးလေးစားစား တန်ဖိုးထား၍ မွန် မြတ်သော မေတ္တာစိတ်ဖြင့် ချစ်ခင်မှုကို ခံယူရပေမည်။ အငင်မတတ်လျှင် ပန်းလျှက်နှင့်မရ ဆိုသကဲ့သို့ အဆင်မတတ်သောကြောင့် ဆန်းလျက်နှင့် မလှ ဖြစ်ရသည်။

'သားကို ငယ်က မဆုံးမ မိဘတလည် ရန်သူ မည်၏' ဆိုသကဲ့သို့ သမီး၏ ဆင်ယင်ထုံးဖွဲ့မှုကို မှုကို မှန်က အောင် မညွှန်ပြလျှင်လည်း မိဘတလည် ရန်သူမည်ပါသည်။



ငယ်ရွယ်သူမိန်းကလေးများ အများနှင့်အညီ ခေတ်မီအောင် ပြင်ဆင်တတ်ခြင်းဖြင့် လှပကြပါစေ။

မိဘများသည် သမီးကို နှစ်အောင် မနှစ်ဘဲ မှန်ကန်စွာ ချစ်၍ အပြင်အပြ မလွန်ကဲအောင် ထိန်းသိမ်း စောင့် ရှောက်နိုင်ကြပါစေ။

www.burmeseclassic.com

# ── ကောင်းဆိုး နှစ်ဖြာ အလှကညာ ──

## လုပခြင်းနှင့် ကောင်းခြင်း

မိန်းမတို့၏ ဥစ္စာသည် အဆင်း (ဣတ္ထိ ရူပံ ဓနံ) ဟုဆိုကြ၏။ လုပခြင်းသည် မိန်းကလေးတို့အတွက် ကြီးမားသောဂုဏ် ဖြစ်သည်။ အရိုး၏ ကောင်းခြင်း၊ အရေ၏ ကောင်းခြင်း၊ အဆင်း၏ ကောင်းခြင်း၊ အရွယ်၏ ကောင်းခြင်း၊ ဆံပင်၏ကောင်းခြင်း ဟူသော ကောင်းခြင်း ငါးဖြာနှင့် ပြည့်စုံ၍ ပိန်လွန်းခြင်း၊ ဝလွန်းခြင်း၊ ဖြူလွန်းခြင်း၊ မဲလွန်းခြင်း၊ နိမ့်လွန်းခြင်း၊ မြင့်လွန်းခြင်း ဟူသော အပြစ်ခြောက်ပါး ကင်းလွတ်သူကို မိန်းမလှဟု အစဉ်အဆက် သတ်မှတ်ခဲ့ကြသည်။ ယခုတိုင်လည်း မှန်ကန်လက်ခံဆဲပင် ဖြစ်သည်။

လုပသော မိန်းကလေးကို လူချစ်လူခင်များသည်။ မိန်းကလေး အချင်းချင်းပင် မြတ်နိုးအားကျသည်။ ယောကျ်ားတကာတို့ စိတ်ဝင်စားသည်။ မျက်နှာပွင့်လန်းသည်။ ထို့ကြောင့်လုပသော မိန်းကလေးသည် လင်ကောင်း သားကောင်းကို ရနိုင်သော အခွင့်အလမ်းများ ပိုများပေသည်။



## အပြင်အဆင် နှင့် အလှအပ

အလှအပ၏ ကောင်းကျိုး၊ အလှအပ၏ ဆွဲဆောင်မှု၊ အလှအပ၏ ပွင့်လန်းမှုကို မိန်းကလေးတိုင်း မက်မောကြသည်။ ထို့ကြောင့် မိန်းကလေးတိုင်း လှအောင်ပြင်ကြသည်။ လှပအောင် နေထိုင်ကြသည်။ အချို့ဆိုလျှင် ရယ်ပုံ၊ ပြုံးပုံ၊ ပြောပုံ၊ ဆိုပုံ၊ သွားပုံ လာပုံမှစ၍ လှပအောင် ကြိုးစားကြသည်။ ယခုအခါတွင်ကား ပို၍ ခေတ်မီတိုးတက်လာသည်နှင့်အမျှ ကိုယ်ခန္ဓာအချိုးအဆစ်ကျ၍ ကိုယ်လုံးကိုယ်ပေါက် လှပစေရန် လေ့ကျင့်ခန်းများဖြင့် ပြုပြင်ပေးကြသည်။ မျက်နှာပေါင်းတင်ခြင်း၊ မိတ်ကပ်လိမ်းခြင်း ပြုကြသည်။ ဆံပင်အလှအပဆိုင်များလည်း မြို့ကြီးမြို့ငယ်နေရာအများအပြားမှာ ပေါ်ပေါက်လာကြသည်။ နည်းအမျိုးမျိုးဖြင့် အလှအပဆုံးဖြစ်အောင် ကြိုးစားပြင်ဆင်နေကြပေသည်။

## ပြင်လွန်းလျှင် ပင်ကိုယ်အလှ ပျက်တတ်သည်

မိန်းကလေးလှချင်သည်မှာ သဘာဝဖြစ်သည်။ လှဖို့လည်း လိုပါသည်။ ထို့ကြောင့် လှပအောင် နည်းအမျိုးမျိုးဖြင့် ကြိုးစားကြသည်မှာ အပြစ်တင်ရန်မလိုပါ။ သို့သော် လိုအပ်သည်ထက်ပို၍ ပြင်လွန်းလျှင်တိုး၍မလှရုံမက ပင်ကိုယ်အလှပင် ပျက်သွားတတ်သည်ကို သတိထားသင့်သည်။ အလှပြင်ခြင်းသည်လည်း အနုပညာတစ်ရပ်ဖြစ်သည်။ ပြင်လွန်းတိုင်း လှသည် မဟုတ်။ မိန်းကလေးတိုင်းလိုပင် သင့်တင့်သော ပင်ကိုယ်အလှ ရှိတတ်ကြ

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ရွှေဖလား အနားကွပ်ဆိုသကဲ့သို့ ထိုပင်ကိုယ်အလှအပကို ပို၍ ပေါ်လွင်ထင်ရှားစေရန် အမြဲအပြင်၊ အဆင်အယင်ဖြင့် ပံ့ပိုးပေးရသည်။ အလှအပယုတ်လျော့စေသည်တို့ကို ဖုံးဖိကာကွယ်ပေးရန်လည်း အလှမြင်သင့်သည်။

အနုပညာကိစ္စဖြစ်သော အလှပြင်ခြင်းကို အနုပညာမျက်စိဖြင့် ကြည့်၍ အနုပညာမြောက်အောင် ပြင်တတ်မှ အကျိုးရှိပါ၏။ လူတစ်ယောက်နှင့် တစ်ယောက် အသားအရေချင်းမတူ၊ အဆင်းသဏ္ဌာန်ချင်းမတူ၊ အခြေအနေချင်း မတူသည်ကို သတိမထားဘဲ မျက်ခုံးဆိုးခြင်း၊ မျက်ခွံဆိုးခြင်း၊ နှုတ်ခမ်းဆိုးခြင်းစသည် ဆိုး၍ ရသမျှ အကုန်ဆိုးကြလျှင်မလှရုံမက အလှပင် ပျက်တတ်သည်။ ပင်ကိုယ် အနုအလှပျက်၍ ခပ်နီနီ ခပ်ရိုင်းရိုင်းဖြစ်နေတတ်သည်။ အချို့မင်္ဂလာဆောင်များတွင် ဖြူဖြူသန့်သန့်ချစ်စဖွယ် ချောမောလှပသော အတို့သမီးကလေးသည် အလှပြင်ဆင်ထားကာမှ ပင်ကိုယ်လောက်ပင် မလှတော့ဘဲ အလှပျက်နေသည်ကို တွေ့ရသည်။ 'ဟယ်... သူ့ပင်ကိုယ်က ဖြူဖြူချောချောလေးပါ။ ဒီလို မဟုတ်ပါဘူး' ဟုရင်းနှီး သိကျွမ်းသူများ တအံ့တသြနှမြောကြရသည်။ ထို့ကြောင့် ရှေးလူကြီးသူမများက ပြင်လွန်း၍အလှပျက်သည်ကို သတိရှိကြစေရန် 'ပြင်လွန်းလျှင် ဖင်ချွန်းသည်' ဟု ခပ်ကြမ်းကြမ်းကလေး ရှုတ်ချခဲ့ကြသည်။



## နှလုံးသားကို အလှဆင်ပါ

လူတို့သည် အလှဆင်ရာ၌ ပြင်ပရုပ်သဏ္ဌာန်ကိုသာ အဓိကထားတတ်ကြသည်။ အတွင်းစိတ် လှပရေးကို မေ့လျော့နေတတ်ကြသည်။ ပြင်ပရုပ်သဏ္ဌာန်ကို မည်မျှပင် လှပအောင်ပြင်ဆင်ထားသော်လည်း အတွင်းစိတ်ထားမလှ၍ မာန၊ လောဘ၊ ဒေါသတို့ဖြင့် ပူလောင်နေသူ၏ မျက်နှာမှာ အကျည်းတန်နေတတ်သည်။ အချို့မိန်းကလေးများ ရုပ်ဆင်း လှပသော်လည်း ချစ်ခင်နှစ်သက်ဖွယ် မဖြစ်သည်မှာ စိတ်ထားမလှ၍ဖြစ်သည်။ အချို့ ရုပ်သိပ်မလှသော်လည်း စိတ်ထားလှသောကြောင့် လူအများ၏ ချစ်ခင်မြတ်နိုးခြင်းကို ခံကြရသည်။

ရုပ်လည်းလှ၊ စိတ်လည်း လှလျှင်ကား အတိုင်းထက် အလွန်ပင် ဖြစ်တော့သည်။ ထို့ကြောင့် ရုပ်လှသော မိန်းကလေးရော၊ ရုပ်မလှသော မိန်းကလေးများပါ စိတ်ထားလှအောင်ကြိုးစားသင့်သည်။ မိဘများကလည်း မိမိတို့၏ သားသမီးရတနာကို ငွေကြေးကျခံ၍ အလှပြင်ဆိုင်မှာ ပြင်ဆင်ပေးသကဲ့သို့ စိတ်ထားလှပအောင်လည်း ဆုံးမ ပြုပြင်သင့်ပေသည်။

## ကိုယ်ကျင့်သိက္ခာ အလှတန်ဖိုး

မိန်းမ၏ ဥစ္စာသည် အဆင်းဖြစ်သကဲ့သို့ အဆင်းလှပခြင်း၏ တန်ဖိုးသည်လည်း ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံမှသာ မြင့်မားပေသည်။ မိန်းကလေးသည် လှပရန် လိုသကဲ့သို့ ဣန္ဒြေသိက္ခာ

www.burmeseclassic.com

www.burmeseclassic.com



ရှိရန်လိုသည်။ ကိုယ်ကိုချုပ်၍ နှုတ်ကို စောင့်စည်းမှ အဖိုးတန်သည်။ ယခုခေတ်တွင် ပျံတန်တန် နန့်တန့်တန့်၊ ကလက်တက်တက် ပျက်တက်တက် မိန်းကလေးများကို ခေတ် အခေါ်အဝေါ်များနှင့် အမည်တပ်၍ ကောင်းချီးပေးသယောင် ပြောဆိုနေကြသော်လည်း ထိုမိန်းကလေးမျိုးကို အိမ်ထောင်ဖက်အဖြစ်ရွေးချယ်ရန်ကိုမူကား ယောကျ်ားများက များစွာ စဉ်းစားရလိမ့်မည်။ ပျံသောနန့်သော လွတ်လပ်မှုလွန်ကဲ၍မိမိ၏ စောင့်ထိန်းအပ်သော ကိုယ်ခန္ဓာကိုပင် တန်ဖိုးမထားသော မိန်းကလေးကို ယောကျ်ားတို့ စိတ်ဝင်စားချင် ဝင်စားမည်။ သဘောကျချင်ကျမည်။ သို့သော် တန်ဖိုးထားမည်မဟုတ်ပါ။ အပျော်အပျက်မျှသာ သဘောကျခြင်းဖြစ်သည်။

မကြာမီ တစ်ရက်ကပင် မြို့ထဲမှ အပြန်တွင် ငယ်ရွယ်နုပျို၍ ဖြူဖြူချောချော မိန်းကလေးတစ်ယောက်သည် အပေါ်ပိုင်းအင်္ကျီ မလုံမလဲ၊ အောက်ပိုင်းမှာလည်း စကပ်နှင့် ယောကျ်ားကလေးတစ်ယောက်၏ ဆိုင်ကယ်ကို နောက်မှ ခွစီးသွားသည်နှင့်ကြုံခဲ့ရပါ၏။ ဒူးပေါ်ပေါင်ပေါ်နှင့်ရှေ့မှယောကျ်ားကလေး၏ ခါးကိုဖက်ကာ လိုက်သွားသည်။ မြင်သူ ယောကျ်ားများက စိတ်ဝင်စားကြပါလိမ့်မည်။

သို့သော်ကောင်းသောအတွေးနှင့်စိတ်ဝင်စားခြင်းဖြစ်မည်မဟုတ်။ ကျွန်ုပ်မှာ မိန်းကလေးထက် မိန်းကလေး၏ မိဘများကို ပိုမို စိတ်ဆိုးမိသည်။ ဘယ်လို မိဘမျိုးရဲ့ သမီးပါလိမ့်



ဟု အံ့ဩမိသည်။ မိ မဆုံးမ ဖမဆုံးမ ဆိုသည်မှာ ထိုကဲ့သို့သော မိန်းကလေးမျိုး ဖြစ်သည်။ မိဘကောင်းဖြစ်ရန် ကိုယ့်သမီးကို အလှအပ ဆင်ယင်ပေးသကဲ့သို့ ကိုယ်ကျင့်သိက္ခာ ရှိစွာ နေတတ်အောင် လည်း ဆုံးမရသည်။ စည်းပျက်ကမ်းပျက်နှင့် မိန်းမပျက် မဖြစ်အောင်လည်း ထိန်းသိမ်းစောင့် ရှောက်သင့်ကြသည်။

## လှပခြင်းနှင့် ကံဆိုးခြင်း

မိန်းကလေးများ ရုပ်လှခြင်းသည် ကောင်းခြင်း မင်္ဂလာဖြစ်သော်လည်း ထိုအလှအပကို တန်ဖိုးရှိအောင် မထိန်းသိမ်းတတ်လျှင် ကံဆိုးတတ်သည်။ အထူးသဖြင့် မြို့ကောင်ပေါက်အရွယ် အလှသွေးကြွယ်စ မိန်းမချောကလေးများ ပိုသတိ ထားရန်လိုသည်။ မိဘများကလည်း ကြိုကြိုတင်တင်ပြောဆို ဆုံးမထားရန်လိုသည်။ ထိန်းသိမ်းစောင့် ရှောက်တတ်ရန် လိုသည်။ လှပသော မိန်းကလေးများကို မလှသော မိန်းကလေးများထက်ပို၍ ယောကျ်ားလေးများ စိတ်ဝင်စားကြသည်။ လှပသောမိန်းကလေးကို အရွယ်ရောက်စမှာပင် ထိကပါးရိကပါး ပြောဆိုခြင်း၊ စာပေးခြင်း၊ ချစ်စကား ခင်စကားလိုက်ပြောခြင်း ခံရတတ်ပေ၏။

အချို့ယောကျ်ားကလေးများမှာ စွဲစွဲလမ်းလမ်းဖြင့် နည်းအမျိုးမျိုးလိုက်ကြိုးစားနေတတ်ကြသည်။ မိန်းကလေးတို့၏သဘာဝမှာလည်း မိမိကို ယောကျ်ားကလေးများက စိတ်ဝင်စားလျှင်သာယာမိသည်။ ပိုပြင်ပြီးပိုပြမိတတ်ကြသည်။ ဒီအခါ

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးတို့ ပို၍စိတ်ဝင်စားလာတတ်သည်။ ပို၍အတင့်ရဲလာတတ်သည်။ တစ်ယောက်ကို ရှောင်သည်။ နှစ်ယောက်ကို ရှောင်နိုင်သည်။ သုံးယောက်ကို ရှောင်နိုင်သည်ထား၊ များလာလျှင် ကိုယ့်အကြိုက်နှင့် ကိုက်ညီသူတွေ့က လက်ခံမိတတ်သည်။

ဤနည်းအားဖြင့် အိမ်ထောင်ပြုရန် အချိန်မတိုင်မီ စောစောစီးစီး ရည်းစားထားမိတတ်သည်။ ထိုအရွယ်အိမ်ထောင်ပြုလျှင်လည်း ထိုမိန်းကလေး ကံကောင်းနိုင်မည်မဟုတ်ပါ၊ အိမ်ထောင်မပြုနိုင်ဘဲ ရည်းစားသက် ကြာလျှင် အကြောင်းအမျိုးမျိုးကြောင့် ချစ်သူ အဖြစ်မှ ပျက်၍ ခွဲခွာရတတ်သည်။

ဤနည်းအားဖြင့် ရည်းစား အပျက်များလာလျှင် ထိုမိန်းကလေးမျိုးကို ပတ်ဝန်းကျင်က အထင်သေး အမြင်သေးဖြစ်လာသည်။ မျက်နှာများသော မိန်းကလေး အဖြစ် ရှုတ်ချခံရတတ်သည်။ နောက်တော့ ခပ်လွယ်လွယ်မိန်းကလေးဟု ပေါ့ပေါ့သဘောထားလာတတ်သည်။ ဤနည်းအားဖြင့် ပညာရေးလည်းပျက်၊ အိမ်ထောင်ရေးလည်း ခက်ပြီး မိဘ မောင်ဘွားပါ အရှက်ရတတ်သည်။

## လှပခြင်းနှင့် အန္တရာယ်

လှပခြင်းသည် မိန်းကလေးများအတွက် ကောင်းကျိုးဖြစ်နိုင်သကဲ့သို့ အန္တရာယ်လည်း များပေသည်။ အချို့ ယုတ်ညံ့သေးသိမ်သော ယောက်ျားများသည် လှသောမိန်းကလေးကို အစွဲလမ်း လွန်သော



အခါ အနုနည်းဖြင့်မရလျှင် အကြမ်းနည်းဖြင့် ကြိုးစားတတ်ကြသည်။ အခွင့်သာလျှင်သာသလို မသမာသော နည်းမျိုးစုံဖြင့် ကြံစည်တတ်ကြသည်။ သတိကြီးစွာထား၍ အန္တရာယ်ကိုကြိုမြင်ပြီး ကြိုတင်ကာကွယ်နိုင်မှ တန်ရာကျပေသည်။ သမီးကညာလှပသည်နှင့်အမျှ မိဘတို့မှာလည်း ထိန်းသိမ်းကာကွယ်ရသည့် တာဝန်ကြီးမားပေသည်။

## ကံကောင်းအောင်နေတတ်ကြပါစေ

မိန်းကလေးများသည် လှချင် ပချင်၍အလှပြင်ကြသကဲ့သို့ စိတ်ထားလှအောင်လည်း ကြိုးစားသင့်ကြသည်။ အိမ်ထောင်ပြုရန် အချိန်မတိုင်မီ စောစောစီးစီး ရည်းစားများသည်ကိုလည်း ရှောင်ရှားသင့်သည်။ လိမ်လိမ်မာမာ နှင့် မိမိကိုယ်ကို ဣန္ဒြေသိက္ခာရှိစွာ ထိန်းသိမ်း စောင့်ရှောက်သင့်သည်။ ပညာသင်ချိန်မှာ အချစ်ရေး၊ အိမ်ထောင်ရေးထက် ပညာရေးကိုသာ စိတ်ဝင်စားပြီး ကြိုးစားသင့်သည်။ မိဘများသည် မိမိတို့၏ သားသမီးရတနာ လှကညာတွင် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ကို ကြိုတင်ကာကွယ်သင့်သည်။ ကံကောင်းအောင် နေတတ်ထိုင်တတ်ရန် အခါမလပ် ဆုံးမသွန်သင်ရပေသည်။ အတွေ့အကြုံများနှင့် ယှဉ်၍ကြိုတင်သတိပေးသင့်ကြသည်။ မိန်းကလေးများ ကံဆိုးကို ရှောင်၍ ကံကောင်းအောင် နေထိုင်တတ်ခြင်းဖြင့် ကံကောင်းကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com

## ဆင်စီးမြင်းရံ

မိဘတိုင်းသည် မိမိတို့၏ သားသမီးကို ဆင်စီးမြင်းရံစေချင်သည်။ အခိပ္ပါယ်မှာ ချမ်းသာကြွယ်ဝပြီး ဂုဏ်သရေနှင့်တင့်တယ်စေချင်ကြသည်။ ထိုသို့ဖြစ်စေချင်သည်မှာ ကောင်းမြတ်သော ဆန္ဒမှန်။ သို့သော် ထိုဆန္ဒပြည့်ဝစေရန်မှာ မည်သို့ဆောင်ရွက်ကြသနည်း။ မှန်ကန်စွာ ဆောင်ရွက်နိုင်ကြပါသလား ဟု ဆန်းစစ်ရန်လိုသည်။

### မေတ္တာမပါဘဲ လက်ထပ်ခြင်း

သမီးမိန်းကလေးကို ချမ်းသာကြွယ်ဝသောသူနှင့် ထိမ်းမြားလက်ထပ်ပေးခြင်းသည် သားသမီးကို ဆင်စီးမြင်းရံစေခြင်းဖြစ်ပါသလား။ တစ်ခါတစ်ရံ ထိုချမ်းသာကြွယ်ဝသူသည် မုဆိုးဖိုဖြစ်နေတတ်သည်။ တစ်ခါတစ်ရံ အသက်များစွာ ကြီးသူဖြစ်နေတတ်၏။ တစ်ခါတစ်ရံတွင် ရုပ်ပိုင်းဆိုင်ရာ ငွေကြေးဥစ္စာချမ်းသာကြွယ်ဝသော်လည်း စိတ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်တရားဆင်းရဲသူ ဖြစ်နေတတ်၏။



အထက်ပါအကြောင်းများကြောင့် သားသမီးကမည်သို့မျှ မချစ်မနှစ်သက်နိုင်၊ ထိုပုဂ္ဂိုလ်နှင့် ပေါင်းသင်းရမည့်အရေးကို သေမလောက် တွေးကြောက်နေကြသည်။ မျက်ရည်ဖြိုင်ဖြိုင်ကျ၍ ငိုကြွေးပူဆွေးနေရသည်။ ထိုအခါ အမိအဖဖြစ်သူတို့ဖွတ်အတင်း အနိုင်ကျင့်၍ 'ဟေ့ ငိုမနေနဲ့၊ မိဘက ဆင်စီးလို့မြင်းရံတာ မြင်အောင် စီစဉ်တာ၊ ဆင်နင်းလို့ မြင်းကန်တာ မမြင်ချင်ဘူး၊ ဘယ်လောက်ပဲ ငြင်းဆန်နေနေ ငါတို့ကတော့ ဓိကုပ်နတ်ပြည်တင်ရမှာပဲ' ဟု အနိုင်ကျင့်၍တစ်ဖက်သတ် စီစဉ်တတ်ကြသည်။

ထိုသို့စီစဉ်ခြင်းဖြင့် သားသမီး၏ ကောင်းစားစေရေးကို အမှန်တကယ် ဆောင်ရွက်ရာ ရောက်ပါသလား။ အချို့သောသားသမီးများမှာတစ်သက်လုံး စိတ်ဆင်းရဲကိုယ်ဆင်းရဲနှင့်ဒုက္ခ ရောက်သွားကြရသည်။ လူ့လောကတွင် စားဝတ်နေရေး၊ လူမှုရေးလိုအပ်ချက်များ ပြည့်စုံရန် လိုအပ်သည်မှာ မှန်ပါ၏။ သို့သော် ထိုသို့ ရုပ်ပစ္စည်းများမည်မျှပင် ပြည့်စုံသော်လည်း စိတ်မချမ်းသာလျှင် လွန်စွာ ဆင်းရဲတတ်ပေသည်။

### ဈေးတွက်တွက်သော အိမ်ထောင်ရေး

မိဘတို့သည် သားသမီးတို့၏ ရုပ်အလိုဆန္ဒများ ပြည့်ဝအောင် ဖြေရှင်းရာ၌ ချမ်းသာသူနှင့် အိမ်ထောင်ချပေးခြင်းသည် ကိုယ့်အားကိုယ်မကိုးဘဲ သူတစ်ပါးကိုသာ စုပုံအားကိုးသော

www.burmeseclassic.com

www.burmeseclassic.com



အချောင် သမားနည်းဖြစ်သည်။ သူ့ဘာသာ ချမ်းသာသူနှင့် မေတ္တာမျှမ၍ အဆင်ပြေစွာ ပြည့်စုံခြင်းသည် ကောင်းပါ၏။ သို့သော် မေတ္တာမပါဘဲ ချမ်းသာကြွယ်ဝမှုတစ်ခုတည်းကိုသာ ဈေးကွက်လိုကြည့်၊ ဈေးတွက်တွက်ပြီး အိမ်ထောင်ပြုပေးခြင်းသည် စိတ်ထားနိမ့်ကျလှပေသည်။ တကယ့်လက်တွေ့တွင် ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ဖြစ်ပွားစေတတ်သည်။

## တူနှစ်ကိုယ် တဲအိုပျက်မှာ နေရစေတော့

အိမ်ထောင် တစ်ခုတွင် အဓိကအားဖြင့် မေတ္တာတရားမှာ အရေးကြီးဆုံးဖြစ်သည်။ သို့သော် မေတ္တာတွေ မည်မျှပင်ရှိစေကာမူ တူနှစ်ကိုယ်တဲအိုပျက်မှာနေရ ချစ်တာသာလျှင် ပဓာနဆိုသည်မှာလည်း တကယ့်လက်တွေ့ဘဝတွင် စိတ်ကူးယဉ်လွန်းရာရောက်ပေသည်။ ဆန်မရှိလျှင် လင်မယားချင်း ရန်ဖြစ်ဆိုသကဲ့သို့ စားဝတ်နေရေး မပြည့်စုံလျှင်လည်း အိမ်ထောင်တစ်ခုမှာ သာယာခြင်းမရှိနိုင်ပါ။

## ဖြစ်သင့်သော အိမ်ထောင်ရေး

လင်နှင့် မယားတို့သည် အိမ်ထောင်တစ်ခုတွင် စိတ်ပိုင်းဆိုင်ရာ မေတ္တာတရားနှင့် ပြည့်စုံရန်လိုသကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ စားဝတ်နေရေး၊ လူမှုရေးလိုအပ်ချက်များလည်း ပြည့်စုံရန် လိုပါသည်။ မေတ္တာသာ အဓိကဖြစ်သည်။ ဆင်းရဲချင် ဆင်းရဲပါစေဆိုသော



အယူအဆသည် တစ်ဖက်အစွန်းရောက်သကဲ့သို့ ချစ်တာတွေ မချစ်တာရတွေ ပြောမနေနဲ့၊ ချမ်းသာဖို့လိုတယ်၊ ဂုဏ်ရှိဖို့ လိုတယ်၊ ညားပြီးလို့ပေါင်းသင်းသွားရင် ချစ်သွားမှာပဲ ဟူသည့် ခပ်လွယ်လွယ်တွေးပြီး ခပ်ပေါ့ပေါ့ပြောဆိုတတ်ခြင်းသည်လည်း တစ်ဖက်စွန်းဖြစ်၏။ ထိုသို့သော တစ်ဖက်စွန်း ရောက်သည့် စိစဉ်မှုများကြောင့် သားသမီးတို့ တစ်သက်လုံး ဒူးနှင့် မျက်ရည်သုတ်ပြီး လူလုံးလှသော်လည်း ကြိမ်မီးအုံသကဲ့သို့ ရင်တွင်းအပူကို လူမသိအောင် သေတစ်ပန်သက်တစ်ဆုံးခံကြရသည်။

## လရောင်အောက်မှ ချစ်သူနှင့် နေရောင်အောက်မှ လက်ထပ်သူ

အချို့သော မိဘများ၊ အစ်မကြီးများက လွဲမှားစွာ ဆုံးမသွန်သင်တတ်ကြသည်လည်း ရှိသေး၏။ 'ချစ်သူကို လရောင်အောက်မှာ ရှာပြီး လက်ထပ်ရမည့် သူကို နေရောင် အောက်မှာရှာရမည်'၊ 'ချစ်သူကို နှလုံးသားနှင့်ရွေးပြီး လက်ထက်ယူရမည့် သူကို ဦးနှောက်နှင့် ရွေးချယ်ရမည်' ဟု ဆိုသည်။ သာမန်အားဖြင့်ဆိုလျှင် ကဗျာဆန်သလိုလို၊ မှန်ကန်သော အတွေးအခေါ် တစ်ရပ်လိုလို တိုးတက်၍ လက်တွေ့ကျသော အယူအဆ တစ်ရပ်လိုလို လက်ခံချင်စရာဖြစ်၏။ သို့သော် အသေအချာ စဉ်းစားလျှင် ဖောက်ပြန်၍ သစ္စာမဲ့သော အတွေးအခေါ်ဖြစ်၏။

'ချစ်သူကို လရောင်အောက်မှာ ရှာ' ဆိုသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



အချစ်သည်ကြည်နူးစရာ၊ စိတ်ကူးယဉ်စရာ အလှအပ တစ်ခု ဖြစ်သည်။ ချစ်သူကို နှလုံးသားက ခံစားချက်နှင့် ရွေးပြီးချစ်ပါ၊ ပျော်ရွှင် ကြည်နူးပါ ဟူ၍ ဖြစ်သည်။ သို့သော် ကိုယ့်ချစ်သူကို စိတ်ကူးယဉ်ရုံ အပျော်သဘောမျှသာချစ်ပြီး သာယာမှုရှာရန် ဖြစ်သည်။ တကယ်လက်ထပ်ရန် မဟုတ်၊ တကယ်လက်ထပ်ရမည့် အချိန်တွင် ချစ်သူကို ပြတ်ပြတ်သားသား ပစ်ထားခဲ့ပြီး စားဝတ်နေရေး ပြည့်စုံအောင်ထားနိုင်မည့်သူကိုသာ လက်ထပ်ရမည်ဖြစ်သည်။ ထိုသူ့ကို ချစ်ချင်ချစ်၊ မချစ်ချင်နေ ကိစ္စမရှိ။ မုဆိုးဖို ဖြစ်ချင်ဖြစ်ပါစေ။ အသက်ကြီးချင်ကြီးပါစေ၊ ဘာသာမတူသောလူမျိုးခြား ဖြစ်ချင်ဖြစ်ပါစေ၊ ကောင်းကောင်းဝတ်ပြီး ကောင်းကောင်းစား၊ ကောင်းကောင်းနေရရင် ပြီးတာပဲ' ဟူသော အယူအဆဖြစ်သည်။

ထိုအယူအဆသည် တစ်ကိုယ်ကောင်းဆန်၍ အတ္တ အဓိကဝါဒဖြစ်သည်။ ချစ်သူကိုလည်း သစ္စာဖောက်၍ လက်ထပ်ယူရမည့်သူအပေါ်တွင်လည်း မတော်မတရားမရိုးသားခြင်းဖြစ်သည်။ တစ်ပြိုင်နက်တည်းမှာ ချစ်သူကိုရော၊ လက်ထပ်မည့်သူကိုပါ သစ္စာမဲ့ခြင်း၊ စော်ကားခြင်းဖြစ်သည်။



## အငိုလွယ်၍ အရိုက်ခက်

မရိုးဖြောင့်ခြင်း စေတနာမလှခြင်း၊ သစ္စာမရှိခြင်းတို့သည် တကယ့်ဘဝတွင် ကောင်းကျိုးမရဘဲ ဒုက္ခဖြစ်တတ်သည်။ ချစ်သူကို လရောင်အောက်တွင် ရှာပြီး လက်ထပ်ရမည့်သူကို နေရောင်အောက်မှာ ရှာရမည် ဆိုရာတွင် အပြောလွယ်သော်လည်း အလုပ်ခက်သည်။ အငိုလွယ်၍ အရိုက်ခက်တတ်သည်။

ချစ်သူသည် သက်မဲ့ရုပ် မဟုတ်၊ လူဖြစ်သည်။ ကိုယ်က လရောင်အောက်မှာ ထားခဲ့ချင်သော်လည်း၊ သူကအေးအေးဆေးဆေးနေခဲ့လိမ့်မည်ဟု မျှော်မှန်း၍မရ၊ မိမိက အတ္တ အကျိုးစီးပွားကိုသာကြည့်ပြီး သူ့ကို စွန့်ခွာခဲ့ချင်သော်လည်း သူကအခွာမခံဘဲ ကပ်နေလျှင် အကျပ်တွေ့တတ်သည်။ လူသိရှင်ကြားနှင့် အရှက်တကွဲအကျိုးနည်းတတ်သည်။ လက်ထပ်ယူသည့်သူကလည်း မေတ္တာမပါဘဲကိုယ်ကျိုးအတွက် လက်ထပ်ခြင်းအပေါ်မှာ ကြည်နူးသာယာစိတ်ဖြစ်နိုင်မည် မဟုတ်၊ အတိတ်၏ အရိပ်များသည် အိမ်ထောင်သည်ဘဝတွင် ထင်ဟပ်၍ မကြည်မဖြူနှင့် ငြူစူစက်ဆုပ်စရာများ ဖြစ်တတ်သည်။

## ပေးဝေရင်းနှီး ထိမ်းမြားခြင်း

မိဘသည် မိမိတို့၏ သားသမီးများကို ကိုယ့်အား ကိုယ်ကိုးနိုင်ရန် ပညာသင်ကြားပေးသင့်သည်။ အသိအလိမ္မာ ရှိအောင်သွန်သင်ပေးသင့်သည်။ မိန်းကလေးဆိုလျှင်လည်း

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးပီသစေရန်၊ အိမ်ထောင် ထိန်းသိမ်းတတ်စေရန် ပြုစုပျိုးထောင်ပေးသင့်သည်။ မိမိဘဝအတွက် သင့်တော်မည့် အိမ်ထောင်ဘက်ကို ရွေးချယ်တတ်စေရန် လမ်းညွှန်ပေးရမည်။ ယောကျ်ားလေးဆိုလျှင်လည်း ပညာ၊ အလိမ္မာ၊ လုံ့လဝီရိယရှိမှု၊ မိမိကိုယ်ကို အားကိုးမှု၊ ဘဝကို တိုးတက်အောင် ကြိုးစားမှုရှိအောင် ပြုစုပျိုးထောင်ပေးရမည်။

မိမိအပေါ်တွင် သစ္စာရှိ၍ ကောင်းသော ဘဝအဖော်ဖြစ်မည့်သူ၊ စီးတဲ့ရေ ဆယ်တဲ့ကန်သင်း ဆိုသကဲ့သို့ အိမ်ထောင်ရှင်မကောင်းဖြစ်မည့်သူကို ချစ်ခင်၍ လက်ထပ်နိုင်စေရန်လည်း လမ်းညွှန်ပေးရမည်။ ဖြစ်နိုင်လျှင် မိဘတို့၏ ဝတ္တရားတစ်ရပ်ဖြစ်သော ပေးဝေနိုးရင်း ဆိုသကဲ့သို့ ဘဝ တစ်ခုကို တည်ဆောက်နိုင်မည့် အရင်းအနှီး ထူထောင်ပေးရမည်။

မိဘတို့သည် သားသမီးကို ဆင်စီး၍ မြင်းရံတာ မြင်ချင်သည်ဆိုသော စေတနာမှာ ကောင်းမွန်သော်လည်း ထိုစေတနာကို မှန်ကန်စွာ အကောင်အထည်ပေါ်အောင် ဖော်ဆောင်နိုင်ဖို့လည်း လိုပေသည်။ ချမ်းသာသောသူနှင့် မချစ်မနှစ်သက်ဘဲ အတင်းအဓမ္မ လက်ထပ်ပေးခြင်းသည် မှန်ကန်သောဖြေရှင်းနည်းမဟုတ်ပေ။ အတ္တအကျိုး တစ်ခုတည်းကိုသာ ကြည့်သော အချောင်သမားအယူအဆ မရိုးသားသောလုပ်ရပ်ဖြစ်သည်။



## သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်

'သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်' အစွယ်သို့ မရောက်မီကပင် အချိန်တန်လျှင် သီးနိုင်ပွင့်နိုင်ရန် သီးတတ် ပွင့်တတ်ရန် ပြုစုပျိုးထောင်ပေးတတ်ရမည်။ ကိုယ့်ဘဝအတွက် ကိုယ့်အားကိုယ်ကိုး တည်ဆောက်တတ်စေရန် ရိုးဖြောင့်၍ လုပသောမေတ္တာမွန်ဖြင့် ချစ်တတ်သူဖြစ်စေရန် ဘဝအတွက် မိမိနှင့် လိုက်ဖက်သင့်တော်မည့် အိမ်ထောင်ဖက်ကိုလည်း ရွေးချယ်တတ်စေရန် လမ်းညွှန်ပေးရမည်။

မိဘတိုင်းသည် သားသမီးတိုင်းကို ဆင်စီး၍မြင်းရံနိုင်စေရန် မှန်ကန်စွာ သွန်သင်ဆုံးမ လမ်းညွှန်ပြရန်လိုသည်။ မေတ္တာတရား၊ သစ္စာတရား၊ နှလုံးသားအလှဖြင့် သာယာသော အိမ်ထောင်တစ်ခုကို တည်ဆောက်နိုင်ခြင်းဖြင့် ချမ်းသာကြွယ်ဝပြီး ဂုဏ်ကျက်သရေဖြင့် တင့်တယ်အောင်ပြုစုပျိုးထောင်ပေးကြရန်လိုပေသည်။

www.burmeseclassic.com

www.burmeseclassic.com

# မြီးကောင်ပေါက်အရွယ်ယောက်ျားလေး

ယောက်ျားလေးများသည် ၁၃ နှစ်မှ ၁၅နှစ်အတွင်း ကြီးကောင်ဝင်တတ်သည်။ အရွယ်ရောက်စပြုသည်။ ကျေးလက်စရိုက်ဆိုလျှင် ရှင်လိင်ပြန်သည့်အရွယ်ဖြစ်သည်။ ကြီးကောင်ဝင်သည်ဆိုသည့်အတိုင်း ဤရက်ပိုင်းများတွင်နေ့ချင်းညချင်း အကြီးအမားမြန်သည်။ အရပ်အမောင်းနှင့် ကိုယ်လုံးကိုယ်ထည် သိသိသာသာပင် ကြီးထွားလာတတ်သည်။ အရွယ်ရောက်ခြင်းနှင့်ဆိုင်သည့်ရုပ်ပိုင်းလက္ခဏာများပါ ပြောင်းလဲလာသည်။

## ရုပ်ပြောင်းသလို စိတ်ပြောင်းသည်

အရွယ်ရောက်၍ ရုပ်ခန္ဓာ ပြောင်းလဲသည်နှင့်အမျှ စိတ်ဓာတ်လည်း ပြောင်းလဲလာသည်။ ဟိုမုန်းဆိုင်ရာများ ဖွံ့ဖြိုးပြောင်းလဲလာသည်နှင့် အမျှ ဆန့်ကျင်ဘက်လိင်အပေါ် စိတ်ဝင်စားမှုရှိလာသည်။ လိင်နှင့် စပ်ဆိုင်သည့် အချစ်စိတ်များ ဖြစ်ပေါ်လာသည်။ ကလေးအရွယ်က အဆော့အကစားဖက်၍ညစ်ပတ်ပေရေစွာ နေတတ်သူများပင် လှချင်ပချင်လာသည်။ ပြုပြုပြင်ပြင်ဖြစ်



လာသည်။ အရွယ်ရောက်သည့် ရွယ်တူမိန်းကလေးကိုတွေ့လျှင် သဘာဝအရပင် မျက်စိမငြိမ်၊ အသံမငြိမ် ဖြစ်လာသည်။ ဟောရမ်းသူများဆိုလျှင် စချင် ပြောင်ချင် လုပ်လာသည်။ သဘာဝအလျောက် ဖြစ်ပေါ်ပြောင်းလဲမှုကို လူကြီးက သဘောပေါက်နားလည်ရမည်ဖြစ်သော်လည်း မလွန်မကျွံစေရန် ထိန်းသိမ်းပေးရမည့်ကာလ ဖြစ်သည်။

## အပြောင်းအလဲ ကာလ စကောစက

ဤအရွယ် ကြီးကောင်ဝင်သည့် အချိန်တွင် အရွယ်ရောက်ခြင်းဆိုင်ရာ ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည့်တိုင်အောင် လုံးဝပြည့်စုံစွာ အရွယ်ရောက်သည်မဟုတ်သေးပေ။ စပ်ကူး မတ်ကူး ကာလ အပြောင်းအလဲ ကာလဖြစ်သည်။

ထို့ကြောင့် ဤအရွယ်တွင် ကလေးစိတ်လည်း မကုန်တတ်သေး၊ လူကြီးစိတ်လည်း မပီတတ်သေး၊ ရုပ်ရောစိတ်ပါ စကောစက ဖြစ်သည်။ ထို့ကြောင့် ပြောရခက်တတ်သည်။ ဆက်ဆံရ ခက်တတ်သည်။ ထို့ကြောင့် လူကြီးများ၏ အမြင်တွင် အဆင်မပြေ ဘဝင်မကျ ဖြစ်တတ်သည်။ မိဘတို့အတွက် အထိန်းရခက်သော အရွယ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## လူကြီးအဖြစ် လူရာဝင်လိုခြင်း

ဤကလေးများသည် အရွယ်ရောက်စပြုသည်ထက် ပို၍ အရွယ်ရောက်ချင်စိတ်လည်းရှိသည်။ လူကြီးပီပီ ဖြစ်ချင်သည်။ လူရာဝင်ချင်သည်။ ထို့ကြောင့် အရွယ်ရောက်ခြင်း၏ လက္ခဏာများနှင့် ပို၍ပြည့်စုံချင်လာသည်။ အချို့ဆိုလျှင် နှုတ်ခမ်းမွေးပေါက်ခြင်းကို အရွယ်ရောက်ခြင်းဟူ၍ နှုတ်ခမ်းမွေးနုနု ကလေးများကို အဖေ၊ အစ်ကိုတို့၏ ဂျုတ်ဖြင့် ယူ၍ ရိတ်ပစ်တတ်သည်။ နှုတ်ခမ်းမွေးမြန်မြန် ပေါက်အောင် ကြိုးစားခြင်း ဖြစ်သည်။ အချို့ကလည်း ဆေးလိပ်သောက်ခြင်းကို အရွယ်ရောက်ခြင်း၏ အထိမ်းအမှတ်ဟု ယူဆ၍ ဆေးလိပ်ကို မသောက်တတ်သောက်တတ်နှင့် ဒုက္ခခံ၍သောက်ရင်း စတိုင်ထုတ်ချင်ကြသည်။ လူကြီးမိဘများက သတိဖြင့် စောင့်ကြည့်၍ မကောင်းမြစ်တာ ကောင်းရာညွှန်လတ် မပြတ်လုပ်နေရန်လိုသည့်အရွယ် ဖြစ်သည်။

## ပညာရေးအတွက် အရေးကြီးသော အရွယ်

ရှေးယခင်က ကျေးလက်သဘာဝဆိုလျှင် ဤအရွယ်သည် ရှင်လိင်ပြန်စ ကြီးထွားစမို့ လယ်ယာအလုပ်တွင် ဖခင်ကို အကူအညီ ရလာသည်။ နွားတရှဉ်းနိုင်ပြီ။ ထယ်ကိုင်နိုင်ပြီ။ ထွန်ကိုင်နိုင်ပြီ။ ယခုအခါတွင်ကား ကျောင်းသားများအတွက် ပညာရေးအရေးကြီးသောအရွယ် ဖြစ်သည်။ ၁၃နှစ်မှ ၁၅နှစ် ဆိုသည်မှာ ၈ တန်း၊ ၉တန်း၊ ၁၀တန်း၊ အဆုံးအဖြတ်ပေးမည့် အရေးကြီးသော အတန်းများဖြစ်သည်။ ပညာကို ကြိုးကြိုး ကုတ်ကုတ် ကြိုးစားရမည့်အချိန်တွင် အရွယ်ပြောင်း စိတ်ပြောင်းခြင်းနှင့် တိုက်ဆိုင်နေသည်။ မိဘများ သတိထားရမည့် အချက်ဖြစ်၏။



## အပေါင်းအသင်း သူငယ်ချင်း

ဤအရွယ်တွင် အပေါင်းအသင်း သူငယ်ချင်းများလည်း စုံလာတတ်သည်။ ပြောဆိုဆွေးနွေးသည့် အကြောင်းအရာများလည်း စုံလာတတ်သည်။ မိမိထက်ကြီးရင့်သော အတွေ့အကြုံများသည်ဟုထင်သောကာလသားကြီးများနှင့် ပေါင်းချင်သည်။ သူတို့ထံမှ အတတ်ပညာများကို လေ့စားစွာ နားထောင်ချင်သည်။ အတုယူ၍ လက်တည့် စမ်းချင်တတ်သည်။

ထိုအခါ အတတ်စုံလာတတ်သည်။ အလုပ်စုံလာသည်။ မိဘများ အုပ်ထိန်းရခက်၍ စိတ်ညစ်ရသော အရွယ်လည်းဖြစ်သည်။ စာကြိုးစားသော သူငယ်ချင်း၊ လိမ္မာသော သူငယ်ချင်းနှင့်ပေါင်းမိလျှင် ကောင်းသည်။ မှန်ကန်ဖြောင့်မတ်စွာ လမ်းညွှန် ဆုံးမတတ်သည့် ကာလသားကြီးနှင့် ပေါင်းမိလျှင် ကောင်းသည်။ အပေါင်းအသင်းကိုသတိထား၍ရွေးချယ်ပေးရန်လိုသည်။ မသင့်သော သူငယ်ချင်း အပေါင်းအသင်းနှင့် ရင်းရင်းနှီးနှီး နေထိုင်ဆက်ဆံခြင်း မပြုမိအောင် ဟန့်တားရန်လိုသည်။

www.burmeseclassic.com

www.burmeseclassic.com



## လူငယ်နှင့် မခံချင်စိတ်

လူငယ်လေးများသည် စွန့်စားလိုသည်။ အထင်ကြီးခံလိုသည်။ အထင်သေးခံရမည်ကို မခံချင်စိတ်ရှိ တတ်သည်။ အထူးသဖြင့် မိမိ အထင်ကြီးသော ကာလသားကြီးများ၏ အထင်သေးခြင်းကို မခံချင်။ ထို့ကြောင့် ကာလသားကြီးများက မခံချင်အောင် မြှောက်ထိုးပင့်ကော် လုပ်ပေးလျှင် မိဘစကားကိုလည်း ပစ်ပယ်ဝံ့သည်။ မကောင်းသော အလုပ်ကိုလည်း ကျူးလွန်ဝံ့သည်။

'မင်းယောက်ျားမဟုတ်ဘူးလား၊ မင်း မလုပ်ရဲဘူးလား၊ သတ္တိမရှိဘူးလား၊ စမ်းကြည့်စမ်းပါ၊ ချစမ်းပါ' ဟု ဆိုလျှင် မကောင်းမှုများကိုပင် ကျူးလွန်မိတတ်သည်။ မခံချင်စိတ်ကို မကောင်းသည့်ဘက်တွင်အသုံးပြုခွင့် မရစေရန်နှင့် ပညာကြိုးစားခြင်း၊ အားကစားထူးချွန်ခြင်း၊ မှန်မြတ်သော လုပ်ရပ်များ လုပ်စေခြင်းဘက် သို့ရောက်အောင် လမ်းကြောင်းတည့် ပေးသင့်သည်။

## စာအုပ်ကောင်း၏ ကျေးဇူး

ဤအရွယ်တွင် အချစ်ရေး အချစ်ရာများကို စိတ်ဝင်စားသော ကြောင့် အချစ်သတ္တုများကို ဖတ်လေ့ရှိသည်။ စာအုပ်စာပေ လူ မိတ်ဆွေ ဆိုသကဲ့သို့ စာအုပ်သည်လည်း မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းကဲ့သို့ပင် အရေးကြီးသည်။ စာအုပ်ညံ့သည် မိတ်ဆွေညံ့နှင့်တူသည်။ မကောင်းသော သူငယ်ချင်းက ပျက်စီး



အောင် မြှောက်ပေးသကဲ့သို့ မကောင်းသော စာအုပ်ကလည်း ပျက်စီးအောင် လမ်းညွှန် ပေးတတ်သည်။ အချို့သော စီးပွားရေး သောင်းကျန်းသူတို့၏ စာအုပ်ယုတ်များကိုဖတ်မိလျှင် ယုတ်မာသူပင် ဖြစ်သွားစေနိုင်သည်။ စာအုပ်ကောင်းသည် မိတ်ဆွေကောင်းနှင့်တူသည်။ အသိအလိမ္မာပေးသည်။ ကောင်းကျိုးဖြစ်အောင် လမ်းညွှန်ပေးသည်။

ဆရာကြီး ပီမိုးနင်း၏ တက်ကျမ်းစာအုပ်များသည် လူငယ်တို့ဖတ်ရှုဖို့ကောင်းသည်။ ဆရာကြီး သိန်းဖေမြင့်၏ တက်ခေတ်နတ်ဆိုးလိုစာအုပ်မျိုးကို အရွယ်ရောက်စ အချိန်တွင် ဖတ်မိခဲ့သူတိုင်းပင် ကာလသားရောဂါ၏ ဆိုးရွားအကျိုးယုတ်ပုံကို စက်ဆုပ်ရွံမုန်း၍ မကောင်းသော ကြေးစားမိန်းမများနှင့် ကင်းလွတ်အောင် ရှောင်နိုင်ခဲ့ကြသည်။ စာအုပ်ကောင်း၏ ကျေးဇူးဖြစ်သည်။ မိဘများသည် မိမိတို့၏ သားသမီးများဖတ်သောစာအုပ်များကို သတိထားသင့်သည်။ ကိုယ်တိုင်လည်း ဖတ်ဖြစ်အောင် ဖတ်ကြည့်သင့်သည်။ စာယုတ်စာပျက်များဆိုလျှင် ဟန့်တားသင့်သည်။ မိတ်ဆွေကောင်းနှင့်တူသည့် စာအုပ်ကောင်းများကို ရှာပေးသင့်သည်။ ဖတ်ဖြစ်အောင် တိုက်တွန်းရမည်။

www.burmeseclassic.com

www.burmeseclassic.com



## ပျက်စီးသွားသော အညွန့်အဖူး

အချို့ကလေးများသည် ငယ်စဉ်က ပညာထူးချွန်သည်။ လိမ္မာသည်။ တော်သည်။ အညွှန့်တလူလူနှင့်အလားအလာ ကောင်းနေကြသည်။ သို့သော် အရွယ်ရောက်စမှာ အပေါင်းအသင်းစုံ၍ အတတ်မျိုးစုံပြီး ပျက်စီးသွားသည်များကိုမကြာခဏ တွေ့ရတတ်သည်။ ၅တန်း ၆တန်း ၇တန်းတွင် အပတ်စဉ် ပထမ ရသော ကလေးတစ်ယောက်သည် ရှစ်တန်း အရောက်တွင် အပေါင်းအသင်းများမြှောက်ပေး၍ မိန်းကလေးတစ်ယောက်ကို ရည်းစားစာပေးချစ်ရေးဆိုရာမှ ငယ်ငယ်ရွယ်ရွယ်နှင့် ရည်းစားထားပြီး ပျက်စီးသွားသည်။

အရေးကြီးသည့် ၈တန်းတွင် စာမေးပွဲကျသည်အထိ ဖြစ်သွားခဲ့ရသည်။ ကလေးတစ်ယောက်မှာ ၈တန်းတွင် ဂုဏ်ထူးသုံးဘာသာနှင့်အောင်သည်။ မိဘများက ဝမ်းသာအားရချီးမြှောက်သည်။ အပေါင်းအသင်းများစုံလာသည်။ ဆေးလိပ်သောက်သည်။ ထိုမှတစ်ဆင့် ဆေးခြောက်ရှူ၊ ဘိန်းဖြူသုံး၊ အိမ်မှထွက်ပြေးပြီး ၁၀တန်းပင်မအောင်တော့သည်ကို ကြုံရသည်။ ငယ်ငယ်က ထက်မြက်ပညာတော်သော ကလေးများ ၈တန်း၊ ၉တန်း၊ ၁၀တန်းရောက်မှ ပျက်စီးသွားသည်များကို တော်တော်များများကြုံရသည်။ ပန်းကောင်းအညွှန့်ကျိုးဆိုသကဲ့သို့ အလားအလာကောင်းကလေးများ ပျက်စီးဆုံးရှုံးရသည်မှာ နှမြောစရာကောင်းလှသည်။



## မိဘတိုင်းသတိရှိရန် လိုသည်

မိဘများသည် သားသမီးကိုကျောင်းထားပေးရုံ၊ ကျူရှင်အပ်ပေး၍နှင့် တာဝန်ပြည့်စုံပြီဟု မယူဆသင့်ပေ။ မိမိတို့၏ အလုပ်တာဝန်၊ လူမှုရေး တာဝန်များနှင့်သာ အချိန်ကုန်၍ သားသမီးကို သတိမထားနိုင်သည့် အဖြစ်မျိုးသို့ မရောက်သင့်ပေ။ သားသမီးများ မပျက်စီးစေရန်၊ ကောင်းမွန်မှန်ကန်စေရန် မိဘများတာဝန်ဖြစ်သည်။

အထူးသဖြင့် ရုပ်ပြောင်း၊ စိတ်ပြောင်း၊ အရွယ်ပြောင်းစတွင် ပို၍သတိထားရမည်။ သားသမီးနှင့်ချစ်ခင်ရင်းနှီးစွာ ဆက်ဆံခြင်းဖြင့် သူတို့အကြောင်း အကောင်းအဆိုးကို သိအောင်ပြုသင့်သည်။ သိသည့်အပေါ်မှာ မူတည်ပြီး မကောင်းမြစ်တား၍ ကောင်းရာညွှန်ရသည်။

## ချစ်လွန်းလျှင် ပျက်သည်

သားသမီးကိုမိဘတိုင်းချစ်သည်ပင်ဖြစ်သော်လည်း ချစ်လွန်းခြင်းကြောင့် အလိုလိုက်လွန်းလျှင် ပျက်စီးတတ်သည်။ ငွေကြေးတတ်နိုင်သူများသည် အရွယ်ရောက်စ သားသမီးကို ပေးသင့် ပေးထိုက်သည်ထက် ငွေကို ပို၍ပေးမိတတ်သည်။ သို့မဟုတ် သားသမီးယူသုံးနိုင်ရန် ထားတတ်သည်။ ထိုကလေးများသည် လက်ဖက်ရည်ဆိုင်ထိုင်တတ်လာသည်။ ဆေးလိပ်သောက် တတ်လာသည်။ အပေါင်းအသင်းစုံလာသည်။ ပျက်စီးရန်လမ်းစဖြစ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



နှင့်တန်သည့်ငွေသားဆောင်သင့်သည်။ မည်မျှပင်ချမ်းသာစေကာမူ ကလေးကို ကြိုက်သလို ငွေယူသုံးနိုင်သည့် အခွင့်အရေးများ ပေးမထားသင့်ပါ။ အဖေက ပေးလိုက်၊ အမေက ပေးလိုက်၊ အဘွားက ပေးလိုက်မဖြစ်သင့်ပါ။

## တင်းကျပ်လွန်းက မကောင်းပါ

ဤအရွယ်ကလေးများကို ထိန်းရသည်မှာ သိမ်မွေ့သည်။ နူးညံ့သည်။ လျော့လွန်းလျှင် ပတ်သလို၊ တင်းလွန်းလျှင်လည်းပြတ်သည်။ မဖြစ်မီကပင် ကြိုတင်၍ဖြစ်တတ်သည့် အဆိုးအကောင်းများကို ပြောပြထားသင့်သည်။ တစ်ခြားသူများ ဖြစ်သည်တို့ကို သင်ခန်းစာပြု၍ ပြောဆို ဆုံးမထားရမည်။ သားသမီးပြောတိုင်း မယုံလွယ်ရန် လိုသည်။ အရေးကြီးသည်မှာ မပေါ့သော သတိဖြင့် ကိုယ့်သားသမီးအကြောင်း အပြောင်းအလဲကို သိနေအောင် ကြိုးစားရမည်။

မိမိကို မိဘက ဂရုတစိုက်ကြည့်နေကြောင်း ကလေးက နားလည်နေရန် လိုသည်။ ထိုသို့ နားလည်နေလျှင် ကလေးအတွက် အဟန့်အတားဖြစ်သည်။ ဆုံးမရာတွင် ဝေါက်၍ ချည်းမရသလို မြှောက်၍ချည်းလည်းမရပါ။ ဝေါက်သင့်သည်ကို ဝေါက်၍ မြှောက်သင့်သည်ကို မြှောက်ရသည်။

သို့သော် ချစ်ခင်ရင်းနှီးမှုကိုတော့ အပြည့်အဝရအောင် ယူရပါမည်။ ကောင်းစေချင်သည့်စေတနာကိုလည်း သား



သမီးနားလည်နေအောင်ပြရပါမည်။ ဤသို့ ရှေ့သို့ မျှော်၍ သတိထားပြီးစောင့်ရှောက်နေသည့် ကြားမှပင် အလွဲလွဲအချော်ချော်ဖြစ်သည်များကိုလည်းကြုံရတတ်သည်။ ထိုအခါ ဆူပူခြင်း စိတ်ပျက်ညည်းညူခြင်းတို့ဖြင့် ကောင်းကျိုးမရနိုင်ပါ။ သားသမီး၏ အံချော်နေမှုကို စိတ်ရှည်ရှည်ထား၍ ကြိုးစားပြုပြင်ရမည်ဖြစ်သည်။ အနာသိလျှင် ဆေးရှိသကဲ့သို့ ပြဿနာကို သိနေလျှင် လိုလျှင်ကြဲဆ နည်းလမ်းကောင်းတစ်ခုခုရမည်သည် ဖြစ်သည်။ လျစ်လျူရှုထားသော သားသမီးကဲ့သို့ ဆိုးရွားမသွားနိုင်ပါ။

## ကောင်းသောအလားအလာများ

ကြီးကောင်ဝင်စအရွယ်ကလေးများကို အဆိုးဘက်ကချည်းတော့ ကြည့်မြင်ရန် မဟုတ်ပါ။ အကောင်းတွေလည်း များစွာရှိပါသည်။ ကိုယ်ခန္ဓာ ကြီးထွားလာသည်နှင့်အမျှ စိတ်အား တက်ကြွလာသည်။ သွက်လက်ထက်မြက်မှုများ ရှိသောအရွယ် ဖြစ်သည်။ အားမာန် ပြည့်ဝလာသည်။ ထိုကောင်းသော အခြေခံများကို ကောင်းသောအလုပ်များနှင့် ပေါင်းစပ်ပေးနိုင်လျှင် ကောင်းအောင် လမ်းညွှန်ပေးနိုင်လျှင်လည်း ပို၍ထူးချွန်သွားတတ်ကြပေသည်။

## အစိုးရိမ်မလွန်ကဲသင့်

ဤအရွယ်သည် ဖျက်စီးတတ်သည်ဟု မိဘက အစိုးရိမ်လွန်ပြီး အချုပ်အချယ်များလွန်းလျှင်လည်း ကလေးအတွက် အနေ

www.burmeseclassic.com

www.burmeseclassic.com



တတ်သည်။ စိတ်ဆင်းရဲတတ်သည်။ ထိုအခါ ပြောင်းလဲလာသောအရွယ်နှင့် သဟဇာတမဖြစ်တော့ဘဲ ဆိုးကျိုးများဖြစ်ပွားစေတတ်သည်။ ပြောင်းလဲလာသော အရွယ်နှင့် စိတ်ကို မှန်ကန်စွာ လက်ခံ၍ အသင့်အတင့် လိုက်လျောမှုရှိရမည်။ သည်းခံခွင့်လွှတ်မှုလည်း ရှိရမည်။ ချုပ်ချယ်သည်ထက် အမှန်လမ်းကိုသာ ညွှန်ပေးနိုင်အောင်ပြောင်းပေးနိုင်အောင် ကြိုးစားရသည်။

ထိုသို့ ပြုလုပ်ရာတွင်လည်း မိမိဆန္ဒရှိတိုင်း အလျှင်စလိုဖွတ်အတင်းလုပ်၍ရသည်မဟုတ်။ မိမိအကြံဉာဏ်နှင့်ချည်း မရလျှင် အတွေ့အကြုံရှိသော မိဘအချင်းချင်း ညှိနှိုင်းတိုင်ပင်၍ အကြံဉာဏ်ယူရသည်။ ကလေး၏ဆရာများနှင့် ညှိနှိုင်းအကြံဉာဏ်ယူရသည်။ ကိုယ့်ကလေးက ချစ်ခင်လေးစားသော ကိုယ့်ကလေးကိုလည်း ချစ်ခင်လိုလားသော သူများနှင့် တိုက်ပင်၍ အကြံဉာဏ်ယူရသည်။ အကူအညီတောင်းရသည်။

ဤမျှအထိ မိဘက စိတ်ဝင်တစားနှင့် ကြိုးကြိုးစားစားလုပ်လျှင် ထိုကလေးများသည် အကောင်းဆုံး မဖြစ်သည့်တိုင် ဆိုးဆိုးရွားရွားတော့ မဖြစ်နိုင်ပါ။ သားသမီးက မိဘ၏ မေတ္တာနှင့်စေတနာကို နားလည်တုံ့ပြန်လာသည့် အခါတွင် အကောင်းဆုံးကိုပင် မျှော်မှန်း၍ ရနိုင်ပါသည်။

မိဘတိုင်း သားသမီးကောင်းကို ရရှိရန်အတွက် အရေးကြီးသော အခြေခံအချက်များမှာ မေတ္တာ၊ စေတနာနှင့် စိတ်ဝင်စားမှု၊ သတိထားမှုပင် ဖြစ်ပါသည်။

## အထိန်းမတတ် ဖိန်းဇတ်ဇတ်

မိဘတိုင်းသည် သားသမီးကို ချစ်ကြသည်။ ကောင်းစေချင်ကြသည်။ စေတနာထားကြသည်။ သို့သော် သားသမီး၏ သဘောသဘာဝကို မှန်ကန်စွာ သိနားလည်မှသာ သားသမီးကို ကောင်းအောင် ပြုစုပျိုးထောင်နိုင်ပေမည်။ ကောင်းစေချင်လွန်းသော စိတ်ဖြင့် ဆူပူကြိမ်းမောင်းတိုင်း၊ မကျေမနပ်မြည်တွန်တောက်တီးတိုင်း လိမ္မာမည် မဟုတ်သည်ကို သတိထားရန်လိုသည်။

### ကြီးကောင်ဝင်သော အရွယ်

အထူးသဖြင့် ကြီးကောင်ဝင်စ သားသမီးများကို ထိန်းသိမ်းရသည်မှာ အခက်အခဲဆုံးဖြစ်၏။ ထိုအရွယ်တွင် မိဘနှင့် သားသမီးသဘောထား အယူအဆချင်း မမျှမတတ်ဖြစ်တတ်၏။ မိဘက သားသမီးကို နားမလည်နိုင်သလို သားသမီးကလည်း မိဘကို မကျေမနပ် ဖြစ်တတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးများဆိုလျှင် ၁၃ နှစ်၊ ၁၄ နှစ်၊ ၁၅ နှစ်အရွယ်တွင် ကြီးကောင်ဝင်လာတတ်သည်။ အရွယ်ပြောင်းလာသည်။ အချို့သော အကျိတ်အခဲများ ကြီးထွားလာသည်။ ကိုယ်ခန္ဓာအရိုးအဆစ်များလည်းကြီးထွားလာသည်။ အရပ်လည်းထွက်လာသည်။ မနေ့တစ်နေ့ကမှ ကလေးလိုဆော့ကစားသူသည် လျင်မြန်စွာ ပြောင်းလဲလာသည်။ ပို၍ သိသာသည်မှာ အသံပါ ပြောင်းလဲလာခြင်းဖြစ်၏။ ကလေးသံမှ လူကြီးထံသို့ အကူးအပြောင်းတွင် မအော့မလည အသံတစ်မျိုးဖြစ်နေတတ်သည်။

ထိုသို့ သဘာဝအတိုင်း ပြောင်းလဲလာသည်ကို အချို့သော မိဘများသည် အလိုလိုနေရင်း မကျေမနပ်ဖြစ်နေတတ်ကြ၏။ "ဒီအကောင် အသံကိုက မအော့မလည်နဲ့ ငါနားကြားပြင်းကပ်တယ်"ဟု ဆူပူကြိမ်းမောင်းတတ်၏။ အသံပြောင်းသည်မှာ ကလေးတွင် ဘာအပြစ်မှုမရှိ။ သဘာဝအတိုင်းသာ ဖြစ်၏။ ကိုယ်လည်း ထိုအရွယ်က ထိုသို့ပင် ကူးပြောင်းခဲ့ပေသည်။

လူကြီးမိဘသည် မနေ့တစ်နေ့ကမှ ကလေးအသွင် ကလေးစိတ်သာရှိနေသည့် မိမိတို့၏ သားသမီးနေ့ချင်းပြောင်းလဲလာသည်ကို သဘာဝကျကျ ကူးပြောင်းလက်မခံနိုင်ဘဲ ကလေးအဖြစ်နှင့်သာ မြင်နေတတ်ကြသည်။

အရွယ်ရောက်လာစလူငယ်သည် ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲလာသကဲ့သို့ စိတ်ပိုင်းဆိုင်ရာလည်း ပြောင်းလဲလာ



သည်။ နေပုံ၊ ထိုင်ပုံ၊ သွားပုံလာပုံ၊ ပြောပုံဆိုပုံ၊ ဟန်နှင့်ပန်နှင့်ဖြစ်လာသည်။ လူပျိုစိတ်ဝင်လာသည်။ ဤသို့ ပြောင်းလဲလာသည်မှာလည်း သဘာဝအတိုင်းသာ ဖြစ်၏။

## အပြောင်းအလဲကို အလိုက်သင့် လက်ခံပါ

သားသမီး၏ ပြောင်းလဲလာသည်ကိုပြောင်းလဲလာသည့်အတိုင်း မိဘတို့သည် နားလည်လက်ခံရန် လိုသည်။ ဟန်နှင့်ပန်နှင့်ဖြစ်လာရန်ကော၊ လူပျိုစိတ်ပေါက်လာရန်ကောဟု ငြူစူခြင်း၊ ဆူပူခြင်း မပြုသင့်ပါ။ ကလေးမဟုတ်တော့သည်ကို အတင်းအကြပ်ကလေးအဖြစ် သတ်မှတ်ချင်၍ မရပါ။

မိဘတို့၏ နားမလည်မှု၊ အလိုက်သင့်လက်မခံမှုကြောင့် ဤအရွယ်ကလေးများတွင် မိဘနှင့်သားသမီးအကြား ပြဿနာများဖြစ်ပွားတတ်ကြသည်။ လူကြီးမိဘများစကားပြောဆိုရာ၌ ပါဝင်ဆွေးနွေးလာသော လူငယ်ကို မိဘတို့က လက်မခံဘဲ ရှုတ်ချတတ်သည်။ မကျေမနပ်စရာ အကြောင်းအမျိုးမျိုးတို့ဖြင့် ဆူပူကြိမ်းမောင်းတတ်သည်။ ထိုအခါ သားသမီးကလည်း မိဘအပေါ်မှာ နားမလည်နိုင်အောင် ဖြစ်လာသည်။ သူ့ကို အကြောင်းမဲ့ နှိမ်သည်၊ ဖိနှိပ်နေသည်ဟု မကျေမနပ်ဖြစ်လာတတ်သည်။ ထိုသို့ မကျေနပ်သည့် အမူအရာကိုလည်း ထုတ်ဖော်ပြသတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မိဘတို့သည် ပို၍ အခံရခက်ပြီး ဒေါသတကြီး ဖြစ်တတ်သည်။ အရွယ်ရောက်စ ကတည်းက အာခံချင်လာပြီဟု ယူဆ၍စောစောစီးစီးနှိမ်ထားမှဖြစ်မည်ဟု ရိုက်မောင်းပုတ်မောင်း ပြုတတ်သည်။ မိဘနှင့်သားသမီးအကြားမှာ နားလည်မှုပို၍ကွာဟသွားရပြန်သည်။ ထို့ကြောင့် ထိုအရွယ်ကလေးများသည် အထွေထွေမကျေနပ်မှုကြီးထွား၍ ကျောင်းပြေး အိမ်ပြေးကိစ္စများ ဖြစ်ပွားတတ်၏။

သားသမီး၏ ပြောင်းလဲလာသော သဘာဝကိုမိဘကမှန်ကန်စွာနားလည်လက်ခံရန် လိုသည်။ လူပျိုအရွယ်ပြောင်းလာ၍ လူပျိုစိတ် ဖြစ်ပေါ်လာသည်ကိုလည်း သဘာဝကျစွာလက်ခံရန် လိုသည်။ ထိုသို့ လက်ခံပြီးမှ လိုက်လျောသင့်သည်ကိုလိုက်လျောခြင်း၊ အသိပေးသင့်သည်ကို အသိပေးခြင်းစသည်တို့ဖြင့် တည့်မတ်မှန်ကန်အောင် အလိုက်သင့် ပြုပြင်ပေးရမည်ဖြစ်သည်။

## မရိုက်သင့်တော့သော အရွယ်

အရွယ်ရောက်လာသော လူငယ်များကို ရိုက်၍ ဆုံးမခြင်းလုံးဝမပြုသင့်တော့ပါ။ အရွယ်ရောက်လာပြီဟု သူ၏ကျေနပ်အားရဖြစ်နေမှု၊ ဟန်တစ်လုံးပန်တစ်လုံးနှင့် ဂုဏ်တက်နေမှုကိုရိုက်ခြင်းသည် ကြီးကျယ်စွာ နှိမ့်ချစော်ကားရာ ရောက်သည်။ ထို့ကြောင့် ရှက်ရုံမက စိတ်နာကျည်းသွားစေတတ်သည်။ ထို



ကလေးမျိုးအား ရိုက်ခြင်းသည် ကောင်းကျိုးထက် ဆိုးကျိုးများသာများဖို့ ဖြစ်၏။

သူ့မာန်ကိုထိခိုက်၍မိဘကိုနှုတ်လှန်တတ်သည်။ ထိုအခါ မိဘဒေါသဖြစ်၍ ဆက်ပြီး နှိပ်ကွပ်လျှင် အရွဲ့တိုက်၍ ထင်ရာ စိုင်းတတ်၏။ အိမ်ပြေးခြင်း၊ ကျောင်းပြေးခြင်းများ ဖြစ်တတ်သည်။ အထိန်းမတတ်လျှင် ဓိန်းဖတ်ဖတ်ဖြစ်တတ်သည်မှာ ထိုအရွယ်များပင်တည်း။

ဖြစ်သင့်သည်မှာ မိဘသည် မိမိ၏ သားသမီး ကြီးကောင်ဝင်လာပြီ၊ အရွယ်ကလေးပြောင်းလာပြီဆိုလျှင် ထိုသို့ဖြစ်သည်မှာ သဘာဝပင်ဖြစ်ကြောင်း နားလည်လက်ခံရမည်။ သားသမီး၏စိတ်ပြောင်း၍ လူရာဝင်ချင်လာသည်ကိုလည်း ချစ်ခင်ဝမ်းမြောက်စွာကြိုဆိုသင့်သည်။ ငါ့သားက ကလေး မဟုတ်တော့ဘူး။ ငါ့သမီးက ကလေးမဟုတ်တော့ဘူး ဆိုသည်ကို ကိုယ်တိုင်ကပင်ထုတ်ဖော်ပြောကြားအသိအမှတ်ပြုသင့်သည်။ အရေးကြီးသောကိစ္စများ ယခင်က သူတို့အား တိုင်ပင်ပြောကြားခြင်း မပြုခဲ့သည့် စကားများကိုပင် ပြောကြားတိုင်ပင်ခြင်း၊ အကြံဉာဏ်တောင်းခြင်းဖြင့် သူတို့၏ စိတ်ဓာတ်ကို နှစ်သိမ့် ကျေနပ်မှုပေးသင့်သည်။ ကိုယ့်အတွက်လည်း တိုင်ပင်စရာအဖော်အဖက်တိုးလာသည့်ကောင်းကျိုးရသည်။

'ပန်းလိုချင်အပင်ကိုပျိုးတတ်မှ' ဆိုသကဲ့သို့ မိဘများသည် သားကောင်း၊ သမီးကောင်းကို ရလိုလျှင် သားသမီး၏

www.burmeseclassic.com

www.burmeseclassic.com



အရွယ်အလိုက် ပြောင်းလဲတတ်သော သဘောသဘာဝကို မှန်ကန်စွာ နားလည်လက်ခံရန် လိုသည်။ ထိုသို့ နားလည်သည်နှင့်အမျှ လိုက်လျောညီထွေဖြစ်စေရန်လည်း ပြုပြင်ဆုံးမရန် လိုအပ်ပါသည်။ အထူးသဖြင့် အရွယ်ရောက်စ သားသမီးများကို ထိန်းသိမ်းရာမှာ ပို၍ သတိထားရသည်။ အထိန်းမတတ်လျှင် ဓိန်းဖတ်ဖတ် ဖြစ်တတ်သည်။ သို့သော် အလိုက်သင့်ထိန်းသိမ်းတတ်လျှင်လည်း ထိုအရွယ်ကလေးများသည် ချစ်စရာ၊ ကြည်နူးစရာနှင့် ဂုဏ်တင့်သော အလှပန်းပွင့်ကလေးများ ဖြစ်ပါသည်။

## အချိန်မီချုပ် အစုတ်သက်သာ

ကြီးကောင်ဝင်စအရွယ်သည် ကာယအားရော ဉာဏအားဖြင့်ပါ ကြီးထွားလာ၏။ အသင့်အတင့်သော အကြားအမြင်နှင့်လည်း ပြည့်စုံလာသည်။ ပညာရေးကလည်း အရေးကြီးသော အတန်းများသို့ ရောက်လာပြီ။ အချို့သည် ပညာရေးကိုသာ စဉ်ဆက်မပြတ် စိတ်ဝင်စားသည်။ အချို့သည် ရုပ်ပြောင်းစိတ်ပြောင်းမှာ ပြဿနာပေါင်း သောင်းခြောက်ထောင်ကို လုပ်ဆောင်လာကြသည်။ ကျွန်ုပ်၏ ရင်းနှီးကျွမ်းဝင်စွာ ဆက်ဆံနေရသော ပတ်ဝန်းကျင်များမှ ကလေးများ၏ ဖြစ်ရပ်နှင့် ထင်ဟပ်၍ တင်ပြလိုပါသည်။

### သားသမီးအပေါ် မျက်ခြည်ပြတ်ခဲ့သဖြင့်

မိဘနှစ်ပါးလုံးမှာ အလုပ်တာဝန်များသည့် အရာရှိများ ဖြစ်ကြသည်။ ဝင်ငွေမှန်၍ စီးပွားရေးအသင့်အတင့် ကောင်းသည်။ သမီးနှစ်ယောက်နှင့် သားတစ်ယောက်ရှိသည်။ သားမှာ အငယ်ဆုံးလည်းဖြစ်၊ တစ်ယောက်တည်းလည်းဖြစ်၍ အချစ်ပိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ကောင်းသော ကလေးဖြစ်ပါ၏ ။

ကျောင်းမှန်မှန်တက်၍စာမခက် ။ အတန်းတိုင်း၌ ထိပ်ပိုင်းမှ အောင်မြင်သည် ။ ရှစ်တန်းစာမေးပွဲတွင် သင်္ချာ၊ သပ္ပံ ဂုဏ်ထူးဖြင့် အောင်သည် ။ ရှစ်တန်းအောင်ပြီးတော့ အရွယ် ပြောင်းလာပြီ ။ မိဘများမှာ စာတော်သော သားကိုစိတ်ချသည် ။ ဆယ်တန်းရောက်သောအခါ ငွေကုန်ခံ၍ အကောင်းဆုံး အောင် မြင်နိုင်အောင် စီစဉ်ပေးသည် ။ သို့သော် မိဘနှစ်ပါးစလုံး အလုပ် တာဝန်များရှုံမက လူမှုရေးတာဝန်တွေ ဟိုကိစ္စ သည်ကိစ္စတွေ များသည် ။ ရုံးဖွင့်ရက်တွင် အိမ်မှာမရှိသလို ရုံးပိတ်ရက်တွင်လည်း အိမ်မှာ ရှိသည့် အချိန်နည်းသည် ။

သားဖြစ်သူ အပေါင်းအသင်း များလာသည် ။ အပေါင်းအသင်းစုံလာသည်ကို မသိ ။ သိသင့်သလောက် သိသည် ကိုလည်း ကိစ္စမရှိဟု ထင်သည် ။ ဆေးလိပ်သောက်စ ပြုနေပြီ၊ မိဘမသိ ။ အချိန်မတိုင်မီ ရည်းစားထားနေပြီ၊ မိဘမသိ ။ ကျောင်း ပျက်ရက်၊ ကျူရှင်ပျက်ရက်တွေ များနေပြီ၊ မိဘမသိ ။ စာမေးပွဲ ဖြေပြီးတော့ ဖြေနိုင်သည်ဟုဆိုသည် ။ မိဘက ယုံသည် ။ ဂုဏ်ထူး လေးငါးခုပင် မျှော်မှန်းနေကြသည် ။

အောင်စာရင်းထွက်ပြီ၊ ကျသည် ။ (ခ)အဆင့်မျှပင် မပါ ။ မိဘများ အထိတ်တလန့်ဖြစ်ကြသည် ။ သား၏ အပေါင်း အသင်းများအပေါ် အာရုံဝင်စားလာကြပြီ ။ မကောင်း၊ ချုပ်ချယ် လာကြသည် ။ တင်းကျပ်လာကြပြီ ။ သို့ရာတွင် အလွတ်ကြီး



လွှတ်ပြီးမှ ရုတ်တရက် ချုပ်ချယ်သောအခါ သားဖြစ်သူက မခံနိုင် ။ မိဘများ ဒေါသဖြစ်ရပြီ ။ ပို၍ချုပ်ကိုင်ပြီး ပို၍တင်းကျပ်ကြသည် ။ သားသမီးနှင့် မိဘအကြား ဝိရောဓိမှာ ကြီးထွားလာသည် ။ တစ်ချိန်လုံး ဝေါက်ပင် မဝေါက်ခဲ့ဘဲလျက် ရိုက်ရနှက်ရသည်အထိ ဖြစ်လာသည် ။ မိဘရော သားသမီးပါ စိတ်ဆင်းရဲကြရသည် ။ နောင်တစ်နှစ်အတွက် ပုံမှန်လမ်းကြောင်းပေါ် ပြန်ရောက်ရန်ပင် အခက်အတွေ့နေကြရသည် ။

အရွယ်ပြောင်းစတွင် သားသမီး၏ လှုပ်ရှားမှု အပေါ် မျက်ခြည်ပြတ်ခဲ့သည်မှာ မိဘဘက်မှ ချို့ယွင်းချက် ဖြစ် သည် ။ လမ်းချော်စပြုကတည်းက သိရန်လိုသည်၊ အာရုံစိုက်ပြီး သတိရှိလျှင် သိနိုင်သည် ။ သိလျှင် 'အချိန်မီချုပ်၊ အစုတ် သက်သာ' ဆိုသကဲ့သို့ ကာကွယ်ဟန့်တားနိုင်မည် ။ ပြုပြင်နိုင် မည် ။

## အလိုလိုက်လွန်းလျှင်လည်း

နောက်တစ်ယောက်မှာ အဖေက လခစား၊ အမေက ဈေးသည်၊ ဝင်ငွေကောင်းသည် ။ ချမ်းသာသည် ။ သား တစ်ယောက် သမီး တစ်ယောက် ရှိသည် ။ သားနှင့်သမီးကို သိပ်ချစ်သည် ။ သားရော သမီးပါ ရုပ်လှသည် ။ စာတော်သည် ။ သားလေးသည် ရှစ်တန်း တွင် လေးဘာသာဂုဏ်ထူးနှင့်အောင်သည် ။ ဝမ်းသာလွန်း၍ ဗုံးဖွေးမှုတ်ထား၏ ။ ဉာဏ်ကောင်းသောကလေးဖြစ်၍ဆယ်တန်း

www.burmeseclassic.com

www.burmeseclassic.com



တွင်လည်း ထူးချွန်စွာအောင်မည်ဟု ဆရာ ဆရာမများကပင် ယုံကြည်မျှော်လင့်ထားကြသည်။

ရှစ်တန်းအောင်ပြီးသော် အရွယ်ကလေး ပြောင်းလာပြီ။ ကလေးစိတ် မဟုတ်တော့၊ လူပျိုစိတ်ဖြစ်လာသည်။ မိဘက ချမ်းသာ၍ သားတောင်းသမျှငွေကို အလွယ်ပေးသည်။ မတောင်းဘဲ နှိုက်ယူလျှင်လည်း ငွေသေတ္တာမှာ အဆင်သင့်။ အခါခပ်သိမ်းသော့ဖွင့်ထားသည်။ ကိုးတန်းအရွယ်ကလေး၏ အိတ်ထဲတွင်ငါးဆယ်တစ်ရာ အမြဲပါ၏။ လက်ဖက်ရည်ဆိုင် ထိုင်တတ်လာသည်။ အပေါင်းအသင်းစုံလာသည်။ လက်ဖက်ရည် သောက်ပြီးလျှင် ဒူးယားလေးနှင့်မှအရသာရှိသည်ဟု သင်ပေးကြ၏။ စီးကရက်သောက်တတ်လာသည်။ မိဘ သိသည်။ ကိစ္စမရှိဟု အလိုလိုက်ပြီး ခွင့်ပြုထားသည်။

နောက်တော့ စီးကရက်မှတစ်ဆင့်တက်၍ ဆေးခြောက်ရှူသည်၊ မိဘမသိ။ အပေါင်းအသင်းစုံလာပြီ၊ အပေါင်းအသင်းများက ရ မရ အလောင်းအစားနှင့် မြှောက်ပေး၍ မိန်းကလေးတစ်ယောက်ကို စာပေးသည်။ ရသည်အထိကြိုးကြိုးစားစား ပိုးပန်းသည်။ ရသည်။ အလောင်းအစားငွေကို အနိုင်ရသော်လည်း တစ်ဖက်မှ အရှုံးတွေ အများကြီး ဖြစ်သွားသည်။ ပညာရေးကိုစိတ်မဝင်စားတော့ပါ။ စိတ်လေပြီ။ ထိုအချိန်မှာပင် ဆေးခြောက်မှ တစ်ဆင့်တက်၍ မူးယစ်ဆေးဝါးများကို သုံးလာ၏။ ဘိန်းဖြူအထိရောက်လာမှမိဘက သိသည်။ ဈေးသတ္တာထဲ



မှ ငွေတွေအများကြီး ကုန်ပြီးပြီ။ အလိုအလိုက်ကြီးလိုက်ပြီးမှ ရိုက်ကြ နှက်ကြ၊ အတင်းအကြပ်ချုပ်ချယ်ကြသည်။ ထိုကလေး အိမ်မှထွက်ပြေးသွားသည်။ လိုက်ရှာ၍ပြန်တွေ့သော်လည်း၊ ထို ကလေးကို ပုံမှန်လမ်းကြောင်းပေါ် ပြန်ရောက်အောင် ပြုပြင်ဖို့ ခက်သွားသည်။

ပုံမှန်ဆိုလျှင် ကလေးမှာ အလားအလာ ကောင်းသော လူတော်ကလေးဖြစ်၏။ မိဘအလိုလိုက်ပုံ စနစ်မကျ၍ ပန်းကောင်းအညွန့်ကျိုးဖြစ်ရသည်။ ကလေးကို ကလေးနှင့်တန်ရုံသော မုန့်ဖိုးကိုသာ ပေးသင့်သည်။ ကလေးကို ငွေများများ ပေးခြင်းမှာ ပျက်စီးအောင် ပြုခြင်းသာ ဖြစ်သည်။ မိဘသည် ကလေးစိတ်ပျောင်းသည်ကိုမသိ၊ငွေကိုကလေးလိုသလိုယူခွင့်ပြုထားသည်။ အများလမ်းပေါ်ရောက်စမှာ မသိ၊ သိသလောက် သိသည်ကိုလည်း အလေးအနက်မထား၊ အဆိုးဆုံး ဖြစ်လာမှ ရိုက်နက်ခြင်း၊ ချုပ်ချယ်ခြင်းသည် မှန်ကန်သော ဆုံးမနည်း မဟုတ်ပါ။

## ကလေးတို့အသည်းတွင် လျှောင်လှုပ်ခြင်း

တတိယတစ်ယောက်မှာလည်း ဉာဏ်ရည် ထက်မြက်၍ လိမ္မာသော ကလေးဖြစ်သည်။ စာကြိုးစား၍ အတန်းတိုင်းတွင် ပထမချည်းရခဲ့သည်။ မိဘနှစ်ပါးကလည်း သားသမီး၏ ပညာရေးကို စိတ်ဝင်စားအားပေးကြသည်။ ကလေးရှစ်တန်းနှစ်တွင် ငါးဘာသာဂုဏ်ထူးနှင့်ထူးချွန်စွာအောင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးကိုးတန်းစာမေးပွဲပြီးသည့်အချိန်တွင် မိဘနှစ်ပါးမှာ သူ့ဘက်ကိုယ့်ဘက်၊ သူ့အတ္တ ကိုယ့်အတ္တ၊ သူ့မာနကိုယ့်မာန ပြိုင်ကြရာမှာ အိမ်ထောင်ကွဲသွားသည်။ သားသမီးများ အမေနှင့်နေခဲ့သည်။ ငွေရေးကြေးရေး အကြောင်းမဟုတ်၊ အမေကလည်း လုပ်ငန်းရှင်မို့ အဆင်ပြေသည်။ အဖေကလည်း သူ့ပိုင်စီးပွားရေးအလုပ်နှင့်ဝင်ငွေကောင်းသည်။ ကလေးများအတွက် လုံလောက်သည့် ငွေကြေးကို ဖခင်ကလည်း ပေးသည်။

သို့သော် အရွယ်ရောက်စဖြစ်သော သားကလေး၏ ကြည်လင်နေသည့် စိတ်ရေပြင်မှာ ခဲတစ်လုံးကျသလို ဂယက်ဝိုင်းများထသွားသည်။ စိတ်ဓာတ်ပျက်သွားသည်။ ကလေးသည် သူ၏ ဝမ်းနည်းမှု၊ အားငယ်မှုကို သက်သာရာ ရှာလာသည်။ ထိုအချိန်မျိုးမှာ မြှောက်ပေးမည့်သူများကလည်း အသင့်၊ ဆေးလိပ်သောက်တတ်လာသည်။ နောက်တော့ မူးယစ်ဆေး၏ သားကောင်ဘဝသို့ ရောက်သွားသည်။ ဆယ်တန်းစာမေးပွဲကို ဖြေပင်မဖြေတော့ပေ။

ကလေးဒုက္ခရောက်မှ မိဘနှစ်ပါးနောင်တရပြီး ပြန်ပေါင်းကြသည်။ ကလေးကို ပုံမှန်ဖြစ်အောင် ကြိုးပမ်းကြသည်။ သို့သော် အတော်ခက်သွားပြီ၊ မိဘများ သတိထားကြရန်လိုသည်။ လူဆိုသည်မှာ လူတစ်ယောက်မှ နှစ်ယောက်ဖြစ်လာပြီဆိုလျှင်ပင် သူ့အတ္တ ကိုယ့်အတ္တ လွန်ဆွဲမှုရှိလာစမြဲဖြစ်သည်။ စိတ်သဘောချင်း မတိုက်ဆိုင်မှု၊ အယူအဆချင်း မတညီမှု၊ ဆန္ဒ



ချင်း ကွဲလွဲမှု စသည့် အားပြိုင်မှုများ ရှိစမြဲဖြစ်သည်။

မေတ္တာစိတ်ဖြင့် သည်းခံမှု၊ ခွင့်လွှတ်မှု၊ နှစ်ဖက်စလုံးမှအပြန်အလှန် အလျှော့အတင်း ညှိနှိုင်းမှုများ ရှိသင့်သည်။ အိမ်ထောင်ဘဝတွင် အရာရာမှာ ငါတကောကော၍ မရ၊ အတ္တလွန်ကဲ၍မရ။ မာနပြိုင်မည့်အစား၊ မေတ္တာနှင့်သည်းခံခွင့်လွှတ်မှု ပြိုင်သင့်သည်။ အမိအဖဖြစ်လာသည့်ဘဝတွင် မိမိတို့ တစ်ဦးတစ်ယောက်အရေး၊ နှစ်ဦးနှစ်ယောက်အရေးသာ ကြည့်၍မရ၊ သည်းညှာနမခိုင့်တစ်ခိုင်အရွယ် သားငယ်သမီးငယ်တို့၏ အရေးကိုပါ ကြည့်ရပါမည်။

မိဘများ အိမ်ထောင်ကွဲခြင်းသည် ကလေးများ၏ အသည်းတွင် လျှောင်လှုပ်ခြင်းဖြစ်သည်။ ကိုယ့်ကို အကြောင်းပြု၍ လူ့ဘဝရောက်လာသော သားသမီးများအတွက် မိဘတိုင်းမှာ တာဝန်ရှိသည်၊ တာဝန်သိသော၊ တာဝန်ကျေသော မိဘကောင်းဖြစ်မှ သားသမီးကောင်းကို ရနိုင်သည်။ ကိုယ့်ကြောင့် သားသမီးများ၏ ဘဝလေးပျက်စီးမသွားအောင် သတိထားသင့်ကြသည်။

## အချိန်မီချုပ်၍ အစုတ်သက်သာ

စတုတ္ထကလေးမှာလည်း ရှေ့ကလေးများနည်းတူပင် ဉာဏ်ကောင်းသည်။ ပညာကြိုးစားသည်။ မိဘ၏ စီးပွားရေးမှာလည်း သင့်တင့်ပါသည်။ ကလေးသည် ရှစ်တန်းတွင် ဂုဏ်ထူး နှစ်ဘာသာဖြင့်အောင်မြင်သည်။ ကိုးတန်းမှာ အရွယ်ပြောင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပြောင်းလာသည်။ အပေါင်းအသင်းများလာသည်။ မိဘက တစ်နေ့ မုန့်ဖိုးတစ်ကျပ်သာပေးသည်။ တိုးတောင်းလာသည်။

သို့သော်မိဘက မပေး၊ ငွေများများပေးလျှင် ပျက်စီးနိုင်သည့် အလားအလာများကို သားနားလည်အောင် ရှင်းပြသည်။ အပေါင်းအသင်းစုံသည်ကိုလည်း သိသည်။ သတိပေးသည်။ လူပျိုဖြစ်လာသည်ကို လက်ခံသည်။ ကျေနပ်စွာ အသိအမှတ်ပြုသည်။ သို့သော် ထိုအရွယ်တွင်ဖြစ်တတ်သည့် ရုပ်ပိုင်း စိတ်ပိုင်းပြောင်းလဲမှုများနှင့် ပျက်စီးတတ်သည့် အန္တရာယ်များကို နားလည်အောင် ကြိုတင်ပြီး ရှင်းလင်းပြောကြားသည်။

ဖခင်က သားနှင့်ရင်းနှီးချစ်ခင်စွာ ပေါင်းသင်းရင်း အနီးကပ်ဆုံးမသည်။ နားဝင်အောင် မေတ္တာဖြင့် ပြုပြင်သည်။ ထိုကြားထဲမှာပင် သားဖြစ်သူက လူရာဝင်ချင်စိတ်ဖြင့် ဖခင်၏ ဂျုတ်ဖြင့်နှုတ်ခမ်းမွေးနုနုကလေးများကို ခိုးရိတ်သည်။ သတိထားသော ဖခင်က သိသည်။ သူကိုယ်တိုင်လည်း ထိုအရွယ်က ထိုသို့ ပြုဖူးသည်။ သားဖြစ်သူကို ရှုတ်ချခြင်း၊ သရော်ခြင်း၊ အပြစ်တင်ခြင်း မပြုဘဲ ထိုအရွယ်မှာ ထိုသို့ ဖြစ်တတ်ကြောင်းနှင့် မှားယွင်းသော လုပ်ရပ်ဖြစ်ကြောင်း၊ အချိန်တန်လျှင် သူ့အလိုလို ကြီးထွားလာမည်ဖြစ်၍ အလျှင်မလို သင့်ကြောင်း ကိုယ်တွေ့နှင့်ယှဉ်ပြီး ရှင်းပြသည်။

ဤမျှ ဂရုတစိုက်ဆုံးမနေသည့်ကြားမှပင် အပေါင်း အသင်းများက မြှောက်ပေးပြီး မခံချင်အောင်ပြော၍ ဆေးလိပ်



ခိုးသောက်လာတတ်သည်။ သားဖြစ်သူ၏ ပိရိမှုကြောင့် တစ်ပတ်ခန့်အကြာမှ ဖခင်သိသည်။ ထိတ်ထိတ်ပျာပျာဖြစ်ရပြီ၊ အပေါင်းအသင်းကိုလည်း ရွေးပေးရပြီ၊ ရိုးရိုးအေးအေး ပညာကိုသာ ကြိုးစားသော ကလေးများနှင့်တွဲပေးရသည်။ ဤအရွယ် ဤအတန်းများသည် ဘဝတစ်ခုလုံးကို အဆုံးအဖြတ်ပေးမည့် အရွယ်၊ အဆုံးအဖြတ်ပေးမည့်အတန်းများဖြစ်ကြောင်း နားဝင်အောင် ပြောရပြန်သည်။

## မေတ္တာ စေတနာကို သိပါစေ

မိဘ၏ ဂရုတစိုက် သတိထားကြည့်နေခြင်း၊ လုပ်သမျှကို သိနေခြင်းတို့ကြောင့် သားဖြစ်သူသည် ဆက်မလုပ်ဝံ့တော့ပါ။ မိဘ၏မေတ္တာနှင့်ကောင်းစေလိုသော စေတနာကိုလည်း နားဝင်အောင် ပြောခြင်းကြောင့် နားလည်လာသည်။ မိဘက ကျောင်းသွားချိန်၊ ကျူရှင်တက်ချိန်တို့အပြင် စာကျက်ချိန် သတ်မှတ်ပေးသည်။ ထိုသတ်မှတ်ချက်အတိုင်း ဖြစ်စေရန် ကြပ်မတ်ပေးသည်။ သားသမီး၏ လိမ္မာလာသည်ကို ဝမ်းသာအားရ ချီးကျူးသည်။ ဂုဏ်ပြုသည်။ စာပို၍ တော်လာသည်။ ပို၍ ချီးကျူးဂုဏ်ပြုသည်။ အခြားသော ကလေးများအတွက်ပင် စံပြုစရာ ဖြစ်လာသောအခါမှာတော့ ကလေးက သူ့ဘာသာပင် သူ့ဂုဏ်သိက္ခာကို ထိန်းသွားရပြီ။

အရွယ်ရောက်စ ရုပ်ပြောင်းစိတ်ပြောင်း၌ အပေါင်း

www.burmeseclassic.com

www.burmeseclassic.com



အသင်းလည်းစုံ၍ ကလေးတို့ လမ်းကြောင်း မှားတတ်သည်။ မိဘက သတိရှိရန် လိုသည်။ အချိန်မီသိရန်လိုသည်။ မလွန်ခင် ပြင်ပေးနိုင်ရမည်။ အချိန်မီချုပ်လျှင် အစုတ်သက်သာသည်။ 'ပန်းလိုချင် အပင်ကို မျိုးတတ်မှ ' ဆိုသကဲ့သို့ မိဘသည် သားသမီးကို မေတ္တာနှင့်စေတနာအခြေခံပြီး ဆုံးမ ပြုပြင်ရန်လည်း လိုပေသည်။

## ပေးဝေနိုးရင်း

မိဘတို့၏ ဝတ်ငါးအင်တွင် သားသမီးအား အရင်းအနှီးပေးဝေခြင်းလည်း တစ်ပါးအပါအဝင်ဖြစ်၏။ အရွယ်ရောက်လာသော သားသမီးကို လောကအလယ်တွင် ကိုယ့်အားကိုယ်ကိုး၍ ရပ်တည်နိုင်ရန် အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုကို စီစဉ်ပေးရသည်။ လူတစ်လုံးသူတစ်လုံး ဖြစ်အောင် စီးပွားရေးဘဝကို ထူထောင်ပေးရမည်။

### အတတ်ပညာ သင်ပေးခြင်း

ငယ်စဉ်ကတည်းက ကျောင်းထား၍ ပညာသင်ပေးခြင်းသည်ပင် အသက်မွေးဝမ်းကျောင်းမှုအတွက် အထောက်အကူရစေရန် အခြေခံချပေးခြင်း ဖြစ်သည်။ အလယ်တန်းပညာ၊ အထက်တန်းပညာ၊ တက္ကသိုလ်ပညာအောင်မြင်ပြီးသည်နှင့် အချို့သည် သင့်တော်ရာလခစားအလုပ်များတွင် ဝင်ရောက်လုပ်ကိုင်ကြသည်။ ထိုပညာဖြင့်ပင် အဆင့်ဆင့်တိုးတက်၍ ရာထူး များပြီးလျှင် ဘဝတွင် လူတစ်လုံး သူတစ်လုံး ဖြစ်သွားသူတို့လည်း များစွာ

www.burmeseclassic.com

www.burmeseclassic.com



ရှိပေသည်။ အတန်းပညာ သင်ပေးခြင်းသည် လခစား ဝန်ထမ်း မလုပ်သူတို့ အတွက်လည်း သက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်း အလုပ်များကို များစွာ အထောက်အကူပြုပေသည်။ ထို့ကြောင့် မိဘတိုင်းသည် မိမိတို့၏ သားသမီးများကို ပညာသင် ပေးကြသည်။ ပညာအမွေကို ရင်းနှီးမြှုပ်နှံပေးကြသည်။ မပျက် မကွက် လုပ်သင့်သော လုပ်ရမည်လည်း ဖြစ်သော တာဝန်တစ်ရပ်ဖြစ်ပေသည်။

## အသက်မွေးမှုပညာ သင်ပေးခြင်း ၁၁.

အချို့သော မိဘများသည် သားသမီးကို အသင့်အတင့်သော အတန်းပညာကို သင်ကြားပေးပြီးသောအခါ သားသမီး၏ ဉာဏ်ရည်အရလည်းကောင်း၊ မိမိ၏ စီးပွားရေးအခြေ အနေအရလည်းကောင်း၊ ပတ်ဝန်းကျင် အခြေအနေပေးမှုအရ လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုခုပြောင်း၍သင်ကြားပေးကြသည်။

တွင်ခုံ၊ ကားပြင်၊ စက်ပြင် စသော စက်မှုအင်ဂျင်နီယာအလုပ်၊ ကက်ဆက်ပြင်၊ တယ်လီဗေးရှင်းပြင်၊ မီးပြင်၊ မော်တော်ပြင် စသည့် လျှပ်စစ်အင်ဂျင်နီယာအလုပ်၊ ပန်း ၁၀ မျိုး အပါအဝင် လက်မှုပညာအလုပ်၊ အရောင်းအဝယ်ကုန်သည်ပွဲစား အလုပ်စသည်တို့ကို သင်ကြားပေးခြင်း ဖြစ်သည်။ လခစား အလုပ်ထက်ပင် အဆင်ပြေ၍ တိုးတက်ကြီးပွားကြသည်များကို တွေ့ရလေသည်။ မိဘတို့၏ အမြော်အမြင်ရှိမှုနှင့် တာဝန်[illegible]



ဖြစ်ပေသည်။

## အရင်းအနှီး ထူထောင်ပေးခြင်း

အသက်မွေးမှုပညာတစ်ခုခုကို သင်ကြားတတ်မြောက်ပြီးလျှင် မိဘတို့သည် အရင်းအနှီး ထူထောင်ပေးနိုင်ရန် ကြိုးစားကြရသည်။ မိမိတို့ တတ်စွမ်းသမျှခွဲဝေ၍ရင်းနှီးမြှုပ်နှံ ပေးကြရသည်။ သားသမီးကလည်း မိဘကိုချည်း အားလုံးစုပုံပြီး ဝန်ပိမနေစေသင့်ပါ။ မိမိ၏ မိဘက တတ်နိုင်သော အခြေအနေမှာရှိလျှင် အကြောင်းမဟုတ်ပါ။ မတတ်နိုင်သော မိဘဖြစ်လျှင် ကိုယ်တိုင်ကလည်း ကိုယ့်အားကိုယ်ကိုး၍ ကိုယ့်လုပ်ခလေးများမှ သင့်တင့်သော ပမာဏကို စုဆောင်းထားသင့်သည်။ ဤနည်းအားဖြင့် သားသမီးကလည်း အသိအလိမ္မာရှိ၊ မိဘကလည်း တာဝန်သိလျှင် အိမ်ထောင် မိသားစု၏ဘဝ၊ သားသမီးတို့၏ လူနေမှုဘဝ မြင့်မားတိုးတက်၍ ဝမ်းမြောက်ဂုဏ်ယူစရာဖြစ်ပေသည်။

## လုပ်ငန်းခွဲဝေပေးခြင်း

ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းကြီးများကို ထူထောင် လုပ်ကိုင်နေသော မိသားစုများတွင် သားသမီးများသည် အတူတကွ ကူညီလုပ်ကိုင်ရင်း လုပ်ငန်းကို ကျွမ်းကျင်တတ် မြောက်လာကြသည်။ ထို သားသမီးများ အရွယ်ရောက်လာသောအခါ ဤလုပ်ငန်းကိုပင် ခွာထွေးပြီး မိမိခိုလုပ်ကိုင်နေမည့်အစား သီးခြားခွဲ၍ ထူထောင်

www.burmeseclassic.com

www.burmeseclassic.com



ပေးသင့်သည်။ ဤနည်းအားဖြင့် သားသမီးတို့သည် ကိုယ့်အား ကိုယ်ကိုးပြီး ကိုယ်တိုင်တီထွင်ကြံဆ၍ လုပ်ပိုင်ခွင့်ရလာသည်။ လုပ်ငန်းနယ်ပယ်တိုးတက် ချဲ့ထွင်လာနိုင်သည်။ စာရေးသူ၏ မိတ်ဆွေတစ်ယောက်တွင် စာပုံနှိပ်စက် နှစ်လုံးရှိသည်။ သူကိုယ်တိုင် ကြိုးကြပ်ကွပ်ကဲ၍ လုပ်ကိုင်သည်။ သားဖြစ်သူက ကူညီလုပ်ကိုင်ပေးရင်း အရွယ်ရောက်လာသည်။ ဖခင်ဖြစ်သူက သူတစ်ယောက်တည်း လုပ်နိုင်သည်ကို သားနှင့်ပေါင်း၍ လုပ်မနေတော့ဘဲ သားအတွက် အရင်းအနှီးထုတ်ပေး၍စာကူးစက်လုပ်ငန်း ထူထောင်ပေးသည်။ သားဖြစ်သူက သူပိုင် လုပ်ငန်းတစ်ခုဖြစ်လာ၍ ကြိုးကြိုးစားစား လုပ်သည်။ ရလာသည့် ဝင်ငွေကို အရင်းအနှီးပြု၍ ထပ်မံတိုးချဲ့လုပ်ကိုင်သည်။ ဖခင်က ကူညီအားပေးသည်။ ထိုသားအိမ်ထောင်ကျသောအခါ သူ့ဘဝနှင့်သူ ခိုင်မာစွာ ရပ်တည်နိုင်သူဖြစ်နေသည်။

## သတိပြုစရာ

သားသမီးအရွယ်ရောက်၍ ပညာသင်ချိန်လွန်လျှင် ကိုယ်ပိုင်စီးပွားရေးဘဝကို တည်ဆောက်နိုင်ရန် မိဘတို့သည် အားပေးသင့်သည်။ ထိုသို့ တည်ဆောက်ရာ၌ အောက်ခြေသိမ်းမှာ ရေ၌ ကျွမ်းကျင်နားလည်စေရန်လည်း ပြုစုပျိုးထောင်ပေးသင့်သည်။ စက်ရုံတစ်ခုပိုင်၍ငွေကြေးချမ်းသာသော မိဘဖြစ်လျှင် သားသမီးကို ဘာမျှမခိုင်းရက်သည်မှာ မှားယွင်းသော သဘောထားဖြစ်၏။ သားသမီးကလည်း မိဘ၏ အလုပ်ကို ကူညီလုပ်ကိုင်ခြင်းမရှိ



သုံးလိုက်၊ စားလိုက်၊ သွားလိုက်၊ လည်လိုက်နှင့် သူဌေးသား၏ စည်းစိမ်ကို ခံစားနေသည်။ နောက်တော့ မိဘက သားဖြစ်သူကို စက်ရုံမန်နေဂျာအဆင့်မှ စ၍ ခန့်ထားလိုက်သည်။ စက်ရုံအကြောင်း၊ လုပ်ငန်းအကြောင်း ဘာမျှနားမလည်ဘဲ ကားစီး၍ သုံးစားပျော်ပါးနေသော မန်နေဂျာမျိုး ဖြစ်လာသည်။ လုပ်ငန်းအကြောင်း နားမလည်၊ စိတ်မဝင်စား၍ အလုပ်သမားတို့ လှည့်စားသမျှ ခံရသည်။

ဖခင်လက်ထက်က စက်ရုံသည် သားလက်ထက်တွင် ပို၍ တိုးတက်သင့်ပါလျက် မတိုးတက်ရုံမက ဆုတ်ယုတ်လျော့ကျသော အဖြစ်သို့ ရောက်ရသည်။ ' ရှေးသရောခါ၊ ပြည်ဗာရာဝယ်၊ ကုဋေကြွယ်သား၊ သူဌေးအားလျှင်၊ သားတစ်ယောက်ဖြစ်၊ ချစ်၍တစေ၊ အိမ်မှာနေ၍၊ စာပေမကျ၊ မိဘစုတေ၊ ခန္ဓာရွှေသော်၊ အရှေ့အနောက်၊ တောင်မြောက်ဘယ်မှာ၊ မသိပါငြား၊ သူဌေးသားသည်၊ သိုထားမတတ်၊ အရပ်ရပ်၌၊ နံ့အပ်ဥစ္စာ၊ ရှိသည့်ငှာကို၊ များစွာကျွန်ပေါင်း၊ မကောင်းခိုးသူ၊ ယူ၍ပြေးရောင်း၊ အိမ်ကိုရောင်း၍၊ ထောင်းထောင်းကြေညက်၊ ခွက်လက်စွဲကာ၊ တောင်းစားပါလည်း၊ နင်သာလူမိုက်၊ ဒုစရိုက်ဟု၊ ရိုက်ပုတ်လိုက်ကြ၊ ရွာမှထွက်လေ၊ တောမှာသေသည်၊ ကောင်သေလင်းတကျ၏တည်း ' ဟူသော ကဗျာပုံပြင်လေးသည် မိဘတို့က သားသမီးကို ချစ်၍နစ်မွန်းစေသော သင်ခန်းစာဖြစ်၏။ ကုဋေကြွယ်သော ဥစ္စာတို့ကို သားသမီးအား အမွေဆက်ခံ၍ ထိန်းသိမ်းကြီးကြပ်နိုင်ရန် ပြုစုပျိုးထောင်ပေးခြင်း မပြုခဲ့သော မိဘ၏

www.burmeseclassic.com

www.burmeseclassic.com



အမှားကို သတိထားစရာ ဖြစ်ပေသည်။

## အတုယူစရာ

စာရေးသူနှင့် သိကျွမ်းရင်းနှီးသော တရုတ်မိသားစု တစ်စုတွင် ကြာဆံစက်ရုံရှိသည်။ ဆားလုပ်ငန်းလည်း ရှိသည်။ ဘွဲ့ရပြီးသော သားဖြစ်သူကို ကြာဆံစက်တွင် အောက်ခြေ အလုပ်သမားအဖြစ် စ၍ ခိုင်းသည်။ စက်ရုံထဲမှာ ရေဆွဲလောင်းရသည်။ ကြာဆံများ ထုပ်ပိုးရသည်။ ကားပေါ်သို့ ထမ်းတင်ရသည်။ ကြာဆံများ ထုပ်ပိုးရသည်။ ကားပေါ်သို့ ထမ်းတင်ရသည်။ ငွေပေးရာတွင် အလုပ်သမားလစာသာရသည်။ ထိုအလုပ်ကို တစ်လ နှစ်လ မဟုတ်၊ နှစ်နှင့်ချီ၍ လုပ်ရသည်။

နောက်တစ်နှစ်တွင် ဆားကို ကားနှင့်လှည့်၍ ရောင်းရသည်။ တတိယနှစ်ကျမှ ဆားပွဲရုံငယ်တစ်ခုမှာ ၂နှစ် လုပ်ရသည်။ လေးနှစ်ကြာပြီးမှ လစာငွေ ၄၀၀ိ နှင့် ဆားပွဲရုံကြီးမှာ ထိုင်ရသည်။ ရှစ်နှစ်ကြာပြီးမှ နောက်ထပ် အသစ် တည်ဆောက်သော ပလတ်စတစ်စက်ရုံမှာ မန်နေဂျာဖြစ်လာသည်။ သူ့ဖခင်လည်းထမင်းချက်မှ စလုပ်ရပြီး ယခုအခါ လုပ်ငန်း ကြီး တစ်ခုလုံး၏ အကြီးဆုံးပုဂ္ဂိုလ် ဖြစ်နေသည်။ အတုယူစရာ ဖြစ်သည်။



## သားကြီး ဩရသ

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတွင် သားအကြီးဆုံးသည် မိခင် ဖခင်နှစ်ဦးရှိရာတွင် ဖခင်က မိခင်ထက်ဦးစွာ ကွယ်လွန်လျှင် သားကြီးဩရသ၏ အမွေဝေစုကို ဆက်ခံနိုင်သော အခွင့်ထူး ရှိသည်။ အကြောင်းမှာ ဖခင်၏ အရိုက်အရာကို ဖခင်၏ တာဝန်များကို ဆက်လက် ထမ်းဆောင်ပြီး အိမ်ထောင်၏ လုပ်ငန်းများ ဦးစီးရသောကြောင့် ဖြစ်သည်။ ဖခင်သည် သားအကြီးကို မိမိနှင့်အတူ တွဲပြီး ကူညီ၍ မိမိအရိုက်အရာကို ဆက်ခံနိုင်အောင် လည်း ပြုစုပျိုးထောင်ပေးရသည်။ သားကြီးကလည်း ဖခင်၏ အလုပ်တာဝန်များနှင့် ဦးစီးခေါင်းဆောင်မှုကို ဆက်ခံနိုင်အောင် လေ့လာသင်ကြားထားရသည်။ လုပ်ရင်းကိုင်ရင်း တာဝန်များကို ခွဲဝေယူရသည်။

သို့မှသာ ရှင်ဘုရင့်သားသည် ရှင်ဘုရင် အရိုက် အရာကို ဆက်ခံနိုင်သည်။ မြို့သူကြီး၊ ရွာသူကြီး၏ သားသည် သူကြီးအရိုးရာ အရိုက်အရာကို ဆက်ခံနိုင်သည်။ သားအကြီးဆုံး ဖြစ်သည်နှင့်အညီ အားကိုးထိုက်သည့် အရိုက်အရာခံ သားဖြစ် အောင် ကြိုးစားအားထုတ်ရသည်။

## မိမွေ ဘမွေ ခံထိုက်စေ

မိဘသည် သားသမီးတို့ကို အနည်းဆုံးအဖြင့် မိမွေ ဘမွေဆက်ခံနိုင်သူ၊ ဆက်ခံထိုက်သူ ဖြစ်အောင် ငယ်စဉ်

www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ပြုစုပျိုးထောင်ပေးသင့်သည်။ ဖြစ်သင့်သည်မှာ မိမိတို့ထက် တစ်ဆင့်မြင့်တက်အောင် မြှင့်တင်ပေးသင့်သည်။ သို့မှသာ လူ့ဘောင်သည် အစဉ်တိုးတက်နေမည်။ သားမြေးစဉ်ဆက် မြင့်သည်ထက် မြင့်တက်နေမည်။ သူဌေးသားသည် သူဌေးသားသာ ဖြစ်၍ သူဌေးဖြစ်မလာလျှင် မျိုးရိုးနွယ်ဆက်ကျဆင်းသည်။ သားသမီးကို မိဘ၏ ဘုန်းရိပ်ကံရိပ် စည်းစိမ်အရိပ်မှာ မေ့လျော့ပေါ့ဆစွာ မွေ့လျော် ပျော်ပါးနေစေခြင်းဖြင့် တိုးမြှင့်နိုင်မည် မဟုတ်ပါ။ အချို့သော အနုပညာရှင်ကြီးများ၏ သားသမီးများသည် မိဘ၏ အရိုက်အရာကို ဆက်ခံနိုင်ကြသည်။ အနည်းစုမှာ မိဘ၏ အောင်မြင်မှုထက်ပင်သာလွန် မြင့်တက်သွားကြသည်။ အများစုမှာမူ မိဘ၏ ခြေဖျားကိုပင် မမီအောင် ဖြစ်ကြသည်။

မိဘကလည်း သားသမီးကို မွေးခံထိုက်သူဖြစ်အောင် ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ပေးသင့်သည်။ သားသမီးကလည်း မိမွေး ဖမွေး ခံထိုက်အောင် ဖွဲလုံ့လ ဝီရိယနှင့် ကြိုးစားအားထုတ်သင့်သည်။

မိဘ၏ တာဝန်မှာ သားသမီးကို မိမိနှင့် ရင်အုပ်မကွာ နေထိုင်စဉ်မှာ ပြုစုကျွေးမွေးရုံသာမက အရွယ်ရောက်လာသောအခါ သူ့ဘဝ၊ သူ့စီးပွား နှင့် ခိုင်မာစွာ ရပ်တည်နိုင်အောင် စစဉ်ပေးသင့်သည်။ လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများကို လုပ်ဆောင်ပေးသင့်သည်။ လောကအလယ်တွင် လူတစ်လုံး သူတစ်လုံး ဖြစ်အောင် ပြုစုပျိုးထောင်ပေးသင့်သည်။

## သမီးမိန်းကလေးနှင့် အိမ်ထောင်ထိန်းသိမ်းရေး

ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ မိန်းကလေးတိုင်းသည် ကြီးလျှင် အိမ်ထောင်ရှင်မဖြစ်ကြမည်။

အိမ်ထောင်ရှင်မသည် အိမ်ထောင်ကို ကြီးကြပ်ရသည်၊ စီမံခန့်ခွဲရသည်။ ချက်ပြုတ်ရေးမှစ၍ အချုပ်အလုပ် အသိမ်းအဆည်း အပေးအကမ်း အားလုံးမှာ အိမ်ထောင်ထိန်းသိမ်းရေးတာဝန်များဖြစ်သည်။

စီးသည့်ရေ ဆည်သည့်ကန်သင်း ဟူသော ဆိုရိုးစကားရှိသည်။ ရှေးယခင်က ယောကျ်ားဖြစ်သူသည် စီးပွားရေးရှိရလေသည်။ ယောကျ်ားရှာရသည့် စီးပွားကို မိန်းမဖြစ်သူက မလေမလွင့် စုမိဆောင်းမိအောင် ထိန်းသိမ်းစောင့်ရှောက်ရသည်။

ယခုအခါတွင်ကား မိန်းမဖြစ်သူပါ ယောကျ်ားနှင့် အတူ စီးပွားရှာနေကြရသည်။ သို့သော် အိမ်ရှင်မဖြစ်စ အိမ်

www.burmeseclassic.com

www.burmeseclassic.com



ထောင်ထိန်းသိမ်းရေးလုပ်ငန်းကိုကား မိန်းမဖြစ်သူက ဆက်၍ တာဝန်ယူနေရပါသည်။

## အိမ်တွင်းမှုလုပ် သိမ်းထုပ်သေချာ

ထို့ကြောင့် မိန်းကလေးများသည် အိမ်ထောင် ထိန်းသိမ်းရေး လုပ်ငန်း၊ အိမ်တွင်းမှုလုပ်ငန်းများကို ကျွမ်းကျင်ရန် လိုသည်၊ တတ်သိနားလည်ရန် လိုသည်။

သမီးသည် ငယ်စဉ်ကတည်းက မိခင်၏ လက်တို လက်တောင်း ကူဖော်လောင်ဖက်ဖြစ်စေရမည်။ ယောက်ျားလေး များနှင့်တန်းတူ ကျောင်းနေ ပညာသင်ရသည်ပင် ဖြစ်သော်လည်း အိမ်ပြန်လာလျှင် မိခင်နှင့်အတူ မီးဖိုဝင်၍ ကူညီသင့်သည်။

သမီးကိုချစ်၍ ခြေမွေးမီးမလောင်ဧလက်မွေးမီး မလောင် ဧည့်ခန်းမှာ အလှထားသော မိခင်သည် သားသမီး၏ ရှေ့ရေးနောင်ရေးကို မတွေးမမြင်သူ ဖြစ်သည်။

လုပ်စမရှိလျှင် မလုပ်ချင်၊ မလုပ်ချင်လျှင် မလုပ် တတ်၊ လုပ်စရှိမှ လုပ်ချင်၍ လုပ်မှလည်း တတ်ကျွမ်း နားလည် သည်။

သမီးမိန်းကလေးကို ချစ်လျှင် ငယ်စဉ်ကတည်းက အိမ်ရှင်မကောင်းဖြစ်စေရန် ရည်ရွယ်၍အိမ်တွင်းမှုလုပ်၊ သိမ်းထုပ် သေချာဖြစ်လာအောင် သွန်သင်လေ့ကျင့်ပေးသင့်၏။



## မိန်းကလေးနှင့်အချက်အပြုတ်

ချမ်းသာပြည့်စုံ၍ ထမင်းချက်နှင့်အိမ်ဖော်နှင့် နေနိုင်သည့်တိုင် အောင် မိန်းကလေးသည် အချက်အပြုတ်ကို တတ်သင့်၏။

ကိုယ်တိုင် အိမ်ရှင်မဖြစ်သည့်အခါ ချမ်းသာပြည့်စုံ ၍ကိုယ်တိုင်မချက်ရလျှင်လည်း ချက်ရေးပြုတ်ရေးကိုတတ်ကျွမ်း နားလည်မှသာ မီးဖိုချောင်ကို အုပ်ချုပ်နိုင်၏။

အကုန်အကျမများစေဘဲ စားကောင်းသောက်ဖွယ် ဖြစ်အောင် စီမံခန့်ခွဲနိုင်၏။ 'ဥစ္စာပြို စားဖိုက' ဟူသော ဆိုရိုး စကားရှိသည်။

အိမ်ထောင်ရှင်မသည် မီးဖိုချောင်ကို မနိုင်လျှင် စီးသည့်ရေမှာ ဆည်သည့် ကန်သင်းမရှိသောကြောင့် အလေ အလွင့်များ၏။

စနစ်တကျစီမံချက်ပြုတ်မှု မကျွမ်းကျင်သော မီးဖိုချောင်သည်အကုန်များသလောက်စား၍သောက်၍မကောင်း ပါ။ စနစ်တကျစီမံချက်ပြုတ်မှုကျွမ်းကျင်သော မီးဖိုချောင်သည် အကုန်မများဘဲနှင့် ထမင်းမြိန်သည်။

အိမ်မရှင်မသည် ဈေးဝယ်တတ်ရသည်၊ ဟင်းစပ် တည့်အောင် စီမံတတ်ရသည်၊ ချက်ပြုတ်မှု ကျွမ်းကျင်ရသည်။ သမီးမိန်းကလေးကို ကျောင်းအားရက်တွင် ဈေးခြင်းဆွဲစေ၍

www.burmeseclassic.com

www.burmeseclassic.com



မိခင်နှင့်အတူ ဈေးဝယ်သင့်သည်။

မီးဖိုချောင်ဝင်၍ အချက်အပြုတ်သင်တန်းကို လက်တွေ့လေ့ကျင့်စေသင့်သည်။ မည်သည့်ပညာမဆို လုပ်ရင်းကိုင်ရင်းနှင့်သာ တတ်မြောက်ကျွမ်းကျင်ရသည် ဖြစ်ပါ၏။

## မိန်းကလေးနှင့် အလျှော်အဖွပ်

အိမ်တွင်းမှုလုပ်ငန်းတွင် လျှော်ခြင်း၊ ဖွပ်ခြင်းသည်လည်း အရေးကြီးသော အလုပ်ဖြစ်၏။ အိမ်ရှင်မတာဝန်ဖြစ်သည်။

အိမ်ထောင်သန့်ရှင်းရေးအတွက် မိသားစုကျန်းမာရေးအတွက်လည်း အိမ်ရှင်မသည် အဝတ်တို့ကို လျှော်ဖွပ်ရသည်။

'ဆပ်ပြာကောင်းမှ ခေါင်းပေါင်းဖြူသည်' ဆိုသော စကားရှိသော်လည်း ဆပ်ပြာကောင်းလျက် ဆပ်ပြာသာ ကုန်ပြီး အဝတ်ဖြူစင်အောင် မလျှော်တတ်သူများရှိ၏။

ဆပ်ပြာရေစင်အောင် ရေမလျှော်၍ အဝတ်အစား ဆပ်ပြာစော်နံပြီး ဆွေးလွယ် စုတ်လွယ်သည် များလည်းရှိ။

အဖိုးတန်ဝတ်ကို မနာအောင် လျှော်တတ်ရသကဲ့သို့ လက်နီးစုတ်ကိုလည်း ဆပ်ပြာနည်းနည်းနှင့် ဖြူစင်အောင် လျှော်တတ်ရ၏။



ပွဲ့ပွဲ့ ဖျူးဖျူး ကြောင်ကြောင် ကောသကော ဖြစ်အောင် မီးပူတိုက်တတ်ရ၏။

မိခင်သည် ကိုယ်တိုင်က စနစ်ကျသော အိမ်ရှင်မ အဖြစ်စံနမူနာကောင်းပြ၍ သမီးတို့ကိုလည်း အိမ်တွင်းမှု အလုပ်ကို နားလည်အောင် သွန်သင်ဆုံးမသင့်သည်။

လက်တွေ့လုပ်ဆောင်စေခြင်းဖြင့် အလေ့အကျင့်ရ၍ တတ်ကျွမ်းစေသင့်သည်။ အချို့သော တစ်ဖက်သတ်အမြင်နှင့် အတ္တလွန်ကဲသော မိခင်များပြောသည်ကို ကြားဖူးပါ၏။ သမီးကို ပညာသင်မပေးချင်၊ ပညာတတ်လျှင် ယောက်ျားနှင့် တန်းတူအလုပ်လုပ်ပြီး စီးပွားလည်းရှာရသည်။ အိမ်တွင်းမှု အလုပ်ကိုလည်း အပိုလုပ်ရသေးသည်၊ ရှုံးသည်ဟု ဆိုသည်။

အမြင်ကျဉ်းသော အမှားဖြစ်ပါ၏။ သူများအိမ်ထောင်မှာ လင်ရော မယားပါ စီးပွားရှာနေချိန်တွင် ကိုယ့်အိမ်မှာ လင်တစ်ယောက်သာ စီးပွားရှိနိုင်လျှင် ယှဉ်ပြိုင်နေရသော လူနေမှုလောကကြီး၌ ကိုယ့်အိမ်ထောင်က အားလျော့နေပေလိမ့်မည်။

ပညာသင်သည်မှာ လခစားဖြစ် စီးပွားရှာရန် အတွက် သက်သက်သာလျှင် ဖြစ်သည်ဟုလည်း မယူဆသင့်ပါ။ ပညာတတ်သော အိမ်ရှင်မသည် အသိအလိမ္မာ၊ ဉာဏ်ပညာ အရာတွင် ပညာမတတ်သော အိမ်ရှင်မထက် သာသည်။ သားသမီးကို ဆုံးမသွန်သင်ပညာပေးရာမှာပင် များစွာ ကွာခြားသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်ရောမယားပါ အလုပ်လုပ်၍စီးပွားရှာကြလျှင်လည်း ဖြစ်သင့်သည်မှာ လင်ဖြစ်သူက ရှေးယခင်ကလို ငါသာ စီးပွားရှာရသည်ဟု အခန့်သား မနေသင့်ပါ။

အလုပ်နားရက်မှာ အဝတ်လျှော်ရရှာသော ဇနီးသည်ကို ကူညီသင့်သည်။ အနည်းဆုံးရေခွဲပေးသင့်သည်။ လျှော်ပြီး အဝတ်ကို ရေကူညစ်ပေးသင့်သည်။ ကြိုးတန်းမှာ လှန်းပေးသင့်သည်။ ပျော်စရာလည်းကောင်း၍ ကြည်နူးစရာလည်း ဖြစ်သောကြောင့် အချစ်ပိုစရာ ညှာတာထောက်ထားမှုကလေးများ ဖြစ်သည်။

အိမ်ရှင်မသည် တတ်နိုင်၍ အိမ်ဖော်ရှိသောကြောင့် ကိုယ်တိုင် မလျှော်မဖွပ်သည့်တိုင် အိမ်တွင်းမှ အလုပ်ဖြစ်သော လျှော်ခြင်း၊ ဖွပ်ခြင်းကို တတ်ကျွမ်းနားလည်သင့်သည်။

သို့မှသာလျှင် အိမ်ဖော်၊ အဝတ်လျှော်စသော လူများကို စီမံခန့်ခွဲတတ်သည်၊ စနစ်တကျ လမ်းညွှန်နိုင်ပေသည်။

## မိန်းကလေးနှင့် အချုပ်အလုပ်

ဓာတို၊ ပန်းထိုး အချုပ်အလုပ် ပညာကိုလည်း မိန်းကလေးများ တတ်သင့်သည်။

အိမ်ထောင်တစ်ခုမှာ အိမ်ရှင်မအတွက် လိုအပ်ချက် သာမက အချို့ဆိုလျှင် အသက်မွေးဝမ်းကျောင်းပင်



ဖြစ်သည်။

စာရေးသူ၏ မိတ်ဆွေကုန်သည်ကြီးတစ်ဦး၏ ဇနီးသည် ငယ်စဉ် မိဘနှင့်အတူနေကတည်းက အချုပ်အလုပ်ကို တတ်ခဲ့သည်။ အိမ်ထောင်ကျသောအခါ သားသမီးများ၏ အဝတ်အထည်များကို ကိုယ်တိုင် ချုပ်ပေးရင်းမှ ပုံလှလှကလေးများကို အများသဘောကျ၍ အပ်နှံရင်း ဖောက်သည်တွေ များလာသည်။

ယခုအခါတွင် အင်္ကျီပုံများကို အထပ်လိုက် ကိုက်ညှပ်ပေးရုံနှင့် တစ်လကို ငါးထောင် တစ်သောင်း ရနေသည်။ လင်ကလည်း ဝင်ငွေကောင်းသူဖြစ်ပါ၏။

သို့သော် အိမ်ရှင်မ၏ ဝင်ငွေကလည်း အိမ်ထောင်ရပ်တည်နိုင်ရုံမက စုဆောင်းနိုင်သေးသည်။

ဓာတိုးပန်းထိုး အချုပ်အလုပ်တွင် စိတ်ဝင်စားခြင်းဖြင့် စိတ်လေလွင့်မှုလည်း နည်းပါးသည်။ အိမ်ထောင်ကိုလည်း အထောက်အပံ့ပြုသည်။ အိမ်ရှင်မဖြစ်လာမည့် မိန်းကလေးတိုင်း တတ်ကျွမ်းထားသင့်၏။ ယခုအခါတွင် ဤပညာကို တတ်ကျွမ်းလိုသူများအတွက် မြို့ကြီးမြို့ငယ်တိုင်းပင် သင်တန်းများဖွင့်လှစ်သင်ကြားပေးနေ၏။ နွေရာသီ ကျောင်းပိတ်ရန်များတွင် သမီးမိန်းကလေးတို့အား သင်ကြားစေသင့်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## သမီးကြီး ဩရသ

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၌ သားကြီးဩရသ ရှိသကဲ့သို့ သမီးကြီးဩရသလည်းရှိ၏။ သားသမီးများတွင် သမီးက အကြီးဆုံးဖြစ်၍ မိခင်နှင့်ဖခင်တွင် မိခင်က ဦးစွာကွယ်လွန်လျှင် သမီးကြီးသည် အမွေဆက်ခံရာတွင် အခွင့်ထူးရသော ဩရသဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သမီးကြီးသည် အစ်မကြီး အမိရာ ဆိုသကဲ့သို့ မိခင်၏ အိမ်ထောင်ထိန်းသိမ်းမှုတာဝန်ကိုဆက်ခံ ထမ်းဆောင်ရသောကြောင့်ဖြစ်သည်။

ဖခင်ရှာဖွေသည်ကို စီးသည့်ရေ၊ ဆည်သည့် ကန်သင်းအဖြစ် သမီးကြီးက တာဝန်ယူပြီးစီမံခန့်ခွဲရသည်။ ထိုတာဝန်ကို ထမ်းဆောင်နိုင်ခြင်းမှာ သမီးသည် မိခင်ရှိစဉ်ကပင် မိခင်နှင့်အတူ တွဲ၍ ကူ၍ တာဝန်ယူခဲ့သောကြောင့် ဖြစ်သည်။ မိခင်ကလည်း သမီးကို အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ ဆိုသကဲ့သို့ အိမ်ထောင်ထိန်းသိမ်းခြင်းလုပ်ငန်းကိုငယ်စဉ်ကတည်းက လေ့ကျင့်သင်ကြားပေးထားသင့်ပေ၏။

## ပေးဝေနိုးရင်း

မိဘတို့သည် သားဖြစ်သူကို အရင်းအနှီးပေးဝေ သကဲ့သို့ သမီးကိုလည်းပေးဝေနိုးရင်း ပြုရသည်။ အိမ်ထောင် တစ်ခု၏ အိမ်ရှင်မပညာများကို သင်ကြားပေးခြင်းဖြင့် ပေးဝေနိုးရင်းရသကဲ့သို့ အိမ်ထောင်ကျလျှင် ပေးသင့်ပေးထိုက်သည်တို့ကို မိခင်က ခွဲဝေပေး



ရသည်။ သမီး၏ အိမ်ထောင်အတွက် လိုအပ်မည့် အိုးခွက်ပန်းကန်မှစ၍ အိမ်ထောင်မှုအသုံးအဆောင်များကို ချိုးမြှင့်ထောက်ပံ့သင့်ပါသည်။

တာဝန်သိသော မိဘ၊ တာဝန်ကျေသော မိဘတို့၏ သားသမီးများသည် အသိအလိမ္မာနှင့်ပြည့်စုံသည်။ အချိန်တန်အရွယ်ရောက်လာသောအခါ ကိုယ်တိုင်ရပ်တည်နိုင်သည့် အိမ်ထောင်တစ်ခုကို တည်ဆောက်နိုင်စွမ်း ရှိကြသည်။ ထိုအခါ သားသမီးတို့အတွက် အဆင်ပြေသကဲ့သို့ မိဘများလည်း နှလုံးစိတ်ဝမ်းအေးချမ်းရပါ၏။

မိခင်သည် သမီးကို အနီးကပ်ပြုစုပျိုးထောင်ပေးရသူဖြစ်သည်။ တစ်နေ့တွင် အိမ်ထောင်ရှင်မ ဖြစ်လာမည့် သမီးကို ငယ်စဉ်ကတည်းကပင် အချက်အပြုတ်၊ အချုပ်အလုပ်မှစ၍ အိမ်တွင်းမှု လုပ်ငန်းများ၊ အိမ်ထောင် ထိန်းသိမ်းရေးလုပ်ငန်းများကို သင်ကြားလေ့ကျင့်ပေးမှသာ တန်ဖိုးရှိသော လိမ္မာသော သမီးကောင်းကို ရရှိနိုင်မည် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်

'မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနီးရင်း၊ ထိန်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ' ဟူသော မိဘဝတ်ငါးပါး၌ အချိန်တန် အရွယ်ရောက်လာသော သမီးကို လက်ထပ်ထိမ်းမြားပေးခြင်းသည် နောက်ဆုံး ဝတ္တရားဖြစ်၏။

### မျိုးနွယ်ဆက်တာဝန်

သစ်ပင်တို့ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့် သကဲ့သို့ လူတို့လည်း သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ရသည်။ လူတို့၏ ပွင့်ခြင်း၊ သီးခြင်းဆိုသည်မှာ အိမ်ထောင်သားမွေး၊ ပြုခြင်း ဖြစ်သည်။ သစ်ပင်တို့၏ ပွင့်ခြင်းသီးခြင်းသည် မျိုးဆက် ပြန့်ပွားရေးတာဝန်ကို ထမ်းဆောင်ခြင်း ဖြစ်သကဲ့သို့ လူတို့၏ အိမ်ထောင်သားမွေးပြုခြင်းမှာလည်း မျိုးဆက်ပြန့်ပွားရေးပင် ဖြစ်သည်။



### သမီးကညာအခါမလင့်စေနှင့်

အကြောင်းအမျိုးမျိုးကြောင့် အသီးမသီး၊ အပွင့်မပွင့်သော သစ်ပင်ပန်းပင်များ ရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် လူပျိုကြီးအပျိုကြီး ဖြစ်နေကြသူများလည်း ရှိပေသည်။ ထိုအမျိုးမျိုးသော အကြောင်းတို့ကို ထောက်၍ လူပျိုကြီး၊ အပျိုကြီးများကို လူ့အဖွဲ့အစည်းက နားလည်ခွင့်လွှတ်ကြပါသည်။ ရှုတ်ချပြစ်တင်ခြင်းလည်း မပြုကြပါ။

သို့သော် ယေဘုယျအားဖြင့် အိမ်ထောင်သားမွေးပြုခြင်းသည် လူမှုတာဝန်ဖြစ်သည်။ လူတိုင်းသည် အချိန်အရွယ်ရောက်လာသည်နှင့် သီးချိန်တန်သီး ပွင့်ချိန်တန် ပွင့်သင့်သည်။ ထို့ကြောင့် ရှေးလူကြီးသူများက 'သမီးကညာ အခါမလင့်စေနှင့်' ဆိုထုံးပြု၍ ဆုံးမခဲ့ကြသည်။ မိဘဝတ္တရားများတွင်လည်း သားသမီးတို့အား အိမ်ထောင်ချထားပေးခြင်းကို ထည့်သွင်းထားပေသည်။

### အစွန်းနှစ်ပါး

မိဘတိုင်းသည် သားဖြစ်စေ၊ သမီးဖြစ်စေ၊ အသက်အရွယ် အချိန်အခါနှင့် သင့်လျော်စွာ အိမ်ထောင်ချထားပေးကြရပေသည်။ အချိန်အခါသင့်ဆိုသည်မှာ အသက်အရွယ်နှင့်စာလျှင် အိမ်ထောင်ပြုစောလွန်းခြင်း၊ နောက်ကျလွန်းခြင်း ဆိုသောအစွန်းများမှ လွတ်သည့်အချိန်ကို ဆိုလိုခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## စောလွန်းသည့်အမှား

ငယ်ရွယ်လွန်းသည့်အချိန်မှာ အိမ်ထောင်ပြုစောလွန်းလျှင် ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်ဆုံးရှုံးစေတတ်သည်။

## ကြင်ရာကရှေ့ ပညာကားနောက်

'ငယ်စဉ်အခါ ပညာရှာ' ဟူသော ဆိုရိုးစကားရှိ၏။ မိမိဘဝ မိမိအိမ်ထောင်ကို လူ့လောက အလယ်မှာ တင့်တင့်တယ်တယ် နေနိုင်စားနိုင်ရန် အသက်မွေးမှုတစ်ခုပညာကိုယ်စီပါဖို့ လိုသည်။ ထိုပညာဖြင့် စီးပွားဥစ္စာရှာနိုင်မှ မိသားစုဘဝအတွက် အာမခံချက်ရှိသည်။ ကြင်ရာကား ရှေ့၊ ပညာကား နောက် ဆိုလျှင် အိမ်ထောင်သည်ဘဝတွင် ကသီလင်တဖြစ်တတ်သည်။ ပညာရှာချိန်မှာ အိမ်ထောင်ပြုခြင်းသည် စောလွန်းသောအမှားဖြစ်၏။

## မရင့်ကျက်မီ အိမ်ထောင်ပြုလျှင်

လူမှုရေးအရလည်း အိမ်ထောင်ပြု စောလွန်းခြင်းသည် အမှားအယွင်း များတတ်သည်။ အသက်အရွယ်ငယ်လွန်းလျှင် အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်မှုလည်း နည်းသည်။ လူမှုအတွေ့အကြုံနည်း၍ရင့်ကျက်မှုလည်း နည်းသည်။ ထို့ကြောင့် ကိစ္စများမြောင်လှတို့ဘောင်မှ အိမ်ထောင်သက်မွေး ခြနှယ်မြွေး၏။ အရှုပ်အထွေး အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း နည်းသည်။



သည်းခံခွင့်လွှတ်နိုင်မှုနည်းသည်။ ကြုံတွေ့ရသည့်လောကဓံကို ကြံ့ကြံ့ခံနိုင်မှု မရှိဖြစ်တတ်သည်။

## ဆန်မရှိ လင်မယားချင်းရန်ဖြစ်

စီးပွားရေးအရလည်း ပညာမစုံခင် ကြင်ရာစုံနှင့်၍ ပညာသင်ကြားမှု ပျက်သည်။ ပထမအရွယ်မှာ ပညာရှာမှုပျက်လျှင် ဒုတိယအရွယ်မှာ ဥစ္စာရှာမှုခက်သည်။ အိမ်ထောင်တစ်ခုတွင် ချစ်ခြင်းမေတ္တာကို အရင်းခံသင့်သည်မှာ မှန်သော်လည်း စားဝတ်နေမှုလည်း ပြည့်စုံမှသာ အိမ်ထောင်သာယာမှုရနိုင်သည်။ 'တူနှစ်ကိုယ် တဲအိုပျက်မှာ နေရစေတော့ ထမင်းရည် အတူတူ လျက်ရစေတော့' ဟူ၍ အချစ်ကို ထိပ်တင်၍ စိတ်ကူးယဉ် ပြောဆိုတတ်ကြသော်လည်း တကယ့်ဘဝတွင်ကား ကြည်နူးနိုင်ခြင်း မရှိပါ။ ဝမ်းနည်းကြေကွဲစရာ ဖြစ်တတ်ကြသည်။ 'ဆန်မရှိ လင်မယားချင်း ရန်ဖြစ်' ဆိုသကဲ့သို့ အိမ်ထောင်ရေး အဆင်မပြေ ဖြစ်ကြရသည်။

## အလှပန်း ပွင့်လန်းချိန်

ခန္ဓာကိုယ်၏ ကျန်းမာကြီးထွားမှုအရ ကြည့်လျှင်လည်း အသက်အရွယ် ငယ်လွန်းသည့်အချိန်တွင် အိမ်ထောင်ပြုခြင်းမှာ မသင့်ပါ။ ခန္ဓာကိုယ်၏ ဖွံ့စည်းဖြစ်ပေါ်မှုအရ သားမွေးနိုင်သည့်အချက် အလက်များရှိနေနေပြီ ဖြစ်လင့်ကစား၊ ငယ်သောအရွယ်သည်

www.burmeseclassic.com



ဆက်လက်ကြီးထွားဖွံ့ဖြိုးရန် ကျန်နေသေး၏။ အလှပန်းများ ပွင့်လန်းရန် ကျန်ရှိနေသေး၏။ အလှပန်းပွင့်လန်းပြီး အတင့်တယ်ဆုံးအချိန်အရွယ်ရောက်မှသာ အိမ်ထောင် သားမွေးပြုခြင်းသည် အသင့်တော်ဆုံး ဖြစ်ပေသည်။

ယောက်ျားလေး၊ မိန်းကလေးတို့သည် (၁၄) နှစ်၊ အရွယ်တွင် ကြီးကောင်ဝင်၍ အရွယ်ရောက်စ ပြုလာကြသော်လည်း အိမ်ထောင်ပြုရန် မသင့်တော်သေးပါ။ ထို အရွယ်တွင် အိမ်ထောင်ပြုလျှင် ဘူးသီးနုနု အမွေးသပ်သကဲ့သို့ ကြီးထွားမှု၊ ကျန်းမာမှုကို ထိခိုက်စေတတ်၏။ အစွမ်းကုန် မပွင့်လန်းမီ ရူးယူမိသောပန်းကဲ့သို့ ဖြစ်တတ်၏။

## အိမ်ထောင်ပြုရန် သင့်တော်သော အရွယ်

(၁၈)နှစ်၊ (၁၉)နှစ်၊ (၂၀)နှစ် အရွယ်သည် အလှပန်း အပွင့်လန်းဆုံးဖြစ်သည်။ အသက်(၂၀)ကျော်မှ (၂၅)နှစ် ပတ်ဝန်းကျင်အထိမှာ ယေဘုယျအားဖြင့် အတင့်တယ်ဆုံးဖြစ်သည်။ အိမ်ထောင်ပြုရန် အသင့်ဆုံးအရွယ် ဖြစ်သည်။ ပညာသင်ကြားရေးအရ ကြည့်လျှင်လည်း ပညာစုံသည့်အရွယ် ဖြစ်သည်။ လူမှုဗဟုသုတလည်း အတန်အသင့် ပြည့်စုံပြီး အိမ်ထောင်တစ်ခု၏ တာဝန်ကို ထမ်းဆောင်၍ စီးပွားဥစ္စာရှာနိုင်သည့် အရွယ်လည်း ဖြစ်သည်။ ထို့ကြောင့် ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးရှုထောင့်မှ ဘက်စုံသုံးသပ်လျှင် အသက်(၂၀)မှ(၂၅)



နှစ်အတွင်း အိမ်ထောင်ပြုရန် အသင့်တော်ဆုံးဖြစ်သည်။

မိဘတို့သည် ကိုယ့်သားသမီးကို ကောင်းစေလိုလျှင် အချိန်မတန်မီ အိမ်ထောင်ပြုစောလွန်းခြင်း၏ အဆင်မပြေမှုများကို နားဝင်အောင် ဆုံးမသွန်သင်သင့်ကြသည်။ သဘောပေါက်၍ ဆင်ခြင်လိုက်နာအောင် ထိန်းသိမ်းစောင့်ရှောက်သင့်ကြသည်။

## နောက်ကျလွန်းသော အမှား

အသက်အရွယ်ငယ်ရွယ်နုစဉ်မှာ အိမ်ထောင်ပြုခြင်းသည် မသင့်သကဲ့သို့ အိမ်ထောင်ပြု နောက်ကျခြင်းမှာလည်း မကောင်းပါ၊ အမျိုးသမီးများတွင် အရွယ်လွန်လျှင် အလှပန်း နွမ်းလျော့လှသည်နှင့် အမျှ တန်ဖိုးလည်း ယုတ်လျော့လာသည်။ ထို့ကြောင့် ရှေးလူကြီးသူမများက 'အခါလင့်က မသင့်သူနှင့်ညားတတ်သည်' ဟု သတိပေးခဲ့၏။ အရွယ်လွန်မှ အိမ်ထောင်ကျလျှင် သားသမီးမွေးရာတွင်လည်း အရွယ်သင့်အမျိုးသမီးများနှင့်မတူဘဲ အခက်အခဲ ရှိတတ်သည်။

ယောက်ျားများတွင် အိမ်ထောင်ကျရာ၌ အရွယ်မသင့်ခြင်း၊ အရွယ်လွန်ခြင်းသည် သာမန်အားဖြင့် အမျိုးသမီးများလောက် မဆိုးသော်လည်း အရွယ်သင့်ဖြစ်က ပို၍အဆင်ပြေသည်။ ငယ်ရွယ်နုပျိုစဉ်မှာ အိမ်ထောင်ကျလျှင် ကျန်းမာရေးအရ အိမ်ထောင်ရေးသုခကို ပို၍ ပြည့်ပြည့်ဝဝ ခံစားရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပိုင်းဆိုင်ရာအရလည်းပြည့်စုံမှုရှိသည်။ အိမ်ထောင်မရှိလျှင် လွတ်လပ်နေသည်နှင့်အမျှ စိတ်လေသည်။ အထိန်းအချုပ် မရှိသောကြောင့် စိတ်သွားတိုင်းကိုယ်ပါပြုနိုင်သည်။ အမှား အယွင်း များတတ်သည်။ ပျက်စီးနိုင်သည့် အခွင့်အလမ်း များ သည်။

ကျန်းမာရေးအရကြည့်လျှင်လည်း အစာမမှန် အအိပ်မမှန် ရှိတတ်သည်။ အပျော်အပါးလိုက်စားလျှင်လည်း ပျက်စီးတတ်သည်။ ကိုယ်ခန္ဓာ၏ သွေးသားလိုအပ်ချက် မပြည့်ဝခြင်း၊ စိတ်ပိုင်းဆိုင်ရာ မပြည့်စုံခြင်းတိုသည်လည်း ကျန်းမာရေးကိုထိခိုက်စေသည်။

စီးပွားရေးတွင်လည်း အိမ်ထောင်ထိန်းသိမ်းမည့်သူ မရှိလျှင် အလေအလွင့်များသည်။ အိမ်ထောင်တစ်ခုတွင် ယောက်ျားက စီးပွားရှာ၊ မိန်းမက စီးသည့်ရေ ဆည်သည့်ကန်သင်း အဖြစ် ထိန်းသိမ်းစောင့်ရှောက်၊ သို့မှသာ စီးပွားဖြစ်နိုင်သည်။

## မိဘဘဝမွန်မြတ်လှ

သားသမီးများ ပွားစည်းလာလျှင်လည်း မိခင်ဖခင်၏ အဖြစ်မှာ ဘာနှင့်မျှ မနှိုင်းသာအောင်ကြည်နူးစရာ၊ ဂုဏ်ယူစရာဖြစ်သည်။ မိမိ၏ မျိုးနွယ်ဆက် ပြန့်ပွားရေးဖြစ်သော လူမှုတာဝန်ကိုလည်း ကျေပွန်သူဖြစ်သည်။ မိမေတ္တာ၊ ဘမေတ္တာ၏ သန့်စင်မွန်မြတ်မှု၊ လေးနက်မှု၊ ကြီးမြတ် အနစ်နာခံနိုင်မှုတို့ကိုလည်း မိဘဖြစ်



သူတို့သည် အပြည့်အဝ ခံစားနားလည်နိုင်ကြပေ သည်။ ထိုအခါတွင်မှ စိတ်ပိုင်းဆိုင်ရာအရလည်း အပြည့်စုံဆုံး ဘဝကို ရသည်။

## အဓိပ္ပာယ်ရှိသော ဘဝ

သားသမီးတို့၏ နောင်ရေးကို မျှော်တွေး၍ ကြိုးကြိုးစားစား စီးပွားရှာခြင်းဖြင့်လည်း စီးပွားဥစ္စာပို၍ဖြစ်ထွန်းနိုင်သည်။ ကိုယ့်ရင်သွေး သားသမီးတို့ကို မေတ္တာ၊ စေတနာထားရင်း ကိုယ့်ကိုမွေးသည့် မိခင်ဖခင်တို့၏ မေတ္တာစေတနာကိုလည်း စာနာနားလည်နိုင်သည်။ သားသမီးတို့အတွက် အနစ်နာခံခြင်း အနေအထိုင်ဆင်ခြင်ထိန်းချုပ်ခြင်းကြောင့်လည်း စိတ်လေလွင့်မှု၊ ပျက်စီးမှုတို့ကို အလိုလိုပင် ရှောင်ကြဉ်ပြီးသား ဖြစ်ပေသည်။ လူဖြစ်ရခြင်း၊ အလုပ်အကိုင် ကြိုးစားရခြင်း၊ စီးပွားဥစ္စာ ရှာဖွေခြင်းတို့မှာလည်း ပို၍ လေးနက်သော အဓိပ္ပာယ်နှင့် ပြည့်စုံလာပေသည်။

မယား သားသမီးတို့နှင့် ချစ်ခင်မြတ်နိုးရခြင်း၊ ကြည်နူးပျော်ရွှင်ရခြင်းတို့မှာလည်း မည်သည့် အပျော်အပါးနှင့်မျှ မနှိုင်းယှဉ်သာအောင် ကျေနပ်စရာ ဖြစ်လေသည်။

မိမိ၏ မျိုးဆက်နွယ်တာဝန်၊ နိုင်ငံတာဝန်၊ လူမှု တာဝန်များကိုလက်ဆင့်ကမ်းထမ်းဆောင်မည့် သားသမီးတို့အား ပြုစုပျိုးထောင်ပေးခြင်းသည် ကြီးမြတ်သော လူမှုတာဝန်ကိုထမ်း

www.burmeseclassic.com



ဆောင်နေရခြင်းလည်း ဖြစ်ပေသည်။

## ဓိကုပ် နတ်ပြည် မတင်သင့်

ထို့ကြောင့် မိဘတိုင်းသည် မိမိတို့သားသမီး၏ ရှေ့ရေး၊ နောင်ရေး သာစဉ်မြေးဆက် အရေးအထိ အရှည်တွေး မြင်ရန်လိုသည်။ မျိုးနွယ်ဆက် အဆင့်ဆင့်ကို လက်ဆင့်ကမ်း၍မှန်းမျှော်ရန် လိုသည်။ မိမိတို့၏ သားသမီးများကို အချိန်တန် အရွယ်သင့်သည်နှင့် သီးချိန်တန် သီး၊ ပွင့်ချိန်တန်ပွင့် အိမ်ထောင်ရက်သားချ ထားသင့်သည်။

သို့သော် သတိထားသင့်သည်မှာ အိမ်ထောင်ပြုရန် စီစဉ်လာခြင်းနှင့်အတူ လူငယ်၏ ဆန္ဒသဘောထားကို အလေးမထားဘဲ မိမိတို့ သဘောတူသူနှင့် အတင်းအဓမ္မ စီစဉ်ခြင်းကိုမပြုသင့်ပါ။ ဓိကုပ်နတ်ပြည်တင်လျှင် နတ်ပြည်မရောက်ဘဲ ငရဲခန်း အိမ်ထောင်ရေးများ ဖြစ်သွားတတ်ပါ၏။

အိမ်ထောင်တစ်ခုတွင် အရေးကြီးသည်မှာ ချစ်ခြင်းမေတ္တာပါဝင်ရန် လိုသည်။ သင့်တင့်သော စီးပွားရေးနှင့် ပြည့်စုံရန်လိုသည်။ အပြစ်အလုန် ကြင်နာတတ်သူ၊ စာနာတတ်သူ ဖြစ်ရန် လိုသည်။

ဘဝအဖော်အဖြစ် အပြန်အလှန် အားကိုးထိုက်သူ ဖြစ်ရန် လိုသည်။ ဘဝသတ္တိ၊ ဘဝအားမာန်နှင့်ရိုးသားစွာ ကြိုးပွား



တိုးတက်ရေးကို ကြိုးစားမည့် သူများလည်း ဖြစ်သင့်သည်။ တစ်ကိုယ်ကောင်း ဆန်သူ၊ ရက်စက်သူ၊ ကိုယ်ကျင့်တရားမကောင်းသူ၊ ကျန်းမာရေးနှင့် မပြည့်စုံသူ၊ အတွေးအမြင်၊ အယူအဆ၊ ဉာဏ်ပညာ၊ လူနေမှုဘဝ အလွန်အမင်း ကွာခြားသူ မဖြစ်သင့်ပါ။

ဖြစ်သင့်သည်မှာ သားသမီးတို့အား ချစ်သူ အရွေးမမှားရန်၊ အိမ်ထောင်ပြု မမှားရန်၊ အချိန်အရွယ်ရောက်လာစဉ်မှစ၍ နားဝင်အောင် နားသွင်းထားသင့်သည်။ မသင့်သည်ကိုတားမြစ်၍သင့်သည်ကိုလမ်းညွှန်ထားသင့်သည်။ အဆုံးအမမရှိ၊ အမှာအကြားမရှိ၊ လွှတ်ချင်တိုင်းလွှတ်ထားပြီး အခိုင်အမာဖြစ်လာမှတားမရဖျက်မရသည်မှာခက်ခဲသည်။ မကျေနပ်စရာ၊ ဝမ်းနည်းကြေကွဲစရာများကို ဖြစ်စေသည်။

မိဘတို့သည် သားသမီးကို အချိန်အရွယ်ရောက်လာသည်မှစ၍ မသင့်သူတို့နှင့် မချစ်မိစေရန် ကြိုတင်ပြီး ဆုံးမသင့်သည်။ မနီးစပ်အောင် သတိထား၍ ဟန့်တားသင့်သည်။ မှန်ကန် သင့်မြတ်သော အိမ်ထောင်ဖက်ကိုရွေးချယ်တတ်အောင် လမ်းညွှန် သွန်သင်သင့်သည်။ သင့်တော်သော အချိန်အရွယ်ရောက်လာသည်နှင့် ရိုးရာဓလေ့ထုံးတမ်း ရှိသည်နှင့်အညီ သင့်လျော်စွာ လက်ထပ် ထိမ်းမြားပေးခြင်းဖြင့် မိဘတာဝန် ကျေပွန်သင့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဆုမြတ်မွန်

မိဘတိုင်း သားသမီးကို ကောင်းစေချင်၊ တော်စေချင်ကြသည်။ ထို့ကြောင့် သားသမီးများကို မိမိတို့ကြားဖူးနားဝရှိသမျှ၊ အသိဉာဏ်ရှိသမျှနှင့် ကောင်းမည်ထင်သမျှ ဆုံးမသွန်သင်ကြသည်။ ပြုစုပျိုးထောင်ပေးကြသည်။ ထိုသို့ ပြုပြင်သွန်သင်ရင်းမှ အစွန်းရောက်မှုများ၊ စေတနာကြောင့် ဝေဒနာ ဖြစ်ရသည်များလည်း ရှိတတ်ပါ၏။ အမှားကို အမှားမှန်း သိသည်နှင့် ပြန်လည်ပြုပြင်ကြရပါ၏။

သို့သော်ကလေးများကိုပြုစုပျိုးထောင်ရသည်မှာ အပြောလွယ်သလောက် အလုပ်ခက်သည်။ ကလေးတို့သည် တစ်ယောက်နှင့်တစ်ယောက် အခြေအနေချင်း၊ ရုပ်သဘောဝချင်း၊ တူညီကြသည်မဟုတ်။

ထို့ကြောင့် ကိုင်တွယ် ထိန်းကျောင်းရသည်မှာ သိမ်မွေ့သည်။ နက်နဲသည်။ ပုံသေကားချ မှတ်ယူ၍ မရ။ နည်းအမျိုးမျိုးဖြင့် ဆင်ခြင်ရသည်၊ အဖက်ဖက်မှ သုံးသပ်ရသည်။ သတိထား၍ ချင့်ချိန်ရသည်။



အရေးအကြီးဆုံးသော အရင်းခံမှာ မေတ္တာနှင့် စေတနာဖြစ်သည်။ ငယ်ရွယ်သူတို့ကလည်း လူကြီးမိဘတို့၏ မေတ္တာနှင့်စေတနာကိုနားလည်စာနာတတ်ရန် အရေးကြီးသည်။

ထိုသို့ နားမလည်လျှင် မိဘတို့မှာ ကရုဏာဒေါသောဖြစ်ရသည်။ အမှားအယွင်းလည်း ပြောမိပြုမိတတ်သည်။ ထိုအခါ သားသမီးရော မိဘပါ စိတ်ဆင်းရဲရသည်။

ဤစာအုပ်တွင် မိဘတို့ သားသမီးကို ဆုံးမရာ၌ အဆိုး အကောင်း၊ အမှားအမှန် ဖြစ်တတ်ပုံများကို စာတွေ့လက်တွေ့၊ အကြားအမြင် ဗဟုသုတနှင့်ပတ်ဝန်းကျင်မှ အတွေ့အကြုံများအပေါ် အခြေပြု၍ ရေးသားထားခြင်း ဖြစ်ပါ၏။ ဖြစ်သင့်သည်တို့ကိုလည်း သုံးသပ်ဝေဖန် အကြံပြုတင်ပြထားပါ၏။

သို့သော် ပုံသေနည်းများ မဟုတ်ပါ။ ဤအတွေ့အကြုံများကို ဆင်ခြင်သုံးသပ်ခြင်းဖြင့် မိဘများသည် မိမိတို့၏ သားသမီးကို ပြုစုပျိုးထောင်ရာတွင် တစ်စိတ်တစ်ပိုင်းမျှ အထောက်အကူ ရသည်ဆိုလျှင်ပင် ကျေနပ်ပါပြီ။

ဤအတွေ့အကြုံများမှ တစ်ဆင့် ပိုမိုကောင်းမွန်စွာ စဉ်းစားဆင်ခြင် ဆုံးမပြုပြင်နိုင်ကြသည်ဆိုလျှင် ပို၍ဝမ်းသာဂုဏ်ယူရမည် ဖြစ်ပါသည်။

www.burmeseclassic.com



မိဘတိုင်း မိကောင်းဖကောင်းဖြစ်ပြီး သားကောင်း၊ သမီးကောင်းကို ရရှိ၍ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ ။

လယ်တွင်းသားစောချစ်

BURMESE CLASSIC .com

www.burmeseclassic.com